
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မင်းမြှတ်သူရ

## ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာကိုတ်း

စာမူခွင့်ပြုချက်အမှတ် - ၃၃၉/၂၀၀၄(၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၁၈၀၅၁၂

၂၀၀၈ ခုနှစ်၊ မေလ၊
ဒုတိယအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ ဖလီခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၄၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

မောင်ကျော်လှိုင်စေတနာစာပေမှ
စီစဉ်ထုတ်ဝေသည်။

# မင်းမြှတ်သူရ

ဆားပုလင်းမင်းအောင်
နှင့်

# သူရိယစန္ဒာကိုတ်း



www.burmeseclassic.com

www.burmeseclassic.com

## မင်းမြတ်သူရ၏ ထွက်ပြီးစာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ဥစ္စာစောင့်မလေးမြနှင်းဆီ
၂။ ဆားပုလင်းမင်းအောင်နှင့် ပန်းကိုးပွင့်ဒေဝီ
၃။ ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာကိုဏ်း
၄။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၅။ ဆားပုလင်းမင်းအောင်နှင့် မနောသုခရွှေအိုး
၆။ ဆားပုလင်းမင်းအောင်နှင့် ထမင်းဆီဆမ်းရွှေလင်ပန်း
၇။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်မား
၈။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၉။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေမြိုး
၁၀။ ဆားပုလင်းမင်းအောင်နှင့် ဘက်တွရင် လူမရွေးဘူး
၁၁။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရာပုံတော်
၁၂။ ဆားပုလင်းမင်းအောင်နှင့် အမျိုးကောင်းသားမောင်ပွင့်ကောင်း
၁၃။ ရွှေချမ်းသာငွေချမ်းသာ
၁၄။ ဆားပုလင်းမင်းအောင်နှင့် မြွေမင်းသမီး
၁၅။ လိုတရကဲကြီးရှင်
၁၆။ တစ်ကျွန်းပြန်ဘိုးမှန်
၁၇။ ပြည်တော်ပြန်
၁၈။ ကြာပန်းသုံးခိုင်တံဆိပ်တော်
၁၉။ ရွှေပြည်ကြီး
၂၀။ ပွဲကျောင်းသားမိုးကောင်း
၂၁။ ဆားပုလင်းမင်းအောင်နှင့် ဖော်မဲ့နှင်းဆီ
၂၂။ ပဥ္စလက်မောင်နှမ
၂၃။ ဆားပုလင်းမင်းအောင်နှင့် လွှမ်းငွေတာဝေဝေ
၂၄။ နဝမမြောက်ကျမ်းစာ
၂၅။ ရွှေကိုးညိုနှင့် တန်ခိုးရှင်
၂၆။ ရွှေတစ်ရစ် မြတစ်ရစ်
၂၇။ ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
၂၈။ မိုးမခရတနာသိုက်
၂၉။ မြေဝါတောင်နတ်မင်း
၃၀။ ပဥ္စမမြောက်မိုးနတ်မယ်
၃၁။ မာယာကျွန်းကောရီ
၃၂။ ဂုဏ္ဍာဏ်တစ်ထောင်
၃၃။ ဆင်စွယ်နန်းရှင်
၃၄။ ငွေစန္ဒာသားကောင်
၃၅။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၃၆။ ခရမ်းရောင်သစ္စာပန်း
၃၇။ မဟာလူသားမောင်ဇဂီး
၃၈။ မှော်တန်ခိုးရှင်မ
၃၉။ ဆားပုလင်းမင်းအောင်နှင့် တာနော့ယကွ
၄၀။ နတ်သမီးနဲ့ရွှေခေါင်းလောင်း

www.burmeseclassic.com

www.burmeseclassic.com


၄၁။ လင်းနို့တောင်ကျိုန်စာ
၄၂။ ဆင်ဖြူရှင်
၄၃။ ပျောက်သောသူ့ရာလျှင်တွေ့
၄၄။ ဆားပုလင်းမင်းအောင်နှင့် မိုးပျံတိမ်တိုက်
၄၅။ စကြာရှင်
၄၆။ မိုးကြိုးတံခွန်
၄၇။ ဆားပုလင်းမင်းအောင်နှင့် အတိုင်းအဆမဲ့
၄၈။ အတုမရှိစည်တော်
၄၉။ ဇီဝဂိုးရွှေလိုဏ်ဂူ
၅၀။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၅၁။ ဆားပုလင်းမင်းအောင်နှင့် နေမင်းစေတမာန်
၅၂။ ဆားပုလင်းမင်းအောင်နှင့် စိန်ပန်းနီနီ
၅၃။ ရေပြာအိုင်နှင့်နတ်ဆေးဂမုန်း
၅၄။ ဘာမသိဘွား
၅၅။ ဆားပုလင်းမင်းအောင်နှင့် သဇင်ဖြိုင်
၅၆။ မိုးမြေသစ္စာ
၅၇။ လနတ်သမီး
၅၈။ တစ်ကျွန်းစံ
၅၉။ မီးအိမ်ရှင်
၆၀။ ဂျမဒါမင်းထင်နှင့်သေမင်းနာရီစင်
၆၁။ ဒေါင်းမင်းရာဇာ
၆၂။ မောင်နှံခုနစ်ဖော်
၆၃။ ရွှေနတ်တောင်
၆၄။ နေနဲ့လနှစ်ပါးဆိုင်
၆၅။ ဂျမဒါမင်းထင်နှင့် သစ္စာတော်ခံ
၆၆။ ပြည်လုံးကျော်
၆၇။ ယက္ခညီနောင်
၆၈။ တိမ်ကြားမင်းခေါင်
၆၉။ နဝရတ်ကိုးသွယ်
၇၀။ လျှို့ဝှက်ကော်ဇာ
၇၁။ အောင်ပင်လယ်ရှာစား
၇၂။ လေးကျွန်းမောင်ကြီး
၇၃။ မနောစကြာ
၇၄။ ရလေလိုလေအိုတစ္ဆေ


ယခုထုတ်

ဆားပုလင်းမင်းအောင်

နှင့်

# သူရိယစန္ဒာဂိုဏ်း

www.burmeseclassic.com

www.burmeseclassic.com

## ရုပ်ရှင်၊ ဒီဗီဒီ၊ ဗီဒီယို ရိုက်ကူးသော စာအုပ်များ

၁။ ဆားပုလင်းမင်းအောင်နှင့် ပုလဲခင်
၂။ ဆားပုလင်းမင်းအောင်နှင့် ခုနစ်စင်ကြယ်ဓား
၃။ ဆားပုလင်းမင်းအောင်နှင့် နေမင်း၏သမီးတော်
၄။ ဆားပုလင်းမင်းအောင်နှင့် ရွှေမိုးငွေမိုး ရွာစေဖြိုး
၅။ ဆားပုလင်းမင်းအောင်နှင့် ဘက်တူရင် လူမရွေးဘူး
၆။ ဆားပုလင်းမင်းအောင်နှင့် မိုးနတ်သူဇာရှာပုံတော်
၇။ ဆားပုလင်းမင်းအောင်နှင့် အမျိုးသားကောင်းမောင်ပွင့်ကောင်း
၈။ ပွဲကျောင်းသားမိုးကောင်း
၉။ ရွှေကိုးညိုနှင့် တန်ခိုးရှင်
၁၀။ မိုးမခရတနာသိုက်
၁၁။ မြေဝါတောင်နတ်မင်း
၁၂။ ဂုမ္ဘာဏ်တစ်ထောင်
၁၃။ ရေလယ်ခေါင်သောင်ထွန်း နတ်သမီးနေတဲ့ကျွန်း
၁၄။ ဆားပုလင်းမင်းအောင်နှင့် တာနေ့ဝယက္ခ
၁၅။ လင်းနို့တောင်ကျိန်စာ
၁၆။ ဇီဝဝိုးရွှေလိုဏ်ဂူ
၁၇။ ဆားပုလင်းမင်းအောင်နှင့် သဇင်မြိုင်
၁၈။ လနတ်သမီး
၁၉။ ဒေါင်းမင်းရာဇာ
၂၀။ နေနဲ့လ နှစ်ပါးဆိုင်
၂၁။ မောင်နံ့ခုနစ်ဖော်
၂၂။ ပျောက်သောသူ ရှာလျှင်တွေ့
၂၃။ မိုးကြိုးတံခွန်
၂၄။ ပဒ္မလက်မောင်နှမ
၂၅။ ရွှေဖြစ်ငွေဖြစ် မစိန်ချစ်
၂၆။ ပဒ္မမြောက် မိုးနတ်မယ်
၂၇။ နတ်သမီးနှင့် ရွှေခေါင်းလောင်း
၂၈။ လိုတရ ကံကြီးရှင်
၂၉။ ဥစ္စာစောင့်မလေး မြနှင်းဆီ
၃၀။ တိမ်ကြားမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

## မင်းမြတ်သူရ၏ နောက်ထွက်မည့်စာအုပ်များ


* ရွှေမျက်နှာသခင်မ
* ပတ္တမြားဆန်ကျိုး အဝိုးပြည်တန်
* လှဝင်စားကျောင်းတော်
* မိုးလုံးပြည့်လျှံ
* ကျောက်စိမ်းအမိန့်တော်
* အဖြူရောင်လွှင်ပြင်
* မြေပြူရှင်မ
* မော်လင်းယုန်
* ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်
* ဆားပုလင်းမင်းအောင်နှင့် ရွှေကိုယ်ရံတော်
* ရလေလိုလေ အိုတစ္ဆေ
* လင်းနို့ဘုရင်
* ယောက်ျားတံခွန် လူရည်ချွန်
* တောင်တော်ရှင်မ
* မရှိခထာ အရှင်
* ရတနာပုံစိန်တိုး
* ရဲမက်တော်
* ရန်ကြီးအောင်
* မြင့်မိုရ်တောင်တက်သမား


### ဒို့တာဝန်အရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# မင်းမြတ်သူရ



ဆားပုလင်းမင်းအောင်

နှင့်



# သူရိယစန္ဒာဂိုဏ်း

မောင်ကျော်လှိုင်

စေတနာစာပေမှ စီစဉ်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပြည့်တန်ဆာမလေး သီရိမာ

စည်ကားသော မြစ်ဝကျွန်းပေါ် မြို့ကလေးတွင် လွန်စွာချောမောလှပ၍ လွန်စွာလူသိများသော မိန်းကလေး တစ်ဦး ရှိလေ၏။ သူမ၏အမည်မှာ သီရိမာ ဟူ၍ဖြစ်ပြီး ယောကျ်ားတို့ကမူ သီရိ ဟူ၍ပင် အချစ်စွတ်၍ ခေါ်ဝေါ်ကြ၏။ မြို့ကလေးတွင် သူ့ကိုမသိသော ပုရိသယောကျ်ား ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိကြပေ။ ပုရိသတို့သည် သီရိမာ၏အကြောင်းကို ပြောဆိုရမည်ဆိုလျှင် တစ်ထောင့် တစ်ည ပုံပြင်ရှည်ကြီးသဖွယ် မမောနိုင် မပန်းနိုင် ပြောဆိုကြလေ၏။

ဤမျှ ချောမောလှပ၍ ဤမျှ ထင်ရှားသော မိန်းကလေး၏ အလုပ်အကိုင်မှာ ပြည့်တန်ဆာမကလေးပင် ဖြစ်၏။ သူမ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



၏ လှပသော ဇိမ်နန်းကလေးသည် မြစ်ကမ်းအနီးရှိ သဲသောင်ပြင်ပေါ်တွင် တည်ဆောက်ထား၏။

သီရိမာသည် ရုပ်ရည်ချောမောလှသလို စိတ်သဘောထား နူးညံ့သိမ်မွေ့သူ ဖြစ်သဖြင့် ယောကျ်ားအပေါင်းတို့သည် သီရိမာကို စွဲလမ်းကြ၏။

မြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်သူတိုင်းသည် သီရိမာ၏ အကြောင်းကို ပြောဆိုရမည်ဆိုလျှင် ထမင်းမေ့ ဟင်းမေ့ ပြောဆိုကြကုန်၏။

သီရိမာသည် မြစ်ထဲတွင် လှေကလေးဖြင့် ခရီးလှည့်လည်လေ့ရှိ၏။ လှေကလေးပေါ်တွင် မီးနီအိမ်ကလေးတစ်လုံးကိုလည်း ထွန်းညှိထား၏။

သီရိမာ၏ လှေကို မည်သူမျှ မနှောင့်ယှက်ဝံ့ပေ။

မြစ်ကြောင်းတစ်လျှောက်တွင် ခိုးဆိုးတိုက်ခိုက်နေသော လူဆိုးလူသွမ်းကြီးပင်လျှင် သီရိမာကို မနှောင့်ယှက်ဝံ့ကြပေ။ ၎င်းတို့ကိုယ်တိုင် သီရိမာကို ချစ်မြတ်နိုးသောကြောင့် ဖြစ်၏။

သီရိမာသည် သူမထံသို့ လာရောက်သော ဧည့်သည်များကို တစ်ညလုံးပင် ပြုစုယုယလေ၏။ မနက်လင်းအားကြီးအချိန်သို့ ရောက်သောအခါ ပျော်ရွှင်ခြင်းများသည် နွမ်းနယ်ခြင်းများအဖြစ်သို့ ပြောင်းလဲသွားလေ၏။

ထိုအခါမှပင် လှေကလေးကို ရွက်လွှင့်၍ သူမ၏ ဇိမ်နန်းအိမ်ကလေးသို့ ပြန်ခဲ့လေတော့၏။ သီရိမာနှင့် တစ်ကြိမ်





သောခရီးကို သွားဖူးသူ ယောကျ်ားသားတို့သည် တစ်သက်တာတွင် အချိုမြိန်ဆုံး အချိန်လေးများကို ရကြ၏။

သီရိမာ၏ ညို့ငင်သော အပြုံးလေးများ၊ သိမ်မွေ့သော အထိအတွေ့လေးများကို တသသဖြစ်၍ မဆုံးနိုင်အောင် ရှိကြ၏။ ၎င်းတို့၏ နားထဲတွင် သီရိမာ၏ ချိုသာသော စကားသံလေးများ တိုးတိုးတိတ်တိတ် ရေလှိုင်းခတ်သံများကို စွဲလမ်း သွားလေတော့၏။

နှစ်ပေါင်းများစွာ ကြာသည်အထိ ရေလှိုင်းခတ်သံကြားတိုင်းကြားတိုင်းပင် သီရိမာ၏ အသံကလေးကို သွားသတိရလေ၏။ သူတို့၏ မျက်လုံးထဲတွင် သီရိမာ၏ လှပသော ခန္ဓာကိုယ်လေးကို ဘယ်သောအခါမျှ မေ့မရတော့ပေ။

သီရိမာကို လက်ထပ်ခွင့်ရရှိရန် ဒူးထောက်အသနားခံသော ပုရိသယောကျ်ားသားများ မြောက်မြားစွာရှိ၏။ ၎င်းတို့အထဲတွင် မြို့အုပ်များ၊ အရေးပိုင်များ။ သူဌေးသားများလည်းပါ၏။ သို့သော် သီရိမာက ယဉ်ယဉ်ကျေးကျေးပင် ငြင်းဆိုလေ၏။

"နမ်းပါများတော့ပြယ်၊ မြင်ပါများတော့ ရိုးပါတယ် အစ်ကိုရယ်၊ သီရိတို့ အဝေးက ချစ်တာပဲ ကောင်းပါတယ်၊ အစ်ကို့ကို သီရိ အမြဲတြိနေပါ့မယ်"

ဟူသော စကားသည် သီရိမာ၏ လက်သုံးစကားပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညသ၌ သီရိမာသည် လွန်စွာဂျိုကျလှသော စက်သူဌေးသားတစ်ယောက်နှင့် ပျော်ပါးပြီးနောက် လှေကလေးကို သူမ၏ ကမ်းစပ်အိမ်ကလေးသို့ ရွက်လွှင့်၍ ပြန်ခဲ့လေ၏။

သူဌေးသား၏ ကားကလေး မောင်းထွက်သွားသော အခါမှပင် သီရိမာသည် မျက်လုံးကလေးကိုမှိတ်ပြီး တစ်ခဏမျှ အနားယူလိုက်၏။ ပြီးနောက် ငွေကရားလေးထဲမှ နို့တစ်ခွက်ကိုငှဲ့၍ တစ်ငုံမျှ သောက်လိုက်လေ၏။

ငွေဗန်းကလေးကို ယူဆောင်၍ ပန်းသီးတစ်လုံးကို ခွဲစိတ်ကာ ပါးစပ်ထဲသို့ ထည့်လိုက်ပြန်၏။

ပြီးနောက် အိပ်စက်မည်ဟူသော အတွေးဖြင့် သူမ၏ အပျိုဆောင်ကလေးသို့ ဝင်ခဲ့၏။ သူမသည် အစိမ်းရောင်ကို နှစ်သက်သူ ဖြစ်သဖြင့် အပျိုခန်းတစ်ဆောင်လုံး အိပ်ရာခင်း၊ ခန်းဆီး၊ ခြင်ထောင်များအားလုံး အစိမ်းရောင်ဖြင့် မွမ်းမံထား၏။

သူမသည် ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချရန် ကြံစည်လိုက်၏။ ထိုအခါ သူမ၏ ခုတင်ပေါ်တွင် တစ်စုံတစ်ရာကို တွေ့လိုက်ရ၏။ သီရိမာ၏ မျက်လုံးကလေးသည် ဝိုင်းစက်သွားလေ၏။ သူမ၏ လှပသော နှုတ်ခမ်းလေးမှလည်း "အို"ဟု အာမေဍိတ်သံကလေး ထွက်ပေါ်လာ၏။

ခုတင်ပေါ်တွင် အနီးကလေးနှင့် ထွေးပွေ့ထားသော တစ်နှစ်သားအရွယ် ကလေးငယ်လေး တစ်ယောက်ကို တွေ့လိုက်ရ၍ဖြစ်၏။





သီရိမာသည် မီးအိမ်နီကလေး၏ အလင်းရောင်ကို မြှင့်တင်ရင်း ကလေးငယ်၏ မျက်နှာကို အနီးကပ် ကြည့်လိုက်မိ၏။

ကလေးငယ်၏ မျက်လုံးကလေးမှာ ဝိုင်းစက်နေပြီး သီရိမာကို လက်ကလေးဖြင့် ချစ်စဖွယ် လှမ်းပုတ်လိုက်၏။ သူမသည် ကလေးငယ်ကို ကြည့်ရင်း ပြုံးလိုက်မိ၏။ ကြည့်ရင်း ကြည့်ရင်းပင် သူမ၏ နှလုံးသားတို့သည် တဖြည်းဖြည်း နူးညံ့လာသယောင် ခံစားရ၏။

သူမသည် ငယ်စဉ်ကလေးဘဝကပင် မိမရှိ ဘမရှိ တစ်ကောင်ကြွက်ဘဝဖြင့် ကြီးပြင်းခဲ့ရ၏။

သူမကို မွေးစားသော ယောက်ျားကြီး၏ မတရားကျင့်ခြင်းကို ခံခဲ့ရ၏။ ထိုအခါမှစ၍ ယောက်ျားတို့ကို စိတ်အနာကြီး နာခဲ့ပြီး အမျိုးမျိုး အထွေထွေ သော ပုရိသတို့ဖြင့် ချစ်တမ်းကစားဖြစ်ခဲ့၏။

ကစားတိုင်းပင် သူမကချည်း အနိုင်ရခဲ့သည်သာ ဖြစ်၏။ အဖောင်နှစ်ဆယ်ဝတ် မင်းယောက်ျားတို့သည် သူမ၏ခြေရင်းတွင် ဝတ်ဆင်းခယရင်း သူမ၏အချစ်ကို တသသ တောင်းခံခဲ့ကြ၏။ သူမသည် လှလှပပကြီး ကလဲ့စားချေနိုင်ခဲ့ပြီ ဖြစ်၏။ သူမသည် အနိုင်ရခဲ့ပြီဟု အထင်ရှိနေမိ၏။ ကလေးငယ်ကိုကြည့်ရင်း သီရိမာ၏ ရင်သည် တလှပ်လှပ် တုန်ခါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာ အေးစက်တည်ငြိမ်ခဲ့သော သူမ၏ နှလုံးသားတို့သည် လှုပ်ခါ၍ သွားလေ၏။

"သိပ်ချစ်စရာကောင်းတဲ့ ကလေးရယ်"

ဟု ရေရွတ်ကာ ကလေးငယ်ကို ထွေးပိုက်ရင်း ပါးချင်းကပ်ထားမိလေ၏။ ကလေးငယ်သည် ယောက်ျားလေး တစ်ယောက်ပင် ဖြစ်၏။ သူမသည် ဤသို့လည်း တွေးမိပြန်၏။

"ငါ တစ်သက်လုံး ဆိုးခဲ့တာပဲ၊ ယောက်ျားပေါင်းစုံနဲ့ အမျိုးမျိုး ချစ်တမ်းကစားခဲ့တယ်၊ ကစားတိုင်း ငါကပဲ အနိုင်ရခဲ့တယ်၊ ငါဟာ အဆိုးကြီးကို အမိုက်ကြီး မိုက်ခဲ့တယ်၊ ဒါပေမဲ့ အခုအချိန်ဟာ ငါ လိမ္မာရမဲ့ အချိန်ကို ရောက်ပြီပေါ့။ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်တွေက ငါလိမ္မာအောင် သတိပေးတာပဲ ဖြစ်မယ်၊ ဒီနေ့ကစပြီး ငါ လိမ္မာတော့မယ်၊ ဘယ်ယောက်ျားနဲ့မှ ချစ်တမ်းမကစားတော့ဘူး၊ အို ... ချစ်တမ်း မကစားရုံနဲ့ ရမှာမဟုတ်ဘူး၊ ငါ့ဘဝရဲ့ အရိပ်မည်းကြီးက ကလေးငယ်ကို ထိုးကျမှာပေါ့၊ ငါ့ကို ရူးသွပ်လောက်အောင် စွဲလမ်းတမ်းတနေတဲ့ ယောက်ျားတွေရဲ့ အန္တရာယ်ကလည်း မသေးဘူး၊ ငါ ဒီမြို့က လူမသိ သူမသိ ထွက်ခွာသွားမှ ဖြစ်မယ်၊ ပြောနေကြာတယ်၊ ဒီနေ့ညပဲ ဒီမြို့ကလေးက ထွက်ခွာသွားတော့မယ်"

ဟု ဆုံးဖြတ်လိုက်လေ၏။





ထိုနေ့မှစ၍ လွန်စွာချောမော၍ လွန်စွာမှလည်း ယဉ်ကျေးကာ လွန်စွာ စွဲမက်ဖွယ်ကောင်းသော သီရိမာ ဟူသော ပြည့်တန်ဆာမကလေးသည် ကလေးငယ်နှင့်အတူ မြို့ကလေးမှ ထူးဆန်းစွာ ပျောက်ဆုံးသွားလေတော့၏။

သီရိမာကို စွဲလမ်းတမ်းတသော ယောက်ျားသားတို့သည် တွေးမိတိုင်း သူမကို နမြော၍ မဆုံးနိုင်အောင် ဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာပွဲကြီး

စည်ကားသော မြို့ကလေးတစ်မြို့တွင် လွန်စွာကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်ကြီးတစ်ခုကို ကျင်းပလေ၏။ သတို့သားနှင့် သတို့သမီး၏ နှစ်ဖက်မိဘများသည် ချမ်းသာကြွယ်ဝကြသည့် အားလျော်စွာ မင်္ဂလာပွဲကို တတ်နိုင်သရွေ့ ပွဲကြီးချဲ့ရန် ကြိုးစားကြလေ၏။

သတို့သားဘက်မှ တိုက်တစ်လုံး၊ ကားတစ်စီးနှင့် စိန်တစ်ဆင်စာကို လက်ဖွဲ့လေ၏။ သတို့သမီးဘက်မှလည်း ဆီစက်၊ ဆန်စက်နှင့် ရွှေငွေ လက်ဝတ်ရတနာများစွာကို အားကျမခံ ပြန်လည်လက်ဖွဲ့လေ၏။

မင်္ဂလာညှော်ခံပွဲကြီးကို သုံးရက်တိုင်တိုင် စည်စည်ကားကား ကျင်းပခဲ့ပြီး မင်္ဂလာပွဲ တက်ရောက်သူတိုင်းအား ဗန်ကောက်လုံချည်နှင့် ပဝါတစ်ပိုင်းကို လက်ဆောင်ချီးမြှင့်လေ၏။





မြို့သူ မြို့သားများသည် ၎င်းတို့ တစ်သက်တွင် တစ်ခါဖူးမျှ မကြုံဖူးသော မင်္ဂလာပွဲကြီးကို ကြည့်၍ လွန်စွာမှပင် အံ့သြကြလေ၏။ သို့သော် မင်္ဂလာပွဲကြီးသည် လူကုံထံများကိုသာ ဖိတ်ကြားပြီး လူကုံထံများချည်းသာ တက်ရောက်သော မင်္ဂလာပွဲဖြစ်လေရာ ဆင်းရဲသော မြို့သူမြို့သားများမှာ ငေးမောရ၍သာ နေကြရလေ၏။

လူကုံထံများသည် ဒံပေါက်ထမင်းကို တစ်ပွဲပြီး တစ်ပွဲစားကြ၏။ ဘီလပ်ရည်ကို တစ်ပုလင်းပြီး တစ်ပုလင်း သောက်ကြ၏။ လက်ဖွဲ့ပစ္စည်းများကို အပြိုင်အဆိုင် လက်ဖွဲ့ကြ၏။ ထိုအခါ လက်ဖွဲ့ပစ္စည်းများကို တင်ဆောင်ထားသော စားပွဲခုံကြီးပင် မခံနိုင်တော့သဖြင့် ခုံကြီးတစ်လုံးကို ထပ်မံရှာဖွေရလေ၏။

လူကုံထံများသည် သူတစ်ပါး၏ အတင်းမျိုးစုံကို အားမနာတမ်း ပြောကြ၏။ သတို့သား သတို့သမီးကို ချီးသာစွာ နှုတ်ဆက်ကြ၏။ အံ့သြဖွယ် ချီးမွမ်းကြ၏။ မြှောက်ပင့်ကြ၏။

"နေနဲ့လ ရွှေနှင့်မြလို လိုက်ဖက်ညီပါတယ်"ဟု တစ်မျိုး။

"ရွှေ ရွှေချင်း ထပ်တော့ မြတ်တာပေါ့" ဟူ၍ တစ်သွယ်။

"ရတနာရှိရာ ရတနာစု ဆိုသလိုပေါ့ဗျာ"ဟူ၍ တစ်ဖုံ ချီးမွမ်းကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကွယ်ရာသို့ ရောက်သည်နှင့် ...

"သတို့သားက ထိပ်ပြောင်ပြောင် အသားက မည်းမည်းနဲ့ အရပ်ကလည်း ပုသေးတယ်၊ ဒီတော့ ကြည့်ရတာ ကတ္တရာပုံးကို ဆေးဖြူသုတ်ထားသလိုပဲ"

"သတို့သမီးကလည်း ဘာထူးသေးလို့လဲဗျ၊ နဖူး မောက်မောက် ဖင်ကောက်ကောက်နဲ့၊ ဖနောင့်ကလည်း တိုသေးတယ်" ဟု ကဲ့ရဲ့လေ၏။ "ရွှေ ရွှေချင်းထပ်တော့ မြတ်တာပေါ့ရှင်"ဟု ဆိုသော မိန်းမကြီးသည် ကွယ်ရာရောက်သည်နှင့် ...

"မင်္ဂလာဆောင်ချင်တာက နည်းနည်း ကြွားချင်တာက များများ၊ မသိတာမှတ်လို့ စော်မေတို့က နောကြေနေပြီ"ဟု ကဲ့ရဲ့လေ၏။ သတို့သားနှင့် ရင်းနှီးသူများကလည်း ...

"ကျုပ်တို့ သတို့သားကြီးတော့ လည်းကျိုးထမ်းရပြီဗျာ"

"ဘာဖြစ်လို့လဲဗျ"

"သတို့သမီးက ကုလားမောင်စိန်နဲ့ ဆီစက်ထဲမှာ သွားသွား ကမြင်းနေတာ တစ်မြို့လုံး အသိဗျ"

သတို့သမီးနှင့် ရင်းနှီးသူများကလည်း ...

"ကောင်မတော့ ပိုးကူးမှာ မြင်ယောင်သေးတယ်"

"ဘာဖြစ်လို့ ပိုးကူးမှာလဲယှဲ၊ နင်ကလည်း အရင်းမရှိ အဖျားမရှိ"

"သတို့သားက ကာလသားရောဂါရှိတယ်ဟဲ့၊ ကုလားဆရာဝန်ကြီး 'မူကာဂျီ'ဆီမှာ ကျိတ်ကုနေတာ ကြာလှပြီ"





"နင်က ဘယ်လိုလုပ် သိသလဲ"

"ကုလားဆရာဝန်ကြီးဆီမှာလေ အိမ်ဖော်လုပ်တဲ့ 'မိနု'က အခု ငါတို့အိမ် ရောက်နေပြီဟဲ့၊ သူက ပြန်ပြောပြတာ"

ဟူ၍ အမျိုးမျိုး ကဲ့ရဲ့ကြလေ၏။ ကျော်ကြားလှသော ဓာတ်ပုံဆရာသုံးယောက်ကို ကြေးကြီးပေး၍ ခေါ်ယူထားသောကြောင့် ဓာတ်ပုံဆရာသုံးယောက်သည် သူ့ထက်ငါဦးအောင် အပြိုင်အဆိုင် ရိုက်ကြလေ၏။

သတို့သမီးကို အလှအယက် ရိုက်ကြရင်း ဓာတ်ပုံဆရာနှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး ထိုးကြိတ်ကြလေ၏။ ကျန်သော ကုလားဓာတ်ပုံဆရာမှာ မင်္ဂလာစင်မြင့်ပေါ်တွင် ပုဆိုးကျွတ်ကျသဖြင့် ညှော်ပရိသတ်များ ဝါးခနဲ ရယ်မောကြကုန်၏။ နှစ်ဖက်သော မိဘဆွေမျိုးများမှာ မျက်နှာပျက်ကြလေ၏။

ဘိသိက်ဆရာကြီးသည်လည်း လွန်စွာခမ်းနားသော မင်္ဂလာပွဲကြီးတွင် လွန်စွာရှည်လျားစွာ ရွတ်ဆိုရမည်ဟု အထင်ရောက်ရှိရာ ဧည့်ပွဲလာများသည် စိတ်မရှည်နိုင်အောင် ဖြစ်ကြလေ၏။

သတို့သားအရန်၊ သတို့သမီးအရန်များမှာ ဝဋ်ဒုက္ခကြီးစွာ စောင့်ဆိုင်း၍ နေကြရရှာ၏။ တရားသူကြီးတစ်ဦးသည် ဝုဏ်သရေရှိ လူကြီးလူကောင်း အမည်ခံကာ မင်္ဂလာပန်းကုံးကို ချီးမြှင့်လေ၏။ လွန်စွာ ကလက်တက် တက်နိုင်လှသော မိန်းမတစ်ယောက်က ဟန်ပါပါဖြင့် ပန်းများကို ကြဲလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ညှိုခံပွဲကြီး ပြီးသောအခါတွင် ကားကြီးကားငယ် အသွယ်သွယ်ဖြင့် မြို့လယ်ကောင်ရှိ လက်ဖွဲ့ထားသော တိုက်အသစ်သို့ သွားကြကုန်၏။ လူကုံထံ ဆိုသူများသည် သွားရာတွင် ရိုးရိုးတန်းတန်း မသွားဘဲ ကားဟွန်းများကို တတီတီ တီးလေရာ ကုလားမင်္ဂလာဆောင်နှင့်ပင် တူနေလေ၏။

ထိုအချင်းအရာကိုကြည့်၍ အူကြောင်ကြောင်နိုင်သော မြို့သားတစ်ယောက်က လက်ခုပ်စတီးလိုက်ရာ ကျန်လူများကလည်း ဘုမသိဘမသိ လိုက်လံတီးကြကုန်၏။

မြို့လယ်ကောင်ရှိ တိုက်သစ်ကြီးသို့ ကားတန်းကြီး ရောက်သောအခါတွင် ရွှေကြီး ငွေကြီးများဖြင့် တားဆီးကြကုန်၏။ လူကုံထံများသည် ဆေးသုတ်ပြီးကာစ အသစ်စက်စက် တိုက်သစ်ကြီးသို့ အိမ်ဦးခန်းမှ အိမ်သာခန်းထိအောင် ဝင်၍ကြည့်ကြ၏။ ချီးမွမ်းကြ၏။ မြှောက်ပင့်ကြ၏။ ကဲ့ရဲ့ကြ၏။

ထိုနေ့ညတွင် မင်္ဂလာမောင်မယ်တို့ အသုံးတော်ခံမည့် ခုတင်ကြီးကိုပင် မရှက်မကြော~~က်မီး~~ရောင်စုံများ ထွန်းညှိ၍ ပြသထားလေ၏။

ထိုအခြင်းအရာကိုပင် လူကုံထံတို့သည် လွန်စွာသဘောကျကြကုန်၏။ အချို့သော လူကုံထံတို့သည် မင်္ဂလာမွေ့ရာကြီးကို လက်ဖြင့် ကိုင်ကြည့်ကြ၏။ အချို့က တက်၍ပင် ထိုင်ကြ၏။

ထို့နောက် တီးတိုးပြော၍ ရယ်မောကြကုန်၏။





ဤသို့ဖြင့် လွန်စွာအနှစ်သာရ ကင်းမဲ့၍ လွန်စွာ ဆါကြောင်ကြောင် နိုင်လှသော မင်္ဂလာပွဲကြီးသည် ပြီးဆုံးခြင်းသို့ ရောက်လေတော့၏။

ထိုနေ့ညသို့ ရောက်သောအခါတွင် လွန်စွာကျော်ကြား သော မိုးသူဇာအငြိမ့်အဖွဲ့နှင့် ညှိုခံလေ၏။ အငြိမ့်မင်းသမီး မိုးသူဇာ သည် အဆိုကောင်း၊ အကကောင်း မင်းသမီး ဖြစ်လေရာ တိုးမပေါက် အောင် စည်ကားလေ၏။ မိုးသူဇာနှင့်အတူ အာလူး၊ ကြက်သွန်၊ ခရမ်းချဉ်သီး ဟူသော လူရွှင်တော်သုံးလက်သည် တွဲဖက်ဖျော်ဖြေကြ လေ၏။

အငြိမ့်မင်းသမီး မိုးသူဇာသည် နောက်ခံကားကို မျက်နှာမူ၍ ကြုံ့ကြုံ့ကလေး ထိုင်နေလေရာ "အာလူး"ဆိုသူ လူရွှင် တော်ကြီးက ...

"မိုးနတ်ဒေဝီ မေဘာရဏီတနွန်းကဲ့သို့၊ မိုးနတ်ဒေဝီမေရဏီ တနွန်းကဲ့သို့ ငွေပန်းချီ ရှုံးလောက်တဲ့ ...

"အိုဗျ ... ကလေးမ မိုးသူဇာရေ ..."

ဟူ၍ ခေါ်လိုက်ရာ အငြိမ့်မင်းသမီး မိုးသူဇာသည် သီချင်းသံနှင့်အတူ ညက်ညက်လေး ကလေတော့၏။

"အငြိမ့်မင်းသမီးများ ရည်းစားထားတဲ့ လူဆိုတာမျိုးနော် XXX သဘောနည်းနည်း ကြီးဦးမှပေါ့ သခင်ရေ XXX



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်အောင်ကို စင်ရင် XXX လူဖျက်တွေနဲ့သောတော XXX သူ့သဘောက အလွန်တရာ XXX မကြည်လင် သြော် မြရင် မြရင်"

သီချင်းဆုံးသောအခါ မိုးသူဇာသည် ပုံပုံလေး ထိုင်ချလိုက်ရာ အာလူး ဆိုသော လူရွှင်တော်ကြီးက ပြေးသွားပြီး ယပ်တောင်လေးနှင့် တဖျပ်ဖျပ် ခပ်ပေးလေ၏။ ထိုအခါ လူရွှင်တော် ငရုတ်သီးက ...

"အာလူးကို ကြည့်ရတာ ပွဲခင်းထဲက မုန့်လေပွေသည်ကြီးနဲ့ တူလိုက်တာကွာ"

ဟု ဆိုလိုက်လေရာ ...

"ဘာဖြစ်လို့လဲ ကြက်သွန်ရဲ့"

"မင်းသမီးကို ယပ်ခပ်ပေးနေပုံကို ကြည့်ပါလား မုန့်လေပွေ မကျွတ်မှာ မရှမှာ ကြောက်တဲ့မျက်နှာနဲ့"

"အာလူးရေ မကြောက်နဲ့၊ မကြောက်နဲ့ အဲဒီမုန့်လေပွေက အရွလွန်နေသဟ"

ဟု ဆိုလိုက်လေရာ ပရိသတ်ကြီးမှာ ဝေါခနဲ ပွဲကျသွားလေ၏။ ထို့နောက် ကြက်သွန်က ...

"အာလူးရေ ... မင်းက ကောလိပ်ကျောင်းသား ဆိုတော့ ပညာစမ်းမယ်ကွာ"





"စမ်းစေဗျာ ... စမ်းစေ၊ ဘယ်ဘက်က စမ်းစမ်း ညာဘက်ကစမ်းစမ်း နံရိုးချည်းပဲ"

"မသိလို့ မေးရဦးမယ်ကွာ၊ ဗြိတိသျှအင်ပါရာကြီးကို နေမဝင်အင်ပါရာလို့ ဘာကြောင့် ခေါ်သလဲ"

"အင်း ... နေမဝင် အင်ပါရာလို့ ဘာလို့ခေါ်သလဲဆိုတော့ မိုးချည်းအမြဲလင်းနေလို့ နေမှာပေါ့"

ဟု အာလူးက ဖြေလိုက်ရာ ပရိသတ်များမှာ ဝါးခနဲ ရယ်မောကြပြန်၏။

"အတော့်ကို ပညာရှိတာပါပဲလား"

"ပညာရှိတာကတော့ မျိုးနဲ့ရိုးနဲ့ဗျ၊ ကျုပ်အဖေဆိုရင် အင်္ဂလိပ်အစိုးရစစ်တပ်က စစ်ဗိုလ်ကြီး ကိုယ်တိုင် နာမည်ကောင်းလက်မှတ် ရေးပေးထားတာ"

"ဆိုစမ်းပါဦး"

ဟု ငရုတ်သီးက ဝင်ထောက်လေ၏။ အာလူးက ဆက်လက်၍ ...

"ကျုပ်တို့က ဘိုးဘွားပိုင် အုန်းခြံတွေရှိတယ်ဗျ၊ တစ်နေ့တော့ အင်္ဂလိပ်စစ်တပ်က စစ်ဗိုလ်ကြီးနဲ့ တပ်ဖွဲ့တစ်ဖွဲ့ အုန်းခြံထဲ ဝင်လာပြီး၊ အုန်းသီးစားချင်လို့ အုန်းပင်တွေကို လက်ညှိုးထိုးပြတယ်၊ ကျုပ်အဖေလည်း အုန်ပင် တစ်ပင်ပြီးတစ်ပင် တက်ပြီး အုန်းသီးတွေ ချပေးလိုက်တာ အင်္ဂလိပ်စစ်ဗိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးက သံသောအကျလွန်းလို့ ချီးကျူးပြီး နာမည်ကောင်း လက်မှတ်တစ်စောင် ရေးပေးသွားတယ်၊ ဒီလိုနဲ့ တစ်နေ့တော့ အင်္ဂလိပ်စစ်တပ်တစ်တပ် ရွာကို ရောက်လာပြန်တော့ ကျုပ် အဖေကလည်း အခွင့်အရေး ရလိုရညား စာလေးသွားပြတယ်၊ ဒါပေမဲ့ အမေ့ခမျာ ဘာအခွင့်အရေးမှ မရဘဲ အုန်းပင် တွေသာ တစ်ပင်ပြီးတစ်ပင် တက်လိုက်ရတာ ခါးကိုချည့် သွားတာပဲ၊ ဒီလိုနဲ့ စစ်တပ်တစ်တပ်လာတိုင်း အဖေက စာ သွားပြ၊ စစ်ဗိုလ်က အုန်းပင် လက်ညှိုးထိုးပြီး အုန်းပင်တက် ခိုင်း၊ ဒီလိုနဲ့ သံသရာလည်နေလိုက်တာ၊ ကြာတော့လည်း အဖေကစာကို မသင်္ကာဖြစ်လာပြီး စတီးဘရားသားက အင်္ဂလိပ်စာတတ် စာရေးကြီးကို ဘာသာပြန်ခိုင်းတော့မှ လား လား ... ကျုပ်အဖေ နာမည်ကောင်းက လက်မှတ်မှာ ရေး ထားတာက ..."

"ဘာတဲ့လဲဗျ"

**"ဤလူသည် အုန်းပင်တက်ခြင်းနှင့် ပတ်သက်၍ အလွန် အင်မတန် စိတ်ချရပါသည်တဲ့"**

ဟု ဆိုလိုက်လေရာ ပရိသတ်ကြီးသည် ပါတ်တုပ်၍ မရအောင် ဝါးခနဲ ရယ်မောကြလေ၏။

"ကဲ ကဲ တော်ကြပါတော့ရှင်၊ မိုးသူဇာလေ အမိအဖများကို ကပြ အသုံးတော်ခံရတာ အားမရသေးဘူးရှင့် ... ဒီတော့လေ ...





"အငြိမ့်ဇာတ်ခုံပေါ်တွင်ကစ XXX ကျွန်မအသွင် XXX အသည်းများ လှိုက်ခါ XXX လှိုက်ခါ XXX တုန်ယင်လာ တယ်ရှင်"

ရွှေပွဲလာ ပရိသတ်ကြီးသည် လွန်စွာသဘောကျသော ကြောင့် ပန်းသီး၊ လိမ္မော်သီး၊ ဆေးပေါ့လိပ် စသည်ဖြင့် စင်ပေါ် သို့ ပစ်တင်ပေးလေ၏။ ည(၁၂)နာရီ ကျော်သောအခါ အငြိမ့်ပွဲကို သိမ်းလိုက်လေ၏။

အငြိမ့်အဖွဲ့သူ အဖွဲ့သားများသည် ခြင်ထောင်အသီး သီးထောင်ကာ အိပ်လိုက်လေ၏။

လူရွှင်တော်(၃)ဦးအနက် နှစ်ဦးမှာ မိုးအလင်းဖွင့်သော အရက်ဆိုင်သို့ ယွန်းလေ၏။

အငြိမ့်မင်းသမီး မိုးသူဇာမှာ သူမနှင့် တီတတ်တီတတ်ပုန်း သွားနေသော အငြိမ့်ထောင်ဆရာထံသို့ မြန်းလေ၏။

ဇာတ်ရုံတစ်ရုံလုံး တိတ်ဆိတ်ငြိမ်သက်သွားကာ အာလူး ဟူသော လူရွှင်တော်တစ်ဦးသာ အိပ်၍မပျော်နိုင်သောကြောင့် ဟွန်း ဘယောကြီး တစ်လက်ကို လက်သံစမ်း၍ နေလေ၏။ ခဏအကြာ တွင် "ခံတွင်းချဉ်လိုက်တာ ဆေးလိပ်တစ်လိပ်လောက် သောက်ရ ရင်ကောင်းမယ်"ဟု ဆိုကာ ၎င်း၏သေတ္တာပေါ်တွင် ဆေးလိပ်ကို ရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာပေါ်တွင် ဆေးလိပ်တစ်လိပ်မှ မတွေ့သဖြင့် လူရွှင်တော်ကြီးသည် အခက်တွေ့နေလေတော့၏။

ပြီးမှ ...

"ဟာ ... အခုမှ သတိရတယ်၊ ငါ့ရင်ဘတ်ထဲမှာ ပရိသတ်ထဲက ပစ်တင်ပေးလိုက်တဲ့ ဆေးလိပ်တွေ ရှိသေးတာပဲ"

ဟု တွေးကာ ၎င်း၏အိတ်ထဲမှ ဆေးလိပ်သုံးလိပ်ကို ထုတ်ယူ၍ ကြေးမီးခြစ်ကြီးကို ထောက်ခနဲ မီးခြစ်ကာ မီးညှိရန် ကြံလေ၏။ ၎င်း၏ မျက်လုံးသည် ဆေးပေါ့လိပ်စက္ကူပါတ်ကို သတိပြုမိလိုက်လေ၏။

"ဟင် ဒီဆေးပေါ့လိပ်က အသစ်ပါလား၊ ငါ မမြင်ဖူးပါဘူး"

ဟု တွေးကာ စက္ကူပါတ်လေးကို လှည့်ကြည့်လေ၏။ ဆေးပေါ့လိပ် စက္ကူပါတ်အဖြူတွင် အနီရောင်နှင့် ပိုင်းစက်ရွှာ ရေးထိုးထားသော အောက်ပါကဗျာလေးကို မြင်လေ၏။

**ဖူးငုံစ,ပန်းကလေးဟာ**
**အမြတ်နိုးဆုံးပါ**

ကဗျာလေးကို ဖတ်ပြီးသောအခါ လူကြီး၏ မျက်လုံးထဲတွင် အရောင်တဖျပ်ဖျပ် ဝင်းလက်သွားလေ၏။ "သွားဖို့အချိန်တန်ပြီ"ဟုလည်း တီးတိုးရေရွတ်လိုက်၏။





ထို့နောက် အငြိမ့်အဖွဲ့သားများ၏ ကြွေးစာရင်းကို မှတ်လေ့ရှိသော ကျောက်သင်ပုန်းကြီးသို့ သွားကာ အောက်ပါအတိုင်း ရေးခြစ်လိုက်လေ၏။

မိုးသူဇာအငြိမ့် အဖွဲ့သူ အဖွဲ့သားများခင်ဗျာ ...

ကျွန်တော် လူရွှင်တော် အာလူးဟာ ဒီနေ့က စပြီး အငြိမ့်အဖွဲ့က ထွက်ခွာသွားပါပြီ၊ အလွန်စည်းလုံးညီညွတ်ပြီး အလွန်ပျော်ရွှင်ဖို့ကောင်းတဲ့ အငြိမ့်အဖွဲ့လေးက ကျွန်တော် ထွက်ခွာသွားရာ စိတ်မကောင်းပါဘူး ...၊

ကျွန်တော် ထွက်ခွာသွားရတဲ့ အကြောင်းရင်းကတော့ ဒီနေ့ည ပရိသတ်ထဲက ပစ်တင်ပေးလိုက်တဲ့ ဆေးပေါ့လိပ်မှာပါတဲ့ အောက်ပါ ကဗျာတိုလေးကြောင့်ပါပဲ ...

**ဖူးငုံစပန်းကလေးဟာ**
**အမြတ်နိုးဆုံးပါ**

ဒီကဗျာဟာ ကျွန်တော်နဲ့ ပတ်သက်တဲ့ ကဗျာပါ၊ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ရှင်းမပြနိုင်တာကိုတော့ ခွင့်လွှတ်ပါ

လူတိုင်း လူတိုင်းရဲ့ နှလုံးသားထဲမှာတော့ အမြတ်နိုးဆုံး ပန်းတစ်ပွင့်တော့ ရှိစမြဲ မဟုတ်ပါလားခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ လွန်စွာ တခံဈာပွတ္တိဉာဏ် ရှင်သန်ကာ၊ လွန်စွာပျော်ရွှင်တတ်သော လူရွှင်တော်ကြီး ဦးအာလူးသည် မိုးသူဇာ အငြိမ့်အဖွဲ့မှ ထူးဆန်းစွာ ပျောက်ဆုံးသွားလေတော့သတည်း။





## ပြေသံရှင်လူကြီး

မြေလတ်ပိုင်း မြို့ကလေးတစ်မြို့တွင် လသာသောည များ၌ မြို့အနှံ့လှည့်လည်ကာ ပုလွေမှုတ်လေ့ရှိသော လူကြီးတစ်ဦး ရှိလေ၏။ ထိုလူကြီး၏ အမည်အပြည့်အစုံကို မည်သူမျှ မသိကြပေ။

ထိုလူကြီးကို မြို့သူမြို့သားများကမူ ပြေသံရှင်လူကြီး ဟုပင် အလွန်ခေါ်ဝေါ်ကြ၏။ ပြေသံရှင်လူကြီးသည် မည်သည့်ဒေသ က လာသည်မသိ။ မြို့ကလေးတွင် နေထိုင်သည်မှာ နှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်၏။

လူကြီး၏ ပုလွေသည် မြန်မာလူမျိုးတို့ မှုတ်လေ့ရှိ သော ပုလွေမျိုး မဟုတ်။ တရုတ်လူမျိုးတို့ မှုတ်လေ့ရှိသော ကြေး ပုလွေမျိုးဖြစ်၏။ ထို့ကြောင့်ပင် လူကြီး၏ ပုလွေသံသည် မြန်မာ လူမျိုးတို့၏ နားတွင် တစ်မျိုးဆန်း၍ နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည် စကားနည်းလှ၏။ မည်သူနှင့်မျှ စကားပြောလေ့မရှိ။ မည်သည့်အရပ်က လာသည်ကိုပင် မေးမြန်း၍ မရပေ။ လူကြီးနှင့် ပတ်သက်၍ မြို့သူမြို့သားများသည် ထင်မြင်ချက်အမျိုးမျိုး ပေးကြ၏။ အချို့သောသူများက ဖွေသံရှင်လူကြီးသည် ဝရမ်းပြေးလူဆိုးကြီး ဖြစ်မည်ဟု သံသယ ဖြစ်ကြ၏။

အချို့ကမူ ...

"ဖြွေသံရှင်လူကြီးဟာ အလွမ်းသမားကြီးပါကွာ၊ ဒါကြောင့် သူ့ပုလွေသံက လွမ်းဖို့ ဆွေးဖို့ ကောင်းနေတာ"

ဟု ဆိုကြ၏။

အချို့ကလည်း ...

"ပြွေသံရှင်ကြီးဟာ ဟိုးအရင်တုန်းက အင်မတန် ချမ်းသာတဲ့ သူဌေးကြီး ဖြစ်မယ်ကွ၊ နောက်တော့မှ လောကကို သံဝေဂရပြီး တို့မြို့ကလေးမှာ မထင်မရှား လာရောက်မြုပ်နေတာ ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ ပြွေသံရှင်ကြီးဟာ ဘာအလုပ်အကိုင်မှ လုပ်တာလည်း မတွေ့ရဘူး၊ ဒါပေမဲ့ နှင်းဆီနီ ထမင်းဆိုင်မှာတော့ နေ့တိုင်း ထမင်းမှန်မှန် စားနိုင်တယ်ကွ"

ဟု မှတ်ချက်ချကြ၏။ ထိုလူကြီးသည် မြို့ပြင်ရှိ သာလာယံဇရပ်ကြီး ပေါ်တွင် တစ်ဦးတည်း နေထိုင်လေ့ရှိ၏။ အကြောင်းကိစ္စ ထွေထွေထူးထူး မရှိဘဲ မြို့တွင်းသို့ ဝင်လာလေ့မရှိပေ။





သူသည် နေ့စဉ် ထမင်းတစ်နပ်ကိုသာ စား၏။ သူ ထမင်းစားသည့် အခါတိုင်း ဝက်သားဟင်းကိုသာ မှာ၍ စားလေ့ရှိ၏။

လူကြီး နေ့စဉ် စားသောက်လေ့ရှိသော နှင်းဆီနီ ထမင်းဆိုင်ရှင် မိန်းမကြီးက ...

"ကျုပ် ထမင်းဆိုင် ဖွင့်လာတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပါပြီတော်၊ ဒါပေမဲ့ ဒီလူကြီးလောက် ဝက်သားဟင်းကြိုက်တဲ့လူမျိုးတော့ မတွေ့ဖူးပါဘူး၊ တကတဲတော် သူမို့ ဝက်သားဟင်းကို နေ့စဉ် မညည်းမညူ စားနိုင်တယ်"

ဟု မှတ်ချက်ချလေ၏။ တစ်ခါက ထမင်းဆိုင်ရှင် မိန်းမကြီးက ...

"ပြွေသံရှင်ကြီးရယ် ရှင်က ညစာမစားဘူးနော်၊ ဘာဖြစ်လို့လဲ"

ဟု စပ်စုလိုက်ရာ၊ လူကြီးက ...

"ကျုပ်တစ်သက်လုံး ညစာ ဘယ်တော့မှ မစားဘူး"

ဟု ရှုတင်းတင်း ပြန်ပြောလေ၏။ မည်သို့ပင်ဖြစ်စေ မြို့သူမြို့သားများသည် ဆက်ဆံရေး ညံ့ဖျင်းလှသော လူကြီးကို ခင်မင်ကြလေ၏။

"ပြွေသံရှင်ကြီးက အေးအေးဆေးဆေး နေတတ်လို့နဲ့ တူပါတယ်ကွာ၊ သွားမနှောင့်ယှက်ကြပါနဲ့"

ဟူ၍ စပ်စုချင်သူများကို တားမြစ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့သူမြို့သားများ ကိုးကွယ်ကြသော ဆရာတော်ကြီးသည် ထိုလူကြီးကို ကရုဏာသက်လှ၍ ...

"တကာရယ် ... မြို့ပြင်ဇရပ်မှာ တစ်ယောက်တည်း နေရတာ မသင့်တော်ပါဘူး၊ ကျုပ်ရဲ့ကျောင်းမှာ လာနေပါလား"

ဟု ဖိတ်ခေါ်ရာ၏။ ထိုလူကြီးကမူ "တပည့်တော် မြို့ပြင်ဇရပ်မှာနေရတာ အေးချမ်းပါတယ်ဘုရား၊ ပြည့်စုံပါတယ်" ဟူ၍ပင် ငြင်းပယ်လေ၏။ အချို့သောသူများသည် လူကြီး၏ ပုလွေသံကို နှစ်သက်လွန်းလှ၍ လူကြီးကို သွားရောက်မိတ်ဖွဲ့ကာ ပုလွေမှုတ်နည်း သင်ပေးရန် တောင်းပန်ကြ၏။ လူကြီးကမူ ...

"ကျုပ်ရဲ့ ပုလွေက မှုတ်နည်းမရှိဘူး၊ မှုတ်နည်းမရှိတဲ့ အတွက် သင်ကြားနည်း ဆိုတာလည်း မရှိနိုင်ဘူး"

ဟု ငြင်းဆိုလေ၏။ ထိုအခါ ကာလသားတစ်ယောက်က လူကြီးအား ...

"မှုတ်နည်း မရှိရင် ဦးလေးကြီးက ပုလွေကို ဘယ်လိုမှုတ်သလဲ"

ဟု မေးမြန်းလေရာ လူကြီးက ...

"ကျုပ်က ပုလွေကို နည်းမရှိတဲ့နည်းနဲ့ မှုတ်တယ်"

ဟု ထူးဆန်းစွာ ပြန်လည်ပြောကြား၏။ မည်သို့ပင်ဖြစ်စေ လသာသောညများတွင် မြို့သူမြို့သားများသည် လူကြီး၏ ဂီတသံကို နားစွင့်မြဲ ဖြစ်လေ၏။

ဓဓဓဓဓဓဓဓ



ချော့၍မရအောင် ငိုယိုနေသော ကလေးငယ်များပင် လျှင် လူကြီး၏ လွမ်းမောဖွယ် ဂီတသံကို ကြားရလျှင် တိတ်ဆိတ် ငြိမ်သက်သွားမြဲ ဖြစ်လေ၏။

တစ်နေ့သ၌ ပြွေသံရှင်လူကြီးသည် ထမင်းစားသောက်ရန်အတွက် နှင်းဆီနီထမင်းဆိုင်သို့ ရောက်ခဲ့လေ၏။ လူကြီးသည် နေ့စဉ်ထိုင်လေ့ရှိသော ထောင့်ဘက်ဆုံးစားပွဲသို့ သွားရောက်ကာ ဟင်းသားဟင်းနှင့် ထမင်းကို မြိန်ယှက်စွာ စားသောက်လေ၏။ ထမင်းစားပြီးသောအခါ လက်ဖက်ခြောက် အကောင်းစား ခပ်ထားသော ရေနွေးကြမ်းပူပူကို တဖြည်းဖြည်းမှုတ်၍ သောက်လေ၏။

ပြီးသောအခါတွင် စားပွဲခုံတွင် တင်ထားသော လက်သုတ်ပဝါကိုယူ၍ လက်ကိုသုတ်လေတော့၏။ လက်သုတ်ပဝါကလေးသည် အဖြူရောင် သစ်သစ်လွင်လွင်ကလေး ဖြစ်ပြီး ခေါက်ရိုးကလေးများပင် မကျိုးသေးပေ။

ထိုအခိုက်မှာပင် လူကြီး၏ မျက်လုံးသည် အဖြူရောင် လက်ကိုင်ပဝါလေးတွင် ပိုးကြိုးအနီရောင်ဖြင့် လှပစွာ ရေးထိုးထားသော ကဗျာတိုလေးတစ်ပုဒ်ကို တွေ့ရလေ၏။

လူကြီးသည် မျက်မှောင်ကြုတ်၍ လက်သုတ်ပဝါကလေးကို ကမန်းကတန်း ဖြန့်ကြည့်လိုက်သောအခါ အောက်ပါကဗျာလေးကို တွေ့ရလေ၏။

**ဖူးငုံစ ပန်းကလေးဟာ**

**အမြတ်နိုးဆုံးပါ**

ဓဓဓဓဓဓဓ

www.burmeseclassic.com

www.burmeseclassic.com



ကဗျာကလေးကို ဖတ်ရှုပြီးသောအခါတွင် လူကြီး၏ မျက်နှာသည် လွန်စွာမှပင် နုပျိုလန်းဆန်းသွားလေ၏။ လူကြီးသည် ထမင်းဆိုင်ရှင် မိန်းမကြီးအား လက်ယပ်ခေါ်၍ ...

"ခင်ဗျား ဒီလက်သုတ်ပဝါကို ဘယ်ကရသလဲ"

ဟု မေးမြန်းလေရာ မိန်းမကြီးသာမက နှင်းဆီနီ ထမင်းဆိုင်ကလေးတွင် စားသောက်နေသူအပေါင်းသည်၊ လွန်စွာ အံ့သြသွားလေ၏။ အဘယ်ကြောင့်ဆိုသော် လူကြီးသည် မည်သည့် အခါမျှ စကားပြောဆိုလေ့ မရှိသောကြောင့် ဖြစ်၏။ ဆိုင်ရှင်မိန်းမ ကြီးသည် အယောင်ယောင် အမှားမှားဖြင့် ...

"ဟို ... ဟို ... ဒီနေ့မနက် ဈေးမှာ လာရောင်းတာတွေ့လို့ ဝယ်ခဲ့တာပါရှင်၊ ဘာဖြစ်လို့လဲ"

လူကြီးသည် မိန်းမကြီး၏ အမေးကို မဖြေတော့ဘဲ ထမင်းဝိုင်းမှထ၍ ရပ်ကာ ...

"မြို့သူမြို့သားများခင်ဗျာ၊ အင်မတန် အေးချမ်းသာယာပြီး အင်မတန် နှစ်သက်ဖို့ကောင်းတဲ့ မြို့ကလေးမှာ ကျွန်တော်ဟာ နှစ်ပေါင်းများစွာ နေထိုင်ခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူး တင်ပါတယ် ...

ဒီမြို့ကလေးဟာ နေလို့ထိုင်လို့ အင်မတန်ကောင်းတဲ့ မြို့ကလေးပါ ...

ဒါပေမဲ့ ချစ်စရာကောင်းတဲ့ ဒီမြို့ကလေးက ကျွန်တော် ဟာ ထွက်ခွာသွားရပါတော့မယ် ...





ဘာကြောင့် ဒီမြို့ကလေးကနေ ထွက်သွားရသလဲဆို ရင် ဟောဒီလက်သုတ်ပဝါမှာပါတဲ့ ကဗျာလေးကြောင့်ပါပဲ၊ ဒီကဗျာလေးဟာ ကျွန်တော်နဲ့ ပတ်သက်နေပါတယ်၊ ဘယ်လို ပတ်သက်နေတယ်ဆိုတာ ရှင်းမပြနိုင်တာကိုတော့ ကျွန်တော့် ကို ခွင့်လွှတ်ပါ ...

လူတိုင်း လူတိုင်းရဲ့ နှလုံးသားထဲမှာ အမြတ်နိုးဆုံး ပန်းကလေးတစ်ပွင့်တော့ ရှိစမြဲ မဟုတ်ပါလား ခင်ဗျာ"

ဟုဆိုကာ ပြွေသံရှင်လူကြီးသည် ထမင်းဆိုင်ထဲမှ ထွက်ခွာသွားလေတော့၏။ ထိုနေ့မှစ၍ ထိုမြို့ကလေး၌ ပြွေသံရှင် လူကြီးဟု ခေါ်သည့် လူထူးလူဆန်းကြီးသည် ပျောက်ကွယ်သွားလေ တော့၏။

မြို့သူမြို့သားများသည် မကြာခဏ ဆိုသလို ပြွေသံ ရှင်လူကြီးကို လွမ်းဆွတ် သတိရကြောင်း ပြောဆိုနေကြတော့ သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com





တစ်နေ့သ၌ ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် အင်းစိန် အိုင်ဒီ ရုံးခန်းအတွင်းထိုင်လျက် ရောက်တတ်ရာရာ စကားများ ပြောဆိုနေကြစဉ်၌ ကျွန်ုပ်တို့ရှိရာသို့ ပြာတာမောင်ရွှေ ရောက်ရှိလာ ပြီးလျှင် ...

"ဆရာတို့ရေ ... မင်းကြီး ဆူနေပြီ၊ အမြန်ကြွပေတော့"

ဟု စပ်ဖြဲဖြဲ ဆိုလိုက်ရာ ကျွန်ုပ်က မောင်ရွှေအား ...

"ဆူတော့လည်း လက်ဖက်ခြောက် ခပ်လိုက်ရုံပေါ့ မောင်ရွှေ ရာ၊ မင်းကြီးဆူတာ မဆန်းတော့ပါဘူး၊ တို့ကတော့ ရိုးနေပြီ"

ဟု ခပ်ပေါ့ပေါ့ ပြန်ပြောလိုက်လေ၏။ ထိုအခါ ဆင်နွှက ...

"ဆရာတော့ စုံထောက်လုပ်ရတာ ငြီးငွေ့လို့ ပင်စင်ယူချင် ပြီနဲ့ တူတယ် ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မခန့်လေးစား ပြန်ပြောလေရာ ဦးပေါ်ဦးက ...

"ဟော့ကောင် ... မောင်ရွှေ၊ ငါ့ရှေ့မှာ နောက်တီးနောက်တောက် လာမလုပ်နဲ့၊ နားရင်းအုပ်လိုက်လို့ တာပနငရဲ ရောက်သွားမယ်"

ဟု ဝင်ရောက် ကြိမ်းမောင်းလိုက်လေ၏။ ကျွန်ုပ်က ရွှဲ့စောင်းနေသော ခါးမတ်ခေါင်းကို တည့်မတ်အောင် ပြုပြင်လိုက်ရင်း ...

"တာပန်ဝရဲ ဆိုတာ ဘယ်လိုငရဲမျိုးလဲဗျ ဦးပေါ်ဦးရ၊ ရှင်းစမ်းပါဦး"

ဟု မေးမြန်းလေရာ ဦးပေါ်ဦးက ...

"တာပနငရဲ ဆိုတာ ငရဲကြီးရှစ်ထပ် ရှိတဲ့အထဲမှာ လူ့ပြည်ကနေရေတွက်ရင် ခြောက်ထပ်မြောက် ငရဲကို ဆိုတာဗျ၊ လူတစ်ကိုယ်လုံးကို သံတံကျင်ထိုးပြီး မီးရဲရဲမှာကင်တဲ့ ငရဲမျိုးဟော့၊ မောင်ရွှေလို ပုကွကွ၊ ဂင်တိုတိုကောင်မျိုးကို သံတံကျင်ထိုးပြီး မီးရဲရဲမှာ ကင်ရင် ဟဲ,ဟဲ အတော်ရယ်စရာကောင်းမယ်ဗျ"

ဟု ဆိုလိုက်လေရာ ပြတာမောင်ရွှေသည် မျက်စိပျက်မျက်နှာပျက်ကာ ...

"ဆရာကတော့ လုပ်ပြီ၊ မနက်စောစောစီးစီး နမိတ်မရှိ နမာမရှိဗျာ"





ဟု ရေရွတ်ကာ တစ်ချိုးတည်း လစ်လေတော့၏။ ကျွန်ုပ်နှင့် ဦးပေါ်ဦးလည်း ပြာတာမောင်ရွှေကို ကြည့်၍ တဟားဟား ရယ်ပါလေတော့၏။

မင်းကြီး၏ ရုံးခန်းအတွင်းသို့ ဝင်ရောက်၍ တန်းစီပြီးသောအခါ မင်းကြီးသည် ကျွန်ုပ်တို့၏အရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း ကြိမ်းမောင်းနေလေ၏။

"မောင်မင်းတို့ ဘာကောင်းသလဲ၊ လခကောင်းကောင်းယူပြီး အိမ်မှာ မိန်းမနဲ့ ပြန်အိပ်နေတဲ့ စုံထောက်တွေ၊ ပုလိပ်မင်းကြီးက ကျွန်ုပ်ကို ကြိမ်းလှပြီ၊ ဒီအတိုင်းဆိုရင် ကျွန်ုပ်အင်္ဂလန်ကို ဖင်လှန်ပြီး ပြန်ရလိမ့်မယ်"

ဟု ဆိုလိုက်ရာ ကျွန်ုပ်သည် စိတ်တွင်းမှနေ၍ "ပြန်ပါဗျာ၊ ပြန်ပါ၊ ပြန်သင့်တာ ကြာပါပြီ၊ ခင်ဗျား မြန်မြန်ပြန်သော့မှ ကျုပ်တို့ လွတ်လပ်ရေး မြန်မြန်ရမှာပဲ"ဟု ပြောမိလေ၏။ ဦးပေါ်ဦးကမူ ကျွန်ုပ်၏အနီးသို့ကပ်၍ လေသံတိုးတိုးဖြင့် ...

"ကျုပ်တို့ မင်းကြီးတောင် မြန်မာစကားပြော အတော်တိုးတက်နေပြီဗျ၊ အင်္ဂလန်ကို ဖင်လှန်ပြီး ပြန်ရမယ်ဆိုတဲ့ စကားကို ကြည့်ဗျာ၊ အင်ကာရန်နဲ့၊ ဖင်ကာရန်၊ လန်ကာရန်နဲ့ လှန်ကာရန်ကို ယူထားတာ ဘယ်လောက်ကောင်းသလဲ"

ဟု စပ်ဖြဲဖြဲ ပြောပြန်လေရာ မင်းကြီးသည် စကားတွတ်ထိုးနေသော ကျွန်ုပ်တို့ နှစ်ယောက်အား မြင်သွားပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"လူကလေး ပေါ်ဦး၊ ဘာပြောချင်သလဲ"

ဟု မေးမြန်းလိုက်ရာ ဦးပေါ်ဦးသည် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

"ပြောပါ လူကလေး၊ အမှုနဲ့ ပတ်သက်ပြီး ဘာပြောချင်လို့လဲ"

ဟု မေးမြန်းလေးရာ ဦးပေါ်ဦးသည် ခေါင်းကုတ်၍ မျက်စိပေကလပ် ပေကလပ်ပြုကာ ...

"မင်းကြီးရဲ့ မြန်မာစကားပြောဟာ အလွန်အဆင့်အတန်း မြင့်တယ်လို့ ချီးမွမ်းနေတာပါ"

ဟု ပြောမိပြောရာ ပြောလိုက်လေ၏။ သို့သော် မင်းကြီးမှာ သဘောပေါက်ဟန် မရှိဘဲ ...

"အို ... ဟုတ်ရဲ့လား လူကလေး၊ လူကလေးက ဘာကြည့်ပြီး ချီးမွမ်းချင်တာလဲ"

"အင်္ဂလန်ကို ဖင်လှန်ပြီး ပြန်မယ် ဆိုတဲ့ စကားကို ချီးမွမ်းချင်တာပါ၊ မြန်မာလူမျိုးထဲမှာ ဒီလို ကာရန်ယူပြီး ပြောနိုင်တယ်ဆိုရင် အတော်အဆင့်အတန်း မြင့်နေပါပြီ"

ဟု ကြံဖန်၍ မြှောက်ပင့်ပြောဆိုလိုက်လေရာ မင်းကြီးသည် လွန်စွာ သဘောကျသွားပြီးလျှင် ...

"အို ... ဒီလိုပြောရုံနဲ့ အဆင့်မြင့်သွားသလား၊ နောက်ကျရင် ကျွန်ုပ် ဒီအတိုင်း ပြောတော့မယ်၊ ဒါပေမဲ့ ဖင်လှန်တယ် ဆိုတာကတော့ မကောင်းဘူးနဲ့ တူတယ်"





ဟု ဆိုလိုက်လေရာ ကျွန်ုပ်တို့ စုံထောက်ကျော်များမှာ ရယ်ချင်လွန်း၍ မျက်နှာတစ်ဖက်သို့ လွှဲထားရလေ၏။

မင်းကြီးကပင် ဆက်လက်၍ ...

"ကျွန်ုပ်လည်း လူကလေးတို့ မြန်မာစာပေကို အလွန်စိတ်ဝင်စားတယ်၊ တစ်နေ့မှာ ဆရာတစ်ယောက်ခေါ်ပြီး ကောင်းကောင်း သင်မယ်လို့ စိတ်ကူးထားတယ်၊ ဒါနဲ့ လူကလေး၊ မြန်မာစာပေဟာ ဘယ်ခေတ်လောက်မှာ စတင်ပေါ်ပေါက်ခဲ့သလဲ"

ဟု မေးခွန်းထုတ်လိုက်ရာ ကျွန်ုပ်တို့ စုံထောက်ကျော်များ၏ ရင်၌ ထိတ်ခနဲ ဖြစ်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ အားလုံးသည် မြန်မာလူမျိုးများ ဖြစ်ပါလျက် မြန်မာစာပေ စတင်ထွန်းကားသောခေတ်ကို မဖြေဆိုနိုင်ကြပေ။ မင်းကြီးသည် ကျွန်ုပ်တို့၏ အဖြေကို နားစွင့်နေ၏။

ကျွန်ုပ်တို့သည် လူမျိုးခြားတစ်ယောက်၏ အမေးကို မဖြေဆိုနိုင်သည့်အတွက် လွန်စွာအရှက်ရ၍ နေလေ၏။

ကျွန်ုပ်တို့လူစုသည် မင်းကြီး၏ မျက်နှာကို မကြည့်ရဲချေ။

လွန်စွာ စကားတတ်လှသော စုံထောက်ဦးပေါ်ဦးကြီးသည်လည်း ခေါင်းကိုသာ ငုံ့ထားရလေ၏။

ထိုအခိုက်မှာပင် ...



www.burmeseclassic.com

www.burmeseclassic.com



"မြန်မာစာပေ ပေါ်ပေါက်ခဲ့တာ နှစ်ပေါင်း(၈၀၀)ရှိခဲ့ပါပြီ သက်သေအထောက်အထား အနေနဲ့တော့ သက္ကရာဇ်အခိုင် အမာ ရေးထိုးထားတဲ့ ရာကုမာရ်ကျောက်စာ(သက္ကရာဇ် ၄၇၅)ဟာ ပုဂံမြို့မှာ အထင်ကရရှိတယ် မင်းကြီး"

ဟူသော လွန်စွာပီသ၍ လွန်စွာ အဆင့်အတန်းမြင့်ကာ သံလိုက်ဓာတ်ကဲ့သို့ ဆွဲဆောင်အားကောင်းသော အင်္ဂလိပ်စကားသံတစ်ခုသည် ကျွန်ုပ်တို့၏နောက်နားမှ ကပ်၍ ထွက်ပေါ်လာလေ၏။ အသံနှင့်အတူ အသားညိုညို၊ အရပ်မြင့်မြင့်နှင့် လွန်စွာယောကျ်ားပီသသော သူတစ်ဦးသည် မင်းကြီး၏ ရုံးခန်းအတွင်းသို့ ဝင်ရောက်လာလေ၏။

ကျွန်ုပ်၏မိတ်ဆွေကြီး ဆားပုလင်းမင်းအောင် ရောက်ရှိလာပေပြီ။

ဆားပုလင်းမင်းအောင်သည် မင်းကြီး၏ စားပွဲရှေ့ရှိ ကုလားထိုင်သို့ အခန့်သားဝင်၍ ထိုင်လိုက်ပြီးလျှင် ဂျွန်ပလေးယားမှတ်ဆိတ်စီးကရက်ကို နှုတ်ခမ်းတွင်ခဲကာ ထောက်ခနဲ မီးခြစ်ကို ခြစ်လိုက်လေ၏။

မင်းကြီးသည် ဆားပုလင်းမင်းအောင်အား ...

"ဆားပုလင်းမင်းအောင် ခွင့်ယူထားတယ် မဟုတ်လား၊ ဒီမှာ အမှုတွေ ဖြစ်ပြန်ပြီ"

"ကျုပ် ခွင့်ယူထားတာ ဒီနေ့ပဲစေတယ် မင်းကြီး၊ ဘယ်မှာ အမှုဖြစ်ပြန်ပြီလဲ"





"မော်ဘီမြို့အစွန်က အိမ်ကြီးတစ်အိမ်မှာပါ၊ အသတ်ခံရတဲ့ သူက ဦးမြကြီး ဆိုတဲ့သူပဲ၊ သူ့ရဲ့ဇနီး ပျောက်ဆုံးနေတာလည်း တစ်လခန့် ရှိပြီ၊ ဒီတော့ အမြန်ဆုံးသွားပြီး ထောက်လှမ်းပေတော့"

ဟူ၍ စုံထောက်မင်းကြီးက အမိန့်ပေးလိုက်လေ၏။ ထို့နောက်တွင်မူ ကျွန်ုပ်တို့သည် မှုခင်းဖြစ်ပွားရာ မော်ဘီမြို့စွန် အိမ်ကြီးဆီသို့ ဖို့ဒ်ကားစုတ်ကလေးဖြင့် ထွက်ခဲ့လေ၏။ ကျွန်ုပ်တို့အား၏ အရှေ့တွင် စုံထောက်ကိုစိန်မြင့်တို့ ကားကလေးသည် မီးခိုးတလူလူဖြင့် စက်ကုန်ဖွင့်၍ မောင်းနှင်သွားလေ၏။

ဦးပေါ်ဦးက ...

"ကိုစိန်မြင့်တို့ လူစုတော့ ကားကို ဒီလိုသာ စက်ကုန်ဖွင့်ပြီး မောင်းနေရင် ဘယ်နေ့ တာပနငရဲကို ရောက်မလဲ မသိဘူး"

ဟု ဆိုလိုက်လေရာ ...

ကျွန်ုပ်က "လာပြန်ပြီ တာပနငရဲ"ဟု ဆိုကာ ဟာဟားဟား ရယ်မောမိလေ၏။ ဆားပုလင်းမင်းအောင်သည် ကားနောက်ခန်းထဲတွင် မျက်လုံးကို စုံမှိတ်၍ လိုက်ပါလာလေ၏။ ဘုတ္တိုင်းဘက်သို့ ရောက်သောအခါ တရုတ်သူဌေးကြီး ချင်းချောင်း၏ "ချင်းချောင်းနန်းတော်"ကြီးကို ကြည့်၍ ဦးပေါ်ဦးက ...

"ချင်းချောင်းနန်းတော်ကြီးက သားနားလိုက်တာဗျာ။ ဆေးရောင်တွေ စုံနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က …

"အဲဒါ တရုတ်လူမျိုးတွေရဲ့ ထူးခြားချက်ပဲဗျ၊ တရုတ်တွေဟာ ဆေးရောင်စုံတွေကို သိပ်ကြိုက်ကြတယ်၊ ဒါကြောင့် သူတို့ရဲ့ အဆောက်အအုံတွေကို ဆေးရောင်တွေနဲ့ လှပအောင် ခြယ်သထားလေ့ရှိတယ်၊ ဒါပေမဲ့ တရုတ်ဝတ်ကျောင်းနဲ့ ဘုန်းကြီးကျောင်းတွေ၊ နန်းတော်တွေ၊ ပုံစံဒီဇိုင်း မကွဲပြားဘူးဗျ၊ တစ်ခုနဲ့တစ်ခု ဆင်တူယိုးမှား ဖြစ်နေတယ်၊ သူတို့လူမျိုးတွေရဲ့ စည်းလုံးခြင်း ဆိုတဲ့ အတွင်းစိတ်ကို ဗိသုကာလက်ရာတွေက ဖော်ပြနေတာပါပဲဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်က …

"ဆားပုလင်းမင်းအောင် မသိတာ ဘာမှ မရှိပါလားဗျာ။ ဗိသုကာပညာအကြောင်းလည်း သိနေတာပဲ"

ဟု ချီးမွမ်းလိုက်လေ၏။ ဆားပုလင်းမင်းအောင်မှာ ပြုံး၍သာ နေပါတော့၏။ အင်းစိန်မြို့သို့ ရောက်သောအခါတွင် ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်ကို ကားရပ်ခိုင်းပြီးလျှင် …

"အိုင်ပီ ကိုအောင်လှ၊ ကျွန်တော့်ကို ဒီမှာချထားခဲ့ဗျာ၊ ကိစ္စလေးတစ်ခု ရှိနေလို့၊ အိုင်ပီတို့ သွားနှင့်ကြဦး၊ ကျွန်တော် ကားကြုံတစ်စီးနဲ့ လိုက်လာခဲ့မယ်"

ဟု ပြောလေ၏။ ဦးပေါ်ဦးက …

"ကိုမင်းအောင်ကတော့ ပယောဂလုပ်ပြန်ပြီဗျာ။ ကျုပ်တို့တော့ မင်းကြီးမေးရင် ဘယ်လိုဖြေရမလဲ မသိဘူး"





ဟု ညည်းညူလေ၏။ ကျွန်ုပ်လည်း ကားကို မောင်းထွက်ခဲ့လေတော့၏။ ခဏအကြာတွင် မှော်ဘီမြို့ဖို့ ရောက်လေရာ မှုခင်းဖြစ်ပွားရာ အိမ်ကြီးသည် မှော်ဘီမြို့အစွန်ရှိ မြေနီလမ်းအဆုံးတွင် တည်ရှိလေ၏။ အိမ်ကြီးသည် ဥရောပဆန်ဆန် ဆောက်လုပ်ထားပြီး လွန်စွာခမ်းနားလှသည်ကို သတိပြုမိ၏။ အိမ်၏ညာဘက်တွင် ဝါးရုံပင်ကြီးများ တူထပ်စွာ ပေါက်ရောက်နေသဖြင့် ခြံစည်းရိုး ခတ်စရာပင် မလိုသည်ကို တွေ့ရ၏။ ခြံပတ်လည်တွင် အုတ်တံတိုင်းကာရံထားပြီး အနီးအနားတွင် အိမ်ခြေကင်းမဲ့နေသည်ကို မြင်ရ၏။

ဦးပေါ်ဦးက အိမ်ကြီးကိုကြည့်၍ …

"အိမ်ကြီးက ဥရောပဆန်သလောက် ဝါးရုံတောကြီးက မြန်မာဆန်လှသဗျာ"

ဟု မှတ်ချက်ချလေ၏။

အိမ်ကြီးမှာ လွန်စွာခမ်းနားပြီး သစ်ရိုပ်ဝါးရိပ်ကြောင့် အေးမြ၍ နေလေ၏။ ဧည့်ခန်းကျယ်ကြီးထဲတွင် အီတာလျံပန်းချီကျော်များ ရေးဆွဲထားသော ပန်းချီကားကြီးများ ချိတ်ဆွဲထားလေ၏။ လှေကားရင်းတွင် လွန်စွာချောမောလှပ၍ လွန်စွာကျက်သရေရှိသော မိန်းမတစ်ဦး၏ ကိုယ်လုံးပေါ် ပန်းချီကားကြီးကိုလည်း တွေ့ရလေ၏။

သေဆုံးသူမှာ အသက် ၅၀ ကျော်ခန့်ရှိပြီး နှုတ်ခမ်းမွေးသဲ့သဲ့ ရှိလေ၏။ သူ၏ ဝဲဘက်ရင်အုံပေါ်တွင် လွန်စွာကြီးမား



www.burmeseclassic.com

www.burmeseclassic.com



သော သေနတ်ဒဏ်ရာကြီးကို တွေ့ရလေ၏။ သေသူသည် ပြတင်းပေါက်အနီးရှိ ကနုတ်ပန်းများ စီခြယ်ထားသော ကုလားထိုင်ကြီးပေါ်တွင် သေဆုံးနေခြင်းဖြစ်၏။ စုံထောက်ကိုစိန်မြင့်တို့ လူစုသည် ကျွန်ုပ်ထက် လက်ဦးမှု ရရှိစေရန် ဟိုဒီပြေးလွှား၍ အပြင်းအထန် ထောက်လှမ်းနေလေတော့၏။ သေသူ၏ အနီးရှိ ပြတင်းပေါက်မှာ ပွင့်လျက်ရှိပြီး ပြတင်းပေါက် အပြင်ဘက်တွင် ရှုံ့ပေနေသော ခြေရာကြီးကို အထင်းသား တွေ့ရလေ၏။

စုံထောက်ကိုစိန်မြင့်သည် ကျွန်ုပ်တို့နှစ်ဦးကို မြင်သောအခါ အ်ကျီကော်လာကို ဆွဲဆန့်၍ အာဘောင်အာရင်းသန်သန်ဖြင့် ...

"လူသတ်သမားက ခြံစည်းရိုးကိုကျော်ပြီး ဝင်လာခဲ့တာဗျ၊ သူဟာ ပြတင်းပေါက်နားမှာ ကွယ်ပြီး ရပ်လိုက်သေးတယ်၊ ပြီးတော့မှ ကုလားထိုင်ပေါ်မှာ ထိုင်နေတဲ့ သေသူဦးမြကြီးကို အနီးကပ်သေနတ်နဲ့ ပစ်သွားတာဗျ"

ဟု ရှင်းပြလေရာ ဦးပေါဦးက ...

"လုပ်မနေနဲ့ ကိုစိန်မြင့်ရာ၊ ဒါတော့ ကလေးတစ်ယောက်တောင် သိပါတယ်ဗျာ။ ခြံစည်းရိုးအစပ်က ပြတင်းပေါက်အနားအထိ ခြေရာကြီးက ထင်းနေတာ၊ ကျုပ်သိချင်တာက လူသတ်သမားက ဘယ်လိုရန်ငြိုးကြောင့် သတ်သွားတာလဲ၊ လူသတ်သမားက ဘယ်သူလဲ ဆိုတာပဲ၊ ကဲ ... ပြောနိုင်ရင်ပြောစမ်း"





ဟု ဆိုလိုက်ရာ စုံထောက်ကိုစိန်မြင့်၏ မျက်နှာသည် ရှုံ့မဲ့၍ သွားလေတော့၏။ ထိုအခိုက်မှာပင် စုံထောက်မင်းကြီးရောက်ရှိလာသဖြင့် စုံထောက်များအားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားလေ၏။ စုံထောက်ကိုစိန်မြင့်သည် မင်းကြီး၏အနီးသို့ ရို့ရို့လေး ချဉ်းကပ်သွားပြီးလျှင် ...

"တရားခံကို အမြန်ဆုံး ဖမ်းမိမှာပါ သခင်၊ ဒီလူသတ်မှုဟာ ရန်ငြိုးရန်စကြောင့် သတ်သွားတာပါ"

ဟု ပြောလေ၏။ မင်းကြီးက ခေါင်းကိုခါယမ်းလိုက်ရင်း ...

"လူကလေးက အပြောသက်သက်ပဲ၊ အလုပ်နဲ့ သက်သေမပြနိုင်ဘူး၊ နောက်ဆုံးတော့ တရားခံကို ဆားပုလင်းမင်းအောင်ပဲ ဖမ်းပေးရတာပဲ၊ ဆားပုလင်းမင်းအောင်က စကားမပြောဘူး၊ အလုပ်နဲ့ သက်သေပြတယ်"

ဟု ဆိုလိုက်လေရာ စုံထောက်ကိုစိန်မြင့်၏ မျက်နှာကြီးသည် မီးအုံထားသော ခရမ်းသီးခြောက်ကဲ့သို့ ရှုံ့တွသွားလေ၏။ ဦးပေါဦးသည် စုံထောက်ကိုစိန်မြင့်တို့ လူစုကို လှောင်ပြောင်လိုက်ရင်း လေသံတိုးတိုးဖြင့် ...

"အင်္ဂလန်ကို ဖင်လှန်ပြီးပြန်မဲ့ လူကြီးတော့ လာပြီဗျို့၊ ကျုပ်တို့ကို တစ်ခုခု မေးခွန်းမထုတ်ခင် တစ်နေရာကို ရှောင်နေကြစို့၊ ကိုမင်းအောင်ကလည်း အရေးထဲမှာ ရောက်မလာသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ကျွန်ုပ်၏လက်ကိုဆွဲ၍ အခန်းထောင့်တစ်နေရာသို့ ခေါ်ဆောင်သွားလေ၏။ အခန်းထောင့်သို့ ရောက်သောအခါ စာအုပ်စင်ကြီး၏ အနီးတွင် စုံထောက်ကိုတင်လှသည် စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေလေ၏။ ဦးပေါ်ဦးက ...

"မမီတဲ့ပန်းကို တုံးခုပြီးလှမ်းမဲ့ လူတစ်ယောက်တော့ တွေ့ပြန်ပြီဗျို့၊ ဖားတုလို့ ခရုခုန် အိုင်ပျက်ရုံသာ ရှိတော့မပေါ့ဗျာ၊ ကိုမင်းအောင်က ပါရမီရှင်ဗျ"

ဟု ကိုတင်လှကို ပြောလိုက်ရာ ကိုတင်လှသည် မျက်စောင်းထိုးကာ ဟင်းခနဲ လက်သီးကို ဆုပ်လေ၏။ ထိုအချိန်မှာပင် စုံထောက်မင်းကြီးသည် ကျွန်ုပ်နှင့် ဦးပေါ်ဦးကို မြင်တွေ့သွားပြီးလျှင် ...

"လူကလေးတို့ နှစ်ယောက် ဒီမှာ ဘာလာလုပ်နေတာလဲ၊ အလောင်းကို မကြည့်ဘဲ ဘာတွေ ပြောနေတာလဲ၊ ဆားပုလင်းမင်းအောင် ဘယ်မှာလဲ"

ဟု မေးမြန်းလိုက်လေရာ ကျွန်ုပ်တို့နှစ်ဦးမှာ အူကြောင်ကြောင် ဖြစ်သွားလေ၏။ ထိုအခိုက်မှာပင် စုံထောက်ကိုတင်လှသည် ငုံ့ဖတ်ရှုနေသော စာအုပ်ကြီးကို ဝုန်းခနဲ လက်ဖြင့်ပုတ်ရင်း ...

"ဆားပုလင်းမင်းအောင်ကို ဒီအမှုမှာ မလိုအပ်တော့ပါဘူး သခင်၊ တရားခံကို ကျွန်တော်မျိုး ယခုပဲ ဖမ်းပေးပါမယ်"

ဟု မှိုရသည့် မျက်နှာမျိုးနှင့် လွန်စွာ စိတ်အားတက်ကြွစွာ ပြောဆိုလိုက်လေတော့၏။ ထိုအခါတွင် ဦးပေါ်ဦးက ...





"ဟုတ်မှလည်းလုပ်ပါ ကိုတင်လှရယ်၊ ကျုပ်တစ်သက်မှာ ခင်ဗျား တရားခံဖမ်းတာ တစ်ခါမှ မမြင်ဖူးပါဘူး"

"သိပ်သေချာတာပေါ့ဗျာ၊ ဒီမှာသေသူ ဦးမြကြီးရဲ့ ဒိုင်ယာရီ၊ သေသူကိုယ်တိုင် သူ့ကိုသတ်မယ်လို့ ကြုံးဝါးနေတဲ့သူကို ရေးထားတယ်၊ လွန်ခဲ့တဲ့ သုံးရက်ကတောင် ဦးမြကြီးနဲ့ လူသတ်သမားဟာ ဘုံဘောရက်စတော့ရင့်မှာ စကားများပြီး ရန်ဖြစ်ခဲ့သေးတယ်၊ လူသတ်သမားက ဦးမြကြီးကို သတ်မယ်လို့ ကြုံးဝါးခဲ့တယ်ဗျ၊ လူသတ်သမားက ကြာကူရီဗျို့ ဦးမြကြီးရဲ့ မိန်းမကိုလည်း ခိုးယူပေါင်းသင်းနေတယ်"

ထိုအချိန်မှာပင် ကျွန်ုပ်တို့ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်သည် ခြံတံခါးဖွင့်၍ အိမ်ကြီးအတွင်းသို့ ဝင်ရောက်လာလေ၏။ စုံထောက်ကိုတင်လှသည် ကိုမင်းအောင်ကို မြင်သောအခါ ...

"နောက်ကျသွားပြီ ဆားပုလင်းမင်းအောင်။ ဒီအမှုရဲ့ တရားခံကို ကျုပ် ယခုပဲ ဖမ်းနိုင်းလိုက်ပါပြီ၊ ဒီတစ်ခါတော့ ကျုပ်က နှာတစ်ဖျား သာသွားပြီပေါ့ဗျာ ... ဟဲ ဟဲ ဟဲ"

ဟု အမြင်ကတ်ဖွယ်ကောင်းအောင် ရယ်မောရင်း ပြောလိုက်လေ၏။ ထိုအခါ ကိုမင်းအောင်က ...

"တရားခံအစစ်ကို ဖမ်းနိုင်ရင်တော့ ကောင်းတာပေါ့ဗျာ၊ ဒါပေမဲ့ သေသူ ဦးမြကြီး ရေးထားတဲ့ ဒိုင်ယာရီမှတ်တမ်းကို မှတ်ပြီး ရာဇဝင်ဆရာကိုရဲမောင်ကို သွားဖမ်းမယ်ဆိုရင်တော့ ခင်ဗျား အလွဲကြီး လွဲလိမ့်မယ် ကိုတင်လှ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဂျွန်ပလေးယား မုတ်ဆိတ် စီးကရက်ကို နှုတ်ခမ်းတွင်ခဲလျက် ဆိုလိုက်လေရာ ကျွန်ုပ်တို့အားလုံး အံ့အားသင့်၍သွားလေ၏။ စုံထောက်မင်းကြီး ကိုယ်တိုင်ပင် "အိုးဂေါ့"ဟု ဘုရားတ,လိုက်မိ၏။

အဘယ်ကြောင့်ဆိုသော် ဆားပုလင်းမင်းအောင်သည် မှုခင်းဖြစ်ပွားရာ နေအိမ်သို့ ရောက်ခဲ့သည်မှာ တစ်မိနစ်မျှပင် မရှိသေးဘဲ ကိုတင်လှ ဖတ်ရှုနေသော သေသူ၏ဒိုင်ယာရီမှ ရာဇဝင်ဆရာကိုရဲမောင် ဆိုသူကို တန်း၍ပြောဆိုနိုင်သောကြောင့် ဖြစ်၏။

စုံထောက်ကိုတင်လှမှာ မျက်နှာကြီး နီမြန်းသွားပြီး ...

"သေသူကိုယ်တိုင်က ဒိုင်ယာရီထဲမှာ သူ့ကိုသတ်မဲ့လူက ရာဇဝင်ဆရာ ကိုရဲမောင်လို့ ရေးထားခဲ့တာပဲဗျ၊ ခင်ဗျားက ဘာအတွန့်တက်ချင်တာလဲ ဆားပုလင်းမင်းအောင်"

ဟု လေသံမာမာဖြင့် ပြောလိုက်လေရာ ကျွန်ုပ်တို့အားလုံး၏ စိတ်ထဲတွင် စုံထောက်ကိုတင်လှ၏ စကားသည် ဖြစ်နိုင်သယောင် ရှိသည်ဟု ထင်မြင်မိလေ၏။

ဆားပုလင်းမင်းအောင်သည် ပြတင်းပေါက်အနီးသို့ လွန်စွာကြည့်ကောင်းအောင် လျှောက်သွားပြီးလျှင် သေသူ၏ဒဏ်ရာကို အနီးကပ် ကြည့်ရှုလေ၏။

ထိုနောက်တွင်မူ ပြတင်းပေါက်ပေါ်သို့ တက်၍ရပ်ရင်း ပြတင်းတံခါးများကို ဖွင့်ချည် ပိတ်ချည် ပြုလေ၏။ ခြံဝင်းထဲသို့ မျောက်တစ်ကောင်ကဲ့သို့ လွှားခနဲ ခုန်ဆင်းလေ၏။





ပြီးနောက် အုပ်ဆိုင်းနေသော ဝါးရုံပင်ကြီးများကို ခင်ဆေးကြည့်ရှုပြန်၏။ အုတ်စည်းရိုးကို လက်ဖြင့်ထောက်ကာ ချခနဲ ခုန်တက်လိုက်ပြန်၏။

ကျွန်ုပ်တို့ အားလုံးသည် ဆားပုလင်းမင်းအောင်၏ လှုပ်ရှားမှုများကို လိုက်လံကြည့်ရှု၍ နေလေ၏။

ဆားပုလင်းမင်းအောင်သည် ကျွန်ုပ်တို့၏ အနားသို့ ပြန်လည်ရောက်ရှိလာ၏။ ဆားပုလင်းမင်းအောင်၏ အမှုစစ်ဆေးပုံမှာ သုံးမိနစ်မျှသာ ကြာမည်ထင်ရ၏။

ဆားပုလင်းမင်းအောင်သည် ဂျွန်ပလေးယား မုတ်ဆိတ် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်ပြီးလျှင် ...

"တရားခံကို ကျုပ် ယခုပဲ ဖမ်းပေးပါမယ်"

ဟု ဆိုလိုက်လေရာ စုံထောက်မင်းကြီးက ...

"တရားခံဟာ ရာဇဝင်ဆရာပဲ မဟုတ်လား"

ဟု မေးလေ၏။ ဆားပုလင်းမင်းအောင်သည် သက်ပြင်းကိုချ၍ အောက်ပါအတိုင်း တစ်လုံးချင်း ပြောလိုက်လေတော့၏။

"တရားခံဟာ သေသူ ဦးမြကြီး ကိုယ်တိုင်ပါပဲ၊ ဦးမြကြီးဟာ ရန်ငြိုးရန်စ တစ်ခုကြောင့် မိမိကိုယ်မိမိ အနစ်နာခံပြီး သူ တစ်ပါးဒုက္ခရောက်အောင် လုပ်ခဲ့တာပါ။ ဟိုးနံရံမှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားထဲက ချောမောလှပတဲ့ မိန်းမဟာ ဦးမြကြီးရဲ့ဇနီး မသူဇာပါ၊ ဦးမြကြီးဟာ အသက်အရွယ်ချင်း အလွန်ကွာခြားတဲ့ မသူဇာကို ငွေနဲ့ပေါက်ပြီး ယူထားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်၊ မသူဇာဟာ ဦးမြကြီးကို မချစ်မနှစ်သက်သော်လည်း မယားဝတ္တရား မပျက်ခဲ့ပါဘူး၊ လွန်ခဲ့တဲ့ တစ်နှစ်ခန့်က မသူဇာဟာ ချစ်သူဟောင်း ရာဇဝင်ဆရာကိုရဲမောင်နဲ့ ပြန်ဆုံတွေ့ခဲ့ပါတယ်၊ ဒီအချိန်ကစပြီး မသူဇာတို့ အိမ်ထောင်ရေးဟာ မပြေလည်တော့ပါဘူး၊ ဦးမြကြီးဟာ အသက်ငယ်ငယ် မယားလေးတွေ ယူထားတဲ့သူတွေရဲ့ ထုံးစံအတိုင်း သဝန်တိုပြီး မသူဇာကို အမြဲရန်လုပ်နေတော့တာပါပဲ၊ မသူဇာဟာ ကိုရဲမောင်နဲ့ သူငယ်ချင်းတွေလိုပဲ ဖြူဖြူစင်စင်နေခဲ့တာပါ၊ ဒါပေမဲ့ မသူဇာ ဘယ်လိုပဲ ရှင်းပြပြ ဦးမြကြီးဟာ လက်မခံတဲ့အပြင် အမြဲလိုလို ရန်ရှာနေတဲ့အတွက် သည်းမခံနိုင်တဲ့ အဆုံးမှာ မသူဇာဟာ အိမ်ပေါ်က ဆင်းခဲ့ပါတယ်၊ ဒါကိုပဲ ဦးမြကြီးဟာ ကိုရဲမောင်က သူ့ဇနီးကို ခိုးယူပေါင်းသင်းနေတယ်လို့ အထင်မှားနေပါတယ်၊ မသူဇာဟာ အိမ်ကဆင်းခဲ့ပြီး ကိုရဲမောင်ကို သူမ ဘယ်ကိုသွားမယ်ဆိုတာ ပြောခဲ့ပါတယ်၊ ကိုရဲမောင်ဟာ မသူဇာကို အိမ်ပြန်ဖို့ ဖျောင်းဖျကြည့်ပါသေးတယ်၊ ဒါပေမဲ့ မသူဇာဟာ နားမထောင်ခဲ့ပါဘူး၊ ဦးမြကြီး လာမေးရင် သူမ ဘယ်ကိုသွားမယ်ဆိုတာ မပြောဖို့ မှာသွားရှာတယ်၊ လွန်ခဲ့တဲ့ သုံးရက်က ဦးမြကြီးဟာ ဘုံဆောရက်စတော့ရင့်မှာ ကိုရဲမောင်နဲ့ တွေ့ပြီး ကိုရဲမောင်ကို မယားခိုးလို့ အမျိုးမျိုး စွပ်စွဲပြီး ထိုးကြိတ်ခဲ့ပါတယ်၊ ကိုရဲမောင်ဟာ အကြိမ်ကြိမ် သည်းခံခဲ့ပါတယ်၊





နောက်ဆုံးမှာ ဒေါသကို မထိန်းနိုင်ဘဲ **"ခင်ဗျားကို ကျုပ်သတ်မယ်"** လို့ လူအများရှေ့မှာ ကြုံးဝါးခဲ့ပါတယ်၊ ကိုရဲမောင်ရဲ့ စကားကြောင့်ပဲ ဦးမြကြီးဟာ မိမိကိုယ်မိမိ သတ်သေပြီး ကိုရဲမောင် သေဒဏ်ကျအောင် ပြုလုပ်လိုက်တာပါ၊ သူ့ဇနီးကို ခိုးယူပေါင်းသင်းတဲ့ လူကို ပရိယာယ်နဲ့ ဒုက္ခပေးတာပါပဲ"

ဆားပုလင်းမင်းအောင်၏ စကားဆုံးသောအခါ မင်းကြီးသည် ခေါင်းကို ခါယမ်းလိုက်ရင်း ...

"ဒါတော့ မဖြစ်နိုင်ဘူး ဆားပုလင်းမင်းအောင်၊ သူ့ကိုယ်သူ သတ်သေရင် လက်နက်ကို သေသူရဲ့ အနီးအနားမှာ တွေ့ရမှာပေါ့"

ဟု ဝင်ရောက်၍ ငြင်းဆိုလိုက်ရာ စုံထောက်ကိုတင်လှ —

"ဟုတ်ပါတယ်၊ မင်းကြီး ပြောတာ ဖြစ်နိုင်ပါတယ်၊ ဆားပုလင်းမင်းအောင်က ဂျပိုးကို လိပ်ဖြစ်အောင် လီဆယ်ပြီးပြောနေတာပါ"

ဟု ကပျာကယာ ဝင်ရောက်၍ ထောက်ခံလေ၏။ ဆားပုလင်းမင်းအောင်သည် စုံထောက်ကိုတင်လှကို စူးစိုက်ကြည့်၍ —

"ဒီမှာကိုတင်လှ ... ခင်ဗျား အတော်ညံ့သေးတာပဲ၊ သေနတ်ဒဏ်ရာဟာ အနီးကပ်ရတဲ့ ဒဏ်ရာနဲ့ နှစ်ကိုက်လောက်အကွာကရတဲ့ ဒဏ်ရာ မတူဘူးဗျ၊ ဦးမြကြီးဟာ သေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖြောင်းပြန်ကိုင်ပြီး ရင်ဝဘက်ကို ပြောင်းလှည့်ပြီး ပစ်လိုက်တာပဲ၊ ကျည်ဆန်ဟာ ရင်အုံတည့်တည့်ကို အနီးကပ်ထိမှန်ပြီး ပွဲချင်းပြီး သေသွားတာပဲဗျ၊ ပြတင်းပေါက်နားက ခြေရာတွေကလည်း ဦးမြကြီးရဲ့ ခြေရာတွေပဲဗျ၊ လူသတ်သမားရဲ့ ခြေရာလို့ အထင်မှားအောင် လုပ်ထားတာ၊ ဦးမြကြီးခဲ့တဲ့ ဒိုင်ယာရီကလည်း ဒီလိုပဲ၊ ခင်ဗျားလို ခပ်ညံ့ညံ့ စုံထောက်တွေ အထင်မှားပြီး ကိုရဲမောင်ကို တရားခံလို့ ယူဆအောင် အငြိုးကြီးကြီးနဲ့ ကလဲ့စားချေခဲ့တာပဲဗျ"

ဟု ဆိုလိုက်လေရာ စုံထောက်မင်းကြီးသည် သေသူ၏အနီးသို့ တိုးကပ်ကြည့်၍ ခေါင်းတညိတ်ညိတ် လုပ်နေလေ၏၊

ပြီးနောက် ... မင်းကြီးက ...

"ဒါဆိုရင် ဆားပုလင်းမင်းအောင် သေသူရဲ့သေနတ်ဟာ ဘယ်မှာလဲ"

မင်းကြီး စကားအဆုံးတွင် ကျွန်ုပ်တို့ စုံထောက်များအားလုံး ဆားပုလင်းမင်းအောင်အား စိတ်ဝင်တစား ကြည့်လိုက်မိလေ၏။

ဆားပုလင်းမင်းအောင်သည် ပြတင်းပေါက်ကို လက်ဖြင့်ထောက်ကာ ဇွေ့ခနဲ မြေပေါ်သို့ ခုန်ဆင်းလိုက်ပြီး ဝါးရုံပင်ကြီးများအနီးသို့ တိုးကပ်သွားလေ၏။ ပြီးနောက် အရှည်ဆုံးဝါးပင်တစ်ပင်ကို တဖြည်းဖြည်း ဆွဲယူလိုက်လေ၏။ ဝါးပင်သည် ထိပ်ဖျားမှကိုင်းညွတ်၍ ဆားပုလင်းမင်းအောင်၏ လက်ထဲသို့ ပါလာလေတော့၏။





ဝါးပင်ထိပ်ဖျားတွင် ကြိုးဖြင့်ဆွဲချည်ထားသော သေနတ်တစ်လက်ကို ကျွန်ုပ်တို့ မြင်လိုက်၍ စုံထောက်မင်းကြီးသည် အံ့သြလွန်းသဖြင့် နှုတ်ခမ်းတွင် ခဲထားသော ဆေးတံကြီး လွတ်ကျသွားလေရာ အနီးအနားတွင် ကပ်ဖားရပ်ဖားလုပ်ရန် စောင့်ဆိုင်းနေသော ကိုစိန်မြင့်က မြေပေါ်သို့ မကျစေရန် ကမန်းကတန်း ဖမ်းဆီးလိုက်ရရှာ၏။

ဆားပုလင်းမင်းအောင်သည် ဂျွန်ပလေးယား မုတ်ဆိတ် စီးကရက်ကို လွန်စွာ ကြည့်ကောင်းအောင်ခဲလျက်၊ ပြတင်းပေါက်ပေါ်တွင် တင်ပလွဲ ထိုင်လိုက်ရင်း ...

"သေသူ ဦးမြကြီးဟာ ဝါးပင်ကို ဆွဲယူပြီး ထိပ်ဖျားမှာ ကြိုးချည်လိုက်တယ်၊ ကျန်တဲ့ကြိုးတစ်စကိုတော့ သေနတ်ဒင်မှာ ချည်လိုက်တယ်၊ ဦးမြကြီးဟာ သူ့ကိုယ်သူ သေနတ်ပြောင်းလှည့်ပစ်ပြီးတာနဲ့ သေနတ်ဟာ ဦးမြကြီးရဲ့ လက်ထဲကလွတ်ပြီး ဝါးပင်ဟာလည်း ကွေးညွတ်ရာက ပြန်ဖြောင့်တန်းသွားတာပေါ့၊ သေနတ်ကလည်း ဝါးပင်ထိပ်ဖျားကို ပါသွားခဲ့တာပေါ့၊ ဒီတော့ သေသူရဲ့အနီးမှာ သေနတ်ကို ဘယ်ရှာတွေ့တော့မလဲဗျာ၊ အင်မတန် ဉာဏ်ပြေးတဲ့ အစီအရင်တစ်ခုပါပဲ၊ ဒီလိုလုပ်ပြီးတော့ သူ မကျေမနပ်ဖြစ်နေတဲ့ ရာဇဝင်ဆရာကိုရဲမောင်ကို သေဒဏ်ကျအောင် ကြံစည်တာပါပဲ၊ ဦးမြကြီးဟာ သူ့ကိုယ်သူ သတ်မသေမီမှာ ဝါးပင်ကိုကိုင်းညွတ်ပြီး နှစ်ကြိမ်သုံးကြိမ် အစမ်းလုပ်ကြည့်သေးတယ်ဗျ၊



www.burmeseclassic.com

တစ်ကြိမ်မှာတော့ ဝါးပင်မှာ ချည်နှောင်ထားတဲ့ သေနတ်
ပြတင်းပေါက် အပေါ်ဘောင်နဲ့ ရိုက်မိပြီး ပြတင်းပေါက်
ထိပ်နားမှာ သစ်သားစနည်းနည်း ပဲ့ထွက်သွားတယ်၊ ...
တော်ဟာ ဝါးပင်တွေ သဘာဝအတိုင်းမရှိဘဲ အနည်းငယ်
ပျက်ပန်းပျက် ဖြစ်နေတာရယ်၊ ပြတင်းပေါက်မှာ သစ်သား
ပဲ့နေတာရယ်ကို မြင်လိုက်ကတည်းက ဒါဟာ ကိုယ့်...
ကိုယ် သတ်သေတယ်ဆိုတာ သိပါတယ်ဗျာ"

ဟု ဆိုလိုက်လေရာ စုံထောက်မင်းကြီးမှစ၍ ကျွန်ုပ်
အားလုံး လက်ခုပ်တဖြောင်းဖြောင်း တီးလိုက်လေ၏။ ကိုတင်လှ...
လူစုမှာ မျက်စိမျက်နှာပျက်၍ အိမ်ပေါ်မှ တစ်ချိုးတည်း လစ်...
တော့၏။ စုံထောက်မင်းကြီးက ကိုမင်းအောင်ကို လက်ဆွဲ၍ ...
ဆက်လိုက်ရင်း ...

"တော်ပါပေတယ် ဆားပုလင်းမင်းအောင်၊ သင်ဟာ စုံထောက်
လုပ်ဖို့အတွက် ဘုရားသခင်က ပေးသနားတဲ့ လူပေပဲ"

ဟု ချီးမွမ်းလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က ...

"အမှုကတော့ ရှင်းသွားပါပြီ ကိုမင်းအောင်ရယ်၊ အိမ်က...
သွားတဲ့ မသူဇာ ဘယ်ရောက်နေတာလဲ"

"မသူဇာဟာ စစ်ကိုင်းချောင်မှာ သီလရှင်ဝတ်ပြီး တရား
ဝနာပွားများနေတယ်ဗျာ၊ အမှန်တော့ ဦးမြကြီးဟာ သူ့...
ကို အထင်လွဲပြီး ဒီအမှုကို ကျူးလွန်ရတာပါ"

ဟု ကိုမင်းအောင်က ဖြေလေ၏။





ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ဆားပုလင်းမင်း
အောင်၏ ကျေးဇူးကြောင့် လူသတ်မှုကို တစ်ခဏအတွင်း ဖော်ထုတ်
နိုင်သဖြင့် ကိုစိန်မြင့်တို့ လူစုမှလွဲ၍ စိတ်လက်ပေါ့ပါးစွာဖြင့်
ရန်ကုန်မြို့သို့ ပြန်ခဲ့လေ၏။

လမ်းတွင် ဦးပေါ်ဦးက ...

"ကိုမင်းအောင်ရယ် ... ရှင်းစရာတစ်ခု ကျန်သေးတယ်ဗျ၊
ကိုမင်းအောင့်ဟာ လူသတ်မှု ဖြစ်ပွားတဲ့အိမ်ကို ရောက်ရောက်
ချင်းပဲ ရာဇဝင်ဆရာကိုရဲမောင် အကြောင်းကို သိနေတယ်၊
အဲဒါ ဘယ်လိုကြောင့်လဲဗျ"

ကိုမင်းအောင်သည် ကားကိုဂီယာပြောင်းလိုက်ရင်း ...
"ဒါကတော့ တိုက်ဆိုင်မှုပေါ့ဗျာ၊ လွန်ခဲ့တဲ့(သုံး)ရက်က
ဦးမြကြီးဟာ ရာဇဝင်ဆရာကိုရဲမောင်ကို ဘုံဘောရက်စတော့
ရင့်မှာ မူးရူးပြီး ဆော်ကားမော်ကား လုပ်နေတုန်းက ကျွန်တော်
လည်း ရှိနေတယ်ဗျ၊ ဒါကြောင့် မင်းကြီးက မှော်ဘီမြို့အစွန်
မှာ လူသတ်မှုဖြစ်ပြီလို့ ပြောတာနဲ့ ကိုရဲမောင်နဲ့ ဆက်စပ်နေ
မယ်ဆိုတာ တွေးမိလိုက်တယ်၊ အင်းစိန်မှာ ကျွန်တော့်ကိစ္စရှိ
လို့ ဆင်းနေခဲ့တယ်ဆိုတာ ကိုရဲမောင်ကို သွားစစ်ဆေးတာ
ဗျ၊ ဒါကြောင့် မသူဇာ စစ်ကိုင်းချောင်မှာ သီလရှင်ဝတ်နေ
တယ်ဆိုတာ ကျွန်တော် သိခဲ့တာပေါ့၊ ရှင်းပြီလား"

ဟု ကိုမင်းအောင်က ဖြေလိုက်လေရာ ဦးပေါ်ဦးက ...

www.burmeseclassic.com



"ရှင်ပါပြီဗျာ၊ ရှင်းပါပြီ၊ အကွင်းကွင်း မှန်တီဟင်းလို ထင်ခနဲ လင်းခနဲ ဖြစ်သွားတာပဲ၊ ဟဲ ဟဲ ဟဲ၊ ကိုတင်လှ တင်ယောက်တော့ အတော်ကြိတ်နိုင်ခဲမရ ဖြစ်နေမှာပဲ"

ဟု ဆိုလိုက်ရာ ကျွန်ုပ်က ...

"ဖားတုလို့ ခရုခုန်ရင် အိုင်ပျက်ရုံသာ ရှိတော့မှာပေါ့ဗျာ"

ဟု ဆိုပြီး ကျွန်ုပ်တို့နှစ်ဦးမှာ တဟားဟား ရယ်လေတော့၏။ ဆားပုလင်းမင်းအောင်မှာမူ ကျွန်ုပ်တို့ စကားဝိုင်းအတွင်းသို့ မဝင်တော့ဘဲ စာအုပ်ထူကြီး တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှု၍သာ လိုက်ပါလာလေတော့သတည်း။





**ကျေးဇူးရှင်**

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဆားပုလင်းမင်းအောင်သည် အင်းစိန်စီအိုင်ဒီရုံးမှ အပြန်တွင် တာမွေအဝိုင်းကြီးထိပ်သို့ ရောက်သောအခါ ကိုမင်းအောင်က ကျွန်ုပ်ကို ကားခဏရပ်စေ၍ စားသောက်ဖွယ်ရာအချို့ကို သွားရောက်ဝယ်ယူလေ၏။ ကျွန်ုပ်သည် ကိုမင်းအောင်၏နောက်ကျောကို ကြည့်၍ ...

"ဩော် ... ကိုမင်းအောင်၊ ကိုမင်းအောင် လူပျိုကြီးဆိုတော့ စားရေးသောက်ရေး အခက်အခဲရှိမှာပဲ၊ ကြည့်စမ်း သူ့ကိုကြည့်ရတာ ဘယ်လောက်သနားစရာ ကောင်းသလဲ၊ ဒါတစ်ခုတော့ ငါတို့က ဆားပုလင်းမင်းအောင်ထက် သာတယ်"

ဟူ၍ ကြံဖန်ပြီး ဂုဏ်ယူနေမိလေ၏။ ခဏအကြာတွင် ကိုမင်းအောင်သည် စက္ကူအိတ်ကြီးတစ်အိတ်ကိုပိုက်၍ ကားအနီးသို့ ပြန်ရောက်လာလေရာ ကျွန်ုပ်သည် သူ့ကိုကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းအောင် မိန်းမယူလိုက်ရင် ကောင်းမှာပဲ၊ ဘာပဲဖြစ်ဖြစ် စားရေးသောက်ရေးတော့ အဆင်ပြေသွားမှာပဲ"

ဟု တွေးလိုက်မိပြန်၏။ ကိုမင်းအောင်သည် ကားတံခါးကိုဖွင့်၍ ထိုင်လိုက်ရင်း ...

"ဒီလိုနေတာပဲ ကောင်းပါတယ် အိုင်ပီရယ်၊ စားရေးသောက်ရေးအတွက်နဲ့တော့ မိန်းမ မယူချင်ပါဘူးဗျာ၊ ကျွန်တော်က အပူအပင်ကင်းကင်းပဲ နေချင်တာဗျ၊ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်ရင်၊ နောင်ပြင်ရန်ခက်သည့်အမျိုးတဲ့ဗျ"

ဟု ဆိုလိုက်လေရာ ကျွန်ုပ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ...

"ကိုမင်းအောင်ရယ်၊ ကျွန်တော့် စိတ်ကူးကို ဘယ်လိုသိနေတာလဲဗျ"

ဟု တအံ့တသြ မေးလိုက်လေ၏။ ကိုမင်းအောင်က ...

"ဒါ မဆန်းပါဘူးဗျာ၊ ကျွန်တော်က ကားကိုခဏရပ်နိုင်းပြီး စားသောက်ဖွယ်ရာတွေ ဆင်းဝယ်နေတာမြင်တော့ ကိုအောင်လှ ဒီလိုတွေးမယ် ဆိုတာ ကျွန်တော် တွက်ဆနိုင်ပါတယ်ဗျာ၊ နောက်ပြီးတော့ ကျွန်တော် ကားထဲကို ဝင်ကာနီးမှာ ခင်ဗျားက ကရုဏာသက်ဟန်နဲ့ တစ်ချက်ကြည့်လိုက်တယ်ဗျ၊ ဒါဟာ ကျွန်တော် မိန်းမယူလိုက်ရင် ကောင်းမယ်ဆိုတဲ့ အတွေးမျိုး ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်ဗျ"





ဟု ပြောလိုက်လျှင် ကျွန်ုပ်မှာ ကိုမင်းအောင်ကို တအံ့တသြ ချီးကျူးမိလေ၏။

ထိုအချိန်တွင် ကျွန်ုပ်၏ ဖို့ဒ်ကားစုတ်ကလေးသည် ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ်(၇)၊ အာသောကလမ်း၊ ကျောက်မြောင်း နေအိမ်အရှေ့သို့ ရောက်ရှိခဲ့လေ၏။

ကိုမင်းအောင်သည် ကားပေါ်မှ မဆင်းသေးဘဲ ...

"ကိုအောင်လှ တို့များ အိမ်ထောင်သက်ကလည်း နည်းနည်း ရလာတော့ အိမ်ကစနိုးရော မှာတာကို မေ့နေပြီနော်"

ဟု ဆိုလိုက်လေရာ ကျွန်ုပ်သည် ကိုယ့်နဖူးကိုပြန်ရိုက်လိုက်ရင်း ...

"ဟာ ... ဟုတ်သားပဲဗျာ၊ ကျွန်တော့်ဇနီးက ဒီနေ့ နေ့လယ် (၁၂)နာရီအရောက် အိမ်ပြန်ခဲ့ဖို့ မှာထားတယ်ဗျ၊ ဂျူဗလီဟော မှာ အိန္ဒိယက ဖက်ရှင်အဖွဲ့တစ်ဖွဲ့ လာပြတယ်လေ၊ ဒီနေ့ နောက်ဆုံးလည်း နောက်ဆုံးနေ့မို့ 'မေ'က သွားကြည့်ဖို့ ပူဆာနေတယ်ဗျ၊ အမယ်လေးဗျာ ... ကျွန်တော် အိမ်ပြန်ရောက်ရင် ဆူညံပွက်မှာ မြင်ယောင်သေးတယ်"

ဟူ၍ မိန်းမကြောက်သူတို့၏ ထုံးစံအတိုင်း မကြောက်ခကြောက် ညည်းညူလိုက်လေရာ ကိုမင်းအောင်က ကျွန်ုပ်အား ကရုဏာသက်ဟန်ဖြင့် ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မနက်က အိုင်ဗီ အိမ်ကိုဝင်အခေါ်မှာ အိုင်ဗီ့ မယောသီက နေ့လယ်(၁၂)နာရီအမီ ပြန်လာဖို့ မှာနေတာ ကြားလိုက်ရတယ်ဗျ၊ နေ့လယ်ခင်းက အိုင်ဗီကို သတိပေးမလို့ဘဲ၊ အိုင်ဗီက ရုံးမှာမရှိဘဲ ဘိလိယက်ခုံ ရှောက်နေတာကိုး"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့် အပြစ်ပါပဲ၊ ကျွန်တော့်ကို ဖက်ရှင်ပြပွဲသွားဖို့ ပြောနေတာ သုံးရက်ရှိနေပြီဗျ၊ ကျွန်တော် က နေ့ရွှေ့ညရွှေ့ လုပ်နေတာ၊ ဒီပုံစံအတိုင်းဆို အိမ်ပြန်ရမှာ တောင် ခပ်ခက်ခက်ပဲ"

ဟု ညည်းညူလိုက်ပြန်ရာ ကိုမင်းအောင်က ...

"အိမ်ပြန်ဖို့တော့ မခက်ပါနဲ့ဗျာ၊ အိမ်မှာ ကိုအောင်လှ မိန်းမ 'မေ' မရှိတော့ပါဘူး"

ဟု ဆိုလိုက်လေရာ ကျွန်ုပ်က ...

"ဟာဗျာ ... ကိုမင်းအောင်ကလည်း၊ ကျွန်တော့်မိန်းမ'မေ'က စိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းတတ်တဲ့ မိန်းမမျိုး မဟုတ်ဘူးဗျ၊ သူ့မှာ ဒီလိုအကျင့်မျိုး မရှိဘူး၊ စိတ်ကောက်ပြီ ဆိုရင်သာ ချော့ရခက်တာ"

ဟု ပြောလေ၏။ ထိုအခါ ကိုမင်းအောင်က ...

"ကျွန်တော်ကလည်း ဒီလို မပြောပါဘူးဗျာ၊ ကိုအောင်လှ မိန်းမ 'မေ'ဟာ ဂျူဗလီဟောက အိန္ဒိယဖက်ရှင်ပြပွဲကို ထွက်သွားပြီလို့ ပြောတာပါ"





ဟု ဆိုလေရာ ကျွန်ုပ်က ခေါင်းကို ယမ်းခါ၍ ...

"ကျွန်တော့်မိန်းမအကြောင်း ကျွန်တော် အသိဆုံးပါဗျာ၊ သူက တစ်ယောက်တည်းဆိုရင် ဘယ်ကိုမှ သွားတတ်တဲ့ မိန်းမ မဟုတ်ဘူး၊ ဘယ်သွားသွား ကျွန်တော့်ကို ခေါ်တယ်"

ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောလိုက်ရာ ကိုမင်းအောင်

က ...

"ဒီတစ်ကြိမ်တော့ 'မေ'ဟာ ကိုအောင်လှ မပါဘဲ ဂျူဗလီ ဟော ဖက်ရှင်ပြပွဲကို သွားပါပြီဗျာ။ အိုင်ဗီမိန်းမက အဝတ် အစား ဖက်ရှင်ထွင်တာတို့ ဘာတို့မှာ အတော်ဝါသနာကြီး တယ်ဗျ၊ သူကိုယ်တိုင်လည်း ဖက်ရှင်ကျကျ ဝတ်ဆင်တတ် တယ်၊ ဖက်ရှင်ပြပွဲကလည်း ဒီနေ့နောက်ဆုံးနေ့၊ ပွဲကလည်း တိုင်းတစ်ပါးက လာပြတဲ့ပွဲ ဆိုတော့ သူ့ခမျာ သိပ်ကြည့် ချင်ရှာမှာပဲ၊ ကိုအောင်လှကလည်း အချိန်မီ ပြန်မရောက် လာတော့၊ ကျွန်တော့် အထင် ပြောရရင် ကိုအောင်ထွန်းတို့ အိမ်ရဲ့ နှစ်အိမ်ကျော်မှာနေတဲ့ ရိုးကုမ္ပဏီက စာရေးမ ကက် သရင်းကို အဖော်ခေါ်ပြီး ဖက်ရှင်ပြပွဲကို အရောက်သွားလိမ့် မယ်ဗျ"

ဟု ဆိုလိုက်လေရာ ကိုမင်းအောင်၏ စကားမှာလည်း ဖြစ်နိုင်သယောင် ရှိနေသဖြင့် ကျွန်ုပ်သည် တွေးရခက်နေ၏။ ...သောအခါမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းအောင် ပြောတာလည်း ဖြစ်နိုင်တာပဲဗျ၊ ဒီနေ့နောက်ဆုံးနေ့ဆိုတော့ ကက်သရင်းကို အဖော်ခေါ်ပြီး သွားကြည့်ချင်ကြည့်နိုင်တယ်၊ ဒီတော့ သူ့ကို ဖက်ရှင်ပြပွဲ လိုက်မပို့နိုင်တဲ့ အတူတူ အပြန်ကိုတော့ သွားကြိုလိုက်မယ်ဗျာ၊ ဖက်ရှင်ပွဲက နေ့လယ် ၁ နာရီကနေ ညနေ ၅ နာရီဆိုတော့ အခုနေလိုက်သွားရင် အချိန်မီသေးတယ်၊ ဒါဆိုရင်တော့ ကျွန်တော့်ကို စိတ်ကောက်ပြေသွားမယ် ထင်တယ်ဗျ၊ နို့မို့ဆိုရင် တစ်ပင်လောက်တော့ သူ့အနားကပ်လို့ရမှာ မဟုတ်ဘူး၊ သူ့စကားနားမထောင်ဘဲ အတင်းကပ်ရင် နီးစပ်ရာ ပေါင်ဒါဘူး၊ မျက်နှာချေဘူးနဲ့ ကျွန်တော့်ကို ပိတ်ပေါက်တတ်တယ်ဗျ"

ဟု ယောက်ျားဖျင်းတို့၏ ထုံးစံအတိုင်း မရှက်မကြောက် ပြောလိုက်ရာ ဆားပုလင်းမင်းအောင်က ...

"ဂျူဗလီဟောကို လိုက်သွားရင် ကိုအောင်လှ မောရုံပဲရှိမယ်၊ 'မေ'ကို တွေ့မှာမဟုတ်ဘူး"

"ဟာဗျာ ... ကိုမင်းအောင်ကလည်း၊ ဂျူဗလီဟောဂိတ်ဝမှာ ကားနဲ့သွားစောင့်ရင် 'မေ'ကို တွေ့နိုင်ပါတယ်ဗျာ၊ ကျွန်တော့် မျက်လုံးက ဒီလောက် မမွဲသေးပါဘူး"

ဟု ကျွန်ုပ်က ဆိုလိုက်ရာ ကိုမင်းအောင်သည် ကားတံခါးကိုဖွင့်၍ ကားတွင်းမှ ထွက်လိုက်ပြီး ကျွန်ုပ်ဘက်သို့လှည့်ကာ ...





"ဒီလိုရှိတယ်ဗျ ... ကိုအောင်လှရဲ့၊ နေ့လယ်က ဖြစ်စဉ်ကို ဒီလိုတွေးကြည့်ရအောင်၊ 'မေ'ဟာ ဖက်ရှင်ပြပွဲသွားမယ်ဆိုပြီး အလှဆုံး ပြင်ထားမယ်ဗျာ၊ နေ့လယ်(၁၂)နာရီ ထိုးတဲ့ အချိန်အထိ ကိုအောင်လှက ရောက်မလာသေးဘူး၊ 'မေ'က ဖက်ရှင်ပြပွဲကိုလည်း သိပ်ကြည့်ချင်နေတယ် ဆိုတော့ ကိုအောင်လှတွန်းကို အတော်ဒေါသဖြစ်နေပြီပေါ့ဗျာ၊ နေ့လယ်(၁၂)နာရီလည်းခွဲရော 'မေ'ဟာ သည်းမခံနိုင်တော့ဘူးဗျ၊ ဖက်ရှင်ပြပွဲကို မဖြစ်ဖြစ်အောင် သွားမယ်လို့ ဆုံးဖြတ်တာပေါ့၊ ဒီလိုနဲ့ 'မေ'ဟာ နှစ်အိမ်ကျော်မှာနေတဲ့ ကက်သရင်းကို ဖက်ရှင်ပွဲသွားဖို့ အဖော်စပ်မယ်ဗျာ၊ ကက်သရင်းကလည်း ရှူးကခပ်များများဆိုတော့ အမြန်ဆုံး အလှပြင်ရင်တောင် (၁၅)မိနစ်ခန့် ကြာမယ်ဗျ၊ ဒီအချိန်မှာ ၁၂ နာရီ ၄၅ မိနစ်ရှိနေပြီ၊ Taxi တစ်စီးကို အမြန်ငှားစီးပြီး ဂျူဗလီဟောသွားမယ်ဆိုရင် ၁ နာရီကျော်မှ ဖက်ရှင်ပြပွဲကို ရောက်သွားမယ်ဗျ၊ ဖက်ရှင်ပြပွဲက အိန္ဒိယက နာမည်ကြီးအဖွဲ့ဗျ၊ လူကြိုက်လည်း အင်မတန်များတယ်၊ ဒီနေ့က နောက်ဆုံးနေ့လည်း ဖြစ်တယ်ဆိုတော့ ဘယ်နည်းနဲ့မှ 'မေ'တို့ လက်မှတ်ရမှာ မဟုတ်ဘူး"

ဟု ဆိုလိုက်လေရာ ကျွန်ုပ်က ...

"ဒုက္ခပါပဲ ကိုမင်းအောင်ရယ်၊ ဒီလိုဆို ကျွန်တော့်မိန်းမကို ဘယ်မှာသွားရှာရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"*ကျွန်တော့် အထင်တော့ ယောက်လမ်းမှာရှိတဲ့ ခင်ဗျားခယ်မ* အိမ်ကို ရောက်နေမယ်ထင်တယ်၊ ခင်ဗျားခယ်မလည်း ကျောင်းဆရာမဆိုတော့ နေ့လယ်ပိုင်းဆို အိမ်ပြန်ရောက်နေပြီလေ၊ အခုလောက်ဆို သူတို့မိန်းကလေး(၃)ယောက်ဆုံပြီး စကားဖောင်ဖွဲ့နေရောပေါ့"

ဟု ကိုမင်းအောင်က ပြောလိုက်ရာ ကျွန်ုပ်က ...

"ဒါဆိုလည်း ကိုမင်းအောင်ရယ်၊ ကျွန်တော် ယောက်လမ်းကို လိုက်သွားမယ်ဗျာ"

ဟု ကမန်းကတန်း ဆိုလိုက်လေရာ ကိုမင်းအောင်က ပြုံး၍ ...

"ခဏနေပါဦးဗျာ၊ လိုက်သွားရတာပေါ့၊ ဒီအတိုင်း လိုက်သွားဖို့တော့ မကောင်းပါဘူး၊ ဒါလေးတွေလည်း ယူသွားပါဦး"

ဟု ဆိုကာ ၎င်း၏စက္ကူအိတ်ကြီးထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်ရာ ကျွန်ုပ်၏မိန်းမ 'မေ' လွန်စွာကြိုက်နှစ်သက်တတ်သော မလိုင်လုံး၊ မလိုင်ခဲ အစရှိသည့် ကုလားအချိုမုန့်ကလေးများကို တွေ့ရလေ၏။ ကျွန်ုပ်သည် ကိုမင်းအောင်၏ အလိုက်သိတတ်ပုံကို လွန်စွာကျေးဇူးတင်သွားပြီး ...

"ဟုတ်ပါရဲ့ဗျာ၊ ကျွန်တော့်မိန်းမက ကုလားမုန့်ကလေးတွေ သိပ်ကြိုက်တာဗျ၊ ကိုမင်းအောင်က 'မေ'အကြိုက်ကိုတောင် သိနေသားပဲ၊ ကျေးဇူးပါပဲ ကိုမင်းအောင်ရယ်"





ဟု ဆိုကာ ကားကို စက်နှိုးရန် ပြင်ဆင်လေ၏။ ထိုအခါ ကိုမင်းအောင်က ...

"နေပါဦးဗျာ၊ ဒါလေးတွေလည်း ယူသွားပါဦး"

ဟုဆိုကာ စက္ကူအိတ်ကြီးထဲမှ အထုပ်ကလေးများကို ထုတ်၍ ...

"ဒါက ခေါက်ဆွဲသုပ်၊ ဒါက နန်းကြီးသုပ်၊ ဒါက ရှောက်သီးသုပ်၊ သူတို့မိန်းကလေးတွေ စုပြီးစကားပြောနေတာ နေ့လယ်(၁)နာရီခန့်ကဆိုတော့ ဒီအချိန်လောက်ဆိုရင် ဗိုက်ထဲမှာ အတော်ဆာလောင်နေပြီဗျ၊ ခေါက်ဆွဲသုပ်၊ နန်းကြီးသုပ်ဆိုတာက မိန်းကလေးတွေ အလွန်ကြိုက်တဲ့ အစားအစာမျိုး၊ မိန်းမဆိုတာ ကိုယ့်လင်သားက ကိုယ့်ကို ဂရုစိုက်တယ်ဆိုရင် သိပ်သဘောကျတာ၊ ကိုအောင်လှက သူ့အတွက်သာ မကဘူး၊ သူငယ်ချင်းတွေ အတွက်ပါ အလိုက်တသိနဲ့ ဝယ်လာတာ ဆိုတာ သူငယ်ချင်းနဲ့ ညီမအရှေ့မှာ ဂုဏ်ယူချင်မှာပေါ့ဗျာ၊ ကိုအောင်လှကို စိတ်ကောက်နေတာဟာ ဒီတစ်ချက်တည်းနဲ့ ပြေတန်ကောင်းပါရဲ့"

ဟု ဆိုလိုက်လေရာ ကျွန်ုပ်မှာ ကိုမင်းအောင်ကို ပါးစပ် …င်းသားနှင့် ကြည့်လိုက်မိလေ၏။ မိန်းမတို့နှင့် အကျွမ်းဝင် …င့်လှေ့မရှိသော လူပျိုကြီးမှာ ကျွန်ုပ်တို့ထက်ပင် မိန်းမတို့၏ …ကို နှောကျေနေအောင် သိနှင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုအောင်လှ ... မုသားမပါ လက်ာမချော်တဲ့ဗျ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ၊ ကိုယ်မှာထားတဲ့ စကားကို မေ့တယ်ဆိုရင် ဘယ်နှစ်သက်ပါ့မလဲ၊ မေ့တယ်ဆိုတာ တစ်နည်းအားဖြင့် ဂရုမစိုက်တာပဲပေါ့၊ ဒီတော့ ကိုအောင်လှက အိမ်ကိုအမီပြန်လာဖို့ ကြိုးစားပေမဲ့ လမ်းမှာကားဘီးပေါက်သွားလို့ အမီပြန်မရောက်တဲ့အကြောင်း မုသားပြောလိုက်ပေါ့ဗျာ၊ ချစ်သူချင်း မုသားပြောတာ အပြစ်မဖြစ်နိုင်ပါဘူး မကောင်းတဲ့ ရည်ရွယ်ချက်နဲ့ ပြောတာမှ မဟုတ်တာပဲဗျာ ချစ်သူကျေနပ်ဖို့အတွက်ပဲ"

ကိုမင်းအောင်က ဆက်လက်၍ ...

"ဂျူဗလီဟော ဖက်ရှင်ပြပွဲမှာလည်း သွားစောင့်နေတယ်ပေါ့ဗျာ၊ လူကုန်တဲ့အထိ စောင့်ကြည့်ပြီး မတွေ့တော့မှ ယောက်လမ်းကို လိုက်လာတယ်ပေါ့၊ ယောက်လမ်းကို ရောက်တဲ့အခါ အိမ်ပေါ်တက်ကာနီး ကိုအောင်လှရဲ့လက်ကို စက်ဆီပေနေတဲ့ အဝတ်နဲ့ နည်းနည်းသုတ်ချင်ရင် သုတ်လိုက်ဦး၊ တစ်ကိုယ်လုံး စက်ဆီတွေ ပေကျံပြီး ကိုယ့်မိန်းမကို တစ်နေကုန်လိုက်ရှာနေတဲ့ ယောကျ်ားကို ဘယ်မိန်းမမှ စိတ်မကောက်ရက်တော့ပါဘူးဗျာ"

ဟု ဆိုလိုက်လေရာ ကျွန်ုပ်က ဝမ်းသာအားရဖြင့် –

"ကောင်းလိုက်တဲ့ အကြံဉာဏ်ပဲဗျာ၊ ကိုမင်းအောင်ကို ကျေးဇူးတင်လိုက်တာ၊ ဒီအတိုင်းဆိုရင် 'မေ' ကျွန်တော့်ကို စိတ်ကောက်တော့မှာ မဟုတ်ဘူးဗျ"





ဟု ဆိုကာ ကိုမင်းအောင်ကို နှုတ်ဆက်ပြီး ကားကို အမြန်မောင်းထွက်ခဲ့လေတော့၏။ ကျွန်ုပ်၏အိမ်သို့ ရောက်ရှိသောအခါတွင် ကိုမင်းအောင် ပြောသည့်အတိုင်း အိမ်တံခါးကို သော့ခတ်ထားသည်ကို တွေ့ရ၏။ ကျွန်ုပ်၏အိမ်အနီးရှိ ကက်သရင်းအိမ်သို့ သွားရောက်မေးမြန်းရာ ကက်သရင်း၏ မိခင်ကြီးက ...

"မင်းမိန်းမ 'မေ' နဲ့ ဖက်ရှင်ပြပွဲသွားတယ်"

ဟု ပြောလေရာ ကိုမင်းအောင် တွေးရင် ပြေးကြည့်သလောက်တောင် မှန်တယ်ဟု ကျွန်ုပ် တွေးမိလေ၏။

ကျွန်ုပ်လည်း ယောက်လမ်းရှိ ကျွန်ုပ်၏ခယ်မနေအိမ်သို့ ကားကို မောင်းခဲ့ပြန်၏။ ယောက်လမ်းသို့ ရောက်သောအခါ စက်ဆီပေနေသော အဝတ်စုတ်ဖြင့် ကျွန်ုပ်၏လက်များကို သုတ်လေ၏၊ ထိုအခါ ကျွန်ုပ်၏ လက်များသည် စက်ဆီများနှင့် ပေကျံသွားလေတော့၏။

အိမ်သို့ရောက်သောအခါ ညေ့ခန်းထဲတွင် စကားဖောင်ဖွဲ့နေသော ကျွန်ုပ်၏ဇနီးချောမေ၊ ကက်သရင်းနှင့် ခယ်မကို တွေ့ရလေ၏။ ကျွန်ုပ်၏ဇနီးချောမှာ မထင်မှတ်ဘဲ ကျွန်ုပ်ကို မြင်လိုက်ရ၍ အံ့ဩသွားပြီး ...

"ဟယ် ... ကိုကို လိုက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်ုပ်သည် ကိုမင်းအောင် သင်ကြားပေးသည့်အတိုင်း ...

"လိုက်လာရတာပေါ့ 'မေ'ရယ်၊ 'မေ'မှာထားတဲ့ အတိုင်း အမီပြန်လာပေမဲ့ လမ်းမှာ ကားဘီးပေါက်သွားတယ်ကွာ၊ စပါယ်ယာဘီးကလည်း အပိုမပါတော့ ဒုက္ခရောက်လိုက်တာကွာ၊ လူတစ်ကိုယ်လုံး ညစ်ပတ်ပေကျံနေတာသာ ကြည့်တော့"

ဟု ဆိုကာ ကျွန်ုပ်၏ လက်များကို မြှောက်ပြလိုက်လေ၏။ ကျွန်ုပ်က ဆက်လက်၍ ...

"ကားပြင်ပြီးလို့ အိမ်ရောက်တော့လည်း အိမ်မှာသော့ကြီးခတ်ထားတယ်၊ ကက်သရင်းတို့အိမ် သွားမေးကြည့်တော့ ဖက်ရှင်ပြပွဲ သွားတယ်ဆိုတာ သိလိုက်ရတယ်၊ ဒီလိုနဲ့ ဂျူဗလီဟောမှာ သွားကြိုတော့လည်း လူသာကုန်သွားတယ် 'မေ့'ကို မတွေ့ရဘူး၊ ဒါနဲ့ပဲ ယောက်လမ်းမှာတွေ့လို့ တွေ့ငြင်း လိုက်လာတာပါ၊ 'မေ'ကတော့ ကိုကို့ကို စိတ်ဆိုးနေမှာပဲနော်"

ဟု ခပ်ချွဲချွဲ ဆိုလိုက်လေရာ ကျွန်ုပ်၏ဇနီးချောကလေး၏ ဟန်ချီထားသော မျက်နှာကလေးသည် အနည်းငယ်ပျော့ပျောင်းသွားလေ၏။ ထိုအခါ ကျွန်ုပ်သည် စက္ကူအိတ်ကြီးထဲတွင် မလိုင်လုံး မလိုင်ခဲ စသာ ကုလားမုန့်ကလေးများကို ထုတ်ယူ၍ ...

"ရော့ ... 'မေ့'အတွက်"





ဟု ဆိုကာ စားပွဲခုံပေါ်သို့ တင်ပေးလိုက်လေရာ ...

"ဟယ် ... မလိုင်လုံးတွေတော့"

ဟု ဆိုကာ ကျွန်ုပ်၏ဇနီးချောမှ မုန့်များကို ဝမ်းသာအားရ ကောက်ယူလေ၏။ ကျွန်ုပ်၏ဝယ်မကလည်း ...

"ဟယ် ... ကိုအောင်လှကြီး အလိုက်သိတယ်၊ ကျွန်မတို့အတွက်တော့ ဘာမှမပါဘူးလား"

ဟု အော်ဟစ်လိုက်လေရာ ကျွန်ုပ်မှာ စက္ကူအိတ်အတွင်းမှ ခေါက်ဆွဲသုပ်၊ ကြာဇံသုပ်၊ ရှောက်သီးသုပ် အစရှိသည်များကို ထုတ်ယူ၍ ...

"ခင်ဗျားတို့ ဆာနေမယ်ဆိုတာ သိလို့ ကျွန်တော် အလိုက်သိသိနဲ့ ဝယ်လာခဲ့ပါတယ်ဗျာ၊ ဟောဒီမှာ ခေါက်ဆွဲသုပ်၊ ဟောဒီမှာ ကြာဇံသုပ်၊ ဟောဒီမှာ ရှောက်သီးသုပ်၊ နန်းကြီးသုပ်"

အမျိုးသမီးနှစ်ယောက်မှာ ဝမ်းသာအားရ စားသောက်ကြလေ၏။ ကျွန်ုပ်၏ဇနီးချော 'မေ'မှာ စိတ်ပြေသွားဟန်တူပြီး ...

"ဟယ် ... ကိုကို့တစ်ကိုယ်လုံး စက်ဆီတွေ ပေကျံနေတာပဲ၊ ကိုကိုတော့ အရမ်းပင်ပန်းမှာပဲနော်၊ ဒုက္ခရှာလို့ ကိုကိုရယ်၊ ဘာလို့ လာကြိုရသလဲ၊ မေတို့က Taxi နဲ့ ပြန်ခဲ့မှာပေါ့"

ဟု ဆိုလိုက်လေရာ၊ ကျွန်ုပ်က ...

"'မေ' စိတ်ဆိုးမှာ စိုးလို့ပေါ့ဗျ၊ 'မေ'စိတ်ဆိုးရင် ကိုကို မနေတတ်ဘူးဆိုတာ 'မေ'သိရဲ့သားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ယောက်ျားဖျင်း ယောက်ျားညံ့တို့၏ ထုံးစံအတိုင်း သိက္ခာမဲ့စွာ ပြောလိုက်လေရာ အမျိုးသမီးနှစ်ဦးမှာ ကျွန်ုပ်၏စကားကို လက်ခုပ်တစ်ဖြောင်းဖြောင်းတီး၍ ထောက်ခံကြလေ၏။ 'မေ'၏ မျက်နှာကလေးသည် တိမ်စင်လနှယ် ဝင်းကြည်လင်၍ သွားလေ၏။ ကျွန်ုပ်မှာကား ကိုမင်းအောင်ကိုပင် ကျိတ်၍ ကျေးဇူးတင်နေထေတော့၏။

၁၆





## လူသတ်မှု ဖြစ်ပြီ

တစ်နေ့သ၌ သဃ်န်းကျွန်းဘူတာရုံ အနီးရှိ ကျွန်းအိမ်ဆည်း တစ်အိမ်တွင် လူသတ်မှု ဖြစ်ပွားသည်ဆို၍ ကျွန်ုပ်တို့စုံထောက်ဆောက်များသည် ထုံးစံအတိုင်း စုံထောက်မင်းကြီး၏ အဆူအကြိမ်းကို စဉ်ပြီးနောက် စုံထောက်ရန်အတွက် အင်းစိန်စီအိုင်ဒီရှိ ကားများပေါ်သို့ အလုအယက် တက်ကြလေ၏။

စုံထောက်ကိုစိန်မြင့်တို့၏ ကားမှာ လွယ်လွယ်ကူကူရေ စက်မနိုးသောကြောင့် တွန်း၍နှိုးရလေ၏။ ကျွန်ုပ်နှင့် ဦးပေါဦးဆီမှ ကားကို ဒေါက်ခနဲ စက်နှိုးလိုက်ပြီး ကိုစိန်မြင့်တို့ ကားနံဘေးအဖွဲ့ ကပ်မောင်းရင်း ...

"တွန်းထား ကိုစိန်မြင့်ရေ၊ ဒီပုံစံအတိုင်းဆိုရင် ဒီနှစ် မောင်ပြိုင်ပွဲကို ခင်ဗျားတို့ပဲ ဗိုလ်စွဲမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မစံချင်အောင် နောက်ပြောင်လိုက်လေ၏။ ကိုမင်းမြင့်တို့ လူစုမှာ ကြိတ်မနိုင်ခဲမရ ဖြစ်ကာ ကျန်ခဲ့လေ၏။ လမ်းသို့ ရောက်သောအခါ ကျွန်ုပ်က ...

"ကိုမင်းအောင်ကို ဝင်ခေါ်ရအောင်ဗျာ၊ သူ မပါရင် ကျွန်တော်တို့နှစ်ယောက် ဘာမှလုပ်တတ်မှာ မဟုတ်ဘူး"

ဟု ဆိုလိုက်လေရာ ဦးပေါ်ဦးက တဟားဟားရယ်၍ ...

"ခင်ဗျားနဲ့ ကျွန်တော် စိတ်ကူးခြင်း တယ်တိုက်ဆိုင်တာလား၊ ကျွန်တော်လည်း ဒါကိုပဲ ပြောမလို့ဗျ"

ဟု ဆိုကာ ကားကို ကျောက်မြောင်းဘက်သို့ ဦးတည်မောင်းနှင်လေတော့၏။

ကျွန်ုပ်တို့ ရောက်ရှိသွားသောအခါ ကိုမင်းအောင်သည် ကော့တလန် စုံထောက်အဖွဲ့ကြီးမှ ရေးသားထုတ်ဝေသော မှုသာ ပြောသည့် လက်ဗွေများ (The Finger Print that Lied) စာအုပ်ထူကြီးကို စိတ်ဝင်တစား ဖတ်ရှုနေသည်ကို တွေ့ရ၏။ ကိုမင်းအောင်သည် ကျွန်ုပ်တို့နှစ်ယောက်ကို မြင်သောအခါ ...

"ဘယ်မှာ လူသတ်မှု ဖြစ်ပြန်ပြီလဲဗျ"

ဟု မေးမြန်းလေရာ၊ ကျွန်ုပ်က ...

"သဃ်န်းကျွန်းဘူတာရုံနားက ကျွန်းအိမ်မည်းကြီးမှာတဲ့ဗျ နှစ်လောင်းပြိုင် လူသတ်မှုလို့ ပြောတာပဲ"





ဟု မျက်နှာကို ရှုံ့မဲ့၍ ပြောလိုက်လေ၏။ ကိုမင်းအောင်မှာမူ မျက်လုံးများ ဝင်းလက်သွားပြီး ...

"အမှုမလိုက်ရလို့ ပျင်းနေတာနဲ့ အတော်ပဲဗျာ"

ဟု ဆိုကာ ကျွန်ုပ်တို့နှင့်အတူ ထလိုက်ခဲ့လေတော့၏။ ကိုမင်းအောင်သည် ကားနောက်ခန်းတွင်ထိုင်ရင်း သူ၏ စာအုပ်ထူကြီးကို စိတ်ဝင်တစား ဖတ်ရှု၍ လိုက်ပါလာလေ၏။ ကျွန်ုပ်နှင့် ဦးပေါ်ဦးမှာမူ လမ်းတွင်တွေ့ရသော မိန်းမပျိုလေးများကို ကားဟွန်းတီး၍ နောက်ပြောင်ခြင်း၊ လက်ပြခြင်း စသော မဖွယ်မရာသော အမှုများကို ပြုလုပ်၍ လိုက်ပါလာလေ၏။

သဃ်န်းကျွန်းဘူတာ အနီးသို့ ရောက်သောအခါ လွန်စွာရှေးဆန်သော ကျွန်းအိမ်မည်းကြီးတစ်လုံးကို မြင်ရပြီး ပုလိပ်သားအချို့ကိုလည်း မြင်လိုက်၍ လူသတ်မှုဖြစ်ရာအိမ်ကြီးဟု သိလိုက်ရလေ၏။ ငယ်ရွယ်သော ပုလိပ်သားသုံးလေးယောက်မှာ ကား၏နောက်ခန်းမှ ဆင်းလာသော ဆားပုလင်းမင်းအောင်ကို အားကျဟန်ဖြင့် ကြည့်၍နေလေ၏။

ဆားပုလင်းမင်းအောင်သည် ခြံဝင်းထဲသို့ လှည့်လည်ကြည့်ရှုရင်း ကျွန်ုပ်အား မြင်ခင်းတစ်နေရာကို ညွှန်ပြ၍ ...

"ဒီနေရာ မှာ တိုက်ပွဲတစ်ခု အကြီးအကျယ် ဖြစ်ခဲ့တယ်"

ဟု ဆိုကာ ခြံစည်းရိုးအစပ်သို့ တိုးကပ်၍ ကြည့်၏။ ထို့နောက် တရုတ်စကားပင်ကို လှမ်းခို၍ ဆွဲလိုက်ပြီး သစ်ပင်မှ တစ်ဆင့် ရေစည်ကြီးပေါ်သို့ ခုန်တက်၏။ ပြီးမှ ပြန်ဆင်းလာ၏။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်စကားပင်အောက်တွင် အမဲလိုက်ခွေးကြီး နှစ်ကောင်မှာလည်း သေဆုံးနေ၏။ ကိုမင်းအောင်က ...

"လူသတ်သမားဟာ အမဲလိုက်ခွေးနှစ်ကောင်ကို တိုက်ခိုက်ပြီးတာနဲ့၊ ယောဒီက သေသူကို ဆက်ပြီးတိုက်ခိုက်တာဗျ၊ အင်မတန် သန်မာဖျတ်လတ်တဲ့လူဗျ"

ဟု ပြောလေ၏။

သေသူတစ်ဦးမှာ မြက်ခင်းအစပ်တွင် ပက်လက်လဲကျနေပြီး ရင်ဝတွင် ဒဏ်ရာနှစ်ချက်ကို တွေ့ရ၏။ ဆားပုလင်းမင်းအောင်သည် သေသူကို တစ်ခဏမျှ စစ်ဆေးပြီးလျှင် ကျွန်ုပ်တို့အားခေါ်ယူ၍ ခြံနောက်ဘက်ရှိ အင်္ဂရိတ်ထိုးရာ တဲအိမ်ကလေးသို့ ကြည့်ရှုလေ၏။

ပြီးသောအခါ အိမ်ကြီးထဲသို့ ဝင်ခဲ့ကြ၏။ အိမ်ထဲတွင် လွန်စွာအလုပ်ရှုပ်နေဟန်တူသော စုံထောက်ကိုစိန်မြင့်တို့ အုပ်စုကို တွေ့ရလေ၏။ စုံထောက်ကိုတင်လှသည် စာအုပ်ကြီးတစ်အုပ်ကို ဖွင့်၍ သူ၏ မှတ်စုစာအုပ်ထဲသို့ ကူးထည့်နေလေရာ ဦးပေါ်ဦးက ...

"ကိုတင်လှ ...သေသူရဲ့ ကြွေးစာရင်းတွေကို ကူးပြီး ခင်ဗျား ကူညီဆပ်ပေးမလို့လား"

ဟု နောက်ပြောင်လိုက်ရာ ကိုတင်လှက ...

"ကြွေးစာရင်း မဟုတ်ဘူးဗျ၊ အင်မတန် အရေးပါတဲ့ သဲလွန်စတွေ"





ဟု မျက်နှာကြီး ရှုံ့မဲ့၍ ပြောလေရာ ဦးပေါ်ဦးက "ဒါဆိုလည်း ကူးစေဗျာ၊ ကူးစေ"ဟု ဆိုလိုက်ပြီး ပန်းချီကားတစ်ချပ်ကို မှန်ဘီလူးကြီးဖြင့် စိတ်ဝင်တစား ကြည့်နေသော ကိုစိန်မြင့်အား ...

"ဘာတွေများ ကြည့်နေလဲ ကိုစိန်မြင့်ရဲ့၊ သဲလွန်စလေး ဘာလေး ရရင် ကျုပ်တို့လည်း ပြပါဦး၊ မဟုတ်က ဟုတ်ကတော့ မပြနဲ့နော်၊ အမှန်အကန်ကို ကြည့်ချင်တယ်"

ဟု ဆိုလိုက်ပြန်ရာ ကိုစိန်မြင့် မျက်နှာကြီး ရှုံ့မဲ့သွားလေ၏။

အထက်ပါအတိုင်း စုံထောက်ကြီး ဦးပေါ်ဦးမှာ ကိုစိန်မြင့်နှင့် ကိုတင်လှတို့အား မခံချင်အောင် နောက်ပြောင်နေခိုက်တွင် ကျွန်ုပ်မှာ အိမ်ကြီးကို အကဲခတ်လေ၏။ အိမ်ကြီး၏ ဧည့်ခန်းဆောင်အတွင်း လွန်စွာရှေးကျသော ရုပ်တုများ၊ ကောက်ကြောင်းပန်းချီကားများ၊ ရှားပါးသော လက်နက်များဖြင့် အလှဆင် မွမ်းမံထားသည်ကို မြင်ရ၏။ လွန်စွာကြီးမားသော စာအုပ်စင်ကြီးများနှင့် များပြားလှသော စာအုပ်စာတမ်းများကိုလည်း တွေ့ရ၏။

ပေါလစ်ရောင် တဖိတ်ဖိတ်လက်နေသော လှေကားကြီးမှ အိမ်ပေါ်ထပ်သို့ တက်သွားသောအခါ အိမ်အပေါ်ထပ်တစ်ခုလုံး ရှုပ်ပွပြန့်ကျဲနေသည်ကို မြင်ရ၏။ လွန်စွာကြီးမားလှသော ရှေးဟောင်းကုလားထိုင်ကြီးတွင် လုံတိုတစ်ချောင်း၊ စာအုပ်စင်ပေါ်တွင် လုံတိုတစ်ချောင်း အသီးသီး စိုက်ဝင်နေပုံကိုကြည့်၍ တိုက်ပွဲပြင်းထန်ပုံကို ခန့်မှန်းမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သေသူမှာ အသက်လေးဆယ့်ခန့်အရွယ် ရှိ၏။ နောက်ကျောဘက်တွင် ဒဏ်ရာနှစ်ချက် တွေ့ရပြီး ဝမ်းလျားမှောက်၍ သေဆုံးနေခြင်းပင် ဖြစ်၏။ ဆားပုလင်းမင်းအောင်သည် နံရံပေါ်တွင် သွေးဖြင့်ရေးထားသော ...

## သူရိယစန္ဒာ

ဟူသော စာကြောင်းကို စိတ်ဝင်တစား ကြည့်ရှု၍ နေလေ၏။ ပြီးမှ ကျွန်ုပ်တို့ဘက်သို့လှည့်၍ ...

"အိမ်အပေါ်ထပ်မှာ သေတဲ့သူက 'ဦးဗျဂ္ဃ'တဲ့၊ ပါဠိ လိုဆိုရင် 'ကျား'ပေါ့ဗျာ၊ သူက ညီအငယ်၊ ခြံဝင်းထဲမှာ သေဆုံးတဲ့ သူက 'ဦးသီလ'တဲ့၊ သူက အစ်ကိုကြီးပေါ့၊ နံရံပေါ်မှာရေး သွားတဲ့ **'သူရိယစန္ဒာ'** ဆိုတဲ့ အဓိပ္ပာယ်ကတော့ နေနဲ့လပေါ့၊ ဒီညီအစ်ကိုနှစ်ယောက်ဟာ ဒီအိမ်ကြီးမှာ နှစ်ယောက်တည်း နေတယ်၊ သူတို့အလောင်းကို စတွေ့တဲ့သူက သတင်းစာပို့တဲ့ ကုလားလေးဗျ၊ ဒီအမှုဟာ အင်မတန် နက်နဲမယ်လို့ မှန်းဆ ရတယ်၊ လူသတ်သမားဟာ အရပ်ငါးပေဆယ်လက်မလောက် ရှိပြီး၊ အင်မတန် ထူးချွန်ထက်မြက်တဲ့ တိုက်ခိုက်ရေး ပညာရှင် ဗျ၊ သေသူနှစ်ယောက်လုံးဟာလည်း ခေတဲ့သူတွေ မဟုတ်ဘူး၊ သူတို့နှစ်ယောက်ဟာ လူသတ်သမားကို အတော်လေး ခုခံ နိုင်ခဲ့တယ်၊ ကျွန်တော့်အထင် ပြောရရင်တော့ အလွန်အင်မတန်





ရှေးကျတဲ့ လျှို့ဝှက်ဂိုဏ်းကြီး တစ်ဂိုဏ်းရဲ့ ကလဲ့စားချေတဲ့ အမှုကြီးပဲဗျ၊ ဒီအချိန်မှာ ဒီလောက်ပဲ ပြောနိုင်သေးတယ်"

ဟု ပြောဆိုလေရာ ကျွန်ုပ်နှင့် ဦးပေါ်ဦး၏ စိတ်ထဲတွင် အမှုကြီး၏ ရှုပ်ထွေးနက်နဲပုံကို တွေး၍ လေးလံသွားလေ၏။

ထိုအခါ ကျွန်ုပ်က ...

"အမှုက အတော်ရှုပ်ထွေးမဲ့ပုံပဲနော် ကိုမင်းအောင်"

ဟု ပြောလိုက်လေရာ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"အစစ်ပေါ့ဗျာ၊ ဒီအချိန်ထိ သဲလွန်စကောက်လို့ မရသေးဘူး၊ အမှုအသွားအလာကို ကြည့်ပြီးပြောရရင် လူသတ်သမားဟာ ညနေပိုင်းမှာ ခြံထဲကိုဝင်ပြီး အစ်ကိုဖြစ်သူ 'ဦးသီဟ'နဲ့တိုက် ခိုက်တယ်၊ ဒီအချိန်မှာ 'ဦးဗျဂ္ဃ'က မရှိဘူးဗျ၊ ရှိရင်သူလည်း ဝင်တိုက်မှာပဲ၊ 'ဦးသီဟ' သေဆုံးပြီးမှ 'ဦးဗျဂ္ဃ'က ပြန်လာ တာ၊ ဒီအခါမှာ လူသတ်သမားနဲ့ ဆက်ပြီး တိုက်တာပေါ့ ဗျာ၊ 'ဦးဗျဂ္ဃ'ကို မသေမီက ကျွန်တော် မြင်ဖူးတယ်ဗျ၊ သူ ဟာ ကျောက်မြောင်း သီတာလမ်းထဲက 'တင်မမ' ဆိုတဲ့ အမျိုးသမီးဆီကို ခဏခဏလာတာ တွေ့ဖူးတယ်"

ဟု ဆိုလိုက်လေရာ ဆားပုလင်းမင်းအောင်၏ စကား ကို မယောင်မလည်ကပ်၍ နားထောင်နေသော စုံထောက်ကိုစိန်မြင့် သည် ကမန်းကတန်း အောက်သို့ ဆင်းပြေးသွားလေ၏။ ဦးပေါ်ဦး မှာ ကိုစိန်မြင့်ကို ကြည့်၍ တဟားဟားရယ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းအောင်ရေ ... ဒီလူတော့ ကျောက်မြောင်း သီတာလမ်းက တင်မမ ဆိုတဲ့ မိန်းမကို သွားဖမ်းနေပြီဗျ၊ ကိုစိန်လှတို့ကတော့ အရှက်ကင်းတဲ့ နေရာမှာ နှစ်ယောက်မရှိဘူး။ ကိုမင်းအောင် ပြောစကားကို ခိုးပြီးနားထောင်၊ ပြီးတော့ မင်းကြီးလာရင် သူကိုယ်တိုင် စုံထောက်ထားသလို ပြောမှာဗျ"

ဟု ဆိုလိုက်ရာ၊ ကိုမင်းအောင်က ...

"တင်မမကို သွားစစ်ဆေးရင်လည်း ထူးမယ် မထင်ဘူးဗျ၊ သေသူ 'ဦးဗျူဟ'နဲ့ တင်မမက ပျော်ပါးရုံ သက်သက်ပဲလို့ ထင်တယ်၊ တင်မမဟာ 'ဦးဗျူဟ'တင် မကဘူး၊ ရာဇဝတ်အုပ်တစ်ယောက်နဲ့လည်း ဘာလိုလိုဗျ၊ ဒါကြောင့် အချိန်ကုန်ခံပြီး စစ်ဆေးမနေတော့ပါဘူးဗျာ၊ ကဲ ... ပြန်ကြရအောင်ဗျာ"

ထို့နောက် ကိုမင်းအောင်သည် အလောင်းများကို ကြည့်ရှုစစ်ဆေးပြီးသဖြင့် ဆေးရုံပို့ရန် စေခိုင်းလိုက်လေတော့၏။ ကျွန်ုပ်တို့ အပြန်လမ်းတွင် ကိုမင်းအောင်သည် တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးတော၍ လိုက်ပါလာလေ၏။ ဦးပေါ်ဦးမှာမူ သူ၏ ထုံးစံအတိုင်း ရယ်မောစရာများကို ပြောဆို၍ လိုက်ပါလာလေ၏။ ကျွန်ုပ်က ကားကို ဂရုစိုက်၍ မောင်းနှင်နေရသဖြင့် ဦးပေါ်ဦး၏ စကားကို နားထောင်၍သာ နေရလေ၏။

၁၆





သယ်န်းကျွန်းဘူတာရုံ အနီးရှိ ကျွန်းအိမ်မည်းကြီး၌ နှစ်လောင်းပြိုင် လူသတ်မှုနှင့် ပတ်သက်၍ သူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း စသော သတင်းစာကြီးများက ဖွံ့ဖွံ့နွှဲ့နွှဲ့ ရေးသားကြ၏။ အင်းစိန်စီအိုင်ဒီမှ စုံထောက်ကျော်ကြီးများနှင့် ဆာပုလင်းမင်းအောင်ဟု ခေါ်သော နိုင်ငံသိ စုံထောက်တစ်ဦးက အမှုကို ထောက်လှမ်းနေကြောင်းလည်း ဖော်ပြထား၏။

ဆာပုလင်းမင်းအောင်သည် ၎င်း၏မိတ်ဆွေဖြစ်သူ ကျောက်စာဝန်ဦးပုကြွယ်၏ အိမ်တွင်သာ အချိန်ကုန်နေပြီးလျှင် သယ်န်းကျွန်း လူသတ်မှုနှင့် ပတ်သက်၍ သဲကြီးမဲကြီး စုံစမ်းထောက်လှမ်းနေကြောင်း သိရလေ၏။ ကိုမင်းအောင်သည် အလုပ်များနှင့် လုံးထွေးနေသော်လည်း ကျွန်ုပ်နှင့်ဦးပေါ်ဦးမှာ ဟိုတယ်များ၊ ညကလပ်များတွင်သာ အချိန်ဖြုန်း၍ နေလေတော့၏။

တစ်နေ့သော ညနေခင်းတွင် ကျွန်ုပ်နှင့် ဦးပေါ်ဦးသည် အမှုအခြေအနေကို မေးမြန်းနိုင်ရန် ကိုမင်းအောင် နေထိုင်ရာ အမှတ်(၇)၊ အာသောကလမ်း၊ ကျောက်မြောင်း နေအိမ်သို့ သွက်ခဲ့၏။ ကိုမင်းအောင်သည် ကျွန်ုပ်တို့နှစ်ဦးကို မြင်သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



"လာဗျို့ ... အိုင်ပီတို့ အမှုအခြေအနေကို သိချင်လို့နဲ့တူတယ်၊ ဘာမှ မထူးသေးဘူးဗျို့၊ ဒီအမှုမှာ အလွန်အင်မတန်ရှေးကျပြီး၊ အလွန်အင်မတန် လျှို့ဝှက်တဲ့ လောကီပညာကျမ်းကြီး တစ်ဂိုဏ်းနဲ့၊ ဂိုဏ်းချုပ်အထိမ်းအမှတ် အမှတ်အသားတစ်ခု၊ ရန်ကြွေးဆပ်မှုဆိုတဲ့ ကွင်းဆက်ကလေးတွေ တွေ့ရတယ်၊ ဒါပေမဲ့ အလွန်အရေးကြီးတဲ့ ကွင်းဆက်တစ်ခု ပျောက်နေတယ်ဗျ၊ ဒါကြောင့် ကြန့်ကြာနေရတာပါဗျာ"

ဟု ပြောလေ၏။ ထိုအခါ ဦးပေါ်ဦးက ခေါင်းကိုကုတ်၍ ...

"ကိုမင်းအောင် အခက်တွေ့နေရင်တော့ ဒုက္ခပဲဗျ၊ သတင်းစာတွေကလည်း ရေးလှပြီဗျာ"

ဟု ပြောလေ၏။ ကိုမင်းအောင်သည် ဂျွန်ပလေယားမှတ်ဆိတ်အစီခံကို ဘူးဖြင့် တခေါက်ခေါက်ခေါက်ရင်း ...

"မပူနဲ့ ဦးပေါ်ဦးရယ်၊ နောက်ဆုံးတစ်နည်းတော့ ကျန်ပါသေးတယ်"

ဟု ကျွန်ုပ်တို့ နှစ်ယောက်အား နှစ်သိမ့်လိုက်လေ၏။ ကိုမင်းအောင်က ဆက်၍ ...

"လူသတ်သမားဟာ ဒီအိမ်မည်းကြီးကို မကြာခဏ လာအကဲခတ်တယ်ဗျ၊ ဒီတုန်းက သူဟာ မြင်းလှည်းသမားယောင်ဆောင်ထားတယ်၊ ဒီအနီးအနားတစ်ဝိုက်မှာ မသင်္ကာဖွယ် မြင်းလှည်းတစ်စီးကို တွေ့ရတယ်လို့ ပတ်ဝန်းကျင်က အစ





ခံတယ်၊ ဒါကြောင့် မြင်းလှည်းပိုင်ရှင်တွေကို ကျွန်တော်လိုက်စုံစမ်းကြည့်တော့ တာမွေက မြင်းလှည်းတစ်စီးကို လူစိမ်းတစ်ယောက်က ငှားမောင်းနေပြီး လူသတ်မှုဖြစ်တဲ့ နေ့မှာပဲ မြင်းလှည်းကို ပိုင်ရှင်လက် ပြန်အပ်သွားတယ်လို့ သိရတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်နှင့် ဦးပေါ်ဦးမှာ အမှုကို ...ခေါင်းစားလှ၍ တော်တန်ရုံမျှသာ မေးမြန်းပြီး ကိုမင်းအောင်အား ...ဆက်ကာ ညကလပ်တစ်ခုတွင် ဘီယာသောက်ရန် သွားလေ...၏။ လမ်းတွင် ဦးပေါ်ဦးက ...

"အမှုအကြောင်းကို ခေါင်းထဲထည့်မထားစမ်းပါနဲ့ဗျာ၊ အချိန်တန်ရင် ကိုမင်းအောင်က တရားခံကို ဖမ်းပေးမှာပါ"

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း ...

"မထားပါဘူးဗျာ၊ ကျွန်တော့် ခေါင်းထဲမှာ တွေးနေတာက အိမ်မှာ စိတ်ကောက်ကျန်ခဲ့တဲ့ 'မေ့'ကို ဘယ်လိုချော့ရမလဲ ဆိုတာကိုပါ"

ဟု ပြောလိုက်လေရာ ဦးပေါ်ဦးသည် တဟားဟား ...လေတော့၏။ အထက်ပါအတိုင်းပင်၊ ကျွန်ုပ်နှင့် ဦးပေါ်ဦး ... အမှုကို မယ်မယ်ရရ လိုက်သည်မရှိဘဲ နေ့စဉ် အပျော်အပါး ... အချိန်ကုန်နေလေ၏။ ကျွန်ုပ်တို့၏ ချစ်ဇနီးများသည် ...တို့ကို မှန်မှန်စိတ်ကောက်လေ၏။ ကျွန်ုပ်တို့ကလည်း မှန်မှန် ...လေ၏။ ကျွန်ုပ်တို့စုံထောက်မင်းကြီးသည် ကျွန်ုပ်တို့အား



www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ဆူလေ၏။ ကျွန်ုပ်တို့ကလည်း အမှုအခြေအနေ အလွန်တော် တက်လာပြီဖြစ်ကြောင်း မကြာမီ တရားခံကို ဖမ်းမိနိုင်တော့မည်ဖြစ် ကြောင်း မှန်မှန်မှသားပြောရလေ၏။

ကိုမင်းအောင် တစ်ယောက်သာ အမှုကြီးကို အားကြ မာန်တက် ထောက်လှမ်းနေရရှာ၏။





## ပီဒိုနီယန်းကမ္ဘာသို့

သဃ်န်းကျွန်းဘုတာရုံအနီးရှိ နှစ်လောင်းပြိုင် လူသတ်မှု တရားခံကို မဖော်ထုတ်နိုင်သောကြောင့် သတင်းစာများက ကျွန်ုပ်တို့ စုံထောက်ကျော်များအား အမျိုးမျိုး လှောင်ပြောင်ကြကုန်၏။

သူရိယသတင်းစာကြီးကဆိုလျှင် "အင်းစိန်စီအိုင်ဒီမှ စုံထောက်ကျော်ကြီးများ လက်မှိုင်ချရသောအမှု" ဟူ၍ စာလုံးမည်းကြီး ဖြင့် ခေါင်းစဉ်တတ်ကာ ရေးသားလေ၏။ မြန်မာ့အလင်းသတင်းစာ ကြီးကမူ ...

"အင်းစိန်စီအိုင်ဒီမှ စုံထောက်များ အိပ်ပျော်နေပြီလော"

ဟု ခနဲ့တဲ့တဲ့ ရေးသားလေရာ ကျွန်ုပ်တို့စုံထောက် ကျော်များမှာ ခေါင်းမဖော်ရဲအောင် ရှိလေ၏။ ရန်ကုန်ပုလိပ်မင်းကြီး နှင့် စုံထောက်မင်းကြီးမှာ အပြန်အလှန် ချဲလင်းခေါ်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ကိုမင်းအောင်က ဖုန်းဆက်၍ သူ့ကျောက်မြောင်းနေအိမ်သို့ ခေါ်သောကြောင့် ကျွန်ုပ်လည်း ဝမ်းသာအားရ ၎င်းအိမ်သို့ ထွက်ခဲ့လေ၏။ အိမ်သို့ရောက်သောအခါ ကိုမင်းအောင်က ...

"အင်းတကော်ဘက်ကို ခရီးထွက်ရအောင် အိုင်ဗီ၊ ဆီလုံလုံလောက်လောက် ပါရဲ့လားဗျ"

ဟု မေးမြန်းလေရာ အမှုနှင့် ပတ်သက်၍ ကေန်ထူးခြားမှုရှိပြီဟု တွက်ဆမိလေ၏။ ထို့ကြောင့်ပင် ကျွန်ုပ်က ...

"လုံလုံလောက်လောက် ရှိပါတယ်ဗျာ၊ ကိုမင်းအောင် သဲလွန်စရှာတွေ့ပြီလား"

ဟု ဝမ်းသာအားရ မေးလိုက်ရာ ဆားပုလင်းမင်းအောင်သည် သက်ပြင်းကိုချ၍ ...

"မရသေးပါဘူးဗျာ၊ ဒီခရီးကို ထွက်ပြီးရင်တော့ တရားခံကို ဖမ်းမိနိုင်မှာပါဗျာ၊ ဒီလမ်းကို အိုင်ဗီ့ကို ခေါ်ရတာ အိုင်ဗီဟာ တစ်ချိန်ချိန်မှာ ကျွန်တော့်အကြောင်းကို ဝတ္ထုရေးမဲ့လူဆိုတော့ ပြည့်ပြည့်စုံစုံ သိထားစေချင်လို့ပါ၊ ဒီခရီးနဲ့ပတ်သက်ပြီး နှုတ်လုံဖို့တော့ ကတိတောင်းချင်တယ်ဗျာ"

ဟု ကျွန်ုပ်၏ မျက်လုံးအစုံကို စူးစူးစိုက်စိုက်ကြည့်ကာ ပြောလေ၏။ ကျွန်ုပ်လည်း ကိုမင်းအောင်၏ စကားဆန်းကြောင့် အံ့သြသွားပြီး ...





"ကတိပေးပါတယ် ကိုမင်းအောင်ရယ်၊ ဒါထက် ကိုမင်းအောင်က ကျွန်တော့်ကို ဘယ်ခေါ်သွားမှာမို့လဲဗျ"

ဟု မေးမြန်းလိုက်လေရာ ဆားပုလင်းမင်းအောင်သည် အဝေးတစ်နေရာသို့ ငေးစိုက်ကြည့်ရင်း အောက်ပါအတိုင်း တိုးတိုးပြောလိုက်လေတော့၏။

"ပီအိုနီ ပန်းကလေးတွေဆီပေါ့ဗျာ"

"ဗျာ ... ပီအိုနီပန်းတွေဆီကို၊ ဟုတ်လား ကိုမင်းအောင်၊ ပီအိုနီဆိုတာ ဘာပန်းလဲ၊ ကျွန်တော် တစ်ခါမှ မကြားဖူးပါလား"

ဟု ကျွန်ုပ်က တအံ့တသြ မေးမိလေ၏။ ကိုမင်းအောင်သည် အဝတ်အစားများကိုလဲပြီး ...

"ကဲ ... အင်းတကော်ကိုသာ မောင်းပါဗျာ၊ ကျွန်တော် လမ်းမှာ ရှင်းပြပါမယ်"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ကားစက်နှိုးလိုက်ရလေ၏။ ကိုမင်းအောင်သည် ဗွျန်ပလေယား မှတ်ဆိတ်စီးရက်ကို မီးညှိလိုက်ရင်း ...

"ဒီအမှုဟာ အင်မတန်လျှို့ဝှက်နက်နဲတဲ့ လောကီပညာဂိုဏ်းတစ်ခုနဲ့ ပတ်သက်နေတယ်၊ လူသတ်မှုတရားခံဟာ နံရံပေါ်သေသူရဲ့သွေးနဲ့ **'သူရိယစန္ဒာ'** လို့ ရေးသားခဲ့တယ် မဟုတ်လား၊ ဒါဟာ ဒီဂိုဏ်းကြီးရဲ့အမည်ဗျ၊ **'သူရိယစန္ဒာ'** ဆိုတဲ့ လောကီပညာဂိုဏ်းကြီးဟာ (၇)ရာစုလောက်မှာ စတင်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခဲ့တယ်လို့ ခန့်မှန်းရတယ်ဗျ၊ ဒီအချိန်တုန်းက မြန်
ပြည်မှာ ဗုဒ္ဓဘာသာတောင် မထွန်းကားသေးဘူးဗျ၊ ဒီဂိုဏ်း
ကြီးဟာ လျှို့ဝှက်တယ် ဆိုပေမဲ့ လောကီပညာသက်သ
ကိုသာ လိုက်စားတဲ့ ဂိုဏ်းကြီးဗျ၊ ဒါကြောင့်လည်း ဒီလော
နှစ်ပေါင်းကြာကြာ တည်တံ့ခဲ့တာပဲ၊ ဒါပေမဲ့ (၁၈၂၄
ပတ်ဝန်းကျင်လောက်မှာ ပြိုကွဲသွားတယ်လို့ သိတယ်
အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကာလ စစ်ကိုင်းမင်း လက်ထ
လောက်မှာပေါ့ဗျာ၊ လောကီပညာကို စနစ်တကျ လိုက်စ
တဲ့လူတွေဟာ ဒီဂိုဏ်းကြီးကို တစ်စွန်းတစ်စ ကြားဖူးတ
ဗျ၊ ကျွန်တော့် အထင်တော့ ဒီလူသတ်မှုဟာ ဂိုဏ်းချုပ်
ဂိုဏ်းဝင်အချင်းချင်း သတ်ဖြတ်ကြတဲ့အမှုလို့ ထင်ရတယ်
ဘာကြောင့်လဲဆိုတော့ သေသူနှစ်ဦးစလုံးဟာ မေးဒဏ်
နှစ်ချက်စီ ရထားတယ်၊ ဒါဟာ ဂိုဏ်းချုပ်အထိမ်းအမှ
မေးနှစ်လက်ဖြစ်တဲ့ သူရိယနဲ့နဂ္ဂါ ဆိုတဲ့ မေးဖိုမေးမ နှစ်လ
ကြောင့်ပဲဗျ၊ ကျွန်တော် လေ့လာလို့ရတာက ဒါအကုန်
ဒီလောက် သိရဖို့ကိုတောင် ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေ
ကျောက်စာဝန်ဦးပုကြွယ် သေလုမြောပါး ကြိုးစားခဲ့တယ်"

ဟု ရှင်းပြလေ၏။ ထိုအခါ ကျွန်ုပ်က ...

"ဒါကတော့ ဟုတ်ပါပြီ ကိုမင်းအောင်ရယ်၊ ခုနကပြော
ပီအိုနီပန်းကလေးတွေ ဆီကို သွားမယ်ဆိုတာ ဘာလဲ
ရှင်းစမ်းပါဦး။"



ဟု မေးမြန်းလေရာ ကိုမင်းအောင်က စီးကရက်တိုကို ပြတင်းပေါက်မှ တောက်ပစ်လိုက်ရင်း ...

"ပီအိုနီပန်းကလေးတွေဆီကို ရောက်မှ ဒီအမှုရဲ့ တရားခံကို ပေါ်မှာဗျ၊ သူရိယနဂ္ဂါဂိုဏ်းအကြောင်းကို ပြောနိုင်တဲ့သူဟာ ကမ္ဘာပေါ်မှာ သူတစ်ယောက်တည်း ရှိတယ်ဗျ၊ လျှို့ဝှက်နက်နဲတဲ့ လောကီပညာရပ်တွေနဲ့ ပတ်သက်လာရင် သူ မသိတာ မရှိသလောက်ပဲဗျ၊ ကျွန်တော်ဟာ အမှုတစ်ခုကို ဘယ်လိုမှ မှန်းဆလို့မရရင် သူ့ဆီမှာပဲ အကူအညီ တောင်းရတယ်၊ ကျွန်တော့်ဆရာဆိုလည်း မမှားဘူးပေါ့ဗျာ"

ဟု ဆိုလိုက်လေရာ ပညာ၊ ဗဟုသုတ အရာတို့၌ ကျွန်ုပ်ကိုယ်တိုင် စံထားအပ်သော ဆားပုလင်းမင်းအောင်ကပင် ဆရာတင်ထားရသောသူကို ကျွန်ုပ်သည် လွန်စွာစိတ်ဝင်စားသွားမိသလေ၏။ ထိုကြောင့်ပင် ကျွန်ုပ်က ...

"ကိုမင်းအောင်လို လူကတောင် ဆရာတင်ရတယ်ဆိုတော့ သူဟာ ပညာဉာဏ် ဗဟုသုတ အရာမှာ သူ့မတူအောင် ပြည့်စုံမှာပေါ့နော်"

ဟု အံ့သြတကြီး ဆိုမိလေ၏။ ကိုမင်းအောင်က ...

"ပြည့်စုံပြီလားဗျာ၊ သူဟာ ကမ္ဘာပေါ်မှာ ကျွန်တော်အလေးစားရဆုံး လူထဲမှာ တစ်ယောက် အပါအဝင်ပဲဗျ၊ သူဟာ ဘယ်လိုအကြောင်းအရာမဆို တစ်ကြိမ်ဖတ်ရုံနဲ့ မှတ်မိနိုင်တဲ့ ထူးခြားတဲ့ ဉာဏ်ရည်လည်း ရှိတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ဟု လေးလေးနက်နက် ပြောလေ၏။ ထိုအခါ ကျွ
က ...

"သူနဲ့ ပီအိုနီဆိုတဲ့ပန်းနဲ့ ဘယ်လိုဆက်စပ်မှု ရှိသလဲဗျ"

ဟု မေးမြန်းလေရာ ကိုမင်းအောင်က ...

"သူ့နာမည်က ပိုင်ရင်ဖေးတဲ့၊ မြန်မာပြည်ပေါက် တရု
လူမျိုးစစ်စစ် တစ်ယောက်ပဲဗျ၊ သူ့ရဲ့ဖခင်ကြီးဟာလ
လောကီပညာ လိုက်စားဖို့ ရည်ရွယ်ချက်နဲ့ မြန်မာပြည်
လာခဲ့တာပဲ၊ သူဟာ ငယ်စဉ်ကပင် လောကီပညာရပ်တွေ
စူးစူးစိုက်စိုက် လေ့လာခဲ့တယ်၊ အတော့်ကိုပဲ ပေါက်မြော
အောင်မြင်ခဲ့တယ်၊ နောက်ဆုံးတော့ သူဟာ လေ့လာလို
စားခဲ့တဲ့ ပညာရပ်တွေကို မေ့ပစ်ဖို့ ကြိုးစားခဲ့ပြန်တ
အခုအချိန်မှာတော့ သူဟာ လောကရဲ့ နေနည်းထိုင်နည်း
အစစ်အမှန်ကို သူ့နည်းနဲ့သူ ရှာဖွေနေဆဲပဲ၊ သူဟာ လူတွေ
သိပ်အတွေ့မခံဘူး၊ လျှို့လျှို့ဝှက်ဝှက်ပဲ နေထိုင်တတ်တယ်
သူ့ရဲ့ အသက်အရွယ်ကို ဘယ်သူမှ တိတိကျကျ ခန့်မှန်း
မရဘူး၊ သူ့ရဲ့ ထူးခြားချက်ကတော့ 'ပီအိုနီပန်း'ကလေး
တွေကို သိပ်ချစ်တယ်ဗျ၊ သူ့ရဲ့ ကျယ်ဝန်းလှတဲ့ ခြံကျယ်ကြီး
တစ်ခုလုံးမှာ ပီအိုနီပန်းတွေကို စနစ်တကျ စိုက်ပျိုးထားတယ်
သူဟာသူ့ရဲ့ ပီအိုနီပန်းကမ္ဘာလေးမှာ ပျော်ပိုက်နေတာပေါ့ဗျာ"
ဟု ရှင်လင်းပြလေ၏။

ဆားပုလင်းမင်းအောင်ကပင် ဆက်လက်၍ ...





"ပီအိုနီဆိုတာ တရုတ်လူမျိုးတွေရဲ့ အလွန်အလေးအမြတ်ထားတဲ့ ပန်းတစ်မျိုးပဲ၊ တရုတ်တွေက ပီအိုနီကို ပန်းဘုရင် (သို့) ပန်းနတ်သမီးလို့ ခေါ်တယ်၊ ပီအိုနီပန်းဟာ ကြီးပွားချမ်းသာခြင်း၊ ကံကောင်းခြင်း၊ ပျော်ရွှင်ခြင်းရဲ့ အထိမ်းအမှတ်ပဲ၊ ပီအိုနီ(Peony)ရဲ့ ပုံသဏ္ဌာန်ဟာ အမျိုးမျိုးရှိပြီး ရိုးတံတစ်ခုတည်းကနေ ပန်းတွေအများကြီး ဖူးပွင့်နိုင်တယ်၊ တရုတ်ပြည်မှာ ဧပြီလဟာ ပန်းပွဲတော်ကျင်းပတဲ့ လပဲ၊ ပိုင်ရင်ဖေးကတော့ ဘယ်လိုနည်းပညာနဲ့ စိုက်ပျိုးထားသလဲ မသိဘူး၊ တစ်နှစ်ပတ်လုံး သူ့ခြံထဲမှာ ပီအိုနီတွေ ပွင့်တယ်ဗျ၊ ပီအိုနီနဲ့ ပတ်သက်လို့ 'တန်'ခေတ် (၆၁၈–၉၀၇)က ဒဏ္ဍာရီပုံပြင်တစ်ပုဒ် ရှိတယ်ဗျ၊ ဘုရင်မ 'ဝူဇီရှန်း'ဟာ ဥယျာဉ်တော်ကို လှည့်လည်ရင်း သူမရဲ့ အာဏာကို ပြချင်တော့ မပွင့်သေးတဲ့ ပန်းများအားလုံး ညတွင်းချင်း ပွင့်ရမယ်လို့ အမိန့်ထုတ်လိုက်တယ်၊ ဒီအခါမှာ ပီအိုနီပန်းကလွဲရင် ကျန်ပန်းတွေအားလုံး ပွင့်ကြတယ်၊ ပီအိုနီပန်းကတော့ ဘုရင်မရဲ့အမိန့်ကို မနာခံနိုင်ဘူး၊ သဘာဝတရားရဲ့အမိန့်ကိုသာ နာခံမယ်ဆိုပြီးတော့ မပွင့်ဘဲ နေလိုက်တယ်၊ ဒါကို ဘုရင်မ'ဝူဇီရှန်း' သိတဲ့အခါမှာ ဒေါသခြောင်းခြောင်းထွက်ပြီး ပီအိုနီပန်းအားလုံးကို မီးတိုက်ပစ်ဖို့ အမိန့်ပေးလိုက်တယ်၊ မီးရှို့လို့ မနိုင်တဲ့အခါမှာ ကျန်တဲ့ ပီအိုနီပန်းတွေကို 'လိုရန်းမြို့'ကို ပြည်နှင်ဒဏ်ပေးလိုက်ပြန်တယ်၊ 'လိုရန်းမြို့'က ပြည်သူတွေကတော့ ပီအိုနီ

www.burmeseclassic.com



ပန်းရဲ့ မြင့်မြတ်တဲ့ ရပ်တည်မှုကို လေးစားပြီးတော့ မြတ်မြတ်နိုးနိုးနဲ့ စိုက်ပျိုးထားကြတယ်၊ ဒါကြောင့်လည်း တရုတ်ပြည်မှာ 'လိုရန်းမြို့'ဟာ ပီအိုနီပန်းမြို့တော်လို့ ယနေ့ထက်တိုင် ထင်ရှားတယ်ဗျ"

ဟု စိတ်ရှည်လက်ရှည် ရှင်းပြလေ၏။ ကျွန်ုပ်တို့စီးနင်းလိုက်ပါလာသော ဖို့ဒ်ကားစုတ်ကလေးသည် "အင်းတကော်မြို့" သို့ ရောက်ပြီးလျှင် မြို့ပြင်သို့ထွက်၍ လူသူအရောက်အပေါက်နည်းလှသော မြေနီလမ်းလေးအတိုင်း ဝေ့ကာဝိုက်ကာဖြင့် မောင်းနှင်လေ၏။

အတန်ကြာအောင် သစ်တောအုပ်များကို ဖြတ်သန်းမောင်းနှင်ပြီးနောက် သစ်ရိပ်ဝါးရိပ်များဖြင့် အေးမြနေသော ခြံကြီးတစ်ခြံရှေ့သို့ ရောက်လေ၏။ ခြံကြီးတစ်ခြံလုံးတွင် လှပသော ပန်းရောင်စုံများ ဖူးပွင့်၍ နေလေ၏။ မြက်ခင်းပြင်များ ဝါးရုံပင်များကိုလည်း တွေ့ရ၏။ ကျွန်ုပ်သည် ခြံကြီးကို မျက်လုံးဝေ့ကြည့်ကာ—

"ခြံကြီးက အတော်ကျယ်တာပဲနော် ကိုမင်းအောင်"

"ဟုတ်တယ် အိုင်ပီ၊ ပိုင်ရှင်ဖေးဟာ အချို့နေရာတွေကို သဘာဝအတိုင်းထားပြီး အချို့ကို ပြုပြင်ထားတယ်၊ ခြံဝန်ထမ်း(၁၀)ယောက် ရှိတယ်ဗျ၊ အားလုံးကျွမ်းကျင်သူတွေချည်းပဲ"

ကျွန်ုပ်တို့ကား ခြံရှေ့တွင် စက်သတ်လိုက်သောအခါတွင် တရုတ်လူငယ်လေးတစ်ယောက်က ခြံတံခါးကို လာ၍ဖွင့်





ပေးလေ၏။ ထိုအခါ ကျွန်ုပ်တို့နှစ်ဦးသည် လွန်စွာများပြားလှသော ပီအိုနီပန်းကမ္ဘာကြီးထဲသို့ ရောက်ရှိသွားလေတော့၏။

ခြံကြီးထဲတွင် ပီအိုနီပန်းအမျိုးအစား အမျိုးမျိုးကို ပန်းအိုးများ၊ သဘာဝမြေသားများတွင် စိုက်ပျိုးထားလေ၏။

အချို့နေရာများတွင် ကျောက်တုံးများကိုစီ၍ ရေတံခွန်ကလေးများ ဖန်တီးထားသည်မှာ ကြည့်၍မဝနိုင်အောင်ရှိ၏။ ပီအိုနီပန်းပွင့်များသည် အရိုးတံတစ်ခုတည်းမှ ပန်းမျိုးစုံအောင် ဖူးပွင့်ကြ၏။ ရနံ့မှာလည်း လွန်စွာထူးခြား၏။ ပန်းကမ္ဘာလေး၏ အလယ်တွင် တရုတ်ဘုံကျောင်းကဲ့သို့ ဆေးရောင်စုံများဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံတစ်ခုရှိ၏။

ထိုအခါ ကျွန်ုပ်က ...

"ဒီလောက် လူသူအရောက်အပေါက်နည်းတဲ့ နေရာမှာ လူဆိုးဓားပြတွေရဲ့ရန်က မစိုးရိမ်ရဘူးလားဗျာ"

ဟု ကိုမင်းအောင်ကို တီးတိုးမေးမြန်းလိုက်ရာ ၎င်းက ...

"ဒီမှာရှိတဲ့လူ(၁၀)ယောက်က စစ်တပ်တစ်တပ်စာလောက် လုံခြုံစိတ်ချရတယ်ဗျ"

ဟု ပြောလေ၏။ တရုတ်လူငယ်လေးသည် ကျွန်ုပ်တို့နှစ်ဦးအား ဘုံကျောင်းသဏ္ဌာန် အဆောက်အအုံကို ကျော်ဖြတ်၍ ဥယျာဉ်တွင်းမှ ခေါ်ဆောင်သွားလေ၏။ ကျွန်ုပ်သည် လှပသော ပီအိုနီပန်းရောင်စုံများကို ကြည့်ရှုရင်း လိုက်ပါလာလေ၏။

www.burmeseclassic.com





ကျွန်ုပ်တို့ သုံးယောက်သည် ကြာပန်းလေးများ ဖူးပွင့်နေသော လှပသည့် ရေကန်လေးကို တံတားဖြင့် ဖြတ်သန်းပြီး ဝါးရုံတောကလေးတစ်ခုသို့ ရောက်ခဲ့လေ၏။ ဝါးရုံပင်များမှာ စက်ဝိုင်းပုံသဏ္ဍာန် ထူထပ်စွာ ပေါက်ရောက်နေပြီး အဝင်လမ်းကလေးမှာ ကျဉ်းမြောင်းလှ၏။ လူငယ်လေးသည် အဝင်လမ်းအတိုင်း ကျွန်ုပ်တို့ကို ခေါ်ဆောင်သွား၏။ လမ်းကလေးအဆုံးတွင် ကျောပေး၍ထိုင်နေသော အဘိုးအိုတစ်ယောက်ကို တွေ့ရလေ၏။

အဘိုးအို၏ မျက်နှာမှာ အေးမြကြည်လင်လှ၏။ သူသည် တရုတ်လူမျိုးများကဲ့သို့ ဘောင်းဘီရှည်နှင့် အင်္ကျီပွကြီးကို ဝတ်ဆင်ထားပြီး ရှည်လျားသော မုတ်ဆိတ်ဖြူကြီးများ ရှိလေ၏။ သူ၏ရှေ့တွင် သေးငယ်သော ကြွေကရားလေးတစ်လုံးနှင့် ကြွေပန်းကန်များကို တွေ့ရလေ၏။

အဘိုးအိုသည် ဆားပုလင်းမင်းအောင်ကို ကြည့်၍ …သွယ် ပြုံးကာ …

"လူကလေး ရောက်လာနေပြီ၊ ကျုပ်အထင်တော့ သူရိယစန္ဒာဂိုဏ်းအကြောင်း သိချင်လို့နဲ့ တူတယ်"

ဟု မေးလေရာ ဆားပုလင်းမင်းအောင်နှင့် ကျွန်ုပ်သည် အချင်းချင်း ဆုံမိလေ၏။ ကိုမင်းအောင်က …

"ဟုတ်ပါတယ်၊ ကျွန်တော့်ကို အကူအညီ ပေးပါဦး၊ သူရိယစန္ဒာဂိုဏ်းနဲ့ ပတ်သက်ပြီး သဲလွန်စပျောက်နေလို့၊ သူက ကျွန်တော့်ရဲ့မိတ်ဆွေ အိုင်ပီအောင်ထွန်းပါ"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်နှင့် မိတ်ဆက်ပေးလေ၏။ အဘိုးအိုက ကျွန်ုပ်အား ကြည့်၍ ...

"လူကလေးဟာ လူကလေးရဲ့မိတ်ဆွေ ဆားပုလင်းမင်းအောင်ရဲ့ အကြောင်းကို ရေးသားပြီး တစ်နေ့မှာ ကျော်ကြားတဲ့ စာရေးဆရာတစ်ယောက် ဖြစ်မယ်၊ လူကလေးရဲ့ ပထမဦးဆုံး ဝတ္ထုစာအုပ်ကို (၁၉၉၇)ခုနှစ်။ ဩဂုတ်လ(၈)ရက်နေ့မှာ လူကလေးကိုယ်တိုင် ထုတ်ဝေဖြစ်လိမ့်မယ်၊ လူကလေးဟာ အဲဒီစာအုပ်နဲ့ပဲ လူသိများ ထင်ရှားလာလိမ့်မယ်"

ဟု ပြောလေရာ ကျွန်ုပ်၏ ရင်ထဲတွင် ဖော်မပြနိုင်အောင်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။ ဆားပုလင်းမင်းအောင်သည် အဘိုးအို၏ စကားကြောင့် ဝမ်းမြောက်ဝမ်းသာဖြင့် ကျွန်ုပ်၏လက်ကို တင်းတင်းဆုပ်ကာ ...

"ဝမ်းသာလိုက်တာ အိုင်ပီရယ်၊ အိုင်ပီဟာ တစ်နေ့မှာ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာ ကျိန်းသေဖြစ်တော့မယ်၊ အလွန်အင်မတန်ဖြစ်ခဲ့တဲ့ စာရေးဆရာဘဝကို အိုင်ပီရတော့မယ်၊ ကျွန်တော် ဂုဏ်ယူတယ်ဗျာ"

ဟု လှိုက်လှိုက်လှဲလှဲ ပြောရှာ၏။ အဘိုးအို ပိုင်ရှင်သည် ကြွေကရားလေးထဲမှ ရေနွေးများကို ကြွေပန်းကန်လေးထဲသို့ငှဲ့ထည့်၍ ...

"လူကလေးရဲ့ စာရေးဆရာဘဝကို ဂုဏ်ပြုတဲ့အနေနဲ့ ရေနွေးသောက်လိုက်ပါဦး"





ဟု ပြောလေ၏။ ကျွန်ုပ်တို့လည်း ကြွေပန်းကန်လေးများကိုယူ၍ ရေနွေးကို သောက်လိုက်လေ၏။ အဘိုးအိုသည် ရင်ဘတ်ထဲမှ စာရွက်တစ်ရွက်ကိုထုတ်၍ တစ်စုံတစ်ရာကို ရေးခြစ်လေ၏။ ပြီးနောက် ဆားပုလင်းမင်းအောင်ကို ပေးကာ ...

"လူကလေးသိချင်တာတွေ၊ ဒီအထဲမှာ ရေးထားပေးလိုက်ပြီ"

ဟု ပြောရှာ၏။ ပြီးနောက် အဘိုးအိုက ဆက်လက်၍ ...

"သူရိယစန္ဒာဂိုဏ်းရဲ့ အရေးပါတဲ့ အမှုကိစ္စတွေကို ဂိုဏ်းချုပ်ကြီးကိုယ်တိုင် သူရိယနဲ့စန္ဒာ မားနစ်လက်ကို အသုံးပြုပြီး နှိမ်နင်းရတယ်၊ နှိမ်နင်းပြီးတဲ့ အခါမှာ သူရိယနဲ့စန္ဒာ မားနစ်လက်ကို မွန်ပြည်နယ် ကေလာသတောင်ပေါ်က ဂိုဏ်းရဲ့ လျှို့ဝှက်ဂူမှာ ပြန်ထားရတယ်၊ ဒီလိုဏ်ဂူကြီးထဲမှာ ဂိုဏ်းရဲ့ လောကီပညာတွေကို သိမ်းဆည်းထားတယ်၊ လိုဏ်ဂူကြီးရဲ့ တည်နေရာကို သိတဲ့သူဟာ ကမ္ဘာပေါ်မှာ လက်ငါးချောင်း ပြည့်မယ် မထင်ဘူး၊ လိုဏ်ဂူကြီးရဲ့ရှေ့မှာ ရေတံခွန်ကြီးတစ်ခု စီးဆင်းနေတယ်၊ ဒီရေတံခွန်ဟာ တစ်နှစ်မှာ သုံးရက်နားလေ့ရှိတယ်၊ ရေတံခွန်နားမဲ့ရက်ကို သူရိယစန္ဒာဂိုဏ်းချုပ်တွေပဲ တွက်ချက်တတ်တယ်၊ လူကလေးကို ပေးထားတဲ့ စာရွက်ထဲမှာ လိုဏ်ဂူရဲ့မြေပုံနဲ့အတူ၊ ရေတံခွန်ရပ်နားမဲ့နေ့ကိုပါ တွက်ပြထားတယ်"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက်တွင်မှ ကျွန်ုပ်နှင့် ဆားပုလင်းမင်းအောင်သည် အဘိုးအို ပိုင်ရှင်ဖေးကို နှုတ်ဆက်၍ ပြန်ရန်ပြင်ဆင်လေ၏။ အဘိုးအိုသည် ကျွန်ုပ်တို့ပြန်ကာနီးတွင် စာရွက်ငယ်လေးတစ်ခုကို ကျွန်ုပ်အား လှမ်းပေးပြီးလျှင် ...

"စာရေးဆရာလုပ်မဲ့ လူကလေးအတွက် ကလောင်နာမည် ရွေးပေးလိုက်ပါတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း စာရွက်ငယ်ကို ဝမ်းသာအားရ ဖြန့်ကြည့်လိုက်လေရာ အောက်ပါအမည်ကို တွေ့ရလေ၏။

## မင်းမြတ်သူရ

ကျွန်ုပ်နှင့် ကိုမင်းအောင်သည် အဘိုးအိုပိုင်ရှင်ဖေးအား နှုတ်ဆက်ပြီး ပြန်လာသောအခါ သူသည် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတော၍ ကျန်ခဲ့လေ၏။ ကျွန်ုပ်သည် ပီအိုနီပန်းကမ္ဘာတွင် နေထိုင်သော အဘိုးအိုပိုင်ရှင်ဖေး မှည့်ခေါ်ပေးလိုက်သော ကလောင်အမည်ကို စိတ်ထဲတွင် တီးတိုးရေရွတ်နေမိလေ၏။

မင်းမြတ်သူရ ...

မင်းမြတ်သူရ ...





...တော်ချက်။ အင်းတကော်မြို့ပြင်၌ရှိသော ပိုင်ရှင်ဖေး၏ ပီအိုနီပန်းကမ္ဘာကြီးသည် ယခုအခါတွင်မူ လွန်စွာကြီးမားသော သရက်တောကြီးအဖြစ်သို့ ပြောင်းလဲသွားပေပြီ။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com



## တရားခံဖမ်းမိပြီ

နောက်တစ်နေ့တွင် ကိုမင်းအောင်သည် ခရီးထွက်ရန် ပြင်ဆင်လေ၏။ ကျွန်ုပ်သည် ကိုမင်းအောင် ခရီးထွက်ရန် လိုအပ်သော ပစ္စည်းများကို ကူညီပြင်ဆင်ပေးလေ၏။ ကိုမင်းအောင်သည် အံဆွဲထဲမှ ခြောက်လုံးပြူးသေနတ်နှင့် ကျည်ဆန်များကို ထုတ်ယူလိုက်ရင်း ...

"ကျွန်တော် ခုနစ်ရက်လောက် ကြာမယ်ထင်တယ်၊ ပြန်လာရင်တော့ သယံနုဿကျွန်းဘူတာအနီးက နှစ်လောင်းပြိုင်လူသတ်မှုရဲ့ တရားခံကို ဖမ်းမိနိုင်မှာပါဗျာ၊ အိုင်ပီတော့ လွတ်လွတ်လပ်လပ် နေခဲ့ပါ"

ဟု ပြောလေ၏။ ထို့နောက်တွင်မူ ကျွန်ုပ်သည် ဆားပုလင်းမင်းအောင်အား ကွမ်းခြံဘူတာသို့ ကားဖြင့်လိုက်လံပို့ဆောင်ပေးလေ၏။ ကိုမင်းအောင် မရှိသည်နှင့် ကျွန်ုပ်နှင့် ဦးပေါ်ဦး





သည် ကိုမင်းအောင်နှင့် တွဲဖက်၍ တရားခံများကို လိုက်လံဖမ်းဆီးနေသူယောင်ဖြင့် အင်းစိန်စီအိုင်ဒီ၌ သတင်းလွှင့်လိုက်လေ၏။

ပြီးနောက်တွင်မူ ဦးပေါ်ဦးသည် ကျွန်ုပ်၏အိမ်သို့ နေ့စဉ်လာရောက်ခေါ်ယူလေ၏။ ကျွန်ုပ်၏ဇနီးချော မေမှာ ကျွန်ုပ်ကိုနှစ်ယောက် ရုံးတက်သည်ဟူ၍ပင် ထင်နေရှာ၏။ ကျွန်ုပ်တို့သည် ရုံးသို့ရောက်သောအခါတွင် အသိအိမ်သို့ဝင်ကာ ပုလိပ်ယူနီဖောင်းများကို အရပ်ဝတ်ဖြင့် လဲလှယ်၍ ဝတ်ဆင်လေ၏။

ကျွန်ုပ်တို့သည် ရန်ကုန်မြို့တွင်းရှိ ပျော်ပွဲစားရုံများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များသို့ သွားရောက်၍ ပျော်ချင်တိုင်းပျော်လေတော့၏။ ဦးပေါ်ဦးက ...

"ပျော်ထားဗျို့၊ ကိုမင်းအောင် လာရင် ဒီလိုလွတ်လွတ်လပ်လပ် နေရမှာ မဟုတ်ဘူး"

ဟု ဆိုလေ၏။ ကျွန်ုပ်တို့သည် စုံထောက်မင်းကြီး၏ အဆူအဆဲဒဏ်မှ လွတ်ကင်းနေသဖြင့် လွန်စွာ စိတ်ချမ်းသာလျက်ရှိသော၏။

တစ်ပတ်ခန့် ပျော်ပါးပြီးနောက် ကျွန်ုပ်တို့သည် အင်းစိန်စီအိုင်ဒီသို့ ပြန်ကာ ဟန်မပျက် နေလေ၏။ စုံထောက်အင်ိန်မြင့်တို့ လူစုမှာ ပုလိပ်မင်းကြီး၏ အဆူအကြိမ်းကို သနားစရာ ခံနေရရှာ၏။ ကိုမင်းအောင်သည် (၁၀)ရက်ခန့်အကြာတိုင် ပြန်ရောက်မလာသဖြင့် ကျွန်ုပ်နှင့် ဦးပေါ်ဦးမှာ ၎င်းအတွက် ပူပန်မိသော၏။



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်တစ်ရက်မြောက်သောနေ့တွင် ကျွန်ုပ်နှင့် ဦးဆော ဦးသည် အင်းစိန်စီအိုင်ဒီရုံးခန်းအတွင်းတွင် ဒုတိယကမ္ဘာစစ် ဖြစ် နိုင်မဖြစ်နိုင် ငြင်းခုန်နေစဉ်မှာပင် ကျွန်ုပ်တို့ရုံးခန်းအတွင်းသို့ ဆား ပုလင်းမင်းအောင် ပြန်ရောက်လာပြီး ...

ရုပ်ရည်ခန့်ညားဲ၍ ယောကျ်ားပီသသော လူတစ် ယောက်ကို ညွှန်ပြကာ ...

"သဃ်န်းကျွန်းလူသတ်မှုကြီးရဲ့ အဓိကတရားခံ ကိုမိုးဆွေ ဆိုတာပေါ့ဗျာ"

ဟု ဆိုကာ ကျွန်ုပ်တို့နှစ်ယောက်နှင့် မိတ်ဆက်ပေး သောကြောင့် ကျွန်ုပ်တို့မှာ လူငယ်၏ နုနယ်ပျိုမျစ်သော ရုပ်ဆင်း သဏ္ဌာန်ကိုကြည့်၍ မယုံကြည်နိုင်အောင် ဖြစ်ရလေ၏။ ကိုမင်းအောင် က ဆက်၍ ...

"အလွန်ရှေးကျပြီး အလွန်လျှို့ဝှက်တဲ့ သူရိယစန္ဒာဂိုဏ်းကြီး ရဲ့ ဂိုဏ်းချုပ်ပေါ့ဗျာ"

ဟူ၍လည်း ဆိုလိုက်ပြန်ရာ ကျွန်ုပ်တို့မှာ အံ့သြသည် ထက် အံ့သြရလေတော့၏။

သူရိယစန္ဒာအမှုတွဲကြီးကို အင်းစိန်စီအိုင်ဒီ၌ သုံးရက် တိတိ စစ်ချက်ယူရ၏။ စစ်ချက်ယူပြီးသောအခါတွင် ကိုမင်းအောင် သည် ကိုမိုးဆွေအား ထောင်ကြီးချုပ်သို့ ပို့ဆောင်ရန် စီစဉ်ပေးလေ၏။ ကျွန်ုပ်နှင့် ကိုမင်းအောင်သည် သူရိယစန္ဒာဂိုဏ်းကြီး၏ လျှို့ဝှက် နက်နဲသော ပညာရပ်များကို ထိန်ချန်၍ စစ်ချက်ယူခဲ့လေ၏။





သူရိယစန္ဒာအမှုတွဲကြီးကို ဝတ္ထုသွားသဖွယ် ပြန်လည် ရေးသားသောအခါမှပင် ကျွန်ုပ်၏ စာဖတ်သူများ ပြည့်ပြည့်စုံစုံ သိရှိစေလိုသော စေတနာဖြင့် ဖော်ထုတ်ရေးသားခဲ့ပါသည်။

ထို့ကြောင့်ပင်လျှင် လွန်စွာ စိတ်ဝင်စားဖွယ်ကောင်း သော ဆားပုလင်းမင်းအောင်နှင့် သူရိယစန္ဒာဟူသော ဝတ္ထုကြီး ဖြစ်ပေါ်လာရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## မောင်မိုးဇွေ

စည်ကားသော မြို့ကလေးတစ်မြို့တွင် မောင်မိုးဇွေ ဆိုသော လက်လုပ်လက်စားလေးတစ်ဦး ရှိလေ၏။ မောင်မိုးဇွေသည် နေ့တိုင်းမိုးလင်းသည်နှင့် အိမ်တကာလှည့်၍ ရေထမ်းပေးခြင်း၊ အဝတ်လျှော်ပေးခြင်း စသော တောက်တိုမယ်ရ အလုပ်များကို ကူညီလုပ်ကိုင်ပေးလေ့ရှိ၏။

သူသည် ဤသို့ လုပ်ကိုင်ပေးခြင်းအတွက် မည်သည့်အခါတွင်မှ အခကြေးငွေကို တောင်းဆိုလေ့မရှိ။ ပေးသမျှကိုသာ ယူတတ်၍ ကျွေးသမျှ အစားအစာကို မြိန်ယှက်စွာ စားသောက်လေ့ရှိ၏။ မောင်မိုးဇွေသည် ခိုင်းသမျှအလုပ်များကို မညီမကပ်ဘဲ ကြိုးကြိုးစားစား လုပ်ကိုင်ပေးတတ်၏။ ထို့ကြောင့်ပင် မြို့သူမြို့သားများသည် အလုပ်ခိုင်းစရာရှိလျှင် မောင်မိုးဇွေကို သတိရတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးခွေသည် မြို့ထဲတွင် တစ်နေကုန် အများသူငါ နိုင်းစေသော အလုပ်များကို လုပ်ကိုင်ပေးပြီး ညနေစောင်းသောအခါ မြို့စွန်အရပ်တွင်ရှိသော သူ၏အိမ်ကလေးသို့ ပြန်လည်အိပ်စက်လေ့ရှိ၏။ နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် မြို့ကလေးသို့ ပြန်လည်ရောက်ရှိနေတတ်၏။

မောင်မိုးခွေသည် မည်သည့်အလုပ်ကိုမဆို စေတနာထား၍ လုပ်ကိုင်ပေးတတ်သဖြင့် ထမင်းတစ်လုပ်သည် သူ့အတွက် မခဲယဉ်းလှပေ။ သူသည် မြို့ကလေးကို ချစ်၏။ သူ့တွင် မိဘများ မရှိတော့ပေ။ မြို့ကလေးသည် သူ၏အိမ် (သို့) မိသားစုဟူ၍ပင် ယူဆထားလေ၏။

မြို့သူမြို့သားအများစုသည် မောင်မိုးခွေကို နှစ်သက်ကြ၏။

"မောင်မိုးခွေကို နိုင်းရတာ စိတ်ချမ်းသာတယ်၊ သူက ဘာလုပ်လုပ် ကိုယ့်ပစ္စည်းလို သဘောထားပြီး လုပ်ပေးတယ်၊ စေတနာလည်း ပါတယ်"

ဟု ချီးမွမ်းကြ၏။ မြို့သားတစ်ယောက်ယောက်က_

"မောင်မိုးခွေရေ ... မနက်ဖြန် အိမ်အမိုး မိုးမယ်ဟေ့၊ လုပ်အားပေးပါဦး"

ဟု မှာလိုက်လျှင် နောက်တစ်နေ့ နံနက်တွင် အိမ်ရှင်များ အိပ်ရာမနိုးမီ ခြံပေါက်ဝသို့ ရောက်နေတတ်၏။

"မောင်မိုးခွေရေ ... ခြံစည်းရိုးအသစ် ပြန်ကာချင်တယ်ကွာ"





ဟု ဆိုလိုက်လျှင်လည်း မောင်မိုးခွေသည် အိမ်ရှင်များ အိပ်ရာမထမီ မနက်စောစော ရောက်လာပြီး ခြံစည်းရိုးအဟောင်းကို ဖျက်ချကာ အသစ်ပြန်လည် ကာရံပေးလေ၏။

အိမ်ရှင်များ အိပ်ရာမှ နိုးလာပြီး မျက်နှာသစ်ရန် အိမ်တံခါး ဖွင့်လိုက်သည်နှင့် အသစ်ကာရံထားပြီးသော ခြံစည်းရိုးအနီးတွင်ထိုင်၍ အေးအေးဆေးဆေး ဆေးလိပ်ဖွာနေသော မောင်မိုးခွေကို တွေ့ရပေမည်။

သူသည် ရံဖန်ရံခါ မြို့ထဲတွင် လုပ်ကိုင်စရာမရှိလျှင် မြို့လယ်ကောင်တွင်ရှိသော "ဒေါ်ကောင်း"ထမင်းဆိုင်သို့ သွားရောက်၍ ပန်းကန်ဆေးခြင်း၊ စားပွဲထိုးခြင်း စသော တောက်တိုမယ်ရ အလုပ်များကို ကူညီလုပ်ကိုင်ပေးလေ့ရှိ၏။ ထို့ကြောင့်ပင် ထမင်းဆိုင်ရှင် "ဒေါ်ကောင်း"ကြီးသည် မိုးခွေကို အလွန်ချစ်၏။

မောင်မိုးခွေသည် ဆင်းရဲနွမ်းပါးသော်လည်း ညစ်ညစ်ပေပေ နေထိုင်လေ့မရှိ။ သူသည် သန့်သန့်ရှင်းရှင်းသာ နေထိုင်စားသောက်၏။ အဝတ်အစားများကို ဖြူဖြူစင်စင် လျှော်ဖွပ်၍ ဝတ်ဆင်တတ်၏။

မည်သည့်အခါတွင်မဆို မောင်မိုးခွေကို အရောင်အသွေး တောက်တောက်ပြောင်ပြောင် မြင်ရ၏။ တစ်ခါက မိန်းကလေးများစု၍ ပြောသောစကားဝိုင်းတွင် လှိုင်လှိုင် ဆိုသော မိန်းကလေးက _

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးဇွေကို ဒီလိုဘဝမျိုးနဲ့ မြင်ရတာ ငါတော့ စိတ်မကောင်းဘူးဟယ်၊ သူ့ခမျာ စားဝတ်နေရေးအတွက် တစ်နေကုန် သူများခိုင်းတာ လိုက်လုပ်ပေးနေရတယ်၊ သူ့ရုပ်ကလေးက သနားကမားနဲ့"

ဟု ကရုဏာသက်ဟန်ဖြင့် ပြောလိုက်ရာ မြိုင်မြိုင်ဆို သူက ...

"အံမယ် ... ကောင်မ၊ ကိုမိုးဇွေကို ရုပ်ကလေးသနားကမားနဲ့တဲ့၊ ဒီလိုဆိုလည်း မိုးဇွေ ဘဝ အခြေမြင့်သွားအောင် နင် ယူလိုက်ပါလား ... ဟိ ဟိ"

ဟု နောက်ရှုတ်ရှုတ် ပြန်ပြောလိုက်လေရာ လှိုင်လှိုင်က ...

"အမေတို့ သဘောတူရင် ယူတာပေါ့အေ၊ ကိုမိုးဇွေက ဆင်းရဲပေမဲ့ ယောကျ်ားပီသပြီး စိတ်သဘောထား မြင့်မြတ်တယ်ဟဲ့"

ဟု ခပ်တည်တည် ပြန်ပြောလိုက်လေ၏။ ထိုအခါမှ မြိုင်မြိုင်က ...

"အလကား နောက်တာပါ လှိုင်လှိုင်ရယ်၊ ငါလည်း ကိုမိုးဇွေကို သိပ်သနားတာပဲ၊ ကိုမိုးဇွေဟာ ရိုးလည်းရိုးသားတယ်၊ သဘောလည်း ကောင်းတယ်၊ သူ့မျက်နှာကို ကြည့်လိုက်ရင် ချိုနေတာပဲ၊ ငါ့တစ်သက်မှာ သူစိတ်ဆိုးတာ တစ်ခါမှ မမြင်ဖူးပါဘူး"





ဟု ပြောရာ၏။ ဤသို့ဖြင့် မိန်းကလေးအများစုသည် မောင်မိုးဇွေကို မကြာခဏ ချီးမွမ်းတတ်လေ့ရှိ၏။

မောင်မိုးဇွေ၏ ဝါသနာမှာ အလှူအတန်းရှိလျှင် သွန်စွာပျော်ရွှင်တတ်၏။ အလှူအိမ်သို့ နေ့မအိပ် ညမအိပ် သွားရောက်ကာ ကူညီလုပ်ကိုင်ပေး၏။

ဒိုးပတ်ဝိုင်းတွင် ဝင်ရောက်၍ တီးမှုတ် က,ခုန်၏။ ထို့ကြောင့်ပင် မြို့သူမြို့သားများက ...

"မောင်မိုးဇွေကတော့ကွာ အလှူရှိရင် ထမင်းမေ့ ဟင်းမေ့ကို ပျော်နေတာပဲ" ဟု မှတ်ချက်ချလေ၏။

တစ်နေ့သ၌ မောင်မိုးဇွေတို့ မြို့ကလေးတွင် လူချမ်းသာတစ်ဦးသည် အလှူကြီးတစ်ခုကို ပေးရန်ပြင်ဆင်လေ၏။ ထိုအခါ မောင်မိုးဇွေသည် ထုံးစံအတိုင်းပင် သွားရောက်ကူညီလုပ်ကိုင်ပေးလေ၏။ မောင်မိုးဇွေသည် အလှူရှင် သူဌေးကြီးထက်ပင် ပိုမိုအလုပ်ရှုပ်? တက်ကြွလေ၏။

အလှူပွဲကြီးသည် ကြီးကျယ်လှသဖြင့် ခုနစ်ရက်ခန့် အလိုကပင် ကြိုတင်ပြင်ဆင်ရလေ၏။

ရပ်ဝေးမှ လာကြသော သူဌေးကြီး၏ ဆွေမျိုးများ နေထိုင်ရန် ယာယီအဆောက်အအုံများကို မောင်မိုးဇွေ ဆောက်လုပ်ပေးရ၏။ ၎င်းတို့ ရေချိုးရန် ရာဝင်အိုးကြီးနှင့်အပြည့် ရေဖြည့်ပေးရ၏။ အလှူတွင် လာရောက်ကူညီသူများကို ကျွေးမွေးရန်အတွက် တစ်နေ့လျှင် ဆန်တစ်တင်းမျှ ချက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးခြံဒယ်ကြီးများနှင့် ရေနွေးကျိုရ၏။ လက်ဖက်သုပ် ရေနွေးကြမ်း စသည်ဖြင့် မပြတ်လတ်အောင် စီမံပေးရ၏။ မောင်မိုးစွေသည် သူ၏အိမ်ကလေးသို့ မပြန်ဖြစ်တော့ပေ။ အလှူရှင်သူဌေးကြီး၏အိမ်တွင်ပင် ညအိပ်လေ၏။ သူသည် မနက်မိုးလင်းသည်နှင့် သီချင်းတအေးအေးဖြင့် ထင်းများကို ခွဲလေ၏။ ထင်းခွဲပြီးသောအခါ ရေကိုခပ်လေ၏။ ရေခပ်ပြီးသောအခါ ထမင်းဟင်း ချက်ပြုတ်ရန် မြေကြီး၌ တွင်းကြီးများကို တူးလေတော့၏။ မောင်မိုးစွေသည် လော်စပီကာကြီး တစ်လုံးကို သွားရောက်ငှားရမ်း၍ ဖွင့်လှစ်ထားလေ၏။ လော်စပီကာကြိုက်သော မြို့သားများသည် ...

"လော်သာ ဖွင့်ထားလို့ကတော့ တစ်နေကုန် ဘာကိုင်လုပ်ရ လုပ်ရ မပင်ပန်းဘူး"

ဟုဆိုကာ အလုပ်များကို ကုန်းရုန်းလုပ်လေတော့၏။ အလှူကြီးစတင်ရန် ရက်နီးကပ်လာသောအခါ တောအရပ်များမှ သူဌေးကြီး၏ဆွေမျိုးများ တဖွဲဖွဲရောက်ရှိလာလေ၏။ မောင်မိုးစွေသည် လည်း ၎င်းတို့ကို နေစရာ စီစဉ်ပေးရလေ၏။

အလှူကြီး စတင်ရန် သုံးရက်ခန့်အလိုတွင် သူဌေး၏ တူမဖြစ်သူ တင်မမ ဆိုသော မိန်းမ ရောက်ရှိလာလေ၏။ တင်မမသည် အလွန်လှ၏။ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်း၏။ အသားညိုသော်လည်း ဆွဲဆောင်အား ကောင်း၏။ သူမသည် ကောလိပ်ကျောင်းသူလည်း ဖြစ်၏။





သူဌေးကြီးသည် သူ၏တူမ နေထိုင်ရန် ခြံဝင်းထဲရှိ သီးသန့်အိမ်ကလေးကို စီစဉ်ပေးလေ၏။

တင်မမသည် အလှူကိုလာသည် ဆိုသော်လည်း ရွယ်တူတန်းတူ မိန်းမပျိုလေးများနှင့် ရောရောနှောနှောမနေ။ အလှူရှင် ကူညီလုပ်ကိုင်ပေးဖို့ဝေးစွ၊ မြို့ခံလူများကိုပင် မတူမတန်သလို ဆက်ဆံလေ၏။

တစ်နေ့သ၌ မောင်မိုးစွေသည် လှည်းတစ်စီးတိုက်စာ ထင်းခြမ်းကြီးများကို တစ်ယောက်တည်း ဒိုင်ခံ၍ နေရိပ်အောက်တွင် ခြမ်းခွဲနေစဉ် ...

"ဟော့ ... ဒီကိုလာပါဦး"

ခေါ်သံလိုလို ကြားမိ၍ ပုဆိန်ကိုချပြီး လှည့်ကြည့်လိုက်ရာ ခါးထောက်၍ လက်ယပ်ခေါ်နေသော တင်မမကို တွေ့ရလေ၏။ ထိုအခါ မောင်မိုးစွေက ...

"ကျွန်တော်ကို ခေါ်တာလားဗျာ"

ဟု မေးရာ ခင်မမက ခေါင်းကိုညိတ်၍ ...

"ဟုတ်တယ် ... ရှင့်ကိုခေါ်တာ"

ဟု ဆို၏။

တင်မမသည် မောင်မိုးစွေအား သူဌေး၏အိမ်တွင် ခိုင်းထားသော အစေခံတစ်ဦးဟု အထင်ရောက်နေလေ၏။ အနားရောက်သောအခါတွင် တင်မမက ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရေချိုးဖို့ ရေချိုးခန်းထဲက ရေစည်ကြီးနှစ်လုံးကို ရေဖြည့်ပေးပါ၊ ကျွန်မက လူကြားသူကြားထဲ ရေဆင်းမချိုး တတ်ဘူး"

ဟု ဟန်ပါပါဖြင့် အမိန့်ပေးလေ၏။ မောင်မိုးဇွေ လည်း ...

"ဟုတ်ကဲ့ပါခင်ဗျာ၊ ဖြည့်ပေးပါ့မယ်"

ဟု ဆိုကာ ခါးတောင်းကို မြောင်အောင်ကျိုက်၍ ရေတွင်းထဲမှရေကို ရေစည်ကြီးနှစ်လုံးသို့ ဖြည့်ပေးလေ၏။ ရေဖြည့် ပြီးသောအခါ တင်မမက ...

"ရေဖြည့်ပြီးရင် ရှင် ကျွန်မအခန်းကို သန့်ရှင်းရေး လုပ်ပေး ဦး၊ ကြမ်းတွေကိုလည်း ရေစိုအဝတ်နဲ့ တိုက်ပေးဦး"

ဟု ခိုင်းစေပြန်ရာ မောင်မိုးဇွေသည် ရေပုံးကြီးကိုဆွဲ၍ သန့်ရှင်းရေး လုပ်ရလေ၏။ ကြမ်းများကို ရေစိုအဝတ်ဖြင့် တိုက်ရ လေ၏။

သန့်ရှင်းရေး လုပ်နေစဉ် တင်မမသည် ထိုင်ခုံတစ်လုံး ကိုယူ၍ မောင်မိုးဇွေ အနားတွင်ထိုင်ကာ စကားမရှိ စကားရှာ၍ –

"ရှင့်နာမည် ဘယ်လိုခေါ်သလဲဟင်"

"မောင်မိုးဇွေ ပါ"

"မောင်မိုးဇွေ ... မောင်မိုးဇွေ ... နာမည်လေးက လှသား ပါနဲ့၊ ရှင်က လူပျိုလား၊ အိမ်ထောင်နဲ့လား"

"လူပျိုပါ ခင်ဗျာ"





မိုးဇွေစကားကြောင့် တင်မမက တခစ်ခစ် ရယ်မော သာ ...

"ရည်းစားတွေ ဘာတွေကော မရှိဘူးလား၊ ရှင် မညာနဲ့ နော်"

"မရှိပါဘူး အစ်မလေးရော၊ ကျွန်တော့်လို မိမရှိ ဘမရှိ တစ်ကောင်ကြွက်၊ တစ်မြို့လုံးက ခိုင်းစေနေတဲ့သူကို ဘယ် မိန်းကလေးက ကြိုက်မှာလဲဗျ"

"အို ... ဒီလိုမပြောပါနဲ့၊ ရှင်က အချောသားပဲ၊ ရှင့်ကိုကြိုက် တဲ့မိန်းမ ရှိရင်ရှိမှာပေါ့၊ ကျွန်မနာမည် တင်မမတဲ့၊ မှတ်ထား၊ ရှင် မနက်ဖြန်ကျရင် ကျွန်မအိမ် လာဦး သိလား၊ ရှင်ကို သဘောကျသွားပြီ"

မောင်မိုးဇွေက ခေါင်းကို ညိတ်ပြသောအခါ တင်မမ သည် ကျေနပ်စွာပြုံးလိုက်ရင်း ...

"ကဲ ကဲ ... ရှင် ပြန်တော့၊ မနက်ဖြန် ရေဖြည့်ပေးဖို့ မမေ့ နဲ့"

ဟု ဆိုကာ မောင်မိုးဇွေကို ပြန်လွှတ်လိုက်လေ၏။ မောင်မိုးဇွေလည်း ချောင်းမှ လွှတ်လိုက်သော မြင်းကဲ့သို့ပင် လွှတ် လပ်ပေါ့ပါးစွာဖြင့် ထင်းခြမ်းများကို ဆက်၍ ခွဲလေ၏။ သူ၏စိတ် ထဲတွင် သူဒွေးတွမ တင်မမသည် သဘောကောင်းလှသည်ဟု ထင်မြင်နေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အလှူရက် နီးကပ်သောအခါ မောင်မိုးစွေသည် မအား လပ်တော့ပေ။ အလုပ်များကို ဇယ်ဆက်သလို လုပ်ကိုင်နေ၏။

နောက်တစ်နေ့တွင် တင်မမသည် အိမ်ကထ ထွက်ကာ မောင်မိုးစွေကို ဟိုဒီရှာဖွေလေ၏။ အလှူမဏ္ဍပ်ကြီး တွင် မောင်မိုးစွေကို မမြင်သဖြင့် သူဌေး၏အိမ်တွင် ခိုင်းစေထား သော မိစိန် ဟူသည့် မိန်းကလေးကို ရှာဖွေ၍ မောင်မိုးစွေ အား အခေါ်ခိုင်းလေ၏။ မိစိန်လည်း မောင်မိုးစွေကို ရှာဖွေရလေ၏။ မောင်မိုးစွေကို တွေ့သောအခါ မိစိန်က ...

"ကိုမိုးစွေ ... ရှင့်ကို သူဌေးတူမက ခေါ်ခိုင်းလိုက်တယ်"

ဟု ဆိုလိုက်လေရာ အလှူတွင် ကူညီလုပ်ကိုင်နေသော ကာလသားတစ်ယောက်က ...

"မိုးစွေတို့ ကြီးပွားနေတာများကွာ၊ သူဌေးတူမ ကောလိပ် ကျောင်းသူကတောင် အခေါ်ခိုင်းနေရတယ်၊ နေရာချင်း ထ လိုက်ချင်စမ်းပါဘိကွာ"

ဟု အားကျဟန်ဖြင့် ဆိုလိုက်လေရာ မောင်မိုးစွေက

"ကျုပ်ကို ခေါ်တာ အကောင်းခေါ်တာ မဟုတ်ဘူးဗျ၊ သူ ရေချိုးဖို့ ရေစည်ထဲကို ရေဖြည့်ခိုင်းတာ၊ နေရာချင်း လဲချင် ရင် ခင်ဗျားသွားဖြည့်ပေးလိုက်"

ဟု ဆိုလိုက်လေရာ ကာလသားများသည် ဝါးခနဲ ရယ်မောကြလေ၏။





မောင်မိုးစွေလည်း အလုပ်များကို လျင်မြန်စွာ လက်စ သတ်၍ တင်မမ ရှိရာကို သွားရလေ၏။ တင်မမသည် မောင်မိုးစွေ ကို မြင်သောအခါ ချစ်စဖွယ် နှုတ်ခမ်းစူ၍ ...

"ရှင် ကျွန်မ မှာထားတာ ဘာလို့မလာတာလဲ၊ ကျွန်မကို မေ့နေပြီလား"

ဟု မေးလေရာ မောင်မိုးစွေက ...

"မမေ့ပါဘူး အစ်မရယ်၊ အလုပ်မအားလို့ပါ"

"အို ... အားတာတွေ မအားတာတွေ ကျွန်မ နားမလည်ဘူး၊ ကျွန်မက ခေါ်ရင် လာမှကြိုက်တယ်၊ အခု ကျွန်မ ရေချိုး ချင်တယ်၊ ရေခပ်ပေး"

ဟု တင်မမက ဆူဆူအောင့်အောင့် ပြောလိုက်လေရာ မောင်မိုးစွေက ...

"ခပ်ပေးပါ့မယ်ဗျာ၊ ခပ်ပေးပါ့မယ်"

ဟု ဆိုကာ ပုဆိုးကို ခါးတောင်းကျိုက်၍ ရေများကို ခပ်ပေးလေ၏။ ရေခပ်ပြီးသောအခါ တင်မမက ...

"ရေခပ်ပြီးရင် ကျွန်မအခန်းထဲ ခဏလာဦး"

ဟု အမိန့်ပေးလေ၏။

မောင်မိုးစွေ အခန်းထဲသို့ ရောက်သောအခါ တင်မမ သည် လုံချည်ကို ရင်လျား၍ ရေချိုးခန်းထဲသို့ဝင်ကာ ရေကိုတဗွမ်းဗွမ်း ချိုးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးသောအခါ အခန်းထဲသို့ဝင်၍ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းကာ ရှန်လုံချည်နှင့် စာအင်္ကျီလက်ပြတ်ကို ဝတ်ဆင်၏။ ပြီးနောက်တွင်မှ ကိတ်မုန့်များ၊ သစ်သီးအချို့နှင့် ကော်ဖီနှစ်ခွက်ကို ဇန်းထဲသို့ထည့်ကာ မောင်မိုးဇွေအား ကျွေးသော တော့၏။

"ရှင် ကော်ဖီသောက်ရမယ်၊ မုန့်တွေလည်း စားရမယ်"

ဟု ဆိုလိုက်လေရာ မောင်မိုးဇွေက ...

"ဟာ ... မစားပါရစေနဲ့ခင်ဗျာ၊ ကျွန်တော် ပြန်ပါဦးမယ် အလုပ်တွေ ရှိသေးလို့ပါ"

ဟု ငြင်းဆန်လိုက်ရာ ...

"ရှင်က ကျွန်မစကားကို နားမထောင်ဘူးလား၊ ကျွန်မက ကျွေးရင်စားမှကြိုက်တယ်၊ ဘာလဲ သူဌေးနဲ့ တိုင်လိုက်ရမလား"

"မတိုင်ပါနဲ့ဗျာ၊ မတိုင်ပါနဲ့၊ စားဆိုလည်း စားပါမယ်"

တင်မမသည် မောင်မိုးဇွေအား သူမဦးလေး၏ အသေ သမားဟူ၍ပင် ထင်နေရှာ၏။ စိတ်သဘောထား ကောင်းမွန်သော မောင်မိုးဇွေ၏ စေတနာဝန်ထမ်း လာရောက်ကူညီနေခြင်းကို သေ ရှာပေ။ ထို့ကြောင့်ပင် သူဌေးနှင့် ခြိမ်းခြောက်နေခြင်း ဖြစ်၏။

ရိုးသားသော မောင်မိုးဇွေကမူ ထိုအခြင်းအရာ မရိပ်စားမိရှာ။ တင်မမ ကျွေးမွေးသော ကော်ဖီနှင့် မုန့်များကို ရှက်စွာ စားသောက်ရင်း တင်မမသည် စိတ်သဘောထားကော





မှ၍ အဆင့်အတန်း မခွဲခြားတတ်သူဟု ထင်မြင်နေမိလေ၏။ သောက်ပြီးသောအခါတွင် မောင်မိုးဇွေက ...

"စားလို့လည်း ပြီးပြီ၊ ကျွန်တော် ပြန်ပါရစေခင်ဗျာ၊ မဏ္ဍပ် ဆောက်တာ အပြီးသတ်အောင် ကူညီရဦးမယ်"

ဟု ဆိုလိုက်လေရာ တင်မမ၏ မျက်နှာသည် ရှုံ့မဲ့ သွားပြီး ...

"မဏ္ဍပ်က အရေးမကြီးပါဘူးရှင်၊ ဒီမှာ အေးအေးဆေးဆေး နေပါဦး"

"မဖြစ်လို့ပါ အစ်မလေးရယ်"

"ဖြစ်ပါတယ်ရှင်၊ ဒီလောက် ပျင်းစရာကောင်းတဲ့ အိမ်ကုပ် ကုပ်လေးမှာ စကားပြောစရာ မရှိရင် ကျွန်မ မနေတတ်ဘူး၊ ဒါကြောင့် ရှင့်ကို ခေါ်ထားတာရှင့်"

ထိုအခါ မောင်မိုးဇွေက ...

"ဒီလိုဆိုရင် သူဌေးကြီးရဲ့ အိမ်ဖော် မိစိန်ကို ကျွန်တော်ရှာ ပြီး လွှတ်ပေးလိုက်မယ်လေ"

ဟု ဆိုလိုက်လေရာ တင်မမသည် လွန်စွာ ဒေါသထွက် သွားပြီး ...

"ရှင်ဟာ အတော့်ကို အလိုက်ကမ်းဆိုး မသိတဲ့သူပဲ"

ဟု ဆိုကာ စိတ်ဆိုးမာန်ဆိုးဖြင့် မောင်းထုတ်လိုက် သတော့၏။ တင်မမသည် မောင်မိုးဇွေအား အပျင်းပြေ စကားပြောရင်း ရင်းနှီးသွားလျှင် အချိုကြိုးကြိုရန် စီမံထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် မသိမသာ ကျုံးသွင်းရန် ကြိုးစားနေခြင်း ဖြစ်၏။ သားကောင်သည် ကျုံးအတွင်းသို့ ဝင်ကာနီးကာလွတ်မြောက်သွားသဖြင့် မအီမသာကြီးဖြစ်၍ ကျန်ခဲ့လေတော့သတည်း။



## ယူဇနနဲ့ တွေ့ပြီ

မောင်မိုးဇွေသည် အလှူကြီး မကျင်းပမီညတွင် လွန်မှာပင်ပန်းနွမ်းနယ်လွန်း၍ အိပ်မောကျသွားလေ၏။ နေ့စဉ်ရက်ဆက် အိပ်ရေးပျက်ခဲ့သောကြောင့် အလှူကြီးပေးသည့် မနက်တွင် အိပ်ရာမှ မနိုးခဲ့ပေ။ တစ်စုံတစ်ယောက်က ကန်ကျောက်၍ နှိုးမှသာ အိပ်ရာမှ လူးလဲထလေ၏။

မျက်လုံးကို ပွတ်သပ်၍ ကြည့်လိုက်သောအခါတွင် အလုပ်ရှင်သူဌေးကြီး၊ တင်မမနှင့် ပုလိပ်များကို မြင်လိုက်ရလေ၏။ သူသည် အံ့သြသွားပြီး ...

"ဘာ ... ဘာဖြစ်လို့လဲခင်ဗျာ"

ဟု မောင်မိုးဇွေက မေးမြန်းလိုက်ရာ သူဌေးကြီးက ...

"ဘာဖြစ်ရမှာလဲကွ၊ မင်း ... ငါတို့မ စိန်လက်စွပ်ကို ခိုးသွားတယ်မဟုတ်လား"




www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါသတကြီး အော်ဟစ်လိုက်ရာ မောင်မိုးဇွေ က ...

"မခိုးပါဘူး သူဌေးရယ် ... ကျွန်တော့်မှာ ဒီလိုအကျင့်မျိုး မရှိပါဘူး၊ တစ်မြို့လုံးကို မေးကြည့်ပါဗျာ"

ဟု ပြောလိုက်လေ၏။ တင်မမက ...

"ဘာမခိုးရမှာလဲ၊ နင်မခိုးရင် ငါ့စိန်လက်စွပ်က ဘယ်ခြေ ထောက်ပေါက်သွားရမှာလဲ၊ ငါ့ ရေချိုးခန်းထဲကို နင်ဝင်တာ ငါရေချိုးနေတုန်း စိန်လက်စွပ် ခဏချွတ်ထားတာ ရေချိုး အဝတ်လဲပြီး ကြည့်လိုက်တော့ မရှိဘော့ဘူး၊ သူများအလှူမှာ တောင် လိုက်ပြီးခိုးတဲ့အကောင်၊ နင် မရှက်ဘူးလား"

ဟု စွပ်စွဲလိုက်ပြန်ရာ မောင်မိုးဇွေသည် ရှက်လွန်း၍ အသားများ တဆတ်ဆတ် တုန်ယင်နေမိ၏။ အလှူကို လာရောက် ကြသော ဧည့်ပရိသတ်များသည် သူ့အားဝိုင်းဝန်း၍ ကြည့်ရှုနေကြ လေ၏။ ရာဇဝတ်အုပ်ကမူ တစ်စုံတစ်ရာ ဝင်ရောက်ပြောဆိုခြင်း မရှိဘဲ "ယော့ကောင် ... လာ ဂါတ်တဲရောက်မှ ရှင်း"ဟု ဆိုကာ မောင်မိုးဇွေကို ကုပ်မှဆွဲ၍ ခေါ်ဆောင်သွားလေ၏။

သူဌေးကြီးက ရာဇဝတ်အုပ်အား ...

"ပေါ်အောင်သာ စစ်ဆေးပေးပါ ဆရာရယ်၊ ဒီစိန်လက်စွပ်က ငွေသုံးထောင်လောက် တန်ပါတယ်"

ဟု ဆိုကာ ငွေနှစ်ရာမျှ လာဘ်ထိုးလိုက်လေရာ ရာဇ ဝတ်အုပ်သည် ဂါတ်တဲသို့ ရောက်သောအခါ မောင်မိုးဇွေကို သား





ရေပိုက်လုံးဖြင့် တဖြောင်းဖြောင်း ရိုက်နှက်လေတော့၏။ မောင်မိုးဇွေ သည် နာကျင်လွန်းသဖြင့် တဟင်းဟင်း ညည်းညူကာ "မခိုးဘူး၊ ခိုးဘူး"ဟူ၍သာ ငြင်းဆိုလေ၏။

ရာဇဝတ်အုပ်ကလည်း သားရေပိုက်လုံးဖြင့် ဆက်လက် ရိုက်နှက်လေ၏။ မောင်မိုးဇွေသည် မည်သို့ပင် ငြင်းဆိုစေကာမူ လာဘ်ယူထားသော ရာဇဝတ်အုပ်သည် လူမဆန်စွာ ဆက်လက်ညှဉ်း ပန်းလေ၏။ "ယော့ကောင် ... မင်း ဝန်မခံရင်တော့ သေဖို့သာပြင်" ဟုဆိုကာ သားရေပိုက်လုံးဖြင့် တရစပ်ရိုက်ပြန်လေရာ မောင်မိုးဇွေ ၏ကိုယ်လုံးတွင် အဖုအပိန့်များ၊ သွေးစေးများဖြင့် မြင်မကောင်း အောင် ရှိနေလေတော့၏။

ထိုအခါတွင် စိတ်ကောင်း စေတနာကောင်း ရှိသော ဆားပုလင်းတစ်ဦးက ...

"ဒီမှာ ရာဇဝတ်အုပ်မင်း၊ ခိုးမှုကို ဒီလောက်နှိပ်စက်ဖို့ မလို ဘူးဗျ၊ ခင်ဗျား လာဘ်ယူပြီး နှိပ်စက်ညှဉ်းပန်းနေတာ ကျုပ် သိတယ်၊ ကျုပ် ဒီအမှုကို ပေါ်အောင်စစ်ပေးမယ်၊ ဒီကောင် လေးကို နှိပ်စက်တာ ရပ်လိုက်ပါ"

ဟု ပြောလိုက်လေရာ ရာဇဝတ်အုပ်မင်းသည် နှိပ်စက် ခြင်းကို ရပ်စဲလိုက်ရလေ၏။ ဆားပုလင်းသည် အမှုကိုစွမ်းစွမ်းတမံ စစ်ဆေးလိုက်သောအခါ သူဌေးကြီး၏အိမ်ဖော် မိစိန် ဆိုသော မိန်းကလေးသည် လူလစ်ချိန်တွင် ရေချိုးခန်းတွင်းသို့ ဝင်ရောက် ခိုးကြောင်း သိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်ပင် မိစိန်အား ဂါတ်တဲသို့ခေါ်၍ စစ်ဆေးလိုက်ရာ ငိုယို၍ ခိုးယူထားသော စိန်လက်စွပ်အား ထုတ်ပေးလေ၏။

စိန်လက်စွပ် ပျောက်ဆုံးမှုသည် အမှုမှန်ပေါ်၍ သွားသောကြောင့် မောင်မိုးဇွေသည် အချုပ်မှ လွတ်လေတော့၏။

ထိုအချိန်၌မှာပင် မြို့ကလေးတွင် မောင်မိုးဇွေနှင့် ပတ်သက်၍ အမျိုးမျိုး ထင်မြင်ချက်ကို ပေးကြလေ၏။ အချို့က ...

"မောင်မိုးဇွေက ရိုးသားပါတယ်ကွာ၊ ဒါပေမဲ့ လူဆိုတာ ပြောရခက်သားကွ၊ သူကြွယ်တောင် လွယ်ရင် လက်ဆော့သေးတာပဲ"

ဟု ဆိုကြ၏။ အချို့ကမူ ...

"နောက်ဆိုရင် မောင်မိုးဇွေကို အိမ်မှာခေါ်ခိုင်းရင် သတိထားရမယ်၊ ခြံခုန်ဖူးတဲ့နွား ဆိုတာ နောက်တစ်ကြိမ်ခုန်ဖို့ ဝေးလေးဘူး"

ဟု ဆိုကြ၏။

အချို့ကလည်း ...

"သူဌေးတူမရဲ့ အခန်းထဲကို ဝင်ထွက်ခွင့်ရတာက မောင်မိုးဇွေတစ်ယောက်ပဲကွ၊ ဒါပေမဲ့ကွာ ... မောင်မိုးဇွေကတော့ ဒီလိုလုပ်မယ် မထင်ပါဘူး"

ဟု ဆိုကြလေ၏။





မောင်မိုးဇွေသည် အချုပ်မှ လွတ်သည်နှင့် ခြေဦးတည်ရာအရပ်သို့ သွားလာနေမိလေ၏။ ဤသို့ သွားလာရင်းသူ၏ငယ်စဉ်ဘဝကို ပြန်လည်တွေးတောမိလေ၏။

မောင်မိုးဇွေသည် လူမှန်းသိစဉ်ကပင် အဖေမရှိသောဘဝဖြင့် ကြီးပြင်းလာခဲ့ရ၏။ မိခင်သည် မောင်မိုးဇွေကို အကြော်သည်အဖြစ် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ကျွေးမွေး ပြုစုခဲ့၏။ မောင်မိုးဇွေသည် အသက်ဆယ့်ငါးနှစ် အရွယ်တွင် မြို့ကလေး၌ ဗုလိပ်ရောဂါကပ်ဆိုးကြီး ကျရောက်ခဲ့၏။

ထိုကပ်ဆိုးကြီးကြောင့် မောင်မိုးဇွေ၏မိခင်ကြီး အသက်ဆုံးပါးခဲ့ရ၏။ ထိုအချိန်မှစ၍ သူသည် ဘဝကို ပင်ပန်းဆင်းရဲစွာ ရုန်းကန်ခဲ့ရ၏။ တစ်မြို့လုံး၏ ခိုင်းဖတ်ဘဝသို့ ရောက်ရှိခဲ့ရ၏။ ညည်သို့ပင်ဖြစ်စေ သူ သည်မြို့ကလေးကို အလွန်ချစ်၏။

မြို့သူမြို့သားများကလည်း သူ့ကို ချစ်ကြ၏။ သူသည်လည်း မြို့ကလေး၏ မိသားစုဝင်ကဲ့သို့ ဖြစ်၏။ သို့သော် ထိုအခြင်းအရာများသည် ခိုးမှုနှင့် စွပ်စွဲခံရသည့် အချိန်အထိသာ အကျုံးဝင်၏။ သူသည် မြို့ကလေးတွင် ဆက်လက်၍ နေထိုင်လိုစိတ် မရှိတော့ပေ။ သူ၏ မျက်လုံးထဲတွင် ချောမောလှပသော တင်မမ၏ ရုပ်သွင်ကို ပြန်လည်မြင်ယောင်လာမိ၏။ သူ့အား မုန့်ကျွေးပြီး ကော်ဖီတိုက်ခဲ့သည်က "လွန်စွာသဘောမနော ကောင်းသည်"ဟု ထင်ရသော မိန်းမသည် သူ့အား လူပုံအလယ်တွင် လက်ညှိုးငေါက်ငေါက်ထိုး၍ သူခိုးဟု စွပ်စွဲခဲ့လေ၏။

www.burmeseclassic.com



ထို့နောက်တွင်မူ သူ့အား လာဘ်ငွေယူ၍ ပိုက်လုံးဖြင့် တဖြောင်းဖြောင်း ရိုက်နှက်စစ်ဆေးသော ရာဇဝတ်အုပ်၏ မျက်နှာ၊ သူ့အား အချုပ်တွင်းမှ ထုတ်ပေးသော ဆားပုလင်း၏မျက်နှာ၊ အိမ်ဖော်မိစိန်၏ မျက်နှာတို့သည် သူ၏အတွေးထဲတွင် တရေးရေး မြင်ယောင်လာပြန်၏။

"ငါဟာ အရိုးသားဆုံး နေထိုင်ခဲ့ပေမဲ့ ကံကြမ္မာကတော့ ငါ့ဘဝကို အဆိုးဝါးဆုံး နှိပ်စက်ခဲ့တာပဲ"

ဟု တွေးတောကာ သူ၏ဘဝကို စိတ်နာသွားလေ၏။

ထိုမှတစ်ဖန် လောကကြီးကို စိတ်နာသွားပြန်၏။ ဤသို့လျှင် မောင်မိုးဆွေသည် ရောက်တတ်ရာရာတွေးရင်း ခြစ်ခြစ်တောက် ပူလောင်နေသော နေရောင်အောက်တွင် အစီပွာယ်မဲ့ သွားလာနေလေ၏။

မွန်းတည့်နေ၏ ပူလောင်မှုကြောင့် သူ၏နှုတ်ခမ်းတို့သည် ခြောက်သွေ့အက်ကွဲ၍ လာ၏။ သူသည် ခြေဦးတည်ရာ အရပ်သို့ သွားလာနေလေရာ မြို့ပြင်ဘက်သို့ပင် ရောက်ရှိနေလေ၏။ မြို့ပြင်ဘက်တွင် သစ်ရိပ်ဝါးရိပ်များဖြင့် အေးမြနေသော ဇရပ်ကြီး တစ်ဆောင်ရှိ၏။

သူသည် ထိုဇရပ်ကြီးရှိရာ အရပ်သို့ ခြေဦးလှည့်ခဲ့လေ၏။ ဇရပ်သို့ ရောက်သောအခါတွင် လေကားရင်း၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ...



"ဒီအချိန်မှာ ရေတစ်ပေါက်လောက် သောက်ရရင် ဘယ်လောက် ကောင်းမလဲ"

ဟု တောင့်တလိုက်လေ၏။ ထိုအခိုက်မှာပင် ...

"ဒုက္ခကောင် တစ်ကောင်တော့ လာပြီ ပညာရေ၊ ရေလည်း အတော်ဆာနေပုံ ရတယ်၊ ရေပူရေချမ်းလေး ကမ်းလှမ်းလိုက်ပါဦးကွာ"

ဟူသော အသံကို ကြားရ၍ လှမ်းကြည့်လိုက်လေရာ ဇရပ်ပေါ်တွင် အေးဆေးသက်သာစွာ အနားယူနေသော အသက်လေးဆယ်ဝန်းကျင် ယောကျ်ားကြီး နှစ်ယောက်ကို တွေ့ရလေ၏။ ယောကျ်ားကြီး နှစ်ယောက်စလုံးသည် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများဖြင့် လွန်စွာ ယောကျ်ားပီသသော ဟန်ပန်ရှိကြပြီး တစ်ဦးမှာ အလွန်အရပ်ရှည်၍ ကျန်တစ်ဦးမှာ အရပ်ပု၏။ အရပ်ရှည်သော လူကြီးက ...

"ဟော့ကောင် ... ရော့"

ဟု ဆိုကာ မောင်မိုးဆွေ၏ ရင်ခွင်ထဲသို့ ရေဘူးကို ဘုတ်ခနဲ လှမ်းပစ်ပေးလိုက်ရာ မောင်မိုးဆွေသည် ရေဘူးကိုဖွင့်၍ တစ်ငုံမျှ သောက်လိုက်လေ၏။ ထိုအခါ သူ၏ရင်ထဲတွင် အေးမြ၍ သွားပြီး၊ ဆာလောင်မှုများလည်း အတော်အတန်မျှ ပြေပျောက်သွားလေ၏။ ထိုအခါ အရပ်ရှည်သော လူကြီးက ...

"ကိုယ့်လူကြည့်ရတာ တစ်ကိုယ်လုံးလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ အတော်လေးကို နှိပ်စက်ခံထားရပုံ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်လေရာ အရပ်ပုသော လူကြီးက ...

"ဟဲ ဟဲ ... ဒုက္ခဆိုတာ ဒီလိုပဲကွ၊ လာရင် တစ်ယောက်တည်း ဘယ်တော့မှ မလာဘူး၊ အဖော်အပေါင်းနဲ့မှ လာတတ်တယ်၊ ဒါပေမဲ့ ဒုက္ခဆိုတဲ့ အရာဟာ ကြည့်တတ်ရင်တော့ ရယ်စရာပါပဲကွာ"

ဟု ဆိုလိုက်ပြန်ရာ မောင်မိုးစွေက ...

"ရယ်စရာ မဟုတ်ဘူးဗျ၊ ငိုစရာ ... ငိုစရာ ... ကျုပ်တစ်ကိုယ်လုံး ကြည့်စမ်းပါဦးဗျာ၊ ဒဏ်ရာဒဏ်ချက်တွေနဲ့ မြင်လို့မှ ကောင်းသေးရဲ့လား၊ အဲဒါ မတရားနှိပ်စက်ညှဉ်းပန်းခံရတာဗျ၊ သူဌေးတွမရဲ့ စိန်လက်စွပ်ကို ကျုပ်မခိုးဘဲ ခိုးတယ်ဆိုပြီး အနှိပ်စက်ခံရတာဗျ၊ ရာဇဝတ်အုပ်ကို လာဘ်ပေးပြီး နှိပ်စက်ခိုင်းတာ၊ တကယ်ခိုးတာက သူဌေးအိမ်က အိမ်ဖော်ကောင်မလေး၊ ခံရတော့ ကျုပ်ဗျာ"

ဟု ဒေါသတကြီး အော်ဟစ်ပြောဆိုလိုက်ရာ အရပ်မြင့်သော လူကြီးက ...

"လောကဟာ တစ်ခါ တစ်ခါတော့ ဒီလိုပဲကွ၊ အမြဲတမ်းသဘောတော့ ဘယ်ကောင်းနေမလဲကွာ၊ သူလည်းဆိုးချင်တဲ့အခါ ဆိုးမှာပေါ့၊ ဒါပေမဲ့ သူဟာ ဘယ်တော့မှ အမြဲမဆိုးတတ်ပါဘူးကွာ"

ဟု မောင်မိုးစွေကို နှစ်သိမ့်လိုက်လေ၏။ အရပ်မြင့်သော လူကြီးက ...





"ဆိုးဆိုးကောင်းကောင်း ငါ့အတွက်တော့ ဘယ်လိုပဲကြည့်ကြည့် လောကဟာ အူနှိပ်ပြီး ရယ်စရာကြီးပါကွာ၊ ငါ့ကို အမြဲတမ်း ဟာဒယရွှင်ဆေး တိုက်ကျွေးနေတဲ့ အကောင်ကြီးပါကွာ"

ဟု ဝင်ရောက် ပြောဆိုလေ၏။ မောင်မိုးစွေက ...

"ဘယ်ကလာ ရယ်စရာ ကောင်းရမှာလဲဗျာ။ ကျုပ်အဖြစ်ကိုပဲ ကြည့်စမ်းပါဦး၊ မတရားစွပ်စွဲပြီး နှိပ်စက်ခံရတာ ရယ်စရာလားဗျ"

ဟု ပြောပြန်လေရာ အရပ်ပုသော လူကြီးက တဟားဟားရယ်၍ ...

"ရယ်စရာပါကွာ၊ မင်းကြည့်လေ၊ တကယ်ခိုးတဲ့သူက သူဌေးအိမ်က အိမ်ဖော်ကောင်မလေး၊ အဖမ်းခံရပြီး နှိပ်စက်ခံရတာ မင်း၊ ဘယ်လောက် ရယ်စရာ ကောင်းသလဲ"

ဟု ပြောလိုက်လေရာ မောင်မိုးစွေမှာ ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

"ကျွန်တော့်တစ်ကိုယ်လုံး ဖူးယောင်နေအောင် နှိပ်စက်ခံရတာကတော့ ရယ်စရာ မကောင်းဘူးဗျ"

"ရယ်စရာပေါ့ကွာ၊ ကိုယ်တကယ်မခိုးဘဲ သားရေပိုက်လုံးနဲ့ တဖြောင်းဖြောင်း ရိုက်ခံရတာလောက် ရယ်ဖို့ကောင်းတာ ရှိပါ့မလားကွ၊ ငါတော့ မင်းကို သားရေပိုက်လုံးနဲ့ တဖြောင်းဖြောင်း ဆော်နေတာကို ထိုင်ကြည့်ပြီး ရယ်ချင်လိုက်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု လူကြီးက ပြောလိုက်ပြန်ရာ မောင်မိုးဆွေသည် ဒေါသခြောင်းခြောင်း ထွက်သွားပြီး ...

"ခင်ဗျားဟာ အတော် အကြင်နာတရား မဲ့တဲ့သူပဲ"

ဟု ဆိုလိုက်လေရာ ထိုလူကြီးက တဟားဟားရယ်ရင်း ...

"လာပြန်ပြီ ရယ်စရာတွေ၊ ဒီစကားက မင်းကို နှိပ်စက်ခဲ့တဲ့ ရာဇဝတ်အုပ်ကို ပြောရမဲ့ စကားကွ၊ အခုတော့ မဆီမဆိုင် ငါ့ကိုလာပြီး အကြင်နာတရားမဲ့တဲ့သူတဲ့"

"ရာဇဝတ်အုပ်က လာဘ်စားတာဗျ"

"ဒါလည်း ရယ်စရာပဲကွ၊ ရာဇဝတ်အုပ်ဆိုတာ တကယ်ကျ ဆိုးသွမ်းနေတဲ့ လူဆိုးလူမိုက်တွေကို နှိမ်နင်းရမှာကွ၊ ဘာ အပြစ်မှ မရှိတဲ့ မင်းလိုလူကိုမှ လာဘ်လာဘယူပြီး နှိပ်စက် တယ်ဆိုတာ ရယ်ဖို့ကောင်းတာပေါ့ကွာ"

ထိုအခါ မောင်မိုးဆွေသည် လူကြီးကို သဘောပေါက် သွားပြီး ...

"ခင်ဗျားဟာ ကြံဖန်ပြီး ရယ်စရာ လုပ်နေတာပဲ"

ဟု မှတ်ချက်ချလိုက်လေရာ ထိုလူကြီးသည် ရယ်မော လိုက်ပြန်ရင်း ...

"ဟုတ်လိုက်လေကွာ၊ မင်း တော်တော်တိုးတက်လာပြီ လောက ဟာ ရယ်စရာလို့ သဘောထားရင် ရယ်ရပါတယ်ကွာ"





ဟု ပြောလေ၏။ ထိုအခါ တစ်ချိန်လုံးထိုင်၍ နားထောင်နေသော ပညာ ဆိုသော လူကြီးက ...

"ဗလရေ ... ရယ်စရာတွေ ခဏထားလိုက်ဦး၊ နေမွန်းတည့် ပြီကွ၊ ငါတို့ ပွဲတော် တည်ရအောင်"

ဟု ဆိုကာ ထမင်းထုပ်သုံးထုပ်ကိုယူ၍ မောင်မိုးဆွေအား တစ်ထုပ်ပေးလေ၏။ ပြီးနောက် ...

"ကြက်သားဟင်းနဲ့ ထမင်းကို အားရပါးရ စားလိုက်စမ်းပါ ကိုယ့်လူရယ်"

ဟု ပြောလေရာ မောင်မိုးဆွေသည် ဝမ်းထဲတွင် ဆာဆာနေသော်လည်း ဟန်လုပ်၍ ငြင်းဆိုလေ၏။ ထိုအခါ ဗလ ဆိုသော လူကြီးက ...

"ဟောကောင် စားပါကွ ၊ မင်း ဗိုက်ထဲမှာ ဘာတစ်ခုမှ မရှိဘူးဆိုတာ ငါသိပါတယ်၊ ဗိုက်ထဲမှာ ဆာနေရက်နဲ့ ဟန်ဆောင်ပြီး နေရတာ ရယ်စရာ ကောင်းပါတယ်ကွာ"

ဟု ဆိုလိုက်လေရာ မောင်မိုးဆွေလည်း ဟန်ကိုမင် ဆောင်နိုင်တော့ဘဲ ကြက်သားဟင်းနှင့် ထမင်းကို မြိန်ယှက်စွာ စားသောက်လေ၏။

ထမင်းစားသောက်ပြီးသောအခါ ရေဘူးထဲမှရေကို သောက်ကြ၏။ လက်ကို ဆေးကြ၏။ ပြီးသောအခါတွင် ပညာဆို သော လူကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားပြီးရင် တိုင်ကိုမှီပြီး ဟောဒီဆေးလိပ်လေးကို ဖိမ်ရှိရှိ သောက်လိုက်စမ်းပါကွာ"

ဟု ဆိုကာ ဆေးလိပ်တစ်လိပ်နှင့် မီးခြစ်ကို ပေးလေ၏။ ဗလ ဆိုသော လူကြီးက ဆေးလိပ်ကို မီးညှိဖွာရှိုက်ရင်း —

"ထမင်းစားပြီး ခံတွင်းချဉ်နေတုန်းမှာ ဆေးလိပ်သောက်ရ မှန်း မသိတဲ့လူဟာ ရယ်စရာပါပဲကွာ"

ဟု ဆိုလိုက်လေရာ မည်သည့်အခါတွင်မဆို ရယ်စ ရာအဖြစ် မြင်တတ်သော လူကြီး၏ စကားကို မောင်မိုးဇွေလည်း နှစ်မြိုက်၍ သွားလေ၏။ ထို့ကြောင့်ပင် သဘောကျကာ ဟက်ဟက် ပက်ပက် ရယ်မောမိလေ၏။ သူ၏ရင်ထဲတွင်ရှိသော စိုးရိမ်သော များလည်း အတန်ငယ် လျော့ပါးသွားလေတော့၏။

"ဒီလူကြီးနှစ်ယောက်နဲ့ စကားပြောရတာ ငါ့စိတ်ထဲမှာ ပေါ့ပေါ့ပါးပါး ရှိလိုက်တာ"

ဟုလည်း တွေးမိလေ၏။ သူသည် လူကြီးနှစ်ယောက် ကို ခင်မင်၍ သွားလေ၏။ ထို့ကြောင့် ...

"ခင်ဗျားတို့ နှစ်ယောက်က ဘယ်ကလာတာလဲ၊ ဘယ်ကို သွားမလို့လဲ"

ဟု မေးမြန်းလေ၏။ ပညာ ဆိုသော လူကြီးက —

"ငါ့နာမည်က ပညာ၊ သူ့နာမည်က ဗလတဲ့၊ နှစ်ယောက် ပေါင်းလိုက်တော့ ပညာဗလ ပေါ့ကွာ၊ ပညာဉာဏ် ကြီး





မားတဲ့သူ နှစ်ယောက်ပေါ့၊ ငါတို့နှစ်ယောက်က ညီအစ်ကိုကွ၊ ပညာကအကြီး၊ ဗလက အငယ်ပေါ့ကွာ၊ ငါတို့ညီအစ်ကိုနှစ် ယောက်ဟာ လောကကြီးရဲ့ လျှို့ဝှက်ချက်ကို ကိုယ်နည်း ကိုယ့်ဟန်နဲ့ ရှာဖွေနေတဲ့ သူတွေပဲကွ"

ဟု ဆိုလိုက်လေရာ မောင်မိုးဇွေက အားတက်သရော

—

"လောကရဲ့ လျှို့ဝှက်ချက်ကို တွေ့ရော တွေ့ပြီလားဗျာ"

ဟု မေးမြန်းလိုက်လေရာ ပညာ ဆိုသော လူကြီး

—

"ဘယ်တွေ့ပါ့မလဲကွာ၊ ငါတို့က ရှာနေတာကိုး၊ ရှာနေတဲ့ သူဟာ ဘယ်တော့မှ မတွေ့နိုင်ဘူးကွ၊ မရှာဘဲနေမှ တွေ့မှာ၊ တွေ့ပြီဆိုရင်လည်း လျှို့ဝှက်ချက် မဟုတ်တော့ဘူး"

ဟု ပြောလိုက်လေရာ မောင်မိုးဇွေ၏ ခေါင်းထဲတွင် တွေးသွားလေ၏။

ထို့ကြောင့် မောင်မိုးဇွေက ...

"ခင်ဗျားတို့ ပြောတာ ကျွန်တော် ဘာမှ နားမလည်ဘူး၊ ကျွန်တော် နားလည်တာကတော့ ကျွန်တော့်ဘဝဟာ အလွန် ဆိုးဝါးတယ် ဆိုတာပဲ"

ဟု စိတ်ပျက်လက်ပျက် ဆိုလိုက်လေရာ ပညာ သော လူကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"လူ့ဘဝဆိုတာ စာအုပ်တစ်အုပ်ပါပဲကွာ၊ နေ့ရက်[illegible] တွေဟာ စာကြောင်းတွေ စာမျက်နှာတွေပဲပေါ့၊ ဒီ[illegible] မင်း ဘဝ စာအုပ်ဟောင်းကြီးကို စာအုပ်သစ် ပြောင်းလိုက်[illegible] ကွာ"

ဟု ပြောလေရာ၊ မောင်မိုးဆွေက ...

"ဗျာ ... စာအုပ်သစ် ပြောင်းရမယ်"

ဟု တအံ့တသြ မေးမြန်းလေ၏။ ဗလ ဆို[illegible] လူကြီးက ...

"ဟုတ်တယ်ကွ၊ မင်းဘဝစာအုပ်ဟောင်းကြီးကို စုတ်[illegible] စာအုပ်သစ် ပြောင်းရမယ်၊ စာအုပ်သစ်ပြောင်းဖို့က[illegible] တို့ညီအစ်ကိုနှစ်ယောက်ရဲ့တာဝန် ထားစမ်းပါကွာ၊ ဒီ[illegible] မင်းဘဝ စာအုပ်သစ်တစ်အုပ် ဖြစ်ချင်ရင် ငါတို့နဲ့ လို[illegible] ပေတော့"

ဟု ဖိတ်ခေါ်လိုက်လေရာ မောင်မိုးဆွေသည် တွေ[illegible] သွားလေ၏။ သူသည် မြို့ကလေးတွင် ဆက်လက်နေထိုင်လို[illegible] မရှိတော့ပေ။ မြို့ကလေးရှိ လူများနှင့်လည်း မျက်နှာချင်း [illegible] လိုတော့ပေ။

"ငါ တစ်သက်လုံး ပင်ပန်းဆင်းရဲခဲ့တာပဲ၊ ဒီထက်[illegible] ဆင်းရဲဖို့ဆိုတာ ရှိတော့မှာ မဟုတ်ဘူး၊ ဒီတော့ ဒီလူ[illegible] နှစ်ယောက်နဲ့ လိုက်သွားရင်တော့ တစ်ခုခု ထူးခြားမှာ"

ဟု တွေးမိကာ မောင်မိုးဆွေက ...





"လိုက်မယ်ဗျာ ... လိုက်မယ်၊ ကျွန်တော့်ဘဝ စာအုပ်သစ် ဖြစ်စေရမယ်၊ စာအုပ်ဟောင်းကြီးကို စုတ်ဖြဲပစ်ရမယ်"

ဟု အားတက်သရော ပြောလိုက်လေရာ လူကြီးနှစ်[illegible]ယောက်သည် မောင်မိုးဆွေ၏ ပခုံးကို ဝမ်းသာအားရ ပွေ့ဖက်လိုက်[illegible]လေ၏။

ဗလဆိုသော လူကြီးက တဟားဟားရယ်၍ ...

"လောကကြီးမှာ ရယ်စရာ သတ္တဝါတစ်ကောင်တော့ တိုးပါပြီကွာ"

ဟု ရေရွတ်လိုက်လေတော့၏။ ပညာ ဆိုသော [illegible]ကြီးကမူ မောင်မိုးဆွေ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ရင်း [illegible]င်းတဆတ်ဆတ် ညိတ်လိုက်လေ၏။

(၁၆)



www.burmeseclassic.com

www.burmeseclassic.com



## အာဏာသမျှကျွဲအသက်

အထက်က ဆိုခဲ့သည့်အတိုင်း ပညာဗလ ညီအ[illegible] နှစ်ဦးသည် မောင်မိုးဆွေကို ခေါ်ယူ၍ ရောဝတီမြစ်ကို စစ်ကိုင်း[illegible] တွင် ဖြတ်သန်းကာ စစ်ကိုင်း၊ ရွှေဘို၊ ကန့်ဘလူ၊ ကော[illegible] စသော မြို့များအတိုင်း မီးရထားဖြင့် ခရီးဆက်ခဲ့လေ၏။

မောင်မိုးဆွေသည် လူမှန်းသိတတ်စဉ်ကပင် မြို့က[illegible] တွင် နေထိုင်၍ ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်လာ[illegible] ဖြစ်လေရာ မည်သည့်ဒေသကိုမျှ မရောက်ဖူးပါ။ ထို့ကြော[illegible] မမြင်ဖူးသော ရှုခင်းများကို ကြည့်၍ လွန်စွာပျော်ရွှင်နေသော[illegible] လမ်းခရီးတစ်လျှောက်တွင် ပညာဗလ ညီအစ်ကိုနှစ်ယောက်[illegible] မောင်မိုးဆွေအား ကောင်းစွာကျွေးမွေးပြုစုလေ၏။

ကချင်ပြည်နယ်ရှိ မိုးညှင်း၊ ဆားမော်မြို့ကလေး[illegible] ကို ဖြတ်သန်းပြီး မိုးကောင်းဘူတာသို့ မီးရထားဆိုက်သော[illegible] ဗလ ဆိုသော လူကြီးက ...





"မောင်မိုးဆွေရေ ... ဆင်းကြမယ်ဟေ့၊ ဒါ ငါတို့မြို့ပဲ"

ဟု ဆိုကာ ရထားပေါ်မှဆင်း၍ မြို့စွန်ရှိ ၎င်းတို့၏ ခြံကလေးသို့ မြင်းရထားဖြင့် ခရီးဆက်ကြပြန်၏။ မြို့ကလေး၏ ရာသီဥတုမှာ လွန်စွာအေးမြပြီး၊ ကချင်လူမျိုးများနှင့် ရှမ်းအနွယ်ဝင်များကို အများဆုံး တွေ့ရလေ၏။ မောင်မိုးဆွေသည် မြင့်မားသော ထင်းရှူး၊ သစ်ကြား၊ သစ်ချ၊ သစ်အယ်၊ တောင်ဇလပ် စသော မမြင်ဖူးသည့် အပင်ကြီးများကို တအံ့တသြ ကြည့်ရှုနေလေ၏။

စိုက်ခင်းပျိုးခင်းများဖြင့် စိမ်းစိမ်းစိုစိုရှိသော ခြံကလေးတစ်ခြံသို့ ရောက်သောအခါ မြင်းရထားကို ရပ်စေ၍ ပညာ ဆိုသော လူကြီးက ...

"ဒါ ငါတို့ရဲ့ အိမ်ဂေဟာပဲကွ မောင်မိုးဆွေရ၊ မင်းမကြိုက်ဘူးလား"

ဟု ဆိုလိုက်လေရာ တောင်ကုန်းမြင့်မြင့်လေးပေါ်တွင် ဆည်ဆောက်ထားသော သစ်လုံးအိမ်ကလေးကို မြင်ရလေ၏။ အိမ်ကလေး၏ နံဘေးတွင် ရေတွင်းကလေးရှိ၏။ မောင်မိုးဆွေလည်း ခမ်းသာအားရဖြင့် ...

"စိုက်ခင်းကလေးကလည်း စိမ်းစိမ်းစိုစိုနဲ့ ကုန်းမြင့်မြင့်လေးမှာ အိမ်ကလေးကို သစ်လုံးတွေနဲ့ ဆောက်ထားတယ်၊ အိမ်နံဘေးမှာလည်း ရေတွင်းလေးနဲ့ သိပ်ကြိုက်တာပဲဗျာ"

ဟု ပြောဆိုလေ၏။ ဗလ ဆိုသော လူကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"တို့ခြံကလေးရဲ့ အနောက်ဘက်မှာ စမ်းချောင်းလေးတစ်ခု ဖြတ်စီးသေးတယ်ကွ၊ ရာသီဥတုကောင်းတဲ့ အချိန်ဆိုရင် စမ်းရေစီးသံကလေးက သိပ်သာယာတာပဲကွ"

ဟု ဆိုလိုက်လေရာ မောင်မိုးစွေသည် ပိုမို၍ သဘောကျသွားလေ၏။ သစ်လုံးအိမ်ကလေးထဲသို့ ရောက်သောအခါ မီးလင်းဖိုကြီးတစ်လုံးနှင့် ပတ္တူခုံတင်ကလေး သုံးလုံးကို မြင်ရလေ၏။

မီးလင်းဖိုကြီးတွင် သံချိတ်ဖြင့်ချိတ်ကာ ရေနွေးအိုးကို တည်ရ၏။ ဗလ ဆိုသော လူကြီးက ...

"ရာသီဥတုက သိပ်အေးတာကွ၊ မီးလင်းဖိုကို အမြဲဖိုထားရတယ်၊ တောင်ထိပ်မှာဆိုရင် ရေခဲအမှတ်အောက် ရောက်အောင်အေးတယ်၊ ဒီဒေသမှာက ကချင်လူမျိုးတွေ အများဆုံးနေထိုင်ကြတယ်၊ အရှေ့ဘက်မှာ ငါတို့ရဲ့ ဆွေမျိုးပေါက်ဖော် တရုတ်ပြည်ကြီး ရှိတယ်၊ မြောက်စွန်းမှာတော့ တိဘက်လူမျိုးကို တွေ့ရတတ်တယ်ကွ၊ ဒီဒေသဟာ မြန်မာပြည်ရဲ့ ထိပ်ဖျားပိုင်းပေါ့ကွာ"

ဟူ၍ မီးကောင်းမြို့ကလေးနှင့် ပတ်သက်၍ ရှင်းလင်းပြလေ၏။ ရေနွေးအိုး ဆူသောအခါ ဆန်ပြုတ်အိုးကြီးကို ဖိုပေါ်သို့ တင်၍ ဆန်ပြုတ်ပြုတ်လေ၏။ ညနေစာကို ဆန်ပြုတ်ထဲသို့ အသားခြောက် အနည်းငယ်ထည့်၍ မုန်ညှင်းခြောက်၊ ကြက်သွန်ကြော်တို့ဖြင့် သုံးဆောင်သား မြိန်ယှက်စွာ စားသောက်ကြ၏။ ဆန်ပြုတ်ပြီးသောအခါ ကော်ဖီဖျော်သောက်ကြပြန်၏။ ပြီးသောအခါတွင်





[illegible]န်းကန်များကို ယူဆောင်၍ မောင်မိုးစွေက ဆေးကြောမည်ပြုရာ [illegible]ညာ ဆိုသော လူကြီးက ...

"မဆေးပါနဲ့ မောင်မိုးစွေရာ၊ မနက်ရောက်မှ ဆေးပါ၊ ရေကိုင်ပြီးရင် သိပ်အေးတာကွ၊ လက်ချောင်းလေးတွေ ထုံကျင်နေတတ်တယ်"

ဟု ဆိုကာ တားဆီးလေ၏။ အတန်ငယ် ညဉ့်နက်[illegible]သောအခါ ကင်းကော့ခုတင်လေးပေါ်တွင် တုံးလုံးပက်လက်လှဲရင်း [illegible]စက်ကြလေ၏။ စောင်များကို အထပ်ထပ် ခြုံလွှမ်းထားရပြီး [illegible]ညလုံးပင် မီးလင်းဖိုကြီးကို ဖိုထားရ၏။ မနက်သို့ ရောက်သော[illegible] လွန်စွာအေးမြလွန်းသဖြင့် ရေနွေးဖြင့် မျက်နှာသစ်ရလေ[illegible]

မောင်မိုးစွေသည် ခြံတွင်းရှိ စိုက်ခင်းများကိုကြည့်[illegible]

"ကျွန်တော်က ဒီစိုက်ခင်းတွေမှာ အလုပ် လုပ်ရမှာပေါ့နော်"

ဟု မေးလေရာ ပညာ ဆိုသော လူကြီးက ...

"မလုပ်ရပါဘူးကွာ၊ ငါတို့စိုက်ခင်းတွေကို အနီးပတ်ဝန်းကျင်က ယာသမားတွေက လာလုပ်ကြတယ်ကွ"

"စားဖို့သောက်ဖို့တော့ အလုပ်တစ်ခုခု လုပ်ရမှာပေါ့ဗျ"

"မလုပ်ရပါဘူးကွာ၊ စားဖို့သောက်ဖို့ကိစ္စကို မင်းခေါင်းထဲမှာ ထည့်မထားနဲ့၊ မင်းမှာ အလုပ်လုပ်ဖို့ အချိန်မရှိဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းဘဝစာအုပ်ဟောင်းကနေ စာအုပ်သစ်ပြောင်းဖို့ ပညာတွေ အများကြီး သင်ရမယ်ကွ"

ဟု ဆိုလိုက်လေရာ မောင်မိုးဆွေသည် အူကြောင်ကြောင် ဖြစ်သွားပြီး ...

"ကျွန်တော်က ဘာပညာတွေ သင်ရဦးမှာလဲဗျ"

ဟု မေးမြန်းလိုက်ရာ လူကြီးက ...

"မင်းဘဝ စာအုပ်သစ်ကြီးမှာ တတ်သင့်တတ်အပ်တဲ့ ပညာ ရပ်တွေပေါ့ကွာ၊ ဒါပေမဲ့ တစ်လလောက်တော့ မင်း ကောင်း ကောင်း အနားယူလိုက်ပါဦး"

ဟုဆိုကာ မောင်မိုးဆွေအား တစ်လခန့် ကောင်းစွာ အနားယူစေ၏။ မောင်မိုးဆွေလည်း ပညာဗလ ညီအစ်ကိုနှစ်ဦးနှ အတူ သစ်လုံးအိမ်ကလေးတွင် တစ်လခန့် အိပ်လိုက်စားလိုက်လု ၍ နေလေ၏။ ပညာဗလ ညီအစ်ကိုနှစ်ဦးသည် မောင်မိုးဆွေ အေးဆေးသက်သာစွာ အနားယူစေပြီး စားသောက်ဖွယ်ရာမျ မျိုးစုံအောင် ချက်ပြုတ်၍ ကျွေးလေ၏။ မောင်မိုးဆွေသည် တစ်သ တာတွင် အကောင်းဆုံးသော အစားအစာများကို စားသောက်ရ ၏။ မောင်မိုးဆွေ၏ တစ်သက်တွင် မမေ့နိုင်သော အစားအစာ ပညာဗလ ညီအစ်ကိုနှစ်ယောက်၏ အသားညှပ် ကောက်ညှင်းဆ ပဲငံပြာရည်ဖြင့်စိမ်၍ ဝါးရွက်ဖြင့် ထုပ်ထားသောကြောင့် တစ်မူ ခြား၏။ ကောက်ညှင်းထုပ် စားရသည်မှာ မြိန်ယှက်သော ထ တစ်နပ် စားရသည်နှင့် တူလှ၏။





ကောက်ညှင်းထုပ်ကို ကိုက်ဝါးလိုက်သည်နှင့် ဝက်သား အလွှာ၊ တရုတ်မှိုနှင့် ပုစွန်များ ပါဝင်ပြီး အားရပါးရ စားသောက် နိုင်၏။ ထိုမှလွှန်သော် ချိုဆိမ့်သည့် ကြက်ဥနှစ်ဆားစိမ်များ၊ ကြာ စေ့များ၊ ပဲနက်စေ့များကို ကိုက်ဝါးရပြန်၏။ မောင်မိုးဆွေသည် လွန်စွာနှစ်သက်လွန်းသောကြောင့် ကောက်ညှင်းထုပ်များကို တစ်ထုပ် ပြီးတစ်ထုပ် စားလေတော့၏။ မောင်မိုးဆွေက ...

"စားလို့ကောင်းလိုက်တဲ့ ကောက်ညှင်းထုပ်ဗျာ၊ အဲဒါ ဘယ် လိုခေါ်သလဲဗျ"

ဟု မေးမြန်းလေရာ ပညာ ဆိုသော လူကြီးက ...

"စားလို့ကောင်းရင် စားစမ်းပါကွာ၊ ဒီကောက်ညှင်းထုပ်ကို တရုတ်လိုတော့ လာအိုမာကမ်း(LAOMAKENG)လို့ ခေါ် တယ်ကွ၊ တရုတ်ပြည်က လာအိုမာကမ်း ဘုရားကျောင်းတော် ကြီးမှာပဲ ရရှိနိုင်တဲ့ ကောက်ညှင်းထုပ်ပေါ့ကွာ၊ ဒါကြောင့် ဘုရားကို အထွတ်အမြတ်ထားတဲ့ အနေနဲ့ လာအိုမာကမ်း (LAOMAKENG) ကောက်ညှင်းထုပ်လို့ အမည်တွင်တာပေါ့ ကွာ၊ ဒီကောက်ညှင်းထုပ် လုပ်နည်းကို ငါတို့ညီအစ်ကိုနှစ် ယောက်ရဲ့ ဆရာကြီးက သင်ပေးသွားတာကွ၊ တို့ဆရာကြီးက လာအိုမာကမ်းဘုရားကျောင်းကြီးမှာ ကျောင်းစောင့်လုပ်ခဲ့ တယ်ကွ"

ဟု ရှင်းလင်း၍ ပြလေ၏။ တစ်လပြည့်မြောက်သော နေ့တွင် ပညာဗလ ညီအစ်ကိုနှစ်ဦးက ...

www.burmeseclassic.com




"ဒီနေ့ဟာ မင်္ဂလာနေ့ကွ မောင်မိုးခွေရ၊ မင်း ဘဝစာအုပ်သစ်ကြီးမှာ တတ်သင့်တတ်အပ်တဲ့ ပညာရပ်တွေကို စတင်သင်ကြားပေးမဲ့နေ့ကွ၊ စာပေကျမ်းဂန်နဲ့ လောကီပညာအပိုင်းကို ငါ ကိုယ်တိုင် သင်ကြားပေးမယ်၊ တိုက်ခိုက်ရေး ပညာရပ်တွေကိုတော့ ငါ့ညီဗလက သင်ကြားပေးလိမ့်မယ်၊ မင်းသင်ကြားမဲ့ ပညာရပ်တွေဟာ အလွန်အင်မတန် များပြားပြီး အဆင့်အတန်း မြင့်တယ်ကွ၊ ဒါကြောင့် ကြိုးကြိုးစားစား သင်ယူပါ"

ဟု ပြောလေ၏။ ထို့ကြောင့်ပင် မောင်မိုးခွေသည် မနက်ခုနစ်နာရီမှ ညနေသုံးနာရီအထိ အင်္ဂလိပ်စာ၊ မြန်မာစာနှင့် ရာဇဝင်၊ နီတိ၊ ကျမ်းစာတတ်၊ ကောင်းကင်နက္ခတ်ပညာ၊ ဗေဒင်ပညာ၊ ဆေးပညာ၊ အင်းအိုင်၊ ခါးလှုံ၊ လက်ဖွဲ့မန္တရား အစရှိသော လောကီပညာရပ်များကို သင်ကြားပေးလေ၏။

ဗလ ဆိုသော လူကြီးကမူ ညနေ ၃ နာရီမှ ညခုနစ်နာရီအထိ တိုက်ခိုက်ရေး ပညာရပ်များကို ပြင်းပြင်းထန်ထန် သင်ကြားပေးလေ၏။ ပညာဗလ ညီအစ်ကိုနှစ်ဦး၏ သင်ခန်းစာများသည် လွန်စွာထူးဆန်း၍ လွန်စွာမှပင် စိတ်ဝင်စားဖွယ် ကောင်းလှ၏။ အများသူငါ သင်ကြားပေးသော ပညာရပ်များနှင့်မတူ ကွဲပြားခြားနား၏။ ဥပမာ ... ရာဇဝင်ကို သင်ကြားရာတွင် ကမ္ဘာဦးအစ မဟာသမ္မတမင်းများမှစ၍ မင်းဆက်အမျိုးမျိုး အကြောင်းကို ပုံပြောသည့်နယ် စိတ်ဝင်စားဖွယ် စီကာပတ်ကုံး ပြောပြလေ၏။ ပညာ ဆိုသော လူကြီးက ...





www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရဲ့ သင်ကြားနည်းစနစ်တွေက အလွန်နားလည်စေတယ်ကွ၊ ကျောင်းတွေမှာ ဒီသင်ကြားနည်းစနစ်ကို စမ်းကြည့်ဖို့ကောင်းတယ်၊ ဒါပေမဲ့ သင်ကြားပေမဲ့ ဆရာရဲ့စွမ်းရည်တော့ လိုတာပေါ့ကွာ"

ဟု ရှင်းလင်းပြလေ၏။ ထို့ကြောင့်ပင် မောင်မိုးဇွေသည် အထူးတလည် မမှတ်ရဘဲ ပညာရပ်များကို သင်ကြားတတ်မြောက်လေ၏။ ဗလ ဆိုသော လူကြီးကလည်း ...

"စာပေကျမ်းဂန်နဲ့ လောကီပညာရပ်တွေကိုတော့ အစ်ကိုပညာလောက် မနှံ့စပ်ဘူးကွ၊ ငါ ကျွမ်းကျင်တာက တိုက်ခိုက်ရေးပညာပဲ၊ မင်းကို အတော်ဆုံး တိုက်ခိုက်ရေးပညာရှင်ဖြစ်အောင် သင်ပေးမယ်"

ဟု ဆိုကာ ထူးဆန်းသော သိုင်းပညာတစ်မျိုးကို သင်ကြားပေးလေ၏။

လူကြီးက ...

"မင်းကို သင်ပေးမဲ့ သိုင်းပညာက ပါချီ(Baji)တဲ့၊ တရုတ်ပြည်မြောက်ပိုင်းက ဆင်းသက်လာတဲ့ ပညာပေါ့ကွာ၊ တိုက်ရိုက်ဘာသာပြန်ရရင်တော့ ဆန့်ကျင်ဘက် အစွန်းတရားရှစ်ပါးလို့ အဓိပ္ပာယ်ရတယ်၊ ပါချီသိုင်းဟာ လျင်မြန်ဖျတ်လတ်ပြီး အားပါတဲ့ လှုပ်ရှားမှုတွေနဲ့ အခြေခံထားတယ်၊ ပါချီသိုင်းရဲ့ လှုပ်ရှားမှုဟာ လျှပ်ပြက်သလို လျင်မြန်ရမယ်၊ အားပါပြီး ပြင်းထန်ရမယ်၊ ခန္ဓာကိုယ်က သွက်လက်မြန်ဆန် လှုပ်ရှား





နေပေမဲ့ စိတ်က တည်ငြိမ်နေရမယ်၊ ပါချီသိုင်းပညာမှာ ပီကွာအာ(Pigua)ဆိုတဲ့ ပညာရပ်လည်း ရှိသေးတယ်၊ ပါချီနဲ့ ပီကွာအာကို ပေါင်းစပ်ပြီး လေ့ကျင့်လိုက်ရင် သိပ်အစွမ်းထက်မြက်တယ်ကွ၊ ဆိုရိုးစကားတစ်ခုလည်း ရှိသေးတယ်၊ ပါချီနဲ့ ပီကွာအာ ပေါင်းစပ်လျှင် မကောင်းဆိုးဝါးကိုတောင် ချောက်ချားစေနိုင်တယ်တဲ့ကွ၊ ပါချီသိုင်းကို တရုတ်ပြည်မှာ ယွန်ကျန်ဘုရင်ကြီး အုပ်စိုးစဉ်ကာလ (၁၇၂၃-၁၇၃၅)မှာ ဝူကျောင်း(WuZhong)ဆိုတဲ့ ပညာရှင်ကြီးက တည်ထွင်ခဲ့တာပဲကွ၊ နှစ်ပေါင်းနှစ်ရာအတွင်းမှာ ပါချီသိုင်းပညာရှင်တွေ အများကြီး ပေါ်ပေါက်ခဲ့တယ်၊ ငါ့ရဲ့ဆရာဟာ ဝူကျောင်းရဲ့ ငါးဆက်မြောက် မျိုးဆက်ထဲက တစ်ယောက်ပဲကွ"

ဟု ဆိုကာ ပါချီသိုင်း၏ အခြေခံဖြစ်သော ခြေအနေတည်သိမ်း အလှည့်အပြောင်းနှင့် ခန္ဓာကိုယ် လှုပ်ရှားမှုတို့၏ ပေါင်းစပ်မှုကို စတင်လေ့ကျင့်ပေး၏။

လူကြီးက ဆက်၍ ...

"ပညာကတော့ တိုက်ခိုက်ရေးပညာတွေကို စိတ်မဝင်စားဘူးကွ၊ စာပေကျမ်းဂန်နဲ့ လောကီပညာကိုသာ စိတ်ဝင်စားတယ်၊ ငါကတော့ လူညံ့လူဖျင်းကွ၊ လောကမှာ ပျော်သလိုနေပြီး အကောင်းဆုံးတိုက်ခိုက်ရေးပညာရှင် ဖြစ်ဖို့ပဲ ကြိုးစားခဲ့တယ်၊ ငါငယ်စဉ်က ပါချီသိုင်း မသင်မီက လက်ဝှေ့ပွဲတွေမှာ အမြဲဝင်ထိုးလေ့ရှိတယ်၊ ထိုးတိုင်းလည်း အနိုင်ရတာပဲကွ၊ ပါချီ



www.burmeseclassic.com

www.burmeseclassic.com



သိုင်းကိုလည်း သင်ပြီးရော ဘယ်လက်ရေ့ပွဲမှ မထိုးတော့
ဘူးကွာ၊ ငါ့ရဲ့ပြိုင်ဘက်တွေကို မတရားအနိုင်ယူမိမှာစိုး
ပါ၊ ပါချီသိုင်းက အလွန်အစွမ်းထက်တယ်ကွ၊ ဒီတော့ မင်း
က ပါချီသိုင်းကို ကြိုးကြိုးစားစား သင်ယူပါ၊ ပညာဆိုကလည်း
စာပေကျမ်းဂန်တွေကို ကျွမ်းကျွမ်းကျင်ကျင် သင်ယူ
မင်းဘဝမှာ လိုအပ်လို့သာ တို့ညီအစ်ကို နှစ်ယောက်က
ပင်ပန်းပန်း သင်ပေးနေတာပါ"

ဟု ပြောလေရာ မောင်မိုးဆွေလည်း ပညာရပ်များ
မနားမနေ ကြိုးကြိုးစားစား သင်ယူရလေတော့၏။

❀

တစ်နေကုန် သင်ယူခဲ့ပြီးသမျှ သင်ခန်းစာများ
ညဘက်သို့ရောက်လျှင် ကြေညက်အောင် ပြန်လည်လေ့လာရ
မောင်မိုးဆွေသည် ငယ်စဉ်ကပင် စားဝတ်နေရေးအတွက် ပင်ပင်
ပန်း အလုပ်လုပ်ခဲ့ရ၏။ သို့သော်လည်း ပညာဗလ ညီအစ်ကို
ယောက်ထံတွင် ပညာရပ်များကို သင်ယူရသည်မှာ ပိုမို၍
ကြမ်းတမ်း၏။ ပညာဗလ ညီအစ်ကိုနှစ်ယောက်သည် မောင်မိုး
အား နားချိန်မပေးဘဲ ပြင်းပြင်းထန်ထန် သင်ကြားလေ၏။ ထို့ကြော
မောင်မိုးဆွေသည် နေ့စဉ်ရက်ဆက် ပညာရပ်များကို သင်ကြားရ
မောင်မိုးဆွေသည် သူ့အား ဤမျှ ခက်ခဲနက်နဲသော ပညာရပ်
ကို သင်ကြားပေးခြင်းကို နားမလည်နိုင်အောင် ဖြစ်မိ၏။ ထို့ကြော
မောင်မိုးဆွေက ...

"ကျွန်တော့်ကို ဘာလို့ ဒီလောက်ခက်ခဲနက်နဲတဲ့ ပညာ



ကို သင်ကြားပေးနေတာလဲဗျာ၊ ကျွန်တော့်ဘဝမှာ ဒီလောက်
မလိုပါဘူးဗျာ၊ အခုတော့ စာပေကျမ်းဂန်တွေ၊ ဗေဒင်အတတ်၊
ဆေးအတတ်တွေ၊ သိုင်းပညာတွေ စုံလို့ပဲဗျာ၊ တစ်နေ့မှ
နားရတယ် မရှိဘူး"

ဟု စိတ်ပျက်လက်ပျက် ဆိုလိုက်လေရာ ဦးပညာ

"လိုအပ်လို့ သင်ပေးတာပေါ့ မောင်မိုးဆွေရယ်၊ မင်းဘဝမှာ
အရာရာ ပြောင်းလဲသွားအောင် လုပ်ပေးဖို့တာဝန် ငါတို့ညီ
အစ်ကိုနှစ်ယောက်မှာ ရှိတယ်ကွ"

"ကျွန်တော်တော့ နားမလည်နိုင်တော့ဘူးဗျာ"

"တစ်ချိန်ချိန်မှာတော့ မင်း နားလည်မှာပါ မောင်မိုးဆွေ၊
အခုအချိန်မှာတော့ ငါတို့ညီအစ်ကိုနှစ်ယောက် သင်ပေးတဲ့
ပညာရပ်တွေကို ကြိုးစားပြီး သင်ယူစမ်းပါကွာ"

ဟု ဆိုလိုက်လေရာ ဦးဗလကလည်း ...

"ဟုတ်တယ် မောင်မိုးဆွေ၊ တစ်ချိန်ချိန်ရောက်ရင်တော့ ဒီ
အကြောင်းတွေကို မင်းသိရမှာပါကွာ၊ အခုတော့ ခဏလောက်
အောင့်အည်းပြီး သည်းခံနေလိုက်ပါဦးကွာ၊ လောကကြီးဟာ
ပျော်စရာကောင်းအောင် နေတတ်ရင် ပျော်စရာ ကောင်းပါ
တယ်ကွ"

ဟု ဝင်ရောက်ပြောဆိုလေ၏။ ဦးပညာက ...

"မင်းဘဝရဲ့ လျှို့ဝှက်ချက်ကို ငါတို့ ညီအစ်ကိုနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောခွင့်မရှိဘူးကွ၊ မင်း သိသင့်တဲ့ အချိန်ရောက်ရင် သိ[illegible] ပါကွာ၊ အဲဒီအချိန်ကို သည်းခံစောင့်ပါကွာ"

မောင်မိုးဗွေသည် လူကြီးနှစ်ယောက်၏ ပဟေဠိ[illegible] ဆန် စကားများကြောင့် သူ၏ခေါင်းထဲတွင် ရှုပ်ထွေး၍ သွားလေ[illegible]

"ငါ့ဘဝမှာ လျှို့ဝှက်ချက်တွေ ရှိတယ် ဆိုပါလား၊ ဒါဆို[illegible] ပညာဗလ ညီအစ်ကိုနှစ်ယောက်နဲ့ ငါနဲ့ ဆုံတွေ့တာ[illegible] တိုက်ဆိုင်ပြီးတွေ့တာမှ ဟုတ်ရဲ့လား၊ ဒီညီအစ်ကိုနှစ်ယော[illegible] ဟာ ငါနဲ့ ဆုံတွေ့အောင် တမင်ဖန်တီးခဲ့တာပဲလား၊ ငါ့[illegible] ရဲ့ လျှို့ဝှက်ချက်ဆိုတာ ဘာတွေလဲ၊ ငါ့ဘဝရဲ့ တာအုပ်[illegible] ဆိုတာ ဘယ်လိုတာအုပ်မျိုးလဲ၊ တာအုပ်အသစ် ဖြစ်ပြီ[illegible] ဘယ်လိုတာဝန်မျိုးကို ထမ်းဆောင်ရမှာလဲ၊ ဘာပဲဖြ[illegible] ပညာဗလ ညီအစ်ကိုနှစ်ယောက်ဟာ ငါ့ကိုတော့ တူသား[illegible] လို ချစ်ရှာတာပဲ၊ ငါလည်း ဒီလူကြီးနှစ်ယောက်ကို [illegible] နေမိတယ်၊ သူတို့သင်ပေးတဲ့ ပညာတွေကလည်း ငါ့ဝ[illegible] မှာ အိပ်မက်တောင် မမက်ဘူးတဲ့ ပညာတွေပဲ၊ ဒီပညာ[illegible] ကို ငါ ကြိုးစားသင်ရင် အရှုံးမရှိနိုင်ဘူး"

ဟူ၍လည်း ဆုံးဖြတ်မိလေတော့၏။ ဦး[illegible] အင်္ဂလိပ်၊ မြန်မာစာ၊ ပါဠိဘာသာတို့ကို သင်ကြားရင်း ဗေဒင်[illegible] နှင့်လည်း စတင်မိတ်ဆက်ပေးလေ၏။

" 'ဝေဒ'ဆိုတာ သိခြင်း၊ နှစ်သက်ဝမ်းမြောက်[illegible] အဓိပ္ပာယ် ရတယ်ကွ၊ 'အင်္ဂါ'ဆိုတာကတော့ အစိတ်[illegible]





အကိုင်းအခက်ပေါ့ကွာ၊ 'ဝေဒ'နဲ့ 'အင်္ဂါ'ကို ပေါင်းစပ်ပြီး 'ဝေဒင်္ဂ' ဖြစ်လာတာယ်၊ 'ဝေဒင်္ဂ'ကနေ အသံဖလှယ်ပြီး 'ဗေဒင်္ဂ' ဖြစ်လာတယ်၊ 'ဗေဒင်္ဂ'ကနေတော့ 'ဗေဒင်'ပေါ့ ကွာ။ 'ဗေဒင်'ဆိုတာ အကောင်းအဆိုးကို ဟောကြားပေးတဲ့ အတတ်ပညာပဲကွ၊ 'ဗေဒင်'ပညာဟာ ဗုဒ္ဓဂေါတမမြတ်စွာ ဘုရား မပွင့်မီ ကဿပဘုရားလက်ထက်တော်ကတည်းက ပေါ်ပေါက်ခဲ့တာကွ၊ မြတ်စွာဘုရားလောင်းလျာဖြစ်တဲ့ သိဒ္ဓတ္ထ မင်းသား ဖွားတော်မူတဲ့အချိန်မှာ ခမည်းတော်သုဒ္ဓေါဒနမင်း ကြီးရဲ့ နန်းတော်မှာ ဗေဒင်နက္ခတ်ပညာရှင် ပုဏ္ဏားတွေရှိနေ ကြပြီ၊ ဒါကြောင့်လည်း သိဒ္ဓတ္ထမင်းသားရဲ့ ဇာတာခွင်ကို တွက်ပြီး စကြာဝတေးမင်း ဖြစ်မယ်လို့ အဟောထွက်ခဲ့သလို ဘုရားစင်စစ် ဧကန်ဖြစ်မယ်လို့လည်း အဟောထွက်ခဲ့တာ ပေါ့ကွာ၊ အဖြေနှစ်ခုစလုံး မလွဲပါဘူး၊ သိဒ္ဓတ္ထမင်းသား တောမထွက်ရင်တော့ စကြာဝတေးမင်းဖြစ်ဖို့ သေချာပါတယ် ကွာ၊ တောထွက်လိုက်တော့ သုံးလောကထွတ်ထား မြတ်စွာ ဘုရားရယ်လို့ ဖြစ်လာခဲ့တာပေါ့၊ ဗေဒင်ပညာမှာ ဣရုဝေဒ၊ ယဇုဝေဒ၊ သာမဝေဒ ဆိုတဲ့ မူလဝေဒကျမ်းရင်း သုံးကျမ်းရှိ တယ်ကွ၊ အာတဗ္ဗဏကျမ်းနဲ့ ဇာတိယာသကျမ်းတွေက နောက်မှ ပေါ်လာတာ၊ အဲဒါကြောင့် ဗေဒင်သုံးပုံ၊ ဗေဒင် လေးပုံဆိုပြီး အခေါ်နှစ်မျိုး ဖြစ်လာတာကွ၊ ဇာတိယာသကျမ်း ကိုတော့ ဝေဒမှာ ထည့်မထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ မြန်မာရာဇဝင်အစ တကောင်းခေတ်မှ ပုဂံခေတ်၊ ထိုမှ စစ်ကိုင်း၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်ဘုရင်များခေတ်တိုင်အောင် ဗေဒင်ပညာ ထွန်းကားခဲ့ပုံ၊ ဗေဒင်ခေတ်ဦးအစတွင် ဟူးရားဖြူ ဟူးရားညို(ပုဏ္ဏား)တို့၏ လက်တွင်သာ ရှိ ရာမှ ဆရာတော် သမားတော်ကြီးများ လက်ဝယ်သို့ ကူးပြောင်းရောက်ရှိခဲ့ပုံ၊ ဘားမဲ့ဆရာတော်၊ ဗားတမော့ဆရာတော်၊ အတုလ ဆရာတော်ခင်ကြီးဖျော်၊ ကျည်းကန်ရှင်ကြီး စသည့် ဗေဒင်ပညာရှင် အကျော်အမော်ကြီးများအကြောင်း၊ နောက်ပိုင်းတွင် စလေဦးပုည အချုပ်တန်းဆရာဖေ စသည့် စာပေပညာရှင်ကြီးများနှင့် ဗေဒင်ပညာ ရှေ့ယှက်လာပုံများအကြောင်း၊ ဂရိ(ခေါမ)ခေတ်မှ စတင်ပေါက်ဖွား လာသည့် အနောက်တိုင်းဗေဒင်မှသည် ရှေးခေတ်ဟိန္ဒူလောကီပညာ ရှင်များ၊ အီဂျစ်လူမျိုးများ၊ ကားဒီးယန်းလူမျိုး လောကီပညာရှင် များအကြောင်း၊ ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရို၏ အကြောင်း များကိုပါ စုံလင်အောင် ပို့ချပေးလေ၏။

ထိုမှလက္ခဏာပညာ၏ အခြေခံဖြစ်သော လေးထောင့် လက်၊ ဖျက်ကျယ်လက်၊ အတွေးအခေါ်လက်၊ အနုပညာသ ရောထွေးလက်၊ စိတ်ကူးယဉ်လက်၊ နိမ့်ကျလက် ဟူသော လက် အမျိုးအစား ခုနစ်မျိုး အကြောင်း ...

"လေးထောင့်လက်ကတော့ အကောင်းဆုံး လက်အမျိုး ပဲကွ၊ လက်ချောင်းလေးတွေကို စုပဲကြည့်ကြည့် ကား





ကြည့်၊ လက်ဝါးပြင်ဟာ လေးထောင့်စပ်စပ် ဖြစ်နေတတ်တယ်၊ လန္တာသည်းအားလုံးဟာလည်း လေးထောင့်အနေအထား ရှိနေတယ်၊ လေးထောင့်လက်ပိုင်ရှင်တွေက ရည်မှန်းချက်ကြီးတယ်၊ စိတ်ဓာတ်ခိုင်မာတယ်၊ စိတ်ကူးမယဉ်တတ်ဘူး၊ ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်တယ်၊ ဘာပဲလုပ်လုပ် စနစ်ကျကျ လုပ်တတ်တယ်၊ ရုပ်ဝါဒသမား အချစ်ရေးမှာတောင် စိတ်ကူး မယဉ်တတ်ဘူး၊ ခေါင်းမာတယ်ပေါ့ကွာ"

ဟူ၍ လက်ပုံစံခုနစ်မျိုး အကြောင်းကို ကြေညက်အောင် ပို့ချပေးလေ၏။ ထို့နောက် ဂြိုဟ်ခုံများ၏ အကြောင်းကို ဆက်လက်ပို့ချပြန်၏။

"လက္ခဏာပညာမှာ ဂြိုဟ်ခုံတွေကလည်း အရေးပါတယ်ကွ၊ ဂြိုဟ်ခုံတွေကို ကြေကြေညက်ညက် သိထားရမယ်၊ ဂြိုဟ်ခုံ အားကောင်းရင် အသားဖုလေးတွေ မောက်မောက်မာမာ ပြည့်ပြည့်ဖြိုးဖြိုးရှိတတ်တယ်၊ အားမကောင်းရင်တော့ ပိပြားနေမယ်၊ ချိုင့်နေမယ်၊ တစ်ညီတစ်ညာတည်း မရှိဘူးပေါ့ကွာ၊ လက်ဝါးပုံစံကြည့်ပြီး ဟောနိုင်သလို ဂြိုဟ်ခုံအနေအထားကို ကြည့်ပြီးလည်း ဟောလို့ရတယ်၊ ဒီတော့ ဂြိုဟ်ခုံတွေကို အလွတ်ကျက်ရမှာပေါ့ကွာ"

ဟု ဆိုကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လက်ညှိုးခြေရင်းတွင်ရှိသော အသားဖုသည် ကြာသပတေး ဂြိုဟ်ခုံ ...

လက်ခလယ်အရင်းတွင်ရှိသော အသားဖုသည် စနေ ဂြိုဟ်ခုံ ...

လက်သူကြွယ်ရင်းတွင်ရှိသော အသားဖုသည် တနင် နွေဂြိုဟ်ခုံ၊ လက်သန်းရင်းတွင်ရှိသော အသားဖုသည် ဗုဒ္ဓဟူး ဂြိုဟ်ခုံ၊ လက်မအရင်းတွင်ရှိသော အသားဖုသည် သောကြာ ဂြိုဟ်ခုံ၊ လက်ဝါးစောင်းတစ်ဖက် အောက်ခြေအရင်းပိုင်းတွင် ရှိသော တနင်္လာဂြိုဟ်ခုံ ...

ကြာသပတေးနှင့် သောကြာဂြိုဟ်ခုံ အကြားတွင်ရှိ သော လက်မရင်း အသားဖုကို အင်္ဂါအဖို၊ ဗုဒ္ဓဟူးနှင့် တနင်္လာဂြိုဟ်ခုံအကြား လက်ဝါးစောင်း အထက်ပိုင်း အသား ဖုကို အင်္ဂါအစိမ"

ဟူ၍ ဂြိုဟ်ခုံများ၏ တည်နေရာကို အလွတ်ကျက် မှတ်စေ၏။ ပြီးနောက် ဦးပညာက ဆက်လက်၍ ...

"သောကြာဂြိုဟ်ခုံ အားကောင်းရင် အချစ်ရေးမှာ ဆန္ဒပြ မားတယ်၊ ကာမဂုဏ်အာရုံခံစားမှု ကြီးမားမယ်၊ စိတ်အင် လိုက်တတ်မယ်၊ ဂြိုဟ်ခုံအားမကောင်းရင် အချစ်ရေးကြောင့် စိတ်အနှောင့်အယှက် ဖြစ်မယ်၊ အချစ်ရေးကြောင့် အနှ ဖြစ်မယ်၊ လူမှုရေးရှုတ်ချခံရမယ်၊ တနင်္ဂနွေဂြိုဟ်ခုံ အားကော





ရင် ပျော်ပျော်ရွှင်ရွှင် နေရမယ်၊ လုပ်သမျှ အဆင်ပြေပြီး အောင်မြင်မယ်၊ ဂြိုဟ်ခုံ အားမကောင်းရင် လုပ်သမျှ အလွဲလွဲ အချော်ချော် ဖြစ်တတ်တယ်၊ စိတ်ညစ်ရမယ်၊ ရင်ထဲမှာ တစ်ခုခု အမြဲလိုအပ်နေမယ် ...

စနေဂြိုဟ်ခုံ အားကောင်းတဲ့သူက ပျော်ပျော်ရွှင်ရွှင် နေတတ်တယ်၊ အပေါင်းအသင်း မက်မောတတ်တယ်၊ စိတ် မညစ်တတ်ဘူး၊ ဂြိုဟ်ခုံအားမကောင်းရင် စိတ်ညစ်တတ်တယ်၊ တစ်ယောက်တည်းနေတတ်တယ်၊ မျက်နှာက မှုန်တေတေဖြစ် နေတတ်တယ်၊ ဒေါသထွက်လွယ်တယ်၊ ဗုဒ္ဓဟူးဂြိုဟ်ခုံအား ကောင်းရင် အရောင်းအဝယ် အဆင်ပြေမယ်၊ အရောင်းအဝယ် မလုပ်ရင် အတတ်ပညာရှင် ဖြစ်မယ်၊ စက်မှုလုပ်ငန်းနဲ့ အကျိုးပေးမယ်၊ ဂြိုဟ်ခုံအားမကောင်းရင် အရောင်းအဝယ် လုပ်ငန်းမှာ အနှောင့်အယှက် ရှိမယ်၊ ပညာရှင်ဖြစ်ရင်လည်း အရည်အသွေးပြခွင့် မရှိဘူး၊ အတိုက်အခံ အမြဲရှိတတ်တယ် ...

တနင်္လာဂြိုဟ်ခုံ အားကောင်းရင် စိတ်ကူးဉာဏ်ဆန်း ကြွယ်မယ်၊ ဘဝမှာ ထူးခြားတဲ့ ပြောင်းလဲမှုတွေ ဖြစ်မယ်၊ အားမကောင်းရင် စိတ်ကူးနဲ့ လက်တွေ့ တခြားစီဖြစ်တတ် တယ်၊ အပြောင်းအလဲရှိရင် သတိပြုပါ ...

ကြာသပတေးဂြိုဟ် အားကောင်းတဲ့သူဟာ ကြီးပွား တိုးတက်လိုစိတ် မရှိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါဂြိုဟ်ခုံကတော့ အဖိုနဲ့အစ်မ ဆိုပြီး နှစ်မျိုးရှိနေတာ သတိပြုရမယ် ...

အင်္ဂါဂြိုဟ်ခုံ အဖိုအားကောင်းတဲလူဟာ တုတ်တုတ်ခိုင်ခိုင် ပုံစံမျိုးရှိမယ်၊ ဒေါသကြီးတယ်၊ စိတ်ကြီးမယ်၊ ဆတ်ဆတ်ထိ မခံတတ်ဘူး၊ ဂြိုဟ်ခုံ အားမကောင်းရင် သတ္တိကြောင်မယ်၊ ဖြောင်မပြောရဲ မလုပ်ရဲဘူး ...

အင်္ဂါဂြိုဟ်ခုံ အစ်မကတော့ ရုပ်ပိုင်းအားမကောင်းပေမဲ့ စိတ်ပိုင်းအား သိပ်ကောင်းတယ်၊ စိတ်ဓာတ်ခိုင်မာမယ်၊ လောကဓံကို ရင်ဆိုင်ဖို့ ဝန်မလေးဘူး၊ ရန်မလိုတတ်ပေမဲ့ ပြဿနာရှိလာရင် လုပ်ရဲတဲ့၊ ခံရဲတဲ့စိတ် ရှိတယ်"

ဟူ၍ ဂြိုဟ်ခုံများ၏ အပေါ်ကို အလွတ်ကျက်မှတ်စေ၏။ မောင်မိုးဇွေလည်း ကျက်မှတ်ရပြန်၏။ ထို့နောက်တွင် ဦးပညာက ...

"လက္ခဏာမှာ ရေဓာကလည်း အရေးပါတယ်ကွ၊ ရေဓာမနိုင်ရင် ဟောချက်မပိုင်ဘူးလို့တောင် ဆိုရိုးရှိတယ်၊ ရေဓာဆိုတာ လက်ဝါးပြင် အသားအရေရဲ့ အပျော့အမာ အနုအကြမ်းကို ခေါ်တာကွ၊ တချို့လက်ဝါးပြင်ကို စမ်းကြည့်ရင် နူးညံ့ချောပျော့ပြောင်းနေတာ တွေ့ရမယ်၊ တချို့များ ဘယ်လောက်ချောသလဲဆိုရင် လက်နဲ့နှိပ်ကြည့်လိုက်ရင် ချိုင့်ခွက်လေးတောင် ဖြစ်သွားတယ်၊ ရေဓာပျော့ပျောင်းတဲ့သူဆိုရင် ပျင်းရိတတ်တယ်၊ ဖွဲလုံ့လမရှိဘူး၊ စိတ်ကူးယဉ်အတွေးနဲ့ နေတတ်တယ်





နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ နေတတ်တယ်၊ အပင်ပန်းလည်း မခံချင်ဘူး၊ ကျန်းမာရေးလည်း ညံ့ဖျင်းတတ်တယ်၊ လက်ဝါးကို ပွတ်တိုက်ကြည့်လို့ အပေါ်ယံကလည်း ကြမ်းနေမယ်၊ နှိပ်ကြည့်လိုက်လို့ အတွင်းသားကလည်း မာတောင့်နေမယ် ဆိုရင်တော့ ခွန်အားစိုက်ထုတ်တဲ့ အလုပ်မျိုးနဲ့ အသက်မွေးရမယ်၊ အေးအေးဆေးဆေး မနေရဘူး၊ ကျန်းမာရေးကောင်းမယ်၊ ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းမယ်၊ အစားအသောက်ကြီးပြီး မေထုန်မှီဝဲမှု လွန်ကဲမယ်၊ လက်ဝါးကို ပွတ်တိုက်ကြည့်လို့ အပေါ်ယံက ကြမ်းနေမယ်၊ ဒါပေမဲ့ နှိပ်ကြည့်လိုက်ရင် အတွင်းသားက ပျော့ပျောင်းနေမယ် ဆိုရင်တော့ ပင်ပင်ပန်းပန်း အားစိုက်ရပေမဲ့ ဉာဏ်ပညာပိုင်းနဲ့ဆိုင်တဲ့ အလုပ်မျိုး လုပ်ရမယ်ကွ၊ ဥပမာ ... အလေးမအားကစားသမား၊ အပြေး ဘောလုံး စတဲ့ အားစိုက်ရတဲ့ အားကစားအလုပ်မျိုးတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ၊ ပန်းပု၊ လက်သမား စတဲ့ ဉာဏ်ပိုင်းနဲ့ဆိုင်တဲ့ အလုပ်မျိုးနဲ့ အသက်မွေးရတယ်ကွ၊ အကောင်းဆုံး ရေဓာကတော့ မပျော့လွန်း မမာလွန်းတဲ့ ရေဓာပဲကွ၊ လက်ဝါးအပေါ်ယံကို ပွတ်တိုက်ကြည့်လိုက်ရင် ချောမွတ်ပြီး မာလည်းမမာ၊ ပျော့လည်းမပျော့၊ ကြမ်းလည်း မကြမ်းတဲ့ လက်ဝါးပြင်မျိုးကို လက်ဝါးပြင်ကို နှိပ်လိုက်ရင် ချိုင့်ဝင်သွားပေမဲ့ ချက်ချင်းပဲ တုံ့ပြန်ပြီး ပြည့်ဖြိုးတင်းလာတယ်ကွ၊ အဲဒီလူမျိုးက ကြင်နာသနားတတ်တယ်၊ သူတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကို ကူညီလေ့ရှိတယ်၊ စိတ်သဘောထား မျှတတယ်၊ ခွဲလုံ့လဝီရိယရှိတယ်၊ ခံနိုင်ရည် စွမ်းအားလည်းရှိတယ်၊ အကောင်းဆုံးရေဇာမျိုးပေါ့ကွာ"

ဟူ၍ ရေဇာများနှင့် ပတ်သက်၍ စာတွေ့လက်တွေ့သင်ကြားပေးလေ၏။ မောင်မိုးဇွေလည်း စိတ်ဝင်စားစွာ မှတ်သားလေ၏။

ရေဇာကို မိတ်ဆက်ပြီး လက္ခဏာပညာတွင် အရေးပါသော လမ်းကြောင်းများကို သင်ကြားပေးပြန်၏။ (တစ်)ဦးခေါင်းလမ်းကြောင်း၊ (နှစ်)နှလုံးလမ်းကြောင်း၊ (သုံး)အသက်လမ်းကြောင်း၊ (လေး)အိမ်ထောင်ရေးလမ်းကြောင်း၊ (ငါး)ကံကြမ္မာလမ်းကြောင်း၊ (ခြောက်)အောင်မြင်ရေးလမ်းကြောင်း၊ (ခုနစ်)ကျန်းမာရေးလမ်းကြောင်း ဟူ၍ အဓိကလက္ခဏာလမ်းကြောင်းများကို မှတ်သားပြန်၏။

"အဓိကလမ်းကြောင်း ခုနစ်မျိုးရှိတဲ့ အနက်မှာ ဦးခေါင်းလမ်းကြောင်းကို အရင်ဆုံး ရှင်းပြမယ်ကွ၊ ဦးခေါင်းလမ်းကြောင်းဟာ လက်ညှိုးနဲ့ လက်မမှာစပြီး လက်သန်း ဘက်လက်ဝါးစောင်းမှာ အဆုံးသတ်တယ်ကွ၊ ဦးခေါင်းလမ်းကြောင်းဟာ ဉာဏ်ပညာအရည်အချင်းနဲ့ ဆိုင်တယ်၊ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမကောင်း၊ အတွေးခေါ်ကောင်းမကောင်း သိနိုင်တယ်ကွ၊ ဦးခေါင်းလမ်းကြောင်းဟာ ဖြောင့်တန်းနေရင် လက်တွေ့သမားကွ၊ ကွေးညွတ်နေရင် စိတ်ကူး





ယဉ်သမား၊ လက်ချောင်းတွေဘက်ကို ကော့တက်နေရင် ကလိတတ် ရိတတ်တယ်၊ ဝေဖန်တတ်တယ်၊ သူတို့ရဲ့မျက်နှာမှာ ဗီဇစရိုက်တွေ ပေါ်နေတတ်တယ်၊ ဦးခေါင်းလမ်းကြောင်း ဖြောင့်တန်းနေသူဟာ စိတ်ထား ဖြောင့်မတ်မယ်၊ ကွေးညွတ်နေရင် သူတစ်ပါးကို ပေးဝေတတ်တယ်၊ လက်အဖျားဘက်ကို ကော့တက်နေရင်တော့ အယူသမားပဲကွ"

ဦးပညာသည် ဦးခေါင်းလမ်းကြောင်းနှင့် ပတ်သက်၍ ဆက်လက် ရှည်လျားစွာ ပို့ချပြန်၏။ ပြီးနောက် နှလုံးလမ်းကြောင်းကို ဆက်၍ပို့ချလေ၏။ "လက်ညှိုးနှင့် လက်မဘက်ကစပြီး လက်သန်းခြေရင်း ဗုဒ္ဓဟူးဂြိုဟ်ခုံအောက် အဆုံးသတ်တဲ့ နှလုံးလမ်းကြောင်းဟာ ချစ်ခြင်းမေတ္တာနဲ့ အဓိက ပတ်သက်နေတယ်ကွ၊ နှလုံးလမ်းကြောင်းဟာ မှေးမှိန်ပြီး ပါးပါးလျလျ ရှိနေရင် မေတ္တာခေါင်းပါးမယ်၊ ဥပေက္ခာပြုတတ်မယ်ပေါ့ကွာ၊ နှလုံးလမ်းကြောင်းဟာ မထင်ရှားဘဲ ပြားနေမယ် ဆိုရင်တော့ ချစ်သူအပေါ်တင် မကဘူး၊ ကိုယ့်ရဲ့မိဘ မောင်နှမသားချင်း ဇနီးသားသမီးတွေကို ပစ်ပစ်ခါခါ လျစ်လျူရှုတတ်ရုံ မကဘူး ရက်စက်ကြမ်းကြုတ်တတ်တယ်၊ ကိုယ့်ဇနီးကို ရိုက်နှက်ညှဉ်းပန်းတတ်တဲ့ လူမျိုးပေါ့ကွာ၊ နှလုံးလမ်းကြောင်းဟာ လက်ဝါးပြင်ကိုဖြတ်ပြီး ထင်ထင်ရှားရှား အားကောင်းနေရင် ကြင်နာသနားတတ်မယ်၊ ရိုးသားတည်ကြည်မယ်ပေါ့ကွာ၊ နှလုံးလမ်းကြောင်းမှာ ကျွန်းတွေ၊ အဖွာအရာတွေ၊ အပြတ်အတောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



များနေရင် မျက်နှာများမယ်၊ စိတ်အပြောင်းအလဲမြန်မယ်၊ လင်ငယ်နေတဲ့ မိန်းမမျိုးတွေမှာ တွေ့ရတတ်တယ်”

**(မှတ်ချက်။ ။ ဦးပညာ သင်ကြားပေးသော လက္ခဏာပညာရပ်များသည် လွန်စွာရှည်လျား၍ လွန်စွာများပြားလှပါသည်။ ကျွန်ုပ်၏စာဖတ်သူများ ပျင်းရိငြီးငွေ့မည်စိုး၍ အကျဉ်းမျှသာ ဖော်ပြလိုက်ရပါသည်။)**

ဦးပညာသည် ပါဠိဘာသာကိုလည်း စိတ်ဝင်စားဖွယ် သင်ကြားပေးပြန်၏။

“ပါဠိဘာသာဟာ အရှေ့တိုင်းရဲ့ လျှို့ဝှက်နက်နဲတဲ့ ပညာရပ်တွေကို ဖွင့်လှစ်ပေးမဲ့ သော့တစ်ချောင်းပဲကွ၊ ပါဠိဘာသာကြောင့် မြန်မာစာပေမှာ စံတင်လောက်တဲ့ အရေးအဖွဲ့တွေ ပေါ်ပေါက်ခဲ့တယ်၊ ဥပမာအားဖြင့် ရှင်မဟာသီလဝံသဟာ ဗုဒ္ဓဝင်ကျမ်းကိုမှီပြီး ပါရမီတော်ခန်းပျို့နဲ့ ဆုတောင်းခန်းပျို့ဆိုတဲ့ ဂန္ထဝင်စာပေကို ဖန်တီးခဲ့တယ်ကွ၊ ရှင်မဟာရဋ္ဌသာရဟာလည်း စတုဓမ္မသာရလို့ခေါ်တဲ့ ကိုးခန်းပျို့နဲ့ ဘူရိဒတ်လင်္ကာကြီးတွေကို ဖန်တီးခဲ့တယ်၊ ပါဠိစာပေကြောင့် တို့မြန်မာတွေဟာ ဗုဒ္ဓစာပေတွေနဲ့ ရင်းနှီးခွင့် ရခဲ့တယ်၊ မြန်မာစာပေပြုစုဖို့ အကြောင်းအရာနဲ့ ဇာတ်လမ်းတွေကိုလည်း ပါဠိစာပေကပဲ ပေးစွမ်းခဲ့တာကွ၊ တို့ မြန်မာတွေဟာ ပါဠိစာပေကြောင့် အတွေးအခေါ် ရင့်ကျက်ရဲ့ထွင်နိုင်လာတယ်၊ အသုံးအနှုန်း ကြွယ်ဝလာတယ်ပေါ့ကွာ၊ ပါဠိဘာသာဟာ





အင်ဒိုဥရောပဘာသာရဲ့ မျိုးရိုးခွဲတစ်ခု ဖြစ်တယ်ကွ၊ ပါဠိဘာသာမှာ အက္ခရာ(၄၁)လုံး၊ သရ(၈)လုံး၊ ဗျည်း(၃၂)လုံးနဲ့ နိဂ္ဂဟိတ်(၁)လုံး ရှိတယ်ကွ”

ဟု ဆိုကာ ဝိဘတ်သွယ်ပုံ၊ နာမ်ဝိဘတ်သွယ်ခြင်း၊ ဒြိယာဝိဘတ်သွယ်ခြင်း၊ ကာလလေးမျိုးတို့ကို သေချာစွာ သင်ကြား ပေးပြန်၏။ မောင်မိုးဆွေလည်း မှတ်ရပြန်၏။

မောင်မိုးဆွေသည် သင်ခန်းစာများကို သင်ကြားပြီး နားရသော အချိန်တွင် ပညာဗလ ညီအစ်ကို၏ တစ်လှည့်စီချက် သော အစားအသောက်များကို စားသောက်ရလေ၏။

ညဥ့်နက်သောအခါတွင် မီးလင်းဖိုကြီး၏ အနီးတွင် င်၍ ကော်ဖီအိုးကြီးထဲမှ ကော်ဖီကို တစ်ခွက်ပြီး တစ်ခွက် သောက်ကြလေ၏။ အသားခြောက်များကို မီးဖုတ်ဆီဆမ်း၍ ရွှေဖီ သွတ် လက်ဖက်ခြောက် ခပ်ထားသော ရေနွေးကြမ်းနှင့် မြည်း ၏။

ထိုအခါမျိုးတွင် ပညာဗလညီအစ်ကို၏ ထူးခြားသော နုတာရားများကို ကြားရလေ့ရှိ၏။ မောင်မိုးဆွေသည် ၎င်းတို့၏ စကားများကို နားလည်သည်လည်း ရှိ၏။ နားမလည်သည် ည်းရှိ၏။ မည်သို့ပင်ဖြစ်စေ မောင်မိုးဆွေသည် ၎င်းတို့၏ အတွေး ခေါ်များကို နှစ်သက်၏။ ထိုအရာများသည် လောက၏အမှန် ရားများဟု ယုံကြည်သက်ဝင်မိ၏။

တစ်နေ့သ၌ ပညာ ဆိုသော လူကြီးက



www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ မှန်တယ် ဆိုတာရယ်၊ မှားတယ် ဆိုတာရယ် မရှိဘူးကွ"

ဟု အစချီလိုက်လေရာ မောင်မိုးဇွေက ...

"ဟုတ်ပါ့မလားဗျ၊ အမှန်နဲ့ အမှား ဆိုတာတော့ ရှိပါတယ်ဗျာ၊ အမှန်တရားဆိုတာ မရှိရင် လောကကြီး ပျက်စီးသွားမှာပေါ့ဗျာ"

ဟု ဝင်ရောက်၍ ငြင်းဆိုလိုက်လေ၏။ ဦးပညာက ဆက်၍ ...

"အမှန်အမှားဆိုတာ အရှိတရား အနေနဲ့တော့ မရှိပါဘူးကွာ လူတွေသတ်မှတ် တွေးထင်တဲ့ အနေနဲ့တော့ ရှိတယ်ကွ ဥပမာကွာ ... သူတစ်ပါးအသက်ကို သတ်တာ မကောင်းဘူး ဆိုပြီး ဘာသာတရားတိုင်းက ပညတ်ထားတယ်၊ ဒါပေမဲ့ တို့တိုင်းပြည်ကို ရန်သူတွေ ဝိုင်းနေပြီ ဆိုပါစို့ကွာ၊ အမျိုး ဘာသာ သာသနာအတွက် ကျူးကျော်လာသူတွေကို ခုခံမှာပေါ့ကွာ၊ သူတစ်ပါးအသက်ကို ရန်မရှာချင်လို့ဆိုပြီး ခေါင်းငုံ့လက်ပိုက် ကြည့်နေမလား၊ သူတစ်ပါးပစ္စည်းဥစ္စာကို မတရားသိမ်းပိုက်ကြံစည်တယ် ဆိုတာ မကောင်းဘူးပေါ့ကွာ ဒါပေမဲ့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တိုက်ခိုက် သိမ်းပိုက်တာကိုတော့ ဘာလို့ ကောင်းတယ် မှန်တယ်လို့ ယူဆသလဲ ဥပမာ ... ကိုလိုနီဝါဒ၊ ဖက်ဆစ်ဝါဒတွေကို ကြည့်ကွာ၊ မြ





တယ်လို့ ယူဆလို့ သူတို့ လုပ်နေတာပေါ့၊ ယဉ်ကျေးတဲ့ ဒေသတစ်ခုမှာ လူသတ်မှုတစ်ခု ဖြစ်ပြီဆိုရင် အင်မတန်ကြီးလေးတဲ့ ပြစ်မှုဆိုပြီး ထောင်ဒဏ်တွေ အများကြီးချတယ်၊ တချို့နိုင်ငံဆိုရင် သေဒဏ်ကိုတောင် ပေးတယ် ဒါပေမဲ့ လူရိုင်းတို့ရဲ့ ဒေသမှာတော့ လူသတ်တယ်ဆိုတာ ဘာမှ အရေးမကြီးဘူး၊ အပြစ်ပေးဖို့နေနေသာသာ ထမင်းစားရေသောက်ကိစ္စလို့ပဲ သဘောထားတယ်ကွ၊ ရှေးတုန်းကဆိုရင်လည်း မိန်းကလေးဆိုတာ အိမ်တွင်းပုန်းမှ မိန်းမပီသတယ်၊ တန်ဖိုးလည်းရှိတယ်လို့ ယူဆကြတယ်၊ ဒီဘက်ခေတ်ရောက်တော့ အိမ်တွင်းပုန်းတာ နုံတယ်၊ အ,တယ်၊ ယောကျ်ားတွေနဲ့ ရင်ဘောင်တန်းလိုက်နိုင်မှ တန်ဖိုးရှိတယ်လို့ ယူဆကြပြန်တယ်၊ အချို့သော ဘာသာနဲ့ လူမျိုးတွေမှာ ယောကျ်ားတစ်ယောက်ဟာ တတ်နိုင်လို့ မယားဘယ်နှယောက်ယူယူ ပြဿနာမဖြစ်ဘူး၊ တို့ဘာသာ တို့လူမျိုးတွေမှာတော့ ယောကျ်ားတစ်ယောက်က မယားငယ်တစ်ယောက် ယူလိုက်ရုံနဲ့ အတော်ပြဿနာတက်သွားနိုင်တယ်၊ ဒီနေ့ခေတ်မှာ မှန်တယ်လို့ ယူဆထားတဲ့ အရာတွေဟာ နောင်နှစ်ပေါင်းတစ်ထောင်လောက်ရောက်ရင် ရယ်စရာ ဖြစ်ကုန်လိမ့်မယ်ကွ၊ ဒါကို ကြည့်ခြင်းအားဖြင့် ကိစ္စတိုင်း ကိစ္စတိုင်းဟာ မှားတယ်မှန်တယ်ဆိုတာ လူတွေရဲ့ သတ်မှတ်ချက်၊ ခံယူချက်တွေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ပေါ်လွင်လာမယ်၊ ဒါတွေဟာ လူတွေရဲ့အကြိုက်ပေါ်မှာ မူတည်ပြီး သတ်မှတ်တဲ့ သတ်မှတ်ချက်တွေပါကွာ။ ဒီသတ်မှတ်ပါတယ် ဆိုတဲ့ လူတွေရဲ့ စိတ်သဘောထားကို ပြန်သုံးသပ်ကြည့်ဦး၊ လူတစ်ယောက်တည်းကိုပဲ ကိုယ်ကနှစ်သက်ရင် ကောင်းတယ်လို့ မြင်တယ်၊ သူလုပ်သမျှ မှန်တယ်လို့ မြင်တယ်၊ နောင်တစ်ချိန် ကိုယ့်မနှစ်သက်ရင် မကောင်းဘူးလို့ မြင်လာပြန်ရော၊ သူလုပ်သမျှ မှားတယ်လို့ မြင်လာပြန်တယ်၊ ဒီတော့ကွာ အမှန်အမှားကို သတ်မှတ်တယ်ဆိုတဲ့ လူ့စိတ်ဆိုရာမှ မရေရာတာ၊ ယုံကြည်စိတ်ချမှု မရှိတာ သူသတ်မှတ်တဲ့ အမှန်အမှားဆိုတာ စိတ်ချရပါ့မလား၊ အမှန်အမှားဆိုတာ လူတွေရဲ့ ခံယူချက် သတ်မှတ်ချက်ပါပဲကွာ ဒါပေမဲ့ လူတွေဟာ ခံယူချက် သတ်မှတ်ချက်ကို သတ်မှတ်ချက်မှန်း မသိတော့ အမှန်အမှား ဆိုတာ ကိုယ်ပိုင်မှုရှည်လို သတ်မှတ်လာကြတယ်၊ တကယ့် အရှိအနေနဲ့ ပုံသေမှတ်လာတယ်၊ ဒီလို မှတ်လာတော့ ကိုယ့်အမှန်တစ်ခုနဲ့ မေရာတကာက လူတွေကို လိုက်တိုင်းတော့တာပဲ၊ ကိုယ်ကမှန်တယ်လို့ ဆုပ်ကိုင်ထားတော့ ကိုယ်နဲ့ဆန့်ကျင်သမျှ မှားတယ်လို့ ယူဆပြီးသား ဖြစ်နေတာပေါ့ကွ၊ ဒီတော့ ကိုယ့်အမှန်တရားကို ထိခိုက်လာရင် မကြိုက်တော့ဘူး၊ ကိုယ်နဲ့ဆန့်ကျင်သူ မှန်သမျှ ရန်သူတွေပဲ၊ ကိုယ်ယူဆထားတဲ့ အမှန်ဆို





ပုံစံကြီးနဲ့ မကိုက်ညီရင် သူတစ်ပါးကို အထင်အမြင်သေးလာတယ်၊ ရှုံ့ချပစ်တင်လာတယ်၊ တချို့ဆိုရင် ကိုယ့်အမှန်တရားအတွက် အသက်ကိုတောင် စွန့်ကြတယ်၊ တစ်ခါ ကိုယ့်အမှန်တရားနဲ့တူရင် အထင်ကြီးတယ်၊ လူတော်လို့ သတ်မှတ်ပြီး ဘုရားလို ကိုးကွယ်တယ်၊ အမှန်တရားရဲ့ကျေးကျွန် ဖြစ်သွားတာပဲပေါ့ကွာ၊ တချို့လည်း ဘဝင်မြင့်ပြီး ရူးသွားတာရှိတယ်၊ သူ့အမှား ငါ့အမှန်နဲ့ ခိုက်ရန်ဒေါသတွေ ဖြစ်ကြတယ်၊ စစ်ပွဲတွေ ပဋိပက္ခတွေ ဖြစ်ကြတယ်ကွ၊ သူ့ဝါဒ ကိုယ့်ဝါဒ ဆိုပြီး ငြင်းခုန်ကြသေးတယ်။

"အနုပညာလောက၊ နိုင်ငံရေးလောက၊ ဘာသာရေးလောကတွေမှာလည်း ငါ့ဝါဒမှန်တယ်၊ သူ့ဝါဒမှန်တယ် ဆိုပြီး ငြင်းခုန်နေကြတယ်ကွ၊ စာပေလောကဆိုရင်လည်း ကြည့်ကွာ၊ ငါ့ကဗျာက ကာရန်ရှိတယ်၊ သူ့ကဗျာက ကာရန်မရှိဘူးဆိုပြီး မဂ္ဂဇင်းထဲကနေ အပြန်အလှန်ကို ရေးကြတယ်၊ တိုက်ကြခိုက်ကြတယ်ပေါ့ကွာ၊ ဒီလူတွေဟာ သနားစရာကောင်းတယ်ကွ၊ တစ်ခုခုကို တရားသေ ဆုပ်ကိုင်ထားတဲ့သူတွေပဲ၊ ဆုပ်ကိုင်ထားရင်တော့ ဘာမှရမှာ မဟုတ်ဘူး၊ လွှတ်ချပစ်ရမယ်"

ဟု ရှည်လျားစွာ ရှင်းလင်းပြလေ၏။ ထိုအခါ မိုးစွေက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အမှန်ရယ် အမှားရယ် မသတ်မှတ်ရင် ဖြစ်
မလား၊ အားလုံး ထင်ရာလုပ်ကုန်မှာပေါ့"

ဟု ပြောလိုက်လေရာ ဦးဗလက ...

"သတ်မှတ်ဖို့ မသတ်မှတ်ဖို့ ဆိုတာ ပြဿနာ မဟုတ်ပါ
ကွာ၊ ဒီဟာတွေကို ချိုးဖျက်နေစရာလည်း မလိုဘူး၊ ဒါ
က မြဲမှုမမြဲတာကွ၊ သူတို့ကို မမြဲဘူးလို့သိတဲ့ အသိဉာ
ကသာ မြဲတာ၊ ယုံကြည်စိတ်ချရတာ၊ အမှန်တွေ အမှား
ဘယ်လိုပဲပြောင်းပြောင်း အသိဉာဏ်က လိုက်ပြောင်းမ
ဘူး၊ အမှန်အမှားဆိုတဲ့ သတ်မှတ်ချက်တွေကို သုံးတော့
တယ် မစွဲတော့ဘူးပေါ့ကွာ၊ တစ်နည်းအားဖြင့် အမှန်အ
ရဲ့ သားကောင် အဖြစ်မခံတော့ဘူးပေါ့၊ အရေးကြီးတာ
သတ်မှတ်ချက်မှန်းသိရမယ်၊ အမှန်အမှားရဲ့ လွတ်ရာ
မြင်ထားရမယ်၊ ဒီလို နှစ်ဖက်မြင် နှစ်ဖက်လွတ် မြင်
ရင် ဘယ်သူ့အမှန်ကိုမှ မဆန့်ကျင်တော့ဘူး၊ ဘယ်သူ့အ
ကိုမှ မတိုက်ခိုက်တော့ဘူး၊ အရှိကို အရှိအတိုင်း မြင်
တော့ လောကရဲ့ ဝေဖန်မှုတွေ တိုက်ခိုက်မှုတွေက သူ
ဒုက္ခမပေးတော့ဘူး၊ ပြီးတော့ ကိုယ့်မှာ အစွန်းထွက်စ
လို့ မရှိတော့ သူတစ်ပါးရဲ့ အစွန်းနဲ့လည်း မငြိစွမ်းနိုင်
ဘူးပေါ့ကွာ၊ ဘယ်လောက် ဆိုးဝါးတဲ့ ပတ်ဝန်းကျင်
ဖြစ် ထွက်မပြေးဘဲ လွတ်လပ်အောင် နေလာတတ်





ပတ်ဝန်းကျင်နဲ့ ညီညွတ်မျှတလာတယ်၊ ဘဝဆိုတာ တည်ငြိမ်
မှုရှိလာတယ်၊ ချမ်းမြေ့ကြည်လင်လာတယ်ပေါ့ကွာ၊ ဒါကြောင့်
ငါပြောတာပေါ့၊ တရားသေ ဆုပ်ကိုင်ထားတဲ့ အတွေးအခေါ်
တွေကို လွှတ်ချလိုက်စမ်းပါ၊ ရဲရဲကြီး တွေးလိုက်စမ်းပါ၊
အရှိကို အရှိအတိုင်း မြင်လာပါလိမ့်မယ်၊ အဲ့ဒီအခါမှာ
လောကကြီးဟာလည်း သာယာလှပလာပါလိမ့်မယ်"

ဟု ရှည်လျားစွာ ပြောဆိုလိုက်လေရာ မောင်မိုးဇွဲ၏
ရင်ထဲတွင် လင်းခနဲ လက်ခနဲ ဖြစ်သွားပြီး ဟင်းလင်းပွင့်သွားတော့
၏။ သူ၏ နှလုံးသားသည်းပွတ်တွင် အတားအဆီး သံသယဟူ၍
ဘုံးဝမရှိတော့ဘဲ ရင်ထဲတွင် ရတနာတစ်ခု ကိန်းအောင်းနေသလို
ခံစားလိုက်ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## မောင်မိုးဓွေ၏ လျှို့ဝှက်ချက်

အထက်က ဆိုခဲ့သည့်အတိုင်း မောင်မိုးဓွေသည် ပညာဗလ ညီအစ်ကိုထံတွင် ပညာများစွာကို သင်ကြားခဲ့ပြီးနောက် တစ်နေ့သော နံနက်တွင် ပညာဗလ ညီအစ်ကိုနှစ်ယောက်သည် မောင်မိုးဓွေကို ခေါ်ယူ၍ ...

"မနက်ဖြန်ဟာ မင်းဘဝရဲ့ နေ့ထူးနေ့မြတ်ကြီးပေါ့ကွာ ငါတို့ညီအစ်ကိုနှစ်ယောက်ဆီမှာ ပညာသင်တာ ခြောက်နှ တင်းတင်း ပြည့်တဲ့နေ့၊ မင်းအသက်လည်း နှစ်ဆယ့်ငါးနှ ပြည့်တဲ့နေ့ပေါ့ကွာ၊ မင်းဘဝဟာ မနက်ဖြန်မှာ အကြီးအကျယ် ပြောင်းလဲသွားလိမ့်မယ်၊ မင်းဘဝရဲ့ လျှို့ဝှက်ချက်ကိုလည်း မင်း သိရလိမ့်မယ်၊ မနက်ဖြန်မနက် ၉ နာရီတိတိမှာ ငါတို့ အိမ်ကို ဧည့်သည်တစ်ယောက် ရောက်လာလိမ့်မယ်၊ အဲ





ဧည့်သည်ဟာ မင်းဘဝမှာ အလွန်အရေးပါတယ်၊ ဒါကြောင့် ငါတို့ရဲ့ သင်ကြားမှုတွေကို ရပ်စဲထားလိုက်ပြီကွ၊ မနက်ဖြန် အတွက် စားကောင်းသောက်ဖွယ်တွေကို စီစဉ်ရမယ်၊ ဒီနေ့ ညရောက်ရင် ခြံဝန်းတစ်ခုလုံး မီးပုံးတွေ ထွန်းညှိရမယ်"

ဟု ဆိုလိုက်လေရာ မောင်မိုးဓွေ၏ ရင်ထဲတွင် လှုပ်ရှား၍ သွားလေ၏။ မနက်ဖြန်သို့ ရောက်ရန်လည်း စိတ်စော၍နေ၏။ ပညာဗလ ညီအစ်ကိုနှစ်ယောက်လည်း စိတ်လှုပ်ရှားနေသည် ထင်မြင်မိလေ၏။

"ငါ့ဘဝရဲ့ လျှို့ဝှက်ချက်ကို သိရတော့မယ် ဆိုပါလား၊ တစ်မြို့လုံးရဲ့ အခိုင်းစေခံ ကောင်လေးတစ်ယောက်မှာ ဘယ် လိုလျှို့ဝှက်ချက်တွေ ရှိနေသလဲ"

ဟူ၍လည်း တွေးမိပြန်၏။ ညသို့ရောက်သောအခါ ခြံ တစ်ခြံလုံးကို မီးပုံးများဖြင့် ထွန်းညှိလေ၏။ မောင်မိုးဓွေတို့ ခြံကလေးသည် မီးရောင်စုံများနှင့် လှပ၍ နေလေတော့၏။ သည် တစ်ညလုံး အိပ်၍မပျော်တော့ပေ။

နောက်တစ်နေ့ နံနက်တွင် မောင်မိုးဓွေတို့ ဆရာတပည့် သုံးယောက်သည် မနက်အစောကြီး အိပ်ရာမှ ထကြ၏။ အဝတ်သစ် အသစ်များကို ဝတ်ဆင်၍ ဘုရားတွင် ပန်း၊ ရေချမ်း၊ ဆီမီး ကပ်၍ ရှိခိုးကြ၏။ ထို့နောက် ဆရာတပည့်သုံးယောက်သည် ကောင်းဆုံး စားစရာများကို ချက်ပြုတ်ကြ၏။ မနက် ၈ နာရီခန့်

www.burmeseclassic.com

www.burmeseclassic.com



ရှိသောအခါတွင် အစားအသောက်များ ပြည့်စုံလေတော့၏။ မောင်မိုးဇွေတို့ ဆရာတပည့်သုံးယောက်သည် ရေတွင်းသို့သွားကာ ရေချိုးကြ၏။

မနက်ကိုးနာရီတိတိတွင် မောင်မိုးဇွေတို့ ခြံအရှေ့သို့ မြင်းရထားတစ်စီး ထိုးဆိုက်လာ၏။ မောင်မိုးဇွေသည် စိတ်လှုပ်ရှားစွာဖြင့် မြင်းရထားကို ကြည့်လိုက်လေ၏။ ရထားလုံး၏ တံခါးသည် ဖြည်းညင်းစွာပွင့်သွားပြီးလျှင် လွန်စွာချောမောလှပ၍ လွန်စွာကျက်သရေရှိသော အသက်လေးဆယ်ဝန်းကျင် အမျိုးသမီးကြီးတစ်ဦးသည် ဣန္ဒြေရရ ဆင်း၍ လာလေ၏။

အမျိုးသမီးကြီးသည် အိမ်ခန်းဝတွင် ရပ်တန့်၍ မောင်မိုးဇွေကို တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်ကာ ပညာဗလ ညီအစ်ကိုနှစ်ယောက်နှင့် မျက်လုံးချင်း ဆုံမိပြီး ...

"အစ်ကိုကြီးတို့ နှစ်ယောက်က အရင်အတိုင်းပဲနော်၊ မပြောင်းလဲဘူး"

ဟု ချိုသာသော အသံဖြင့် ဆိုလိုက်လေရာ ပညာဗလ ညီအစ်ကိုနှစ်ယောက်စလုံးက ...

"ညီမလေးလည်း ဟိုးအရင်တုန်းက အတိုင်းပဲ လုံးဝမပြောင်းလဲဘူး"

ဟု ဝမ်းသာအားရ ပြောလိုက်လေ၏။ အမျိုးသမီးကြီးသည် မောင်မိုးဇွေနှင့် မျက်နှာချင်းဆိုင် မြက်ဖျာကလေးပေါ်



ထိုင်၍ ထိုင်လိုက်လေ၏။ ပညာနှင်ဗလ ညီအစ်ကိုနှစ်ဦးလည်း အမျိုးသမီးကြီး၏ ဝဲယာဘက်ရှိ မြက်ဖျာများပေါ်သို့ အသီးသီး ထိုင်လိုက်ကြ၏။ ထို့နောက် အမျိုးသမီးကြီးနှင့် မောင်မိုးဇွေသည် မျက်လုံးချင်း ဆုံမိကြ၏။ ထိုအခါ မောင်မိုးဇွေ၏ ရင်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတစ်မျိုးကို ခံစားလိုက်ရလေ၏။ သူ၏ရင်ထဲတွင် တလှပ်လှပ် တုန်ခါနေမိ၏။ အမျိုးသမီးကြီးသည် မောင်မိုးဇွေကို ကြင်နာစွာကြည့်ရင်း ...

"မင်းကို ပုံပြင်လေးတစ်ပုဒ် ပြောပြမယ်၊ ဒါပေမဲ့ ဒီပုံပြင်ဟာ ယုံတမ်းပုံပြင်တော့ မဟုတ်ဘူးကွယ့်၊ တကယ့်အဖြစ်အပျက်၊ တကယ့်ဇာတ်လမ်း၊ ပုံပြင်ထဲမှာပါတဲ့ ဇာတ်ဆောင်တွေကလည်း တကယ့်လူသားတွေကွယ့်၊ ဒီပုံပြင်ကလေးဟာ မင်းဘဝနဲ့ သက်ဆိုင်နေတယ်၊ မင်းဘဝရဲ့ နာကြည်းဖွယ်ကောင်းတဲ့ နောက်ကြောင်းခံ ဇာတ်လမ်းလေးပေါ့ကွယ်၊ ဒီပုံပြင်လေးကို နားထောင်ပြီးရင်တော့ လျှို့ဝှက်နက်နဲတဲ့ ပညာရပ်တွေကို ဘာကြောင့် မင်းကို သဲကြီးမဲကြီး သင်ပေးရတယ် ဆိုတာ မင်း နားလည်လာမှာပါ"

ဟူ၍ လွန်စွာ ဆွဲဆောင်အား ကောင်း၍ ညို့ငင်ဖမ်းစားနိုင်စွမ်းရှိသော အသံဖြင့် ဆိုလိုက်လေ၏။ ထိုအခါ ဦးပညာကလည်း —

"ဟုတ်တယ် မောင်မိုးဇွေ၊ ဒီပုံပြင်လေးဟာ မင်းဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲပစ်မဲ့ ပုံပြင်လေးပဲ၊ ငါတို့ညီအစ်ကိုနှစ်ယောက်
ပြောခွင့်မရှိတဲ့ မင်းဘဝရဲ့ လျှို့ဝှက်ချက်လည်း ဖြစ်တယ်”

ဟု လေးနက်စွာ ပြောဆိုလိုက်လေ၏။ ထို့နောက်တွင်မှ အမျိုးသမီးကြီးသည် လွန်စွာကြေကွဲဖွယ်ကောင်းလှသော အောက်ပါဇာတ်လမ်းကလေးကို စိတ်ဝင်စားဖွယ် ပြောပြလေတော့၏။





## အမြှောက်ဦးဆုံး ပန်းကလေး

၁

မြေလတ်ပိုင်း မြို့ကလေးတစ်မြို့တွင် ပညာဗလ ဟူသော သမားတော်ကြီးသည် ညဉ့်နက်သည်အထိ မအိပ်စက်နိုင်သေးဘဲ ဆေးကျမ်းကြီး တစ်စောင်ကို ပြုစု၍ နေလေ၏။ သမားတော်ကြီးသည် ဆေးကျမ်းကြီးကို စိတ်ဝင်စားစွာ ရေးသားနေရာမှ ခြံတံခါးဝတွင် ခွေးဟောင်သံကို ကြား၍ ကလောင်တံကို ချလိုက်ပြီး ဆေးကျမ်းကြီးကို ပိတ်လိုက်ကာ ...

“သားကြီးရေ ... ခြံရှေ့မှာ တိုးလုံကြီး ဟောင်နေပြီ၊ ရပ်ဝေးက လူနာထင်တယ်၊ သွားကြည့်လိုက်ပါဦးကွာ”

ဟု ဆိုလိုက်လေရာ သမားတော်ကြီး၏ သားဖြစ်သူသည် အိပ်ရာမှ လူးလဲထကာ မီးအိမ်ကြီးကိုကိုင်ဆွဲ၍ ခြံတံခါးဆီသို့ ထွက်ခဲ့လေတော့၏။ “တိုးလုံတော့ ရူးရူးဝါးဝါး ဟောင်နေပြီ၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ဘယ်ကလူနာပါလိမ့်"ဟု တွေးရင်း ခြံတံခါးဆီသို့ ခပ်သွက်သွက် လှမ်းခဲ့လေ၏။

ခြံတံခါးအနီးရှိ ခွေးဟောင်နေသော နေရာသို့ မီးအိမ်ကြီးကို မြှောက်ကြည့်လိုက်သောအခါ သူ၏နှုတ်မှ "အလို"ဟု အာမေဋိတ်သံ ထွက်သွားလေ၏။ မီးရောင်အောက်တွင် မိန်းမပျိုတစ်ဦး လဲကျနေသည်ကို မြင်လိုက်ရ၏။ ထို့ကြောင့်ပင် အိမ်တွင်းသို့ ကမန်းကတန်း ပြန်ဝင်သွားပြီး ...

"ဗလရေ ... လာပါဦးကွာ၊ မိန်းကလေးတစ်ယောက် ခြံဝမှာ လဲကျနေတယ်ကွ"

ဟု ခေါ်ဝေါ်လိုက်လေရာ ၎င်း၏ညီဖြစ်သူမှာ အိမ်မှုန်စုံဝါးဖြင့် အခန်းထဲမှ ပြေးထွက်လာပြီး မိန်းကလေးကို ပွေ့ချီလိုက်လေ၏။

မီးရောင်အောက်သို့ ရောက်သောအခါတွင် မိန်းမပျိုကလေးမှာ အသားရည် ဝင်းဝါနိုပြည်၍ ချောမောလှပသော မိန်းမချောကလေးဖြစ်မှန်း သိလိုက်ရလေ၏။

သမားတော်ကြီးသည် "ဒုက္ခ ... ဒုက္ခ၊ ညအချိန်မတော် ဘယ်ကများ ရောက်လာတဲ့ မိန်းကလေးလည်း မသိဘူး"ဟု ရေရွတ်ကာ လူနာကို စမ်းသပ်လေ၏။ ပြီးမှ ...

"ဒီမိန်းကလေးဟာ နေ့ပေါင်းများစွာ အအိပ်ပျက် အစားပျက်ပြီး ဒုက္ခဆင်းရဲကြီးစွာ ခံစားရတယ်ကွယ်၊ ဒါကြောင့် တို့ခြံဝအရောက်မှာ အားပြတ်ပြီး မူးမေ့လဲကျသွားတာ၊ မနက်





မိုးလင်းရင် သူပြန်သတိရလာပါလိမ့်မယ်၊ ဒီတော့ မင်းတို့ညီအစ်ကိုက မိန်းကလေးကို အိမ်ကလေးမှာ သွားထားလိုက်ပါ"

ဟု ဆိုလိုက်လေ၏။ ပညာနှင့်ဗလ ညီအစ်ကိုလည်း မိန်းကလေးကို ပွေ့ချီကာ ရပ်ဝေးမှ လာရောက်၍ ဆေးကုသလေ့ရှိသော သစ်သားအိမ်ကလေးတစ်လုံးသို့ ပို့ဆောင်လိုက်လေ၏။

ဆေးဆရာကြီးသည် ဆေးကျမ်းကြီးကို သိမ်းဆည်းလိုက်ပြီး မျက်မှန်ဝိုင်းကလေးကို ချွတ်လိုက်ရင်း ...

"အန္တရာယ်ကြားက မိန်းကလေးတစ်ယောက်တော့ အိမ်ကိုရောက်လာပြီ၊ ငါ့သားနှစ်ယောက်တော့ မိန်းကလေးအတွက် ရတက်ပွေရဦးမှာပါလား"

ဟု တွေးတော၍ အိပ်စက်ရန် ပြင်ဆင်လေတော့၏။

မိန်းကလေးသည် နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ သတိရ၍ လာလေ၏။ သတိရရခြင်း "ငါ ဘယ်ကို ရောက်နေတာပါလိမ့်"ဟူ၍ တွေးလိုက်မိလေ၏။ သူမ၏ခေါင်းထဲတွင် တဆစ်ဆစ် ကိုက်ခဲနေလေ၏။

ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်သောအခါ သူမ၏ ခုတင်ခြေရင်းတွင် ပန်းအိုးဖြူကလေးနှင့် နှင်းဆီပန်းနှစ်ပွင့်ကို မြင်ရလေ၏။ ပန်းအိုးကလေးအား စားပွဲခုံပေါ်တွင် တင်ထားပြီး စားပွဲခုံကိုကျော်၍ ပြတင်းပေါက်မှ စိမ်းစိမ်းစိုစိုရှိသော ပန်းခင်းများကို မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းလေးသည် ကျဉ်းမြောင်းသော်လည်း သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားပြီး တစ်ခန်းလုံး ပေါလစ်ရောင်လက်နေသည်ကို တွေ့ရလေ၏။ အိပ်ရာခင်းများ၊ စောင်၊ ခြင်ထောင် စသည်တို့သည် ပရုတ်လုံးနံ့ မွှေး၍ပင် နေ၏။

"ငါရောက်နေတာ အိပ်ခန်းလေး တစ်ခန်းပဲ၊ ငါ ညက မီးရောင်တွေ လင်းထိန်နေတဲ့ အိမ်ကြီးတစ်အိမ်ရှေ့ကို ကြိုးစားပြီး လျှောက်သွားတယ်၊ အဲဒီအိမ်ကြီးရှေ့ရောက်တော့ ငါ့ခေါင်းတွေ မူးမိုက်သွားခဲ့တယ်၊ ငါ နောက်ဆုံးကြားလိုက်ရတာကတော့ ခွေးဟောင်သံပဲ၊ ငါရောက်နေတာ ဒီအိမ်ကြီးလား"

ဟု တွေးတောရင်း ခုတင်ပေါ်မှ ကြိုးစား၍ ထထိုင်ရန် ပြင်လိုက်၏။ ထိုအခိုက်မှာပင် သူမ၏ အိပ်ခန်းတံခါးဖွင့်သံ ကြားလိုက်ရပြီး ...

"ဟဲ ဟဲ ... မိန်းကလေး သတိရလာပြီ၊ မထနဲ့ဦးလေ၊ အနားယူနေဦးမှပေါ့"

ဟူသော အသံကို ကြားရပြီး ရယ်ရွှင်ဖွယ် မျက်နှာထားရှိသော လူငယ်တစ်ယောက်ကို မြင်တွေ့လိုက်ရလေ၏။ လူငယ်မှာ အသက်သုံးဆယ်ဝန်းကျင်ခန့် ရှိပြီးလျှင် အရပ်မှပြတ်ပြတ်နှင့် သွားသုံးဆယ့်နှစ်ချောင်း ပေါ်အောင် ပြုံးနေသည်ကို တွေ့ရ၏။ ထိုသူ၏ ရုပ်ရည်မှာ ဆပ်ကပ်ထဲတွင် တွေ့လေ့ရှိသော လူ့ကြားရုပ်နှင့် တူ၏။





"ညက ခြံရှေ့မှာ ခွေးဟောင်သံ ကြားလိုက်တော့ ထွက်ကြည့်တယ်၊ အဲဒီမှာ မိန်းကလေး မေ့လဲနေတာ တွေ့လိုက်ရတာပဲ၊ ဒါကြောင့် ကျုပ်တို့ညီအစ်ကို အိမ်ထဲကိုပွေ့ပြီး ခေါ်လာခဲ့တာပဲ၊ မိန်းကလေး သိပ်ကံကောင်းတယ်၊ ကျုပ်တို့အဖေက သမားတော်ကြီးလေ၊ သမားတော်ကြီး ပညာဗလဆိုရင် ဒီနယ်တစ်ဝိုက်မှာ မသိတဲ့သူ မရှိဘူး၊ မိန်းကလေးဟာ နေ့ပေါင်းများစွာ အအိပ်ပျက် အစားပျက်ပြီး အပင်ပန်းခံခဲ့လို့ အားပြတ်ပြီး မူးမေ့လဲသွားတာပဲ၊ အဖေပေးတဲ့ အားဆေးကိုစားပြီး တစ်လလောက် ကောင်းကောင်းအနားယူလိုက်ရင် ပြန်ပြီး ကျန်းမာသွားမှာပါ"

ဟု အားပေးစကား ပြောလေ၏။ ထိုအခါမှပင် မိန်းကလေးသည် သူမ၏ ကယ်တင်ရှင်များကို နားလည်၍ သွားလေ၏။

"ကျေးဇူးတင်လိုက်တာ အစ်ကိုရယ်၊ ညီမမှာ အစ်ကိုတို့ပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

ဟု ပြောမိလေ၏။ ထိုအခိုက်မှာပင် ရုပ်ရည်တည်ကြည်သော ယောကျ်ားပျိုတစ်ယောက်သည် အခန်းတွင်းသို့ဝင်လာပြီးလျှင် ...

"ဗလ ... မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ မိန်းကလေး သတိရပြီဆိုရင် ဆာနေရောပေါ့ကွ၊ မိန်းကလေးကို ဆန်ပြုတ်လေး ဘာလေး တိုက်ရအောင်"

ဟု ပြောလိုက်လေ၏။ ပြီးနောက် မိန်းကလေးကို ကရုဏာသက်စွာ ကြည့်လိုက်ပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ဆာနေပြီနဲ့ တူတယ်"

"ရပါတယ် အစ်ကိုရယ်၊ ကျွန်မ မဆာသေးပါဘူး"

"ဘယ်မဆာဘဲ ရှိပါ့မလဲ၊ အခုလို သတိမေ့ပြီး ပြန်သတိရလာရင် သိပ်ဆာတာပေါ့ မိန်းကလေးရဲ့၊ အစ်ကို သွားစီစဉ်လိုက်ဦးမယ်"

ဟု ဆိုကာ ယောကျ်ားပျိုသည် အခန်းထဲမှ ကမန်းကတန်း ပြန်ထွက်သွားလေ၏။ ရယ်ရွှင်ဖွယ် မျက်နှာထားရှိသော လုလင်ပျိုက ...

"ဟဲ ဟဲ ... အဲဒါ အစ်ကိုပညာလေ၊ ညက မိန်းကလေးကို ကျုပ်တစ်ယောက်တည်း မနိုင်လို့ အစ်ကိုပညာနဲ့ နှစ်ယောက် ပွေ့ချီခဲ့တာပေါ့"

ဟု စပ်ဖြဲဖြဲ ဆိုလိုက်လေရာ မိန်းကလေးသည် ရှက်သွေးဖြာ၍ သွားလေ၏။ စိတ်ထဲမှလည်း ...

"ကြည့်စမ်း ... ငါ့ကို ဒီညီအစ်ကိုနှစ်ယောက်က ပွေ့ချီလာခဲ့တာတဲ့၊ ရှက်စရာ ကောင်းလိုက်တာ"

ဟူ၍လည်း တွေးလိုက်မိလေ၏။ ခဏအကြာတွင် လုလင်ပျိုသည် လင်ပန်းတစ်ချပ်ထဲတွင် အငွေ့တစ်ထောင်းထောင်း ထနေသော ဆန်ပြုတ်ပန်းကန်နှင့် ငါးရံ့ခြောက်ဖုတ်ဆီဆမ်းများကို ယူဆောင်လာ၏။ တည်ကြည်သောလူငယ်က စားပွဲခုံငယ်လေးကို ခုတင်အနီးသို့ တိုးကာ ...





"မိန်းကလေး ငါးရံ့ခြောက်ဖုတ်နဲ့ ဆန်ပြုတ်ပူပူလေး သောက်လိုက်ဦး၊ ဒါမှ အားရှိသွားမှာ"

ဟု ဆိုလိုက်လေရာ မိန်းကလေးသည် အားယူထိုင်လိုက်ပြီးလျှင် ...

"အားနာလိုက်တာ အစ်ကိုတို့ရယ်၊ ညီမကြောင့် အစ်ကိုတို့ အလုပ်ရှုပ်နေပြီ"

ဟု ချိုသာသော အသံကလေးနှင့် ဆိုလိုက်လေရာ ဒညာဗလ ညီအစ်ကိုနှစ်ဦးသည် ရင်ထဲတွင် ချမ်းမြေ့သွားလေ၏။ ပညာ ဆိုသော လူငယ်က ...

"မရှုပ်ပါဘူး ညီမရဲ့၊ အစ်ကိုတို့ အဖေက သမားတော်ကြီးလေ၊ နယ်ကို ဆေးလာကုတဲ့သူတွေ အမြဲရှိတာပေါ့၊ မင်းကိုပို့ပြီးရင် ဟိုဘက်က အဆောင်တွေကို ထမင်းပို့ရဦးမယ်"

ဟု ပြောလိုက်လေ၏။ ပြီးနောက်တွင် ရယ်ရွှင်ဖွယ်ကောင်းသော ယောကျ်ားပျိုဘက်သို့ လှည့်ကာ ...

"ဗလရေ မိန်းကလေးသောက်ဖို့ နို့တစ်ခွက်နဲ့ ငှက်ပျောသီး သွားယူပါဦးကွာ"

ဟု ဆိုလိုက်လေရာ ရယ်ရွှင်ဖွယ်ကောင်းသော လူငယ်မှာ အခန်းတွင်းမှ ထွက်၍ သွားလေ၏။ ပညာဆိုသောလူငယ်သည် ဆန်ပြုတ်ပန်းကန်ကို သိမ်းဆည်းလိုက်ပြီး ...

"ညီမနာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးမြန်းလိုက်လေရာ မိန်းမပျိုကလေးက ...



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒာလို့ ခေါ်ပါတယ် အစ်ကိုရယ်"

ဟု ဖြေလေ၏။ ထိုအခါ လူငယ်က ...

"နန္ဒာတဲ့လား ... ညီမက ဘယ်မှာနေသလဲ၊ ဘယ်ကလာတာလဲ"

ဟု မိန်းကလေး၏ မျက်နှာကို စူးစိုက်ကြည့်လျက် မေးမြန်းလိုက်ပြန်ရာ မိန်းကလေး၏ မျက်လုံးသည် သမင်မလေးနှယ် ဝိုင်းစက်၍ သွားလေ၏။

ထိုအခိုက်မှာပင် ဗလဆိုသော လူငယ်နှင့်အတူ သမားတော်ကြီးသည် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ...

"သားကြီးပညာ ... မိန်းကလေးကို ဘာမှ မမေးပါနဲ့ဦးကွယ်၊ မိန်းကလေး အေးအေးဆေးဆေး အနားယူပါစေဦး၊ မိန်းကလေး အာဟာရဖြစ်အောင် နွားနို့၊ ကြက်ဥနဲ့ ငှက်ပျောသီးတွေ စားလိုက်ပါဦး၊ ဆိုးဝါးလှတဲ့ အတိတ်က ဇာတ်ကြောင်းတွေကို မေ့ဖျောက်ပစ်လိုက်စမ်း၊ ဒီအချိန်ကစပြီး မိန်းကလေးဘဝဟာ အေးချမ်းသွားပါပြီ၊ ကျုပ်ရဲ့ အာရုံထဲမှာ ရန်ပြုခံရခြင်း၊ ကူညီစောင့်မခြင်း၊ အန္တရာယ်ကြားက ပန်းလေးတစ်ပွင့်ဆိုတဲ့ အတိတ်နိမိတ်တွေကို မြင်ယောင်နေမိတယ်၊ ရန်ငြိုးရန်စရှိခြင်း၊ ကလဲ့စားချေခြင်းဆိုတဲ့ နိမိတ်တွေကိုလည်း တွေ့ရတယ်၊ သဗ္ဗေသတ္တာကမ္မသကာပါပဲ မိန်းကလေးရယ်"

ဟု တစ်လုံးချင်း ပြောလိုက်လေ၏။ ပြီးနောက် သမားတော်ကြီးသည် အခန်းတွင်းမှ ထွက်သွားလေ၏။ တံခါးဝသို့





ရောက်သောအခါတွင် သူ၏ သားနှစ်ယောက်ကို ငဲ့စောင်းကြည့်၍ ...

"မိန်းကလေးကို ဘာမှ မမေးပါနဲ့ဦးကွာ၊ အချိန်တန်ရင်တော့ မိန်းကလေးက ပြောပါလိမ့်မယ်၊ ဒီအချိန်ရောက်ရင်သာ ငါ့ သားနှစ်ယောက်က မိန်းကလေးအတွက် ရဲစွမ်းသတ္တိရှိတဲ့ ယောကျာ်းမြတ်နှစ်ယောက် ဖြစ်ပါစေကွယ်"

ဟု တီးတိုးရေရွတ်လိုက်လေတော့၏။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ မိန်းကလေးသည် အိပ်ရာမှ အစောကြီးနိုး၍ နေလေ၏။ ပြတင်းပေါက်ကို ကျော်၍ ပန်းကလေးများ၊ အော်မြည်နေသော ငှက်ကလေးများကို ကြည့်ရင်း ရင်ထဲတွင် ကြည်နူး၍နေမိ၏။ ဆင်းရဲခြင်းအတိဖြစ်သော သူမ၏ အတိတ်ဇာတ်ကြောင်းကိုပင် မေ့ပျောက်၍နေလေ၏။

ထိုအခိုက်မှာပင် အခန်းတွင်းသို့ တစ်စုံတစ်ယောက်သည် ခြေဖော့နင်း၍ ဝင်လာပြီးလျှင် မိန်းကလေး၏အနီးရှိ ပန်းအိုးဖြူကလေးတွင် နှင်းဆီတစ်ပွင့်ကို ထိုးလိုက်လေ၏။ မိန်းကလေးလည်း အိပ်ချင်ဟန်ဆောင်နေရာမှ ခိုး၍ ကြည့်လိုက်ရာ လှပသော နှင်းဆီပန်းကလေးကို ယူဆောင်လာသူမှာ ပညာ ဟူသော လူငယ်ဖြစ်၏။

လူငယ်ထွက်သွားပြီး ခဏအကြာတွင် အခန်းတွင်းသို့ တစ်စုံတစ်ယောက်သည် ဝင်ရောက်လာပြန်၏။ မိန်းကလေးသည် အိပ်ချင်ဟန်ဆောင်၍ နေပြန်၏။ ဝင်ရောက်လာသူမှာ ရယ်ရွှင်ဖွယ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားရှိသော ဗလဆိုသည့် လူငယ်ဖြစ်၏။ မိန်းကလေးသည် မျက်လုံးကလေးကို မသိမသာ ဖွင့်၍ ကြည့်လိုက်ပြန်ရာ ဂျိုကာရုပ်ပေါက်နေသော လူငယ်သည် မျက်နှာကြီး ရှုံ့မဲ့သွားပြီး ...

"ဟာ ... အစ်ကိုပညာရဲ့ ပန်းက ဦးသွားပြန်ပြီ၊ တောင်ငါ့ကိုက အအိပ်ကြီးလွန်းပါတယ်"

ဟု မကျေမချမ်း ရေရွတ်လိုက်သံကို ကြားလိုက်ရလေ၏။ ထို့နောက် ယူဆောင်လာသော နှင်းဆီပန်းကို ပန်းအိုးပြုလေးထဲသို့ ဆောင့်ကြီးအောင့်ကြီး ထိုးစိုက်လိုက်သည်ကို မြင်ရလေ၏။

မိန်းကလေးသည် ကလေးဆန်သော လူငယ်ကို ကြည့်၍ ရယ်ချင်သွားလေ၏။ ပညာနှင့်ဗလ လူငယ်နှစ်ဦးသည် သူမ၏ ပန်းအိုးထဲတွင် နှင်းဆီပန်းကလေးများ အပြိုင်အဆိုင် ထိုးကြသည့် အဖြစ်ကိုလည်း နားလည်သွားလေ၏။

"ဒီအိမ်က အစ်ကိုနှစ်ယောက်ဟာ အတော်ခင်ဖို့ကောင်းတယ် ငါ့ကိုလည်း အတော်ဂရုစိုက်တာပဲ"

ဟု တွေးလိုက်မိလေ၏။

ပညာနှင့်ဗလ ညီအစ်ကိုနှစ်ယောက်သည် နောက်နေ့များတွင် စောနိုင်သမျှစောအောင် အိပ်ရာမှထ၍ နှင်းဆီပန်းတစ်ပွင့်စီ ကိုင်ကာ သူမ၏ အခန်းသို့ ရောက်လာတတ်၏။ တစ်ခါတစ်ရံတွင် သူမပင် အိပ်ရာမှ မနိုးမီ ပန်းအိုးထဲတွင် နှင်းဆီပန်းတစ်ပွင့် ရောက်နှင့်နေတတ်၏။





နှင်းဆီပန်းကို ဦးအောင်ထိုးနိုင်သော လူငယ်သည် ထိုနေ့တစ်နေ့လုံး ကျန်တစ်ယောက်ကို မခံချိမခံသာဖြစ်အောင် နောက်ပြောင်တတ်၏။ ကျန်တစ်ဦးမှာ မကျေမချမ်း ဖြစ်နေလေ၏။

ပညာဗလ ညီအစ်ကို နှစ်ယောက်သည် နှင်းဆီပန်း ထိုးရာတွင်သာမက ဆေးတိုက်ရာတွင်လည်းကောင်း၊ အစားအသောက် ကျွေးမွေးရာတွင်လည်းကောင်း၊ တစ်ယောက်နှင့်တစ်ယောက် အလုအယက် ကျွေးမွေးကြ၏။ မိန်းကလေးသည် သမားတော်ကြီးပေးသော ဆေးများကို သောက်ရင်း တစ်ပတ်ခန့်အကြာတွင် ထူထူထောင်ထောင် ဖြစ်သွားလေ၏။

ထို့ကြောင့်ပင် ပညာဗလ ညီအစ်ကိုနှစ်ဦးနှင့် လူနာများကို ဆေးတိုက်ခြင်း၊ ဥယျာဉ်တွင်းရှိ အမှိုက်များကို လှည်းကျင်းခြင်းစသောအလုပ်များကို ကူညီလုပ်ကိုင်ပေး၏။ ထိုအခါတွင် ပညာနှင့်ဗလ ညီအစ်ကိုနှစ်ယောက်သည် မိန်းကလေးအား ညီအစ်မရင်းကဲ့သို့ သွယ်တာနေခြင်းပင် ဖြစ်၏။

၎င်းတို့သည် ငယ်စဉ်ကပင် ညီမလေးတစ်ယောက်ကို ဆောင့်တခဲ့ကြ၏။ ၎င်းတို့၏ မိခင်ကြီးသည် ညီမလေးတစ်ယောက်ကိုပင် မွေးမပေးနိုင်ပဲ ကွယ်လွန်သွားလေ၏။ ထို့ကြောင့်ပင် မိန်းကလေးအား နှမအရင်းတစ်ယောက်ကဲ့သို့ ဂရုစိုက်ခြင်းဖြစ်၏။ မိန်းကလေးသည် ညီအစ်ကိုနှစ်ဦးနှင့်အတူ ခြံကျယ်ကြီးအတွင်း လမ်းလျှောက်ကြ၏။ ခြံဝင်းအတွင်းရှိ ရေကန်ကလေးထဲမှ ကြာပန်းများကို ခူးဆွတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗလဆိုသော လူငယ်က မိန်းကလေး ပျော်ရွှင်စေရန်အတွက် မြက်ခင်းပေါ်တွင် ရှေ့ကျွမ်းနောက်ကျွမ်း ထိုးပြ၏။ ကင်းမြီးကောက် ထောင်ပြ၏။ သစ်ပင်ကြီးပေါ်သို့ မျောက်တစ်ကောင်ကဲ့သို့ လျှင်မြန်စွာ တက်၍ လျှင်မြန်စွာ ဆင်းပြ၏။

ထိုအခါမျိုးတွင် မိန်းကလေးသည် ခစ်ခနဲ ရယ်လိုက်ကာ ...

"အစ်ကိုဗလက သိပ်တော်တာပဲ"

ဟု ချီးမွမ်းလိုက်လေ၏။ ထိုအခါ ဗလ ဆိုသော လူငယ်က တဟဲဟဲ ရယ်လိုက်ရင်း ...

"အစ်ကိုက မျောက်လိုခုန်ပေါက်နေရတာကို ကြိုက်တယ်ကွ ဒါကြောင့် တိုက်ခိုက်ရေးပညာတွေကိုပဲ သဲကြီးမဲကြီး သင်တယ်၊ အစ်ကိုပညာကတော့ ပညာဆိုတဲ့နာမည်နဲ့လိုက်အောင် စာပေကျမ်းဂန်တွေနဲ့မဲ ပျော်မွေ့နေတာပဲ၊ ပညာနဲ့ဗလ ပေါင်းလိုက်ရင်တော့ လောကမှာ ဘယ်လိုလူမျိုးနဲ့မဆို ယှဉ်ဝံ့ပါတယ် ညီမလေးရယ်"

"အစ်ကိုတို့ ညီအစ်ကိုနှစ်ယောက်ရဲ့ နာမည်တွေက ဆန်းတယ်နော်၊ အဖေရဲ့နာမည်ကို တစ်ယောက်တစ်ဝက် ခွဲယူထားတယ်"

"အစ်ကိုတို့ ညီအစ်ကိုနှစ်ယောက်ဟာ အဖေရဲ့ပညာကို တစ်ယောက်တစ်ဝက်စီ ရထားကြတာ ညီမလေးရဲ့၊ အဖေကတော့ ပညာဗလဆိုတဲ့အမည်နဲ့ လိုက်အောင် လောကီပညာ





ပိုင်းမှာရော၊ တိုက်ခိုက်ရေးပညာမှာရော ကျွမ်းကျင်တယ် ညီမလေးရဲ့"

ဟု ဆိုကာ ရှေ့ကျွမ်း နောက်ကျွမ်းကို ထိုးပြပြန်၏။ မိန်းကလေးသည် လက်ခုပ်လက်ဝါး တီး၍ ရယ်မောလိုက်လေ၏။

ဤသို့နှင့်ပင် မိန်းကလေးသည် ပညာ၊ ဗလ ညီအစ်ကိုနှစ်ဦးနှင့်အတူ တစ်နှစ်ပြည့်အောင် နေထိုင်ခဲ့လေ၏။ တစ်နှစ်ပြည့်မြောက်သောနေ့တွင် မိန်းကလေးက ...

"ညီမ ဒီအိမ်ကို ရောက်တာ မနက်ဖြန်ဆိုရင် တစ်နှစ်ပြည့်ပြီ"

ဟု ဆိုလိုက်လေရာ ဗလဆိုသော လူငယ်က ...

"တစ်နှစ်ပြည့်တော့ ဘာဖြစ်လဲ ညီမလေးရဲ့"

မေးလိုက်လေရာ မိန်းကလေးက ...

"တစ်နှစ်ပြည့်တော့ ညီမ ဒီအိမ်က သွားရတော့မှာပေါ့"

ဟု ဆိုလိုက်လေရာ ပညာဗလ ညီအစ်ကိုနှစ်ယောက်သည် အထိတ်တလန့် ဖြစ်သွားပြီးလျှင် ...

"ညီမလေးက ဘယ်ကို သွားမှာလဲ၊ ဘာလို့လဲ ... အစ်ကိုတို့နဲ့ မနေချင်တော့ဘူးလား"

ဟု ဝမ်းပမ်းတနည်း မေးလေ၏။ ထိုအခါ မိန်းကလေး၏ မျက်နှာ ညှိုးနွမ်းသွားပြီး ...

"မနေချင်လို့ မဟုတ်ပါဘူး အစ်ကိုတို့ရယ်၊ အစ်ကိုတို့နဲ့ နေရတဲ့ ဘဝလေးဟာ ညီမဘဝရဲ့ အချမ်းမြေ့ရဆုံး ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကလေးပါ၊ အခု ဒီအိမ်က ထွက်သွားရမယ်ဆိုတာလည်း မသွားလို့ မဖြစ်လို့ပါ၊ ညီမလည်း အစ်ကိုတို့နဲ့ ခွဲရတာ သိပ်ဝမ်းနည်းပါတယ်၊ ဒါပေမဲ့ ညီမဘဝမှာ ကြီးလေးတဲ့ တာဝန်တွေ ရှိသေးလို့ပါ"

ဟု ပြောလေရာ ပညာနှင့်ဗလ ညီအစ်ကိုနှစ်ယောက်သည် လွန်စွာ စိတ်မကောင်းဖြစ်သွားပြီးလျှင် ...

"ညီမလေးမှာ ဘာတာဝန်တွေ ရှိလို့လဲ၊ ဘယ်လို အခက်အခဲတွေ ရှိသလဲ၊ အစ်ကိုတို့ကိုပြော၊ အားလုံး ဖြေရှင်းပေးမယ် ပညာနဲ့ဗလ ပေါင်းလိုက်ရင် လောကမှာ ဘာန္တရာယ်ကိုမှ ကြောက်စရာမလိုဘူး ညီမလေးရဲ့"

ဟု အားတက်သရော ပြောလိုက်လေ၏။ မိန်းကလေးသည် သက်ပြင်းကိုချ၍ ...

"ယုံပါတယ် အစ်ကိုတို့ရယ်၊ ဒါကြောင့်လည်း ညီမရဲ့အတိတ်က အဖြစ်ဆိုးတွေကို ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ဟိုးအရင်က မပြောဖြစ်ခဲ့တာက ညီမအတွက် အစ်ကိုတို့ညီအစ်ကိုနှစ်ယောက် စိတ်ဆင်းရဲမှာ စိုးလို့ပါ"

ဟု တီးတိုးပြောလိုက်လေ၏။ ထို့နောက်တွင်မှ မိန်းကလေးနှင့် ညီအစ်ကိုနှစ်ယောက်သည် ပညာဗလသမားတော်ကြီးရှိရာ ဘုရားခန်းသို့ ဝင်ရောက်ကြ၏။

သမားတော်ကြီးသည် ဘုရားစင်အရှေ့တွင် ပုတီးစိပ်နေရာမှ လှည့်၍ပင် မကြည့်ပဲ ...





"အချိန်တန်ပြီဆိုရင် ပြောပြနိုင်ပါတယ် မိန်းကလေး၊ ကျုပ်ရဲ့ သားနှစ်ယောက်က မိန်းကလေးအတွက် ရဲစွမ်းသတ္တိရှိတဲ့ ယောက်ျားမြတ်နှစ်ယောက် ဖြစ်မှာပါကွယ်"

ဟု ရေရွတ်လိုက်ရင်း မိန်းကလေးနှင့် မျက်နှာချင်း ဆိုင်အောင် လှည့်လိုက်လေ၏။ ထိုအခါတွင် မိန်းကလေးက အကြည်းစက်ဆုပ်ဖွယ်ကောင်းလှသော သူမဘဝဇာတ်ကြောင်းကို အောက်ပါအတိုင်း ပြောပြလေ၏။

"ကျွန်မရဲ့အဖေဟာ ပုဂံခေတ်မတိုင်မီကပင် ပေါ်ပေါက်ခဲ့တဲ့ သူရိယစန္ဒာဆိုတဲ့ လောကီပညာဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ကြီးပါ။ သူရိယစန္ဒာလို့ အမည်ပေးရခြင်းကတော့ ရှေးခေတ်အိန္ဒိယပြည်ကြီးမှာ "သူရိယဝံသ"လို့ခေါ်တဲ့ နေမျိုးနွယ်မင်းဆက်နဲ့ "စန္ဒာရဝံသ"လို့ခေါ်တဲ့ လမျိုးနွယ်မင်းဆက်နှစ်ဆက် ရှိပါတယ်။ မြန်မာလူမျိုးတွေဟာ နေမျိုးနွယ်ရော လမျိုးနွယ်ရော မင်းဆက်နှစ်ဆက်မှ ဆင်းသက်လာတယ်လို့ ယုံကြည်တဲ့ အတွက် နေနဲ့လကို ကိုယ်စားပြုပြီး သူရိယစန္ဒာလို့ အမည်ပေးခြင်း ဖြစ်ပါတယ်၊ ကျွန်မတို့ဂိုဏ်းရဲ့ အမှတ်တံဆိပ်ကတော့ နေကို ကိုယ်စားပြုတဲ့ ဥဒေါင်းရုပ်နဲ့ လကို ကိုယ်စားပြုတဲ့ ယုန်ရုပ်ဖြစ်ပါတယ်၊ သူရိယစန္ဒာဂိုဏ်းကြီးဟာ လျှို့ဝှက်နက်နဲတဲ့ လောကီပညာတွေကို အကြီးအကျယ် လိုက်စားခဲ့ကြတယ်၊ သဲကြီးမဲကြီး ရှာဖွေစုဆောင်းခဲ့ကြတယ်၊ မြန်မာရာဇဝင်အဆက်ဆက်မှာ ထင်ရှား ကျော်ကြားခဲ့တဲ့ ပညာရှင်တွေ၊ ဘုရင်၊



www.burmeseclassic.com

www.burmeseclassic.com



မိဖုရား၊ မှူးကြီးမတ်ရာ၊ သေနာပတိတွေဟာ တစ်နည်းမဟုတ် တစ်နည်းတော့ သူရိယစန္ဒာဂိုဏ်းနဲ့ ပတ်သက်ဖူးသူတွေပါ။ မန္တလေးရွှေမြို့တော်ကြီးမှာရှိတဲ့ သီဟာသနပလ္လင်တော်ကြီးအ တောင် သူရိယနေမင်းရဲ့ အထိမ်းအမှတ် လက္ခဏာဖြစ်တဲ့ ဥဒေါင်းရုပ်နဲ့ လမင်းစန္ဒာကို ကိုယ်စားပြုတဲ့ ယုန်ရုပ်ရှိနေတာ တွေ့ရပါလိမ့်မယ်၊ မြန်မာအမျိုးသားလက္ခဏာဟာလည်း ဥဒေါင်းရုပ် ဖြစ်နေတာပါပဲ၊ “သူရိယဝံသ” အဆက်အနွယ် ဆိုတာ ငြင်းလို့မရတဲ့ အထောက်အထား ဖြစ်ပါတယ်၊ မြန်မာရာဇဝင်မှာ ထင်ရှားခဲ့တဲ့ ဘားမဲ့ဆရာတော်၊ ဘားတအေး ဆရာတော်၊ အတုလဆရာတော် ခင်ကြီးဖျော်၊ ကျည်းကန်ရှင် ကြီး၊ စလေဦးပုည၊ အချုပ်တန်းဆရာဖေ စတဲ့ ပညာရှင် ကြီးတွေဟာ သူရိယစန္ဒာဂိုဏ်းနဲ့ ပတ်သက်ဖူးတဲ့ သူတွေ ပါ။”

ထိုနေရာအရောက်တွင် သမားတော်ကြီး ပညာဗလက ဝင်ရောက်၍ ...

“ဖြစ်နိုင်ပါတယ် မိန်းကလေး၊ ကျုပ်တို့ မျိုးဆက်ရဲ့ တစ်နေ ရာမှာ သူရိယစန္ဒာဂိုဏ်းနဲ့ ပတ်သက်ဖူးပါတယ်၊ ကျုပ်တတ် ထားတဲ့ ပညာတွေဟာလည်း သူရိယစန္ဒာဂိုဏ်းက လာတယ်လို့ ထင်ပါတယ်”

ဟု ဝင်ရောက်၍ ထောက်ခံလေ၏။ မိန်းကလေးက ဆက်၍ ...





“သူရိယစန္ဒာဂိုဏ်းသားတွေဟာ အချို့က စွမ်းရည်အလွန်ထက် မြက်ပြီး အချို့က သာမန်မျှသာ ဖြစ်ပါတယ်၊ ကျွန်မတို့ဂိုဏ်း ဟာ လျှို့ဝှက်နက်နဲလွန်းတဲ့အတွက် တကယ် မရှိဘူးလို့ တောင် ထင်ကြပါတယ်၊ သူရိယစန္ဒာဂိုဏ်းရဲ့ အစည်းအဝေးကို သုဝဏ္ဏဘူမိနေပြည်တော်ဟောင်း ရှိခဲ့တဲ့ မွန်ပြည်နယ်“ကေလာ သ”တောင်ခြေက လျှို့ဝှက်လိုဏ်ဂူကြီးထဲမှာ သုံးနှစ်တစ်ကြိမ် ကျင်းပလေ့ ရှိပါတယ်၊ ဒီအစည်းအဝေးကြီးမှာ အဆင့်မြင့် ဂိုဏ်းဝင်တွေဟာ ဂိုဏ်းချုပ်ရွေးချယ်ပွဲတွေ၊ ရှာဖွေတွေ့ရှိခဲ့ တဲ့ လောကီပညာရပ်တွေကို မှတ်တမ်းတင်မှုတွေ လုပ်ခဲ့ကြ ပါတယ်၊ ဒါပေမဲ့ အစည်းအဝေးပွဲတွေကို စစ်ကိုင်းမင်း လက်ထက် (၁၈၂၄)ပတ်ဝန်းကျင်လောက်ကစပြီး မလုပ်ဖြစ် တော့ပါဘူး၊ ဂိုဏ်းဝင်တွေဟာ စည်းလုံးညီညွတ်မှု မရှိဘဲ ဂိုဏ်းရဲ့ လျှို့ဝှက်ပညာရပ်တွေကို လိုချင်တပ်မက်ခဲ့ကြလို့ပါပဲ၊ တိုတိုပြောရရင်တော့ ဂိုဏ်းကြီးဟာ တဖြည်းဖြည်း ယိုယွင်း ပျက်စီးခဲ့ရပါတယ်၊ ဂိုဏ်းကြီးရဲ့ လျှို့ဝှက်ပညာတွေထားရှိ တဲ့ မွန်ပြည်နယ်“ကေလာသ”တောင်ခြေက လိုဏ်ဂူကြီးကို လည်း ဂိုဏ်းချုပ်အဆက်ဆက်တွေကိုသာ အသိပေးခဲ့ပါတော့ တယ်၊ ကျွန်မရဲ့အဖေ ဂိုဏ်းချုပ်ဖြစ်တဲ့အခါမှာ သူရိယစန္ဒာ ဂိုဏ်းဟာ အကြီးအကျယ် ပျက်စီးနေပါပြီ။ အဖေကတော့ တတ်နိုင်သမျှ အင်အားနဲ့ ကြိုးစားပြီး ဂိုဏ်းကြီးကို ထိန်းစင်ခဲ့ပါ တယ်၊ ကျွန်မအဖေ အသက်ဆုံးကာနီးမှာ ဂိုဏ်ချုပ်သစ်



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ဖို့ ဖြစ်လာပါတယ်၊ သူရိယစန္ဒာဂိုဏ်းရဲ့ စည်းကမ်းကတော့ ဂိုဏ်းချုပ်က သားယောက်ျားလေး မဖွားမြင်ရင် ဂိုဏ်းထဲက သင့်တော်မဲ့လူကို ဂိုဏ်းချုပ်အရာ ပေးရပါတယ်၊ ကျွန်မရဲ့ ဖခင်ကြီးဟာ ဂိုဏ်းထဲက ပညာဉာဏ်ထက်မြက်ပြီး ရိုးသားမှုရှိတဲ့ ကိုဝဏ္ဏ ဆိုတဲ့သူကို ဂိုဏ်းချုပ်အသစ်အဖြစ် ရွေးချယ်ပြီး ကျွန်မနဲ့ လက်ထပ်ပေးခဲ့ပါတယ်၊ ကျွန်မနဲ့ ကိုဝဏ္ဏဟာ ချစ်သူတွေလည်း ဖြစ်ပါတယ်၊ ကျွန်မရဲ့ ဖခင်ကြီး ဆုံးပါးသွားတဲ့အခါမှာ ဂိုဏ်းထဲက သစ္စာဖောက်နှစ်ယောက်ဖြစ်တဲ့ သီဟနဲ့ဇမ္ဗူ ညီအစ်ကို နှစ်ယောက်ဟာ ဂိုဏ်းချုပ်ရာထူးကို မရတဲ့အတွက် ဂိုဏ်းဝင်တွေကို အမျိုးမျိုးသွေးခွဲပေးခဲ့ပါတယ်၊ မကောင်းမှု၊ ဒုစရိုက်မှုတွေ ကျူးလွန်ပြီး ငွေကို မတရားတဲ့နည်းလမ်းနဲ့ ရှာကြပါတယ်၊ ပြီးတော့လေ လောဘရမ္မက်ရှိတဲ့ ဂိုဏ်းသားတွေကို ငွေပုံပေးပြီးတော့ စည်းရုံးမှုတွေ လုပ်ခဲ့ကြပါတယ်ရှင်၊ ဒီလိုနဲ့ သစ္စာဖောက်ဂိုဏ်းဝင်တွေဟာ သီဟနဲ့ဇမ္ဗူ ညီအစ်ကိုနှစ်ယောက်ဘက်ကို ပါကုန်ကြပါတယ်၊ ကျွန်မရဲ့ ယောက်ျားကိုဝဏ္ဏဟာ သူတို့ရဲ့ လုပ်ရပ်တွေကို ရိပ်စားမိတဲ့ အချိန်မှာ အတော်လေး နောက်ကျခဲ့ပါပြီ၊ သူတို့ဟာ သစ္စာရှိတဲ့ ဂိုဏ်းဝင်တွေကိုတောင် စည်းရုံးလို့မရတဲ့အဆုံးမှာ နည်းအမျိုးမျိုးနဲ့ သုတ်သင်ခဲ့ပါတယ်၊ ဂိုဏ်းချုပ်ဟာ သီဟနဲ့ဇမ္ဗူ ညီအစ်ကိုကို အနုနည်းနဲ့ ဆွဲဆောင်ကြည့်ပါသေးတယ်၊ ဒါပေမဲ့ လောဘရမ္မက်ကြီးတဲ့ ညီအစ်ကိုနှစ်





ယောက်ဟာ ကျွန်မတို့ဂိုဏ်းရဲ့ အထွတ်အမြတ်ထားတဲ့ မွန်ပြည်နယ် ကေလာသတောင်ပေါ်က လိုဏ်ဂူရဲ့ မြေပုံကို တောင်းဆိုခဲ့ပါတယ်၊ သူတို့ညီအစ်ကိုဟာ မွန်ပြည်နယ်ကေလာသတောင်မှာရှိတဲ့ လော်ကီပညာတွေကို လိုချင်နေကြတာဖြစ်တယ်၊ တစ်နေ့မှာတော့ ယုတ်မာရက်စက်တဲ့ ညီအစ်ကိုနှစ်ယောက်ဟာ ကိုဝဏ္ဏကို ဂိုဏ်းရဲ့ ရှေ့ရေးကိစ္စ ဆွေးနွေးဖို့ဆိုပြီး ချိန်းလိုက်ပါတယ်၊ ပြီးတော့ ကိုဝဏ္ဏစားတဲ့ အစားအစာတွေကို အဆိပ်ခပ်ပြီး လုပ်ကြံလိုက်ပါတယ်၊ ကိုဝဏ္ဏ အဆိပ်မိပြီးတဲ့အချိန်မှာ ကေလာသတောင်ရဲ့ တည်နေရာရှိတဲ့ မြေပုံကို အကျပ်ကိုင်ပြီး တောင်းခဲ့ပါတယ်၊ ကိုဝဏ္ဏဟာ ယုတ်မာကောက်ကျစ်တဲ့ ညီအစ်ကိုနှစ်ယောက်ရဲ့ လက်ထဲမှာ ဂိုဏ်းရဲ့ပညာရပ်တွေကို မထည့်နိုင်တဲ့အတွက် အဆိပ်မိနေတဲ့ကြားထဲက သစ္စာဖောက်ဂိုဏ်းသားတွေကို ပြန်ပြီး တိုက်ခိုက်ခဲ့ပါတယ်”

မိန်းကလေးသည် သူမ၏ ဘဝဇာတ်ကြောင်းကို ပြန်ပြောင်း၍ ပြောဆိုရင်း ဝမ်းနည်းကြေကွဲလာဟန်ရှိ၏။ မိန်းကလေးက ဆက်လက်၍ ...

“မိုးတွေရွာနေတဲ့ ညတစ်ညမှာပေါ့ရှင် အဲ့ဒီညကို ကျွန်မ တစ်သက် ဘယ်တော့မှ မေ့လို့မရပါဘူး၊ ကိုဝဏ္ဏဟာ ဒဏ်ရာတွေဗရပွနဲ့ ကျွန်မတို့အိမ်လေးကို ပြန်ရောက်လာခဲ့ပါတယ်၊ ကိုဝဏ္ဏ တစ်ကိုယ်လုံး သွေးသံရဲရဲ မြင်ရက်စရာတောင် မရှိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးရှင်၊ ဒီအချိန်မှာ ကျွန်မဟာ အခါလည်သားကလေးကို နို့တိုက်နေတဲ့အချိန်ပါပဲ၊ ကျွန်မက ကိုဝဏ္ဏကို အပြေးမွေးချိ လိုက်တဲ့အချိန်မှာ ကိုဝဏ္ဏဟာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြ ပါတယ်၊ သူဟာ လူယုတ်မာညီအစ်ကိုနှစ်ယောက်ရဲ့ အဆိပ် မိထားတယ် ဆိုတာ သူ မနေရတော့ဘူးလို့ ပြောပါတယ်၊ ကိုဝဏ္ဏရဲ့ နောက်ကလည်း သစ္စာဖောက်ဂိုဏ်းဝင် ညီအစ်ကို နှစ်ယောက်ဟာ ထက်ကြပ်မကွာ လိုက်ပါလာပါတယ်၊ ကိုဝဏ္ဏ အတွက် ကလဲ့စားချေပေးဖို့ ကျွန်မကို ကတိတောင်းပါတယ်၊ နောက်ပြီးတော့ သူ့ရင်ခွင်ထဲက မြေပုံနဲ့ ဓားမြောင်နှစ်လက်ကို ပေးခဲ့ပါတယ်၊ ဟောဒီဓားမြောင်ကလေးနှစ်လက်ပါပဲ"

ဟု ဆိုကာ ယွန်းဘူးလေးထဲမှ လွန်စွာလှပသော ငွေဓားမြောင်လေးနှစ်လက်ကို ပြလေ၏။ ဓားမြောင်တစ်လက်၏အရိုးတွင် ဥဒေါင်းရုပ်နှင့် တစ်လက်၏အရိုးတွင် ယုန်ရုပ်ကို ထွင်းထု ထားလေ၏။ ဥဒေါင်းရုပ်၏အပေါ်တွင် "သူရိယ"ဟု ရေးထိုးထားပြီး ကျန်သော ယုန်ရုပ်၏အပေါ်တွင် "စန္ဒာ"ဟု ထွင်းထုထားလေ၏။ မိန်းကလေးက ဆက်၍ ...

"ဒီဓားမြောင်နှစ်လက်ဟာ သူရိယစန္ဒာဂိုဏ်းချုပ်ရဲ့ အမှတ် အသားပါပဲ၊ ကိုဝဏ္ဏဟာ သူ့ရဲ့ ရန်သူတွေကို ဒီဓားမြောင်နဲ့ လက်စားချေနိုင်းပါတယ်၊ ကလဲ့စားချေပြီးပြီ ဆိုရင်တော့ ကေလာသတောင်ခြေမှာ ရှိတဲ့ လိုဏ်ဂူကြီးထဲမှာ ဒီဓားမြောင် တွေကို ပြန်ထားခိုင်းပါတယ်၊ ဂိုဏ်းချုပ်ရဲ့ အမှတ်အသားဖြစ်





တဲ့ ဓားမြောင်နှစ်လက်ကို ပြန်ထားစေတာဟာ တစ်နည်းအားဖြင့် သူရိယစန္ဒာဂိုဏ်းကို အပြီးအပိုင် ဖျက်သိမ်းလိုက်တဲ့ သဘောပါပဲရှင်၊ ဒီနောက်တော့ ကျွန်မဟာ သားလေးကို ပိုက်ပြီး အမြန်ပြေးထွက်ခဲ့ပါတယ်၊ နာရီဝက်လောက်ရှိတဲ့ အခါမှာ ကျွန်မတို့အိမ်ဘက်က မီးတောက်မီးလျှံတွေ တက် လာတာကို မြင်ရလို့ ကိုဝဏ္ဏ ကျဆုံးသွားပြီဆိုတာ ကျွန်မ သိလိုက်ပါတယ်၊ လူယုတ်မာညီအစ်ကိုနှစ်ယောက်ဟာ ကျူးပင်ခုတ်ကျူငုတ်ပါ မကျန်အောင် နှိမ်နင်းနိုင်တဲ့သဘော မျိုးနဲ့ ကျွန်မနဲ့သားလေးကို လိုက်လံသတ်ဖြတ်နေတော့တာ ပါပဲ၊ ကျွန်မဟာ သားလေးကို ပိုက်ပြီး တစ်မြို့ပြီးတစ်မြို့ တပြေးတည်းပြေးနေရတာပါပဲရှင်၊ ကျွန်မ အသက်ဆုံးရှုံးမှာကို မကြောက်ပါဘူး၊ ကျွန်မရဲ့သားလေး အချိန်တန်အရွယ်ရောက် တဲ့အခါမှာ သူ့ဖခင်အတွက် ကလဲ့စားမချေနိုင်မှာကို စိုးပါ တယ်၊ ကျွန်မဟာ ရှိတဲ့ လက်ဝတ်လက်စား ရတနာတွေကို တစ်ခုပြီးတစ်ခု ထုခွဲပြီး ရန်သူရဲ့ အရိပ်အယောင်ကို မြင်တာနဲ့ အသက်လုပြီး ပြေးနေရပါတယ်၊ ဒီလိုနဲ့ ကျွန်မဟာ မြို့ကလေး တစ်မြို့မှာ အတန်ကြာအောင် ခိုလှုံနေရင်း သားလေးရှေ့ရေး အတွက် စဉ်းစားရပါတယ်၊ သားလေး အချိန်တန်အရွယ် ရောက်တဲ့အခါမှာ သူ့အဖေအတွက် ကလဲ့စားချေနိုင်ဖို့ သားလေးအသက်ကို အဆုံးရှုံးမခံနိုင်ပါဘူး၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရန်သူတွေ ကျွန်မကို မိသွားရင်တောင်

www.burmeseclassic.com



သားလေးကို အန္တရာယ် မဖြစ်စေချင်ပါဘူး၊ လူယုတ်မာ ညီအစ်ကိုလက်က လွတ်အောင် ပြေးတဲ့အခါမှာလည်း သားလေးရှိနေအတွက် မလွတ်လပ်ပါဘူး၊ အန္တရာယ်ကြီးပါတယ်၊ ကြမ်းတမ်းတဲ့ ခရီးကြမ်းဒဏ်ကို သားလေးဟာ အရွယ်နဲ့မမျှအောင် ခံစားရပါတယ်၊ ဒီလိုနဲ့ ကျွန်မ အကြံတစ်ခုရခဲ့ပါတယ်၊ အကြံကတော့ ကျွန်မနဲ့ သားကလေးကို ရှင်ကွဲ ကွဲစေတဲ့ အကြံဉာဏ်ပါပဲ၊ ကျွန်မ ရောက်နေတဲ့ မြို့ကလေးဟာ မြစ်ဝ ကျွန်းပေါ်မြို့ကလေး ဖြစ်တဲ့အတွက် မြစ်ကမ်းနံဘေးမှာ အိမ်ကလေးတစ်လုံးနဲ့ ပြည့်တန်ဆာအလုပ်ကို လုပ်ကိုင်နေတဲ့ **"သိရီမာ"** ဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိပါတယ်၊ ညတစ်ညတော့ ကျွန်မဟာ လူသူအရိပ်အကဲကြည့်ပြီး ပြည့်တန်ဆာမကလေးရဲ့ ဓိမ်နန်းအိမ်ကလေးမှာ သားလေးကို သွားထားလိုက်ပါတယ်၊ ပြည့်တန်ဆာမကလေးဟာ သားလေးကို မြင်တဲ့ညမှာပဲ သားလေးနဲ့အတူ မြို့ကလေးက ပျောက်ကွယ်သွားခဲ့ပါတယ်"

**(ပြည့်တန်ဆာမကလေး သိရီမာသည် ကလေးငယ်နှင့်အတူ မြို့ကလေးမှ ထူးဆန်းစွာ ပျောက်ဆုံးသွားသောအခန်းသည် လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် ကျွန်ုပ်၏ စာဖတ်သူများ ဦးဦးဖျားဖျား ဖတ်ရှုစေလိုသော စေတနာဖြင့် ဤစာအုပ်၏ ရှေ့ဆုံးအခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)**

**(စာရေးသူ)**





"ကျွန်မဟာ သားလေးကို မခွဲချင်ပဲခွဲခဲ့ရလို့ ရင်ကွဲမတတ် ခံစားရပါတယ်ရှင်၊ တစ်နေ့နေ့မှာ သားလေးကို ပြန်ခေါ်ပြီး သူ့အဖေအတွက် ကလဲ့စားချေမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ မကြာပါဘူးရှင် ... လူယုတ်မာ ညီအစ်ကိုနှစ်ယောက်ဟာ ကျွန်မကို ခြေရာခံပြီး လိုက်လာနေလို့ တစ်မြို့ပြီးတစ်မြို့ အသက်လုပြီး ပြေးခဲ့ရပြန်ပါတယ်၊ ကျွန်မဟာ နေ့စဉ်နေ့တိုင်း အချိန်မှန်မအိပ်၊ အချိန်မှန် မစားတဲ့ဒဏ်ကြောင့် အားအင် ကုန်ခမ်းပြီး ညတစ်ညမှာ အစ်ကိုတို့ ခြံရှေ့ လဲကျသွားတာ ပါပဲရှင်၊ ကျွန်မရဲ့အတိတ်က အဖြစ်ဆိုးကြီးကတော့ ဒါပါပဲ၊ လူယုတ်မာညီအစ်ကိုနှစ်ယောက်ဟာ ကျွန်မကို မျက်ခြည်ပြတ် သွားပြီနဲ့တူပါတယ်၊ ကျွန်မသားလေးကို မရရအောင် ပြန်ရှာပြီး သူ့အဖေအတွက် ကလဲ့စားချေခိုင်းရမှာပါပဲ၊ သားလေးကို ထားခဲ့တဲ့ ပြည့်တန်ဆာမလေး သိရီမာကို တွေ့အောင် ရှာနိုင်ရင် ကျွန်မသားလေးကို ပြန်ပြီး တွေ့ပါပြီရှင်"

ဟု ဆိုကာ မိန်းကလေးသည် သူမ၏စကားကို အဆုံးသတ်လိုက်လေ၏။ ပညာဗလ ညီအစ်ကိုနှစ်ယောက်သည် မိန်းကလေးကို လွန်စွာကရုဏာသက်၍ သွားလေတော့၏။

"သနားစရာကောင်းလိုက်တဲ့ ညီမလေးရယ်"

ဟု နှုတ်မှ တရွရွ ရွတ်ဆိုကြလေ၏။ ပညာဗလသားလေးဆောက်ကြီးကမူ "သဗ္ဗေသတ္တာကမ္မသကာပါပဲ" မိန်းကလေးရယ်ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗလဆိုသော လှူယ်က ...

"နေလဂိုဏ်းသားတွေဟာ အင်မတန်ဆိုးတဲ့ ကောင်တွေပဲ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ဒီအချိန်ကစပြီး ဘာအန္တရာယ်ကိုမှ ကြောက်စရာမလိုဘူး၊ အစ်ကိုတို့ ညီအစ်ကိုနှစ်ယောက်သာ အနားမှာရှိနေရင် ဘယ်ဂိုဏ်းသားမှ ညီမလေးကို ထိရဲမှာ မဟုတ်ဘူး"

ဟု အားပေးစကားပြောလေ၏။ ပညာပါသော လှူယ်ကလည်း ...

"ဟုတ်တယ် ညီမလေး၊ အစ်ကိုတို့ အသက်ရှင်နေသရွေ့ ညီမလေး မှဲ့တစ်ပေါက်မှ မစွန်းစေရဘူး၊ အစ်ကိုတို့ အိမ်ကထွက်မသွားပါနဲ့ ညီမလေးရယ်၊ တကယ်တော့ ညီမလေးဟာ အစ်ကိုတို့ ညီအစ်ကိုနှစ်ယောက်ရဲ့ ရင်ထဲက အမြတ်နိုးဆုံး ပန်းကလေးတစ်ပွင့်ပါ"

ဟု ဝမ်းပန်းတနည်း ပြောဆိုလေ၏။ မိန်းကလေး၏ မျက်လုံးထဲတွင် ပညာဗလ ညီအစ်ကိုနှစ်ဦး အလုအယက် ထိုးလျှက်ရှိသော နှင်းဆီပန်းကလေးနှစ်ပွင့်ကို မြင်ယောင်လာလေ၏။ သူမ၏ တုန်ယင်နေသော နှုတ်ခမ်းကလေးကို တရွရွ လှုပ်ခတ်၍ **"အမြတ်နိုးဆုံး ပန်းကလေး" "အမြတ်နိုးဆုံးပန်းကလေး"**ဟု ရေရွတ်နေလေ၏။ ထို့နောက် မိန်းကလေးက ...

"ညီမလည်း မသွားချင်ပါဘူး အစ်ကိုတို့ရယ်၊ ဒါပေမဲ့ သီရိမာဆိုတဲ့ ပြည်တန်ဆာမလေးနဲ့အတူ ပျောက်ဆုံးသွားတဲ့





ညီမလေးရဲ့ သားလေးကို ပြန်ရှာရဦးမယ်၊ သားလေးကို ပညာတွေသင်ပေးပြီး သူ့အဖေအတွက် ကလဲ့စားချေရဦးမယ်၊ ကျွန်မတို့ သူရိယစန္ဒာဂိုဏ်းရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ သူရိယနဲ့ စန္ဒာဆိုတဲ့ ဓားနှစ်လက်ကိုလည်း မွန်ပြည်နယ် "ကေသာလ" တောင်ပေါ်မှာ ပြန်ထားရဦးမယ်"

ဟု လေးနက်စွာ ပြောဆိုထိုက်လေရာ ဗလဆိုသော လှူယ်က ...

"ဒါဆိုရင် ညီမလေးနဲ့အတူ အစ်ကိုတို့ညီအစ်ကိုနှစ်ယောက် လိုက်ခဲ့မယ်၊ ညီမလေးကို စိတ်မချဘူး၊ ညီမလေးမှာ ရန်သူတွေ ရှိသေးတယ် မဟုတ်လား"

"အစ်ကိုတို့ လိုက်ဖို့ မလိုသေးပါဘူးရှင်၊ တစ်ချိန်ချိန်ရောက်ရင်တော့ အစ်ကိုတို့ ညီအစ်ကိုနှစ်ယောက်ဟာ ညီမလေး အတွက် လိုအပ်လာမှာပါ၊ အဲဒီအချိန်ရောက်ရင်သာ အစ်ကိုတို့ နှစ်ယောက် အပြေးလာခဲ့နော်"

ဟု မိန်းကလေးက လေးနက်စွာ ပြောလိုက်ပြန်ရာ ညီအစ်ကိုနှစ်ယောက်စလုံးက ...

"စိတ်ချပါ ညီမလေးရယ်၊ အစ်ကိုတို့ ညီအစ်ကိုနှစ်ယောက် စလုံး ဘယ်ဘဝပဲရောက်နေနေ၊ ညီမလေးဆီကို အရောက်လာခဲ့မယ်"

ဟု ကတိပြုလိုက်လေတော့၏။ ထို့နောက် မိန်းကလေးက ...



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကို တားဆီးဖို့ မကြိုးစားပါနဲ့တော့၊ အစ်ကိုတို့ရယ် ညီမလေး သွားပါရစေတော့"

ဟု ဆိုကာ သမားတော်ကြီး ပညာဗလကို ဦးစွာကန် တော့လေ၏။ တစ်ချိန်လုံး စကားတစ်ခွန်းမှ ဝင်မပြောဘဲ ငြိမ်သက် စွာ နားထောင်နေသော သမားတော်ကြီး ပညာဗလက ...

"မိန်းကလေးရဲ့ ဆန္ဒတွေ ပြည့်ဝမှာပါ၊ တစ်ချိန်ချိန်မှာတော့ ကျုပ်ရဲ့သားနှစ်ယောက်ဟာလည်း အမြတ်နိုးဆုံးပန်းလေး အတွက် ပေးဆပ်ကြမှာပါ၊ ဒီအချိန်မှာ ကျုပ်ကတော့ လူ့ လောကကြီးမှာ မရှိတော့ပါဘူး၊ အရာရာဟာ ကံစီမံရာပါပဲ မိန်းကလေးရယ်"

ဟု ပြောဆိုရင်း မျက်လွှာကို ချလိုက်လေတော့၏။ မိန်းကလေးလည်း ခရီးထွက်ရန် ပြင်ဆင်လေတော့၏။ ညီအစ်ကို နှစ်ယောက်စလုံးသည် ငူငူငိုင်ငိုင်ကြီး ထိုင်နေကြလေ၏။ မိန်းက လေးသည် အလုံးစုံကို ပြင်ဆင်ပြီးသောအခါ ...

"အစ်ကိုတို့ရယ် ... ညီမလေး သွားတော့မယ်နော်"

"တားလို့မရတော့လည်း သွားပေါ့ညီမလေးရယ်"

ဟု ပြောဆိုရင်း ပညာဗလ ညီအစ်ကိုနှစ်ယောက်သည် မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် ဝမ်းနည်းကြေကွဲစွာ ကျန်ရစ် လေတော့သတည်း။





မိန်းကလေးသည် ပြည့်စာန်ဆာမလေး သီရိမာကို မြန်မာပြည်အနှံ့ လှည့်လည်၍ နှစ်ပေါင်းများစွာ ရှာဖွေခဲ့လေ၏။ သို့သော်လည်း သီရိမာ၏ အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

မိန်းကလေးသည် စိတ်ဓာတ်မကျဘဲ ဆက်လက်၍ ဝဲကြီးစွာ ရှာဖွေပြန်၏။ ခုနစ်နှစ်ခန့် ကြာသောအခါတွင် ညည်ကားလှသော မြို့ကလေးတစ်မြို့၌ အကြော်သည်တစ်ဦးအဖြစ် သက်မွေးဝမ်းကျောင်းပြုနေသော ပြည့်တန်ဆာမကလေး သီရိမာနှင့် သူမ၏ သားကလေးကို တွေ့ရလေ၏။

သီရိမာသည် မကောင်းသောအလုပ်ကို လုံးဝမလုပ်ကိုင် ဘဲ သူမ၏ သားကလေးကို မိခင်ရင်းခြာနှင့်မခြား ကောင်းမွန်စွာ ကျေးပြုစုနေသည်ကို တွေ့ရ၏။

သီရိမာနှင့် သူမ၏ သားကလေး ဆင်းရဲပင်ပန်းစွာ ကိုင်စားသောက်နေသည်ကို ကြည့်၍ မိန်းကလေးသည် လွန်စွာ ကြွဲဝမ်းနည်း၍သွားလေ၏။ မိန်းကလေးသည် သီရိမာ၏ အကြော် တွင် အကြော်ဟိုစားရင်း အကဲခတ်ကြည့်သောအခါ သီရိမာနှင့် ကလေးမှာ တစ်ဦးနှင့်တစ်ဦး လွန်စွာချစ်မြတ်နိုးကြောင်း တွေ့ရ ၏။ သူမသည် သီရိမာ၏ ရင်ခွင်မှ ကလေးကို ခွဲခွာ၍မထုတ် အောင် ကရုဏာသက်၍သွားလေ၏။ ထို့ကြောင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ချမ်းသာကြွယ်ဝအောင် ငွေတွေ အများကြီးရှာရမယ် နောင်တစ်ချိန် ငါ ပြည့်စုံလာတဲ့အချိန်မှာ သီရိမာနဲ့သားကလေး ကို ရှင်းပြပြီး တောင်းပန်ရမယ်၊ ငါ့သားလေးဟာ သူ့အမေ အတွက် လက်စားချေစေရမယ်၊ ဒီအချိန်မှာတော့ ငါလည်း ဘာမှ မတတ်နိုင်သေးဘူး"

ဟုတွေးကာ သူမသည် မြန်မာပြည်အနှံ့ လှည့်လည်၍ စီးပွားရေးလုပ်ငန်းများကို လေ့လာ၏။ ထိုသို့ လှည့်လည်ရာ သူမ၏ ရန်သူတော် သီဟနှင့်ဗျူဟ ညီနောင်၏ သတင်းကိုလည်း စုံစမ်း၏။ ၎င်းတို့၏ သတင်းအစအနကိုမျှ မတွေ့ရတော့ချေ။ သူရိယစန္ဒာဂိုဏ်းကြီးသည်လည်း ယိုယွင်း ပျက်စီးသွားပြီ ထင် ရ၏။

သူမသည် ဆေးလိပ်ခုံကြီးတစ်ခုံတွင် ဆေးလိပ်သမ အဖြစ် ဝင်ရောက်လုပ်ကိုင်လေ၏။ အောင်မြင်သော ဆေးလိပ်ခုံကြီး ၏ ဆေးစပ်ပုံ၊ ဆေးသိုလှောင်ပုံ၊ အလုပ်သမားများ ထိန်းသိမ်းပုံ တို့ကို သေချာစွာ လေ့လာခဲ့လေ၏။ ထို့နောက်တွင်မှ သူမသည် လက်ဝတ်ရတနာအနည်းငယ်ကို ထုခွဲ၍ ဆေးလိပ်ခုံငယ်လေးတစ်ခု ကို ထူထောင်နိုင်ခဲ့လေ၏။

နှစ်အနည်းငယ်အတွင်းတွင် "သူရိယစန္ဒာ" ဟူသော အောင်မြင်သည့် ဆေးလိပ်ခုံကြီးကို ပိုင်ဆိုင်ခဲ့လေ၏။

ထိုအချိန်မှာပင် သီရိမာတို့ မြို့ကလေး၌ ပုလိပ်ရော ကပ်ဆိုးကြီး ကျရောက်ပြီးလျှင် မောင်မိုးဇွေ၏ မိခင် သီရိမာသည်





ဆုံးပါးသွားခဲ့ရ၏။ ဆွေမရှိ မျိုးမရှိသော မောင်းမိုးဇွေသည် မြို့ကလေး ၏ နိုင်းဖတ်ဖြစ်ခဲ့ရ၏။

မိန်းကလေးသည် မောင်မိုးဇွေ အသက်ဆယ့်ကိုးနှစ် ပြည့်မည့်အချိန်ကို စောင့်၍ စီးပွားရေးလုပ်ငန်းများကို ဖွံ့နပဲကြီးစွာ ဖြင့် ကြိုးစားလုပ်ကိုင်လေ၏။ သူမ၏ စီးပွားရေးလုပ်ငန်းများသည် တဖြည်းဖြည်း ကြီးထွားလာလေတော့၏။ သူမသည်လည်း ချမ်းသာ ကြွယ်ဝသော အမျိုးသမီးကြီးတစ်ယောက် ဖြစ်ခဲ့လေတော့၏။ မောင်မိုးဇွေ အသက်ဆယ့်ကိုးနှစ် ပြည့်ကာနီးသောအချိန်တွင် ပညာနှင့် ဗလညီအစ်ကိုနှစ်ယောက်ကို ရှာဖွေလေ၏။

သမားတော်ကြီး ပညာဗလ - သေဆုံးသွားပြီးနောက် ပညာနှင့်ဗလ ညီအစ်ကိုနှစ်ယောက်မှာ ပညာဗလဆေးတိုက်တွင် နေကြတော့ပေ။

ဗလဆိုသော လူကြီးမှာ ပျော်ပျော်ရွှင်ရွှင်နေတတ်သော သူ၏ ဝါသနာအတိုင်း မိုးသူဇာအငြိမ့်အဖွဲ့တွင် "အာလူး"ဟူသော အမည်ဖြင့် လူရွှင်တော်အလုပ်ကို လုပ်ကိုင်လေတော့၏။

ထိုအခါတွင် မိန်းကလေးသည် ဆေးပေါ့လိပ်တွင် "အမြတ်နိုးဆုံးပန်းကလေး"ကဗျာကို ရေး၍ ပရိသတ်အတွင်းမှ နေ၍တင်ကာ လူရွှင်တော်အာလူး(ခေါ်)ဗလအား ဆက်သွယ်ရလေ၏။

**(မိန်းကလေးသည် လူရွှင်တော် အာလူး(ခေါ်)လူပျော် ကြီး နောက်ကြီး ဗလအား ဆေးပေါ့လိပ်စက္ကူပတ်ကလေးတွင် အမြတ်နိုးဆုံးပန်းကလေးကဗျာကို ရေးပို့၍ ဆက်သွယ်သော**



www.burmeseclassic.com

www.burmeseclassic.com



**အခန်းသည် လွန်စွာစိတ်ဝင်စားဖွယ် ဖတ်ရှုစေလိုသော စေတနာကြောင့် ဤစာအုပ်၏ ရှေ့ဆုံးအခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)**

**(စာရေးသူ)**

ပညာ ဟူသော လူကြီးမှာလည်း ပြွေသံရှင်လူကြီး အဖြစ်ဖြင့် မြို့လေးတစ်မြို့တွင် ဇာတ်မြုပ်နေထိုင်နေသည်ကို တွေ့ရ၏။

ထိုအခါတွင် မိန်းကလေးလည်း ပြွေသံရှင် လူကြီး နေ့စဉ်စားသောက်လေ့ရှိသော ထမင်းဆိုင်သို့ အမြတ်နိုးဆုံးပန်းကလေး ကဗျာကို ရေးပို့ဆက်သွယ်ရပြန်၏။

**(ပြွေသံရှင်လူကြီး(ခေါ်)ဦးပညာအား လက်သုတ်ပဝါတွင် အမြတ်နိုးဆုံးပန်းကလေးကဗျာရေးပို့၍ ဆက်သွယ်သော အခန်းသည် လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ကျွန်ုပ်၏ စာရှုသူများ ဦးဦးဖျားဖျား ဖတ်ရှုစေလိုသော စေတနာကြောင့် ဤစာအုပ်၏ ရှေ့ဆုံးအခန်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)**

**(စာရေးသူ)**

အထက်ပါအတိုင်း ဆက်သွယ်ပြီးသည့်နောက်တွင် မိန်းကလေးနှင့် ပညာဗလ ညီအစ်ကိုနှစ်ဦးသည် "ပညာဗလ" အဆောင် တိုက်အိမ်ကလေး၌ ပြန်လည်တွေ့ဆုံခဲ့လေ၏။ မိန်းကလေးသည် သူမ၏ သားကလေး မောင်မိုးဇွေအား ပညာသင်ကြားပေးရေး ပညာဗလ ညီအစ်ကိုနှစ်ဦးအား စေခိုင်းလိုက်လေတော့၏။





မောင်မိုးဇွေအား အေးချမ်းစွာ ပညာသင်ကြားနိုင်ရန် အတွက် ကချင်ပြည်နယ် မိုးကောင်းမြို့ကလေးတွင် ကျယ်ဝန်းသော ခြံကြီးတစ်ခြံကို ဝယ်ယူပေးလေ၏။

မောင်းမိုးဇွေ ပညာပြည့်စုံပြီး ခြောက်နှစ်တင်းတင်းပြည့် သောနေ့၊ မောင်မိုးဇွေ အသက်နှစ်ဆယ့်ငါးနှစ် ပြည့်သောအခါတွင် ပြန်လည်၍ တွေ့ဆုံကြရန်လည်း ချိန်းဆိုခဲ့ကြလေတော့၏။

**(မောင်မိုးဇွေတို့ မြို့ကလေးတွင် အလှူပွဲကြီး စြိမ့်စြိမ့်သဲကျင်းပ ပုံ၊ အလှူရှင်သူဌေးမကြီး၏ တူမ "တင်မမ" ၏ စိန်လက်စွပ် ပျောက်ဆုံးခဲ့ပုံ၊ မောင်းမိုးဇွေ မတရားချုပ်နှောင်ခံရပုံ၊ ပညာ ဗလ ညီအစ်ကိုနှစ်ဦးနှင့် တွေ့ဆုံပုံများကို ဖော်ပြခဲ့ပြီး ဖြစ် ပါသည်။)**

**(စာရေးသူ)**

၁၄

www.burmeseclassic.com

www.burmeseclassic.com



## သူရိယစန္ဒာဂိုဏ်းချုပ်

အမျိုးသမီးကြီး၏ စကားဆုံးသောအခါတွင် မောင်မိုးဆွေ၏ ရင်ထဲ၌ ကမ္ဘာကြီးတစ်ခုလုံး ပြောင်းပြန်လည်သွားသလို ခံစားလိုက်ရ၏။

ငင်းတစ်သက်လုံး မိခင်အရင်းဟု ယုံမှတ်ထားသော သီရိမာသည် သူ၏ မိခင်အရင်း မဟုတ်မှန်း သိလိုက်ရ၏။ သူ၏ မွေးစားမိခင်သည် သီရိမာဟူသော ပြည့်တန်ဆာမကလေး ဖြစ်နေပြန်၏။ မည်သို့ပင်ဖြစ်စေ သူ၏ မွေးစားမိခင်သည် သူ့ကို အလွန်ချစ်၏။

သူငယ်စဉ်အခါက မိခင်နှင့်အတူ ဆင်းရဲပင်ပန်းစွာ အကြော်များ ရောင်းခဲ့ရသောဘဝကို ပြန်လည်မြင်ယောင်လာပြန်၏။ အကြော်များအားလုံး ရောင်းချ၍ ကုန်စင်သွားသောအခါတွင် အကြော် အကျိုးအကြေများနှင့်အတူ သူတို့သည် ထမင်းစားကြလေ၏။





မိခင်ကြီးသည် ဘဝဟောင်းကို စွန့်လွှတ်၍ သူ့အား ကောင်းရောင်းကောင်းဝယ် လုပ်ကျွေးပြုစုခဲ့၏။ မြို့ကလေးတွင် ဗုလိပ်ရောဂါကပ်ဆိုးကြီး ကျရောက်သောအခါ မိခင်ကြီးသည် သူ့အား လူ့လောကတွင် မျက်စိသူငယ်နှင့် ထားခဲ့၏။

သူ့ဘဝသည် မြို့ကလေး၏ ဘုံကျွန်(သို့မဟုတ်)ခိုင်းစေတ်ဘဝသို့ ရောက်ခဲ့ရ၏။ ထို့နောက်တွင် ပညာဗလ ညီအစ်ကိုနှစ်ယောက်နှင့် တွေ့ဆုံခဲ့ပုံ၊ နက်နဲသောပညာရပ်များကို သင်ကြားဖြစ်ခဲ့ပုံများကို မြင်ယောင်လာပြန်၏။

"ငါနဲ့ ဆရာနှစ်ယောက်ရဲ့ တွေ့ဆုံမှုဟာ မတော်တဆ တွေ့ဆုံမှုမှ မဟုတ်တာဘဲ၊ သေသေချာချာ စီစဉ်ထားတဲ့ တွေ့ဆုံမှုပဲ"

ဟုလည်း တွေးမိပြန်၏။ သူ၏ ခေါင်းထဲတွင် ရှုပ်ထွေး၍နေလေ၏။ သူ၏ ရှေ့တွင်ထိုင်နေသော အမျိုးသမီးကြီးမှာ သူ၏ မိခင်အရင်း ဖြစ်နေပြန်၏။ သူ၏ ဖခင်ကြီးသည်လည်း လွန်စွာ ရှေးကျ၍ လွန်စွာလျှို့ဝှက်သော လောကီပညာဂိုဏ်းကြီး၏ ဂိုဏ်းချုပ်တစ်ဦး ဖြစ်နေပြန်၏။ ဖခင်ကြီးသည် ဂိုဏ်းချုပ်၏ပညာရပ်များကို ကာကွယ်ရင်း သစ္စာဖောက်ညီနောင်နှစ်ဦး၏ လုပ်ကြံမှုကို ခံရသည်ဟုဆို၏။ထိုဖြစ်ရပ်များသည် အိပ်မက်တစ်ခုပမာ ဖြစ်လေ သလားဟု ထင်မှတ်မိပြန်၏။ သူ၏ရင်သည် ပျော့ပျောင်းသွားသည်ဟု ထင်မိ၏။ နှလုံးသည်းပွတ်တို့သည် နူးညံ့၍သွားလေ၏။ သူ၏ နှုတ်ခမ်းသည် ရွရွကလေး လှုပ်ခတ်သွား၏။ ထို့နောက် အသံထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

အမျိုးသမီးက ကြင်နာစွာ ပြုံးလိုက်ရင်း ...

"သား"

သူသည် အမျိုးသမီးကြီး၏ ရင်ခွင်ထဲသို့ တိုးဝင်၍ ပွေ့ဖက်လိုက်မိ၏။ သူ၏ရင်သည် နွေးထွေးသွားလေတော့၏။ အမျိုးသမီးကြီးနှင့် တပေါင်းတစည်းတည်း ဖြစ်သွားလေ၏။ ပညာဗလညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်ရင်း အားရပါးရ ပြုံးလိုက်မိ၏။ မောင်မိုးဆွေသည် မိခင်ကြီးကို ပွေ့ဖက်ရင်း အောက်ပါအတိုင်း တစ်လုံးချင်း ပြောလိုက်လေတော့၏။

"ကျွန်တော်ဟာ အမေ့သား၊ အဖေ့အတွက် လက်စားချေမယ်"

ထို့နောက်တွင်မူ မောင်မိုးဆွေ၊ မိခင်ကြီးနှင့် ပညာဗလညီအစ်ကိုတို့သည် ပျော်ရွှင်စွာနေထိုင်ကြလေ၏။ စားသောက်ဖွယ်ရာမျိုးစုံကို ချက်ပြုတ်၍ စားသောက်ကြ၏။ ရာသီဥတုသာယာသဖြင့် ချောင်းကလေးထဲသို့ ဆင်း၍ လေ့စီးကြ၏။ ရှေးဖြစ်အောက်မေ့ဖွယ်ရာများကို ပြန်ပြောင်းပြောရင်း ရယ်မောကြ၏။ ဝမ်းနည်းကြ၏။ ပူဆွေးကြ၏။ တဖန် မေ့ပျောက်ကြပြန်၏။ တစ်လပြည့်သောအခါတွင် မိခင်ကြီးက ...

"သားရဲ့ ရန်သူတော်တွေကို လက်စားချေမယ်ဆိုပေမဲ့ ငါ့သားဟာ သူတို့နဲ့တွေ့ပြီး အသက်ဆုံးရင် ဆုံးသွားနိုင်တယ်၊ ဒါမှမဟုတ်ရင်လည်း ပုလိပ်အဖွဲ့က ဖမ်းမိပြီး ကြိုးဒဏ်ကျချင်





လည်း ကျသွားနိုင်တယ်၊ ဒီတော့ ငါ့သား သေသေချာချာ စဉ်းစားပါ၊ သား မလုပ်စေ့တော့ဘူးဆိုလည်း ငါ့သားရဲ့ သဘောပါပဲ"

ဟု လေးနက်စွာ ဆိုလိုက်ရာ မောင်မိုးဆွေက ...

"ကျွန်တော်ဟာ အမေ့ရဲ့ သားပါ၊ သူရိယစန္ဒာဂိုဏ်းချုပ်ကြီးရဲ့သားပါ၊ သွေးမနည်းပါဘူး အမေ၊ အဖေရဲ့ ရန်သူတော်ညီနောင်ကို ဇီဝိန်ခြွေပစ်မှာပါ"

ဟု ပြောလိုက်လေရာ မိခင်ကြီးသည် လွန်စွာသဘောကျ၍သွားလေ၏။

"ဒါမှ အမေ့သားကွ"

ဟု အားပါးတရ ဆိုလိုက်ရင်း သူရိယစန္ဒာဂိုဏ်းချုပ်၏ အထိမ်းအမှတ် ငွေဓားမြှောင်နှစ်လက်နှင့် ဂိုဏ်း၏လျှို့ဝှက်မြေပုံညွှန်းကို ထုတ်ပေးလေ၏။

"သားရဲ့ ရန်သူတော်တွေကို တွေ့ရင် သူရိယစန္ဒာဓားနှစ်လက်နဲ့ တိုက်ခိုက်ပါ၊ ပြီးရင် မွန်ပြည်နယ်"ကေလာသ"တောင်ကိုသွားပြီး မြေပုံအညွှန်းအတိုင်း သူရိယစန္ဒာဂိုဏ်းရဲ့ လျှို့ဝှက်လိုဏ်ဂူကိုသွားပါ၊ လိုဏ်ဂူရှေ့မှာ ရေတံခွန်ကြီးတစ်ခု စီးဆင်းနေမယ်၊ ဒီရေတံခွန်ဟာ တစ်နှစ်မှာသုံးရက်တိတိ နားလေ့ရှိတယ်၊ အဲဒီနေ့ရောက်မှ လိုဏ်ဂူထဲမှာရှိတဲ့ ကျောက်သေတ္တာထဲမှာ သွားထားလိုက်ပါ၊ ဒီဓားနှစ်လက်ကို လိုဏ်ဂူတွင်းပြန်ထားလိုက်ခြင်းဟာ သူရိယစန္ဒာဂိုဏ်းကို အပြီးအပိုင်ဖျက်



www.burmeseclassic.com

www.burmeseclassic.com



သိမ်း လိုက်တဲ့သဘောပါပဲ၊ သူရိယစန္ဒာဂိုဏ်းချုပ်တိုင်းဟာ သူရိယနဲ့စန္ဒာ ဓားနှစ်လက်ကို ကိုယ်နဲ့မကွာထားပြီး ရန်သူတွေကို တိုက်ခိုက်လေ့ရှိတယ်၊ နေလဂိုဏ်းရဲ့ ယာယီဂိုဏ်းချုပ်ပေါ့ကွယ်"

ဟူ၍လည်း ပြောလေ၏။ မောင်မိုးဓွေသည် ပစ္စည်းများကို လက်ခံယူ၍ ...

"အဖေရဲ့ ရန်သူတွေကို မတွေ့တွေ့အောင် လက်စားချေပါမယ် အမေ၊ ဒါပေမဲ့ လက်စားမချေမီမှာ လူတွေကြားမှာ နေပြီး လူတွေရဲ့ ဘဝကို လေ့လာလိုက်ဦးမယ် အမေ"

ဟု အားတက်သရော ပြောလေ၏။

အထက်ပါအတိုင်း မောင်မိုးဓွေသည် မိခင်ကြီး ပညာဗလညီအစ်ကိုနှစ်ယောက်နှင့်အတူ ပျော်ရွှင်စွာ နေထိုင်ခဲ့ပြီးနောက် သစ္စာဖောက်သီဟနှင့်ဇာဂရ ညီနောင်နှစ်ဦးအား ကလဲ့စားချေရန် မိုးကောင်းမြို့ကလေးမှ ထွက်ခွာခဲ့လေ၏။ ပညာဗလညီအစ်ကိုနှင့်အတူ မိခင်ကြီးသည် မောင်မိုးဓွေအား မိုးကောင်းဘူတာရုံကလေးသို့ လိုက်လံပို့ဆောင်ကြလေ၏။

မီးရထားဘူတာမှ ထွက်သောအခါတွင် မောင်မိုးဓွေ၏ဘဝသည် အပြောင်းလဲကြီး ပြောင်းလဲသွားတော့သတည်း။

(၁၆)





အဟောင်းကောင်းကျင်းသားဘဝ

မောင်မိုးဓွေသည် အထက်က ဆိုခဲ့သည့်အတိုင်း ဖျင်လွယ်အိတ်ကြီးတစ်လုံးကို လွယ်လျက် ခြေသလုံးအိမ်တိုင်ဘဝဖြင့် မြန်မာပြည်အနှံ့ လှည့်လည်၍ ခရီးထွက်လာခဲ့ရာ ရွာတော်ရွာသို့ ရောက်ခဲ့လေ၏။

ၾငင်းရွာတွင် ရှင်လောင်းလှည့်လည်နေသည်နှင့် ကြုံလေရာ မောင်မိုးဓွေသည် ထုံးစံအတိုင်း ပျော်ရွှင်စွာ ဝင်ရောက်၍ ဆင်နွဲလေ၏။ ရှင်လောင်းလှည့်ရာတွင် လိုက်ပါလာသော ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် မိန်းကလေးများ၏ ရုပ်ရည်ရူပကာသည် ပြိုင်သန့်ရှင်းနေသည်ကို သတိပြုမိ၏။ သို့ရာတွင် ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော အဝတ်အထည်များ၏ နွမ်းပါးမှုကြောင့် သူတို့၏ လှပမှုသည် ပေါ်လွင်ခြင်း မရှိပေ။ မောင်မိုးဓွေသည် တောနေ လူတန်းစားတို့၏ ဘဝကို စာနာမိ၍ စိတ်မကောင်းဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ထိုအခါတွင် မြို့နေလူတန်းစားများ ဂုဏ်တုဂုဏ်ပြိုင်သဘောဖြင့် ပိုး၊ ဖဲ၊ ကတ္တီပါ အဝတ်အစားများကို အပြိုင်အဆိုင် ဝတ်ဆင်ကြ၏။ လွန်စွာပပလွှားလွှား ဝတ်ဆင်ကြသောကာလလည်းဖြစ်၏။

အမျိုးသားများပင်လျှင် သက္ကလပ်တိုက်ပုံအကျီ၊ ဇွဲကြယ်သီး၊ ပိုးလုံချည် စသည်တို့ကို ဆင်ယင်၍ ပြောင်လက်နေအောင် တိုက်ထားသော ရှူးဖိနပ်ကိုစီးကာ မျက်မှန်ဝိုင်းကလေးများနှင့် ရှိုးထုတ်လေ့ရှိ၏။

တောနေလူတန်းစားအများစုမှာ ကျပ်တည်းလှသော စီးပွားရေးအခြေအနေကြောင့် ဂုဏ်တုဂုဏ်ပြိုင်ဝတ်ဖို့ မဆိုထားနှင့် ထမင်းနပ်မှန်အောင်ပင် မနည်းကြိုးစား၍ နေရရှာ၏။ ရွာခံမိန်းမပျိုလေးများ၏ နွမ်းနွမ်းပါးပါး ဝတ်ဆင်ယင်ပုံကို ကြည့်ကာ မောင်မိုးဇွေသည် အောက်ပါအတိုင်း တွေးမိလေ၏။

"ရွာခံမိန်းကလေးတွေကို ကြည့်ရတာ သနားဖို့ကောင်းလိုက်တာ၊ ပွဲနေပွဲထိုင် ဝတ်စားဆင်ယင်ဖို့တောင် အဝတ်အစားကောင်းကောင်းမွန်မွန် မရှိကြပါလား၊ မြို့က မိန်းမတွေကတော့ ဂုဏ်တုဂုဏ်ပြိုင် ဝတ်စားနေလိုက်ကြတာ၊ အဝတ်တွေများလွန်းလို့ သူတို့မှာ ထားစရာတောင် မရှိကြဘူး၊ မြို့မှာ ပိုလျှံနေတဲ့ အဝတ်အစားတွေကို တောနေလူတန်းစားတွေရဲ့ လက်ထဲကိုရောက်အောင် ဖန်တီးပေးနိုင်ရင် ဘယ်လောက်ကောင်းမလဲ၊





အဲဒါဆိုရင် ဆင်းရဲနွမ်းပါးတဲ့သူတွေအတွက် အတော်အကျိုးများမှာပဲ၊ ဒီအလုပ်ကို ငါ လုပ်ရမယ်"

ဤသို့ဖြင့် မောင်မိုးဇွေသည် မြို့ကြီးများကို လှည့်လည်၍ လူကုံထံများ၏ အိမ်များသို့ ဝင်ထွက်ကာ အဝတ်ဟောင်းများကို လိုက်လံဝယ်ယူလေတော့၏။

ထိုခေတ်ထိုအခါက အဝတ်ဟောင်းရောင်းဝယ်သော ဓလေ့မရှိသေးပေရာ မြို့နေလူတန်းစားများသည် တအံ့တသြ ဖြစ်ကြကုန်၏။ လူကုံထံမိန်းမများ တစ်ယောက်နှင့်တစ်ယောက် ဆုံလျှင် မောင်မိုးဇွေ၏ အဝတ်ဟောင်းဝယ်သည့်အကြောင်းကို ပြောဆိုကြ၏။ အချို့သော မိန်းမများကဆိုလျှင် မောင်မိုးဇွေကို စိတ်မနှံ့သူတစ်ဦးဟု ဆင်ခြေးပေးကြ၏။ မည်သို့ပင်ဖြစ်စေ မောင်မိုးဇွေသည် အဝတ်ဟောင်းများကို ကြိုးစားပမ်းစား လှည့်လည်၍ ဝယ်ယူလေ၏။ သူသည် အဝတ်ဟောင်းများကို စုပုံ၍ ထည့်ထားသော ဂုန်နီအိတ်ကြီးနှင်လုံးကို ဆိုင်းထမ်းဖြင့်ထမ်းကာ တစ်မြို့လုံးအနှံ့ သွားလာလေ၏။

ထိုခေတ်က လူကုံထံဆိုသူများသည် တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် ပပလွှားလွှား ဝတ်ဆင်ကြသည်ဖြစ်ရာ အိမ်ရှိ ဗီရိုကြီးများထဲတွင် အဝတ်ဟောင်းများကို တောင်ပုံရာပုံ တွေ့ရလေ၏။

လူကုံထံမိန်းမများသည် အပိုဖြစ်နေသော အဝတ်ဟောင်းများနှင့် ရှုပ်ပွနေသော ၎င်းတို့၏ အဝတ်ဗီရိုများကို မောင်မိုးဇွေက ရှင်းလင်းပေးသဖြင့် ကျေးဇူးတင်ကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးဇွေသည် တွေ့သမျှ အဝတ်ဟောင်းများကို သိမ်းကျုံး၍ ဝယ်လေ၏။ အဝတ်ဟောင်းဟု ဆိုသော်လည်း သုံးလေးငါးကြိမ်မျှသာ ဝတ်ဆင်ပြီးသော အဝတ်သစ်များသာ များလေ၏။ ထို့ကြောင့်ပင် လျှော်ဖွပ်မီးပူတိုက်ပြီးလျှင် အဝတ်အစားအသစ်များ ပြန်လည်ဝယ်ယူနိုင်ရန်အတွက် မောင်မိုးဇွေအား အလုအယက် ခေါ်ယူ၍ အဝတ်ဟောင်းများ ရောင်းချကြ၏။ ရောင်းချရင်းလည်း မောင်မိုးဇွေအား မေးမြန်းကြ၏။

"အဝတ်ဟောင်းတွေကို ဘာလို့ လိုက်ဝယ်နေတာလဲရှင်"

"တောအရပ်တွေမှာ လှည့်လည်ပြီး ရောင်းချမလို့ပေါ့ဗျာ တောရွာတွေက ဆင်းရဲတယ်ဗျ၊ မြို့နဲ့ မတူဘူး၊ ပွဲနေ့ပွဲထိုင် ဝတ်ဖို့တောင် အဝတ်အစား မရှိရှာဘူး၊ အစ်မတို့လို အဝတ်သစ်တွေလည်း ထည်လဲ မဝယ်နိုင်ဘူး"

စသည်ဖြင့် မောင်မိုးဇွေသည် အဝတ်ဟောင်းများကို အတော်အတန်မျှ စုဆောင်းမိသောအခါ ဒန်အိုးကြီးတစ်လုံးထဲတွင် ရေ၊ ဆပ်ပြာတို့ကိုထည့်၍ ထင်းမီးဖိုကြီးတစ်ခု ဖိုလေ၏။ ထို့နောက်တွင် အဝတ်ဟောင်းများကို ပွက်ပွက်ဆူသည့်တိုင်အောင် ပြုတ်၍ လျှော်ဖွပ်လိုက်လေတော့၏။

ပြီးသောအခါတွင် ရေညှစ်၍ နေပူလှန်း၏။ အဝတ်များ ခြောက်သွေ့သောအခါ အစုတ်အပြဲများပါလာလျှင် ဖာထေးခြင်း ကြယ်သီးတပ်ခြင်း စသည်တို့ကို ပြုလုပ်လေ၏။ ထို့နောက် အဝတ်များကို စနစ်တကျ ခွဲခြား၍ မီးပူတိုက်လေ၏။ အဝတ်ဟောင်းများ





ရွာ စုံလင်လှ၏။ မိန်းမဝတ်များသာမက ယောကျ်ားဝတ်၊ ကလေးဝတ် စသည်ဖြင့် အမျိုးမျိုး တွေ့ရလေ၏။ မိန်းမဝတ်အင်္ကျီလုံချည်များမှာ အများဆုံးတွေ့ရပြီး ကလေးဝတ်များကိုမူ အနည်းငယ်သာ တွေ့ရလေ၏။ အဝတ်ဟောင်းများကိုမူ စနစ်တကျ ထုပ်ပိုးပြီးသောအခါ လူငယ်လေးတစ်ယောက်ကို ငှားရမ်းကာ လှည်းတစ်စီးဖြင့် တောရွာများသို့ လှည့်လည်၍ ရောင်းချလေ၏။

မောင်မိုးဇွေ၏ အဝတ်ဟောင်းရောင်းချသော လှည်းကြီးသည် ရွာတစ်ရွာသို့ရောက်လျှင် ရွာလယ်ကွင်းပြောင်ပြောင်တစ်ခုတို့ ရှာဖွေ၍ ရပ်လေ၏။ အဝတ်ထုပ်ကြီးများကို တစ်ဆောင်လာသော လှည်းကြီးသည် ရွာတွင်းသို့ ဝင်ရောက်လာသည်နှင့် စပ်စုတတ်သော ရွာသူရွာသားများသည် ဝိုင်းဝန်း၍ ကြည့်ရှုကြကုန်၏။

မောင်မိုးဇွေသည် ဝါးလုံးနှစ်လုံးတွင် လိပ်ထားသော အဝတ်လိပ်ကြီးကို တဖြည်းဖြည်း ဖြည်လိုက်ပြီးလျှင် ဝါးလုံးနှစ်လုံးကို မြေမှာ စိုက်လိုက်လေ၏။ ဝါးလုံးနှစ်လုံးအောက်ခြေတွင် ချွန်မြအောင် ပြုလုပ်ထားသဖြင့် လွယ်ကူစွာ မြေကြီးထဲတွင် စိုက်ဝင်လေ၏။ ထိုအခါ ပိတ်အဖြူရောင်ပေါ်တွင် မိုးကြိုးအနီရဲရဲဖြင့် လှစွာရေးထိုးထားသော အောက်ပါဆိုင်းဘုတ်ကြီးကို ရွာသူရွာသားများ တအံ့တသြ တွေ့လိုက်လေ၏။

**အဟောင်းထဲက အကောင်းများ**



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အသင့်ယူဆောင်လာသော ဝါးလုံးတိုင်များကို မြေပြောင်ပြောင်တွင် စက်ဝိုင်းသဏ္ဍာန် စိုက်ထူလိုက်လေ၏။ ထိုစက်ဝိုင်းကို ထပ်မံ၍ ဝန်းပတ်အောင် ဝါးလုံးများကို စိုက်ပြန်၏။ ရွာသူရွာသားများလည်း ဘုမသိဘမသိဖြင့် ကူညီ၍ လုပ်ကိုင်ပေးကြ၏။ အသင့်ယူဆောင်လာသော ကြိုးများဖြင့် ဝါးလုံးများကို ချိတ်ဆွဲလိုက်သောအခါ တစ်ရွာလုံးရှိ လူကုန်ရောက်နေကြပြီဖြစ်၏။ အချို့ မျက်လုံးပြူးမည် ထင်ကြ၏။

ထိုအခါမှပင် မောင်မိုးဇွေတို့ ဆရာတပည့်နှစ်ယောက်သည် အဝတ်ဟောင်းအိတ်ကြီးများကို ဖွင့်၍ လှပသောအင်္ကျီရောင်စုံများကို လိုက်လံချိတ်ဆွဲလေ၏။ မောင်မိုးဇွေတို့သည် သစ်သစ်လွင်လွင်ရှိသော အဝတ်ဟောင်းများကို ဦးစွာချိတ်ဆွဲလေရာ စက်ဝိုင်းပုံသဏ္ဍာန် အဝတ်အစားတန်းကြီးသည် ရွာသူရွာသားများ၏ မျက်လုံးထဲတွင် များစွာ မျက်စိပသာဒဖြစ်လေ၏။

ထိုအခါမှပင် ရွာသူရွာသားများလည်း မောင်မိုးဇွေတို့အား အဝတ်ဟောင်းရောင်းသူမှန်း ရိပ်စားမိကြ၏။ မောင်မိုးဇွေတို့၏အနားတွင် ရွာသူအပျိုချောလေးများ ဝိုင်းဝိုင်းလည်၍ နေလေ၏။ သူ၏ အဝတ်ဟောင်းများမှာ လျှော်ဖွပ်မီးပူတိုက်၍ သန့်စင်ပြီး ကောင်းမွန်စွာ ပြုပြင်ထားသဖြင့် အချို့မှာ အဝတ်ဟောင်းဟူ၍ပင် မထင်ကြပါ။

အဝတ်ဟောင်းများ၏ ဈေးနှုန်းမှာလည်း လွန်စွာချိုသဖြင့် ရွာသူရွာသားများသည် အလုအယက် ဝယ်ယူနေကြကုန်၏။





ထို့ကြောင့်ပင် မောင်မိုးဇွေ၏ အဝတ်ဟောင်းများသည် ရက်အနည်းငယ်အတွင်း တက်တက်စင်အောင် ကုန်စင်သွားလေ၏။ တစ်ဦးနှင့်တစ်ဦး လွန်စွာပြိုင်ဆိုင်လေ့ရှိသော သူကြီးနှင့် မြေပိုင်ရှင်ကြီးသည် တစ်ထည်တည်းသာ ကျန်ခဲ့သော ဘလေဇာကုတ်အင်္ကျီအား အလုအယက် ဝယ်ယူရင်း ရန်ဖြစ်ကြလေ၏။

သူ့အရင်တွေ့သည်၊ ငါအရင်တွေ့သည် စသည်ဖြင့် ငြင်းခုံကြကုန်၏။ မောင်မိုးဇွေလည်း တောင်းပန်ရလေ၏။ သူကြီးက "ကျုပ်ဝယ်မလို့ ကြံနေတာကြာပြီ၊ အိမ်က ကပ်စေးနှည်းမကြီးက ပိုက်ဆံထုတ်မပေးသေးလို့ဗျ" ဟု ပြောလေ၏။ ထိုအခါ မောင်မိုးဇွေက ဘလေဇာကုတ်အင်္ကျီကို မြေပိုင်ရှင်ကြီးအား ရောင်းချ၍ ရွာသူကြီးအား ၎င်း၏ကိုယ်တွင် ဝတ်ဆင်ထားသော အကောင်းဆုံး ဘလေဇာကုတ်အင်္ကျီကို ချွတ်၍ လက်ဆောင်ပေးလိုက်လေ၏။

သူကြီးမင်းသည် မောင်မိုးဇွေကို လွန်စွာ ခင်မင်သွား၏။ ထိုနေ့မှစ၍ ဘလေဇာကုတ်အင်္ကျီကို မချွတ်တမ်းဝတ်လေ၏။ သူ၏ ရွာတွင် ပျော်သလောက်နေထိုင်ရန်လည်း သူကြီးမင်းက ဖိတ်ခေါ်၏။

မောင်မိုးဇွေသည် သုံးလေးရက်အတွင်း အဝတ်အစားများကို ကုန်စင်အောင် ရောင်းချလိုက်လေ၏။ အမြတ်အစွန်းများစွာ ရရှိခဲ့လေ၏။ မောင်မိုးဇွေသည် ဆင်းရဲသောမိသားစုများ၏ ကလေးများ ဝတ်ဆင်ရန်အတွက် ဖယ်ထားသော ကလေးဝတ် အင်္ကျီ ဘောင်းဘီကလေးများ၊ ဂါဝန်များကို ဝေငှ၍ ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မောင်မိုးဇွေသည် အကူခေါ်ထားသော လှုငယ်ကလေးကို မြို့သို့ ပြန်လွှတ်၍ ရွာကလေးတွင် ပျော်ရွှင်စွာ နေထိုင်လေ၏။ မောင်မိုးဇွေသည် တစ်အိမ်တက်ဆင်း လှည့်လည်၍ ဗေဒင်လက္ခဏာကြည့်ပေးခြင်း၊ ဆေးကုသခြင်းများကိုလည်း ပြုလုပ်လေရာ မောင်မိုးဇွေအား လူချစ်လူခင်များလေ၏။

ဗေဒင်ကြည့်လိုကြသော ရွာသူအပျိုချောလေးများမှာ မောင်မိုးဇွေ၏ အနားတွင် ဝိုင်းဝိုင်းလည်၍ နေလေ၏။ မောင်မိုးဇွေက ဘလေဇာကုတ်အင်္ကျီလက်ဆောင်ပေးထားသော သူကြီးသမီးမှာ အကဲ ဆုံးဖြစ်လေ၏။

"ကိုမိုးဇွေရယ် မြို့ကို မပြန်ဘဲ ကျွန်မတို့ရွာမှာပဲ နေလိုက်ပါ လား"

ဟူ၍ပင် ဖိတ်ခေါ်လေရာ မောင်မိုးဇွေလည်း အားနာနာဖြင့် ငြင်းဆန်ရလေ၏။

မောင်မိုးဇွေသည် အားလပ်သည်နှင့် ကလေးများကို ထိန်းကျောင်းပေး၏။ ပျော်ရွှင်စွာ ကစား၏။ ပုံတိုပတ်စလေးများကို ပြောပြ၏။ မောင်မိုးဇွေ၏ ပုံပြင်များသည် စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် လူကြီးများပင် မယောင်မလည်ဖြင့် နားထောင်ကြ၏။

ကလေးများကို ခေါ်၍ ရွာလယ်ကွက်လပ်ကြီးတွင် ကြိုးတန်းလမ်းလျှောက်ခြင်း၊ ဘားကျွမ်းကစားပြခြင်း၊ ဓားပေါက်ခြင်း စသည့် ဆပ်ကပ်ပညာများကို ပြသလေရာ ဆပ်ကပ်မကြည့်ဖူး





သော ရွာသူရွာသားများသည် လွန်စွာ သဘောကျလေ၏။ ရွာဦးကျောင်း ဆရာတော်ကြီးကပင်လျှင် ...

"မောင်မိုးဇွေ မလုပ်တတ်တာ ဘာမှမရှိဘူး"

ဟု ချီးမွမ်းလေ၏။

မောင်မိုးဇွေသည် လှူငယ်ကာလသားများနှင့်လည်း ခြင်းခတ်ကစားခြင်း၊ ရေကူးခြင်းတို့ကို ပြုလုပ်လေ၏။ သူသည် အဝတ်ဟောင်းရောင်းချရာမှ ရရှိသော အမြတ်ငွေများကို ရွာဦးကျောင်းဝင်းအတွင်းရှိ ဆုတောင်းပြည့်စေတီကလေးအား ထုံးသင်္ကန်းတပ်လှူခြင်း၊ ဆရာတော်ကြီးအား ကထိန်သင်္ကန်းကပ်လှူခြင်းစသည့် ကောင်းမှုကုသိုလ်များကို ပြုလုပ်လေ၏။

ရွာကလေးတွင် အထက်ပါအတိုင်း တမေ့တမောကြီးနေပြီးမှ မြို့သို့ ပြန်လေ၏။ မောင်မိုးဇွေ မြို့သို့ ပြန်မည့်နေ့တွင် တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြလေ၏။ သူကြီးကတော်ကြီးသည် ခမ်းနည်းလွန်းသဖြင့် တရှုံ့ရှုံ့ ငိုကြွေးလေ၏။ သူကြီးကလည်း ...

"ဘလေဇာကုတ်အင်္ကျီဝတ်တိုင်း မောင်မိုးဇွေကို သတိရနေမှာပဲ"

ဟု ပြောရှာ၏။ ကလေးများသည် မောင်မိုးဇွေ၏ အင်္ကျီကို ဆွဲ၍ ငိုယိုကြလေ၏။ ရွာသူရွာသားများသည် မောင်မိုးဇွေ၏ လှည်းကလေးကို ရွာပြင်သို့ရောက်အောင် လိုက်လံပို့ဆောင်ကြလေ၏။

လှည်းကလေးပေါ်တွင် ရွာသူရွာသားများ ထည့်ပေးလိုက်သော ခြံထွက်သီးနှံများနှင့် ပြည့်နှက်၍နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးဇွေသည် တစ်မြို့ပြီးတစ်မြို့ လှည့်လည်၍ နေလေတော့၏။ မောင်မိုးဇွေသည် တစ်မြို့ပြီးတစ်မြို့ လှည့်လည်၍ အဝတ်ဟောင်းများ ရောင်းဝယ်ရင်း ၎င်း၏ ရန်သူတော် သီဟနှင့်ဗျူဟ ညီနောင်၏ သတင်းများကိုလည်း လျှို့ဝှက်စွာ စုံစမ်းနေလေ၏။ ရန်သူတော်ကြီးများ၏ သတင်းအစအနကိုပင် မကြားရသေးပေ။ သူရိယစန္ဒာဂိုဏ်းကြီးမှာ ပြိုကွဲ၍သွားဟန်ရှိလေ၏။ မောင်မိုးဇွေမှာ ဇွဲနပဲကြီးစွာဖြင့် ဆက်လက်ရှာဖွေနေဆဲဖြစ်၏။





## အချိုကြီးမခင်ထား

အထက်ပါအတိုင်း မောင်မိုးဇွေသည် တစ်မြို့ပြီးတစ်မြို့ လှည့်လည်ကာ အဝတ်ဟောင်းများ ဝယ်ယူရင်း မခင်ထားဟူသော အချိုကြီးတစ်ယောက်နှင့် ခင်မင်ခဲ့လေ၏။ မခင်ထားသည် ညိုသောအသားနှင့် ဖွံ့ထွားသော ကိုယ်ဟန်ရှိသော မိန်းမလှတစ်ဦးဖြစ်၏။

သူမသည် စိန်ကုန်သည်၊ ကျောက်ကုန်သည်လုပ်ငန်းကို လုပ်ကိုင်ပြီးလျှင် မြို့ကလေး၌ လူကုံထံမျက်နှာကြီးစာရင်းဝင်သူဖြစ်၏။ ကာလသားတို့သည် မခင်ထား၏ အမည်ကို ကြားသည်နှင့် ဘက်ပြင်းကို ဟင်းခနဲချရအောင် ဆွဲဆောင်အားကောင်းသူလည်း ဖြစ်၏။

လူကုံထံ မျက်နှာကြီးပိုင်းတွင် သူမကို မျက်စိကျသူများလှသော်လည်း ဘယ်အတွက်ကြောင့်ရယ်မသိ သူမသည် အပျိုကြီးဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့ကမူ မခင်ထားသည် လွန်စွာမာနကြီးသည်ဟု ဆိုကြသည်။ သူမသည် မောင်မိုးဇွေကိုမူ မကြာခဏ ခေါ်ယူ၍ အဝတ်ဟောင်းများကို ရောင်းချလေ့ရှိ၏။ မောင်မိုးဇွေသည် သူ့ဈေး သမျှ ဈေးကို ဈေးမများဘဲ ရောင်းချလေ့ရှိသောကြောင့် သူ၏ ခင်မင်လေ၏။

မောင်မိုးဇွေသည် သူမ၏အိမ်သို့ အဝတ်ဟောင်းဝယ် သည့် အခါတိုင်းတွင် ဖော်တော်နှင့် မပြန်ဖြစ်တော့ပေ။ မခင်ထား သည် မောင်မိုးဇွေ ကြိုက်တတ်သော မိုးကျလက်ဖက်ကို ပုစွန်ခြောက် ဆီချက်နိုင်နိုင်သုပ်၍ ရေနွေးကြမ်းဖြင့် ညှဉ့်ခံလေ၏။ မောင်မိုးဇွေ ပြန်မည်ဆိုလျှင် သူမက ...

"မပြန်ပါနဲ့ဦး မောင်မိုးဇွေရယ် ... ရောက်တုန်းရောက်ခိုက် အေးဆေးဆေးဆေး စကားပြောကြတာပေါ့"

ဟု ဆိုကာ တမေ့တမော ပြောဆိုကြလေ၏။ သူ၏ အိမ်ဖော်မလေးသည် စားသောက်ဖွယ်ရာများကို တစ်ခုပြီးတစ် စီစဉ်ပေးလေ၏။

တစ်နေ့တွင် မခင်ထားက ...

"မောင်မိုးဇွေမှာ ချစ်သူမရှိဘူးလားကွ၊ ရှိရင် မမကို အသိပေး ပါဦး" ဟု ဆိုလိုက်လျှင် မောင်မိုးဇွေက ...

"မရှိပါဘူး အစ်မရာ၊ ကျွန်တော့်မှာ လုပ်စရာတာဝန်တွေ အများသားဗျ၊ ဒီကိစ္စကို မစဉ်းစားနိုင်ပါဘူးဗျာ၊ ဒါနဲ့ အစ်မက ဘာလို့ အပျိုကြီးလုပ်နေတာလဲ"



ဟု ပြန်လည်၍ မေးခွန်းထုတ်လေရာ မခင်ထားက –

"အစ်မက ဘယ်ယောကျ်ားကိုမှ စိတ်ဝင်စားလို့မရသေးဘူး မောင်မိုးဇွေရယ်"

ဟု ဆိုကာ မောင်မိုးဇွေ၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်၍ ပြောလေ၏။ မောင်မိုးဇွေသည် မခင်ထားကို အစ်မကြီး တစ်ယောက်ကဲ့သို့ ခင်မင်လေ၏။ ထို့ကြောင့်ပင် အဝတ်ဟောင်း ရောင်းဝယ်စရာ မရှိစေကာမူ သူမထံသို့ သွားရောက်လည်ပတ်လေ၏။ သူမကလည်း မောင်မိုးဇွေရောက်မလာလျှင် လူကြုံနှင့် အခေါ်လွှတ် တတ်၏။

အမှန်စင်စစ် မောင်မိုးဇွေသည် ဆွေမရှိမျိုးမရှိ တစ် ကောင်ကြွက်ဘဝနှင့် ကြီးပြင်းလာသူဖြစ်၍ မခင်ထားကို အစ်မအရင်း တစ်ယောက်ကဲ့သို့ ခင်မင်မိခြင်းဖြစ်၏။ မခင်ထားမှာမူ မောင်မိုးဇွေ နှင့် တရင်းတနှီး နေထိုင်ရာမှ တစ်နေ့ထက်တစ်နေ့ နေမထိ ထိုင်မသာ ဖြစ်လာရရှာ၏။ ရိုးသားသော မောင်မိုးဇွေမှာ ထိုအခြင်းအရာ ကို မရိပ်စားမိပဲနေသည်ဖြစ်ရာ အပျိုကြီးမခင်ထားသည် ရူးမတတ်ဖြစ် ကြွ၍ ဒေါ်ထကာ ဒိန်းတလိန်းနတ် ဖမ်းစားနေရှာ၏။

မခင်ထားသည် မောင်မိုးဇွေ ရောက်မလာဘူးဆိုလျှင် ...

"မျှော်လိုက်ရတာ မောင်လေးရယ်၊ မောင်လေးနဲ့ မတွေ့ရတာ ကြာလှပြီ၊ မမကတော့ မောင်လေးလာမယ်ထင်လို့ နေ့စဉ် မိုးကျလက်ဖက်ကို မရရအောင် ရှာဝယ်ထားတယ်"

ဟု ပြောဆိုတတ်၏။ ရိုးသားသော မောင်မိုးဇွေကမူ –



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အစ်မရဲ့၊ ကျွန်တော်တော့ အဝတ်ဟောင်းတွေ ရောင်းကောင်းကောင်းနဲ့ ရွာမှာ ပျော်ပြီးနေတာဗျ"

ဟူ၍သာ ပြန်ပြောတတ်လေ၏။ မခင်ထားက ...

"ဟော့ဒီမှာ ရွှေဖလားရောင် ဘန်ကောက်လုံချည်လေး၊ မောင်လေးနဲ့ လိုက်လို့ မမ ဈေးကနေ ဝယ်လာတာ၊ မလှဘူးလား"

ဟု ဆိုလျှင် မောင်မိုးဇွေက ...

"ဟာ ... အစ်မကလည်း အဝတ်ဟောင်းရောင်းတဲ့ သူ့ကို ပုဆိုးဝယ်ပေးရတယ်လို့ဗျာ၊ ကျွန်တော့်မှာ အဝတ်တွေ များလွန်းလို့ တောင်ပုံရာပုံပဲဗျ၊ ဘန်ကောက်လုံချည်လည်း ကျွန်တော် မဝတ်တတ်ပါဘူးဗျာ"

ဟု ဆိုလိုက်လျှင် အပျိုကြီးမခင်ထားသည် မျက်စိမျက်နှာပျက်ကာ မောင်မိုးဇွေကိုလည်း "အ"ရန်ကောဟူသော အကြည့်မျိုးဖြင့် ကြည့်လိုက်လေ၏။

တစ်နေ့သ၌ မောင်မိုးဇွေသည် တစ်မြို့ပြီးတစ်မြို့ လှည့်လည်၍ အဝတ်ဟောင်းများ ဝယ်ယူသည်ဖြစ်ရာ အပျိုကြီး၏အိမ်သို့ တစ်လခန့် မလာရောက်နိုင်ပဲ ရှိလေ၏။ အပျိုကြီးသည် မောင်မိုးဇွေကို မြင်သည်နှင့် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး ...

"မောင်လေး ပျောက်နေတာ ကြာပြီ၊ ဒီနေ့တော့ မောင်လေးကို မမကိုယ်တိုင် ထမင်းချက်ကျွေးရမယ်"





ဟု ဆိုကာ ဈေးသို့ ကိုယ်တိုင်သွား၍ ကြက်သားဟင်းကို မဆလာနိုင်နိုင်ဖြင့် ချက်လေ၏။ ထမင်းစားသောက်ပြီးသောအခါ နွားနို့၊ ငှက်ပျောသီး စသည်တို့ဖြင့် အချိုတည်းစေ၏။

မောင်မိုးဇွေသည် အပျိုကြီး၏ ဟင်းချက်လက်ရာကောင်းကြောင်းချီးမွမ်းကာ မြိန်ယှက်စွာ စားသောက်လေ၏။ မောင်မိုးဇွေ ထမင်းစားပြီးသောအခါတွင် အပျိုကြီးလည်း ရေချိုးခန်းသို့ဝင်၍ ရေချိုးလေ၏။ ပြီးသောအခါ လုံချည်ရင်လျား၍ သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လိမ်းလေ၏။ အမွှေးနံ့သာများကိုလည်း ဆွတ်ဖျန်းလေ၏။ မောင်မိုးဇွေသည် ထမင်းစားပြီးသောအခါ အပျိုကြီးကို နှုတ်ဆက်၍ ပြန်ရန်ပြင်လေ၏။ ထိုအခါ မခင်ထားက ...

"မပြန်ပါနဲ့ဦး မောင်လေးရယ်၊ မောင်လေးကို ရောင်းဖို့ အစ်မ အဝတ်တွေ အများကြီးစုထားတယ်"

ဟု ဆိုလေရာ မောင်မိုးဇွေက ...

"ဟာ ... ဒါဆိုရင်လည်း ယူလာခဲ့လေဗျာ၊ အစ်မကလည်း အစ်မအဝတ်တွေကို ဈေးကောင်းကောင်းပေးမှာပါ"

ဟု ပြောလေ၏။ ထိုအခါ မခင်ထားက ...

"အစ်မ ရောင်းစရာရှိတဲ့ အဝတ်တွေက ဒီတစ်ခါ အတော်များတယ် မောင်လေးရဲ့၊ အစ်မအခန်းထဲကို မောင်လေးကိုယ်တိုင် လိုက်ကြည့်ပေတော့"

ဟု ဖိတ်ခေါ်လိုက်လေရာ မောင်မိုးဇွေက ...



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းစီ ယူလာခဲ့ပါ အစ်ရယ်၊ အခန်းပြင်မှာဆိုတော့ လင်းလင်းချင်းချင်း ရှိတာပေါ့"

ဟု ဆိုသော်လည်း မခင်ထားက အိပ်ခန်းထဲကိုသာ မရမနေ ဖိတ်ခေါ်သဖြင့် မောင်မိုးဆွေလည်း မငြင်းသာတော့ဘဲ အိပ်ခန်းတွင်းသို့ ဝင်လိုက်ရလေ၏။ မခင်ထား၏ အိပ်ခန်းအတွင်း၌ အနည်းငယ်မှောင်နေပြီးလျှင် လှပသောမွေ့ရာနှင့်ခုတင်ကြီးတစ်လုံးကို မြင်တွေ့ရပြီး ခုတင်နှင့်ကပ်လျက် အဝတ်ဗီရိုကြီးနှစ်လုံးကို မြင်ရလေ၏။ မခင်ထားသည် မောင်မိုးဆွေ၏ အနီးတွင် ကပ်လျက် ရပ်နေပြီးလျှင် အခန်းမှာ ကျဉ်းလွန်းသဖြင့် ကိုယ်လုံးချင်း ထိစပ်လျက် ရှိလေသည်။ မောင်မိုးဆွေသည် တစ်သက်တွင် တစ်ကြိမ်သာ အပျို ခန်းအတွင်းသို့ ဝင်ဖူး၍ ရှက်ကိုးရှက်ကန်း ဖြစ်၍နေလေ၏။ မောင်မိုးဆွေက ...

"အစ်မ ရောင်းမယ်ဆိုတဲ့ အဝတ်တွေ ဘယ်မှာလဲ"

ဟု မေးမြန်းလေ၏။ မခင်ထားက ဗီရိုတစ်လုံးကို ဖွင့်ပြ၍ ...

"ဒီဗီရိုထဲက ရှိသမျှအဝတ်တွေ အကုန်ရောင်းမယ်၊ မောင်လေး ကြိုက်သလိုသာ ဈေးဖြတ်ပေတော့"

ဟု ဆိုလိုက်လေရာ ဗီရိုထဲတွင် များပြားလှသော ပိုးဖဲကတ္တီပါ အဝတ်အစားများကို အံ့သြဖွယ် မြင်တွေ့ရလေ၏။ မောင်မိုးဆွေ၏ သက်တမ်းတစ်လျှောက်တွင် ထိုမျှ များပြား၍ သာ





လှင်သော အဝတ်အစားများကို ရောင်းချခြင်းကို မကြုံဖူးပါ။ ထို့ကြောင့်ပင် မောင်မိုးဆွေက ...

"အစ်မ ကျွန်တော့်ကို နောက်နေတာလားဗျာ၊ ဒီလောက်များပြီး ဒီလောက်သစ်လွင်တဲ့ အဝတ်အစားတွေကို ရောင်းမယ်လို့"

ထိုအခါ မခင်ထားက ...

"ကြည့်သာကြည့်စမ်းပါ မောင်လေးရာ"

ဟု မချင့်မရဲလေသံဖြင့် ဆိုလိုက်ရာ မောင်မိုးဆွေသည် ဗီရိုကြီးထဲမှ အဝတ်အစားများကို ထုတ်ယူ၍ ကြည့်ရှုလေသည်။ အဝတ်အစားများကို ဆွဲယူနေစဉ်မှာပင် အပျိုကြီးသည် မောင်မိုးဆွေ အနားသို့ တဖြည်းဖြည်း တိုးကပ်လာ၏။ အပျိုကြီး၏ ကိုယ်သင်းနံ့သည် မိုးဆွေ၏ နှာဝသို့ တိုးဝင်လာ၏။

အပျိုကြီး၏ မထင်မှတ်သော အပြုအမူကြောင့် မောင်မိုးဆွေသည် အံကို တင်းတင်းကြိတ်ရင်း အိမ်ကလေးထဲမှ ပြေးထွက်ခဲ့လေ၏။ အပျိုကြီးမခင်ထားမှာမူ ကြီးမားကျယ်ပြန့်လှသော ခုတင်ကြီးပေါ်တွင် ရှက်ခြင်း၊ ဝမ်းနည်းခြင်း၊ အံ့သြခြင်း၊ နာကြည်းခြင်း စသည့် ဝေဒနာမျိုးစုံကို ခံစားရင်း ရှိုက်ကြီးတငင် ငိုကြွေး၍ ကျန်ရစ်ခဲ့လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ဗဟာဒူရှာမင်းကြီး၏ အလှူ

မောင်မိုးဇွေသည် မြို့ကလေးမှ ထွက်ခွာလာခဲ့ရင်း သူ၏ ငယ်စဉ်ဘဝကို ပြန်လည်တွေးတော၍ နေမိလေ၏။ သူဌေးကြီး၏တူမ တင်မမ၏ စိန်လက်စွပ် ပျောက်ဆုံးသွားပြီး သူ့အား သူခိုးဟု အစွပ်စွဲခံရပုံ၊ အချုပ်ခံရပုံ၊ နှိပ်စက်ညှင်းပန်းခံရပုံများကို ပြန်လည်မြင်ယောင်လာလေ၏။

ထိုမှတဖန် အဝတ်ဟောင်းများကို ဝယ်ယူရင်း မခင်ထား နှင့် ခင်မင်မိပုံ၊ မခင်ထားက အိမ်သို့ မကြာမကြာ လာလည်ရန်ဖိတ်ခေါ်ပုံ၊ သူကလည်း အစ်မရင်းကဲ့သို့ ယုံမှတ်ကာ သွားရောက်လည်ပတ်ခဲ့ပုံများကို ပြန်လည်မြင်ယောင်မိလာလေ၏။

သူသည် အဝတ်ဟောင်းရောင်းဝယ်သည့် လုပ်ငန်းကို မနှစ်မြို့တော့ပေ။ ထိုအချိန်တွင် အိန္ဒိယလူမျိုးအချို့သည် မောင်မိုးဇွေ





ကဲ့သို့ပင် အဝတ်ဟောင်းများကို ဝယ်ယူ၍ တောအရပ်ဒေသများသို့ လှည့်လည်ရောင်းချလေ၏။

**မှတ်ချက်။ ။ အိန္ဒိယလူမျိုးအချို့သည် ဈေးခြင်း၊ ခေတ်ဘူး စသည့် လူ့အသုံးအဆောင်ပစ္စည်းများကို ခြင်းတောင်းကြီးများတွင် ရိုက်ထွေး၍ အဝတ်ဟောင်းများနှင့် လိုက်လံလဲလှယ်သော ဓလေ့သည် ထိုခေတ်မှစတင်၍ သန္ဓေတည်ခဲ့သည်ဟု ယူဆနိုင်ပါသည်။**

**(စာရေးသူ)**

ထို့ကြောင့်ပင် မောင်မိုးဇွေသည် အဝတ်ဟောင်းရောင်းဝယ်သည့် လုပ်ငန်းကို စွန့်လွှတ်လိုက်လေတော့၏။ ပြီးနောက်တွင်မူ မောင်မိုးဇွေသည် ခင်မင်ရင်းနှီးခဲ့သော ရွာများသို့ သွားရောက်၍ တမေ့တမော နေထိုင်လေ၏။ ရွာသူရွာသားများနှင့် ပျော်ရွှင်စွာနေထိုင်ရင်း အမှုကိစ္စများကို ကူညီ၍ လုပ်ကိုင်ပေးလေ၏။ အတန်ကြာအောင် နေထိုင်ပြီးသောအခါတွင် ဆန်စပါး၊ ငရုတ်၊ ကြက်သွန်၊ စသည့် ကျေးရွာထွက်ကုန်များကို ဝယ်ယူ၍ မြို့ရှိပွဲရုံများသို့ သွားရောက်၍ ရောင်းချလေ၏။

ထိုအခါ မြို့ပွဲရုံများမှ လွှတ်လိုက်သော အဝယ်တော်များသည် မောင်မိုးဇွေရှိရာ ရွာများသို့ တိုး၍မရတော့ပေ။ မောင်မိုးဇွေအား ချစ်ခင်ကြသော ရွာသားများသည် သူ့ကိုသာ စောင့်၍ ရောင်းချကြလေ၏။ မောင်မိုးဇွေထက် ဈေးပိုပေး၍ ဝယ်ယူကြသော်လည်း ရွာသားများက ၎င်းတို့ကို မရောင်းချပေ။ မောင်မိုးဇွေကိုသာ စောင့်၍ ရောင်းချကြလေ၏။ နောက်ပိုင်းတွင်မူ အဝယ်တော်များ



www.burmeseclassic.com

www.burmeseclassic.com



သည် မောင်မိုးဆွေရှိရာ ရွာများသို့ ဝင်မလာရဲတော့ပေ။ ထို့ကြောင့်ပင် မောင်မိုးဆွေသည် ရွာများကို တစ်ဦးတည်းကိုယ်စားလှယ် ရထားဘိသကဲ့ ရှိလေ၏။

သူ၏ စီးပွားရေးသည်လည်း တစ်နေ့တခြား တိုးတက်၍လာလေ၏။ သူသည် မြို့ရွာများကို လှည့်လည်ရင်း ကုန်သည်အလုပ်ကို လုပ်ကာ တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီးတစ်ရွာ သွားလာ၍နေလေ၏။ ထိုသို့ လှည့်လည်ရင်း သူ၏ ရန်သူညီနောင်၏ သတင်းကို မပြတ်စုံစမ်း၍ နေလေ၏။

တစ်ခုသော ရွာတစ်ရွာသို့အရောက်တွင် ရွာစွန်တဲကလေးတွင် ထိုင်နေသော အဘွားအိုကြီးတစ်ယောက်သည် အဖျားတက်၍ လဲကျနေသဖြင့် အဘွားကြီးအား နွားနို့၊ ကြက်ဥ၊ စွပ်ပြုတ် အစရှိသော အာဟာရဖြစ်မည့် အစားအစာများကို ကျွေးမွေးလေရာ အဘွားကြီးသည် သုံးရက်ခန့်ကြာသော် ထူထူထောင်ထောင် ဖြစ်လာလေ၏။ အဘွားကြီး၏ သားသမီးများမှာ ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားသဖြင့် လူမမယ်လေးနှစ်ယောက်မှာလည်း မြေပိုင်ရှင်ကြီးတစ်ဦး၏ နေအိမ်တွင် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရင်း အဘွားအိုကြီးကို ကျွေးမွေးပြုစုရရှာ၏။ ထို့ကြောင့်ပင် အဘွားကြီးက ...

"အဘွားအသက်ဟာ အမေမွေးတဲ့အသက် မဟုတ်တော့ဘူး၊ လူကလေးပေးတဲ့ အသက်ပဲရှိတော့တယ်၊ အဘွားအားမှာ ဘာကိုမှ မလိုအပ်တော့ပါဘူးကွယ်၊ အဘွားမှာ ဆန္ဒတစ်ခုပဲ ရှိပါတော့တယ်၊ အဲဒါကတော့ အဘွားရဲ့မြေးလေးနှစ်ယောက်ကို မသေမီ ရှင်ပြုပေးချင်တဲ့ ဆန္ဒပါ၊ ဒါပေမဲ့ ဒီဆန္ဒကလည်း ပြည့်ဝနိုင်မှာ မဟုတ်တော့ပါဘူးကွယ်"





ဟု သနားစဖွယ် ပြောလေရာ မောင်မိုးဆွေသည် လွန်စွာ စိတ်မကောင်းဖြစ်၍သွားလေ၏။ ထို့ကြောင့်ပင် ...

"အဘွားရယ် လူတစ်ယောက်ရဲ့ ကံကြမ္မာဆိုတာ အမြဲတမ်း ညှိုးဖျင်းမနေတတ်ပါဘူး၊ အဘွားကို ကျွန်တော်တတ်တဲ့ပညာနဲ့ တွက်ချက်ကြည့်ပါရစေ"

ဟု ဆိုကာ အဘွားကြီး၏ မွေးသက္ကရာဇ်ကို တောင်းယူ၍ သူတတ်ကျွမ်းသောပညာနှင့် အကျအန စစ်ဆေးကြည့်လိုက်ရာ အဘွားကြီး၏ဇာတာတွင် ကြာသပတေးသည် ဥစ္စ၊ ကသုစ်ရလျက် သင်္ဂတ် ၂-တန့် ကုဋမ္ဗဘာဝ၌ တည်ရှိနေသည်ကို တွေ့ရလေ၏။ သင်္ဂတ် ၂-တန့် ကုဋမ္ဗဘာဝ(သို့မဟုတ်) ကောဇာကြာသပတေးဂြိုဟ်သို့ ရောက်ရှိလေ၏။ ထိုအခါမျိုးတွင် ငွေအစုလိုက် အပုံလိုက် ရတတ်လေ၏။ တစ်နည်းအားဖြင့် ထီပေါက်ကိန်းရှိသည်ဟု ဆိုနိုင်သေ၏။ ထို့ကြောင့်ပင် မောင်မိုးဆွေက ...

"အဘွားရယ် ... အဘွားဘဝမှာ ဒီအချိန်လေးမှာ ငွေအစုလိုက် အပုံလိုက် ဝင်ကိန်းရှိနေတယ်ဗျ"

ဟု ဝမ်းသာအားရ ပြောလိုက်လေ၏။ ပြီးနောက်တွင် မောင်မိုးဆွေက ဆက်၍ ...

"အဘွားဟာ ၂-တန့်မှာ ကြာသပတေးရှိတဲ့ ဇာတာရှင်လည်း ဖြစ်တယ်၊ ၂-တန့်ကို ကောဇာကြာသပတေးစီးတဲ့နှစ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်ဆိုတော့ ထီပေါက်နိုင်တယ်၊ ဒီလိုအခွင့်အရေးမျိုး ဟာ (၁၂)နှစ်မှာ တစ်ကြိမ်ဖြစ်တတ်တယ်ဗျ၊ ဒီတော့ အဘွား ထီထိုးရမယ်"

ဟု ဆိုကာ သူကိုယ်တိုင် ထီနံပါတ်များကို ရွေးချယ်ပေး လေတော့၏။ အဘွားကြီးသည် ဝမ်းသာအားရဖြင့် ထီလက်မှတ်များကို မှတ်သားပြီး ...

"၁၂–နှစ် တစ်ကြိမ်ပေါ်တဲ့ အခွင့်အရေးကို လက်လွှတ်မခံနိုင် ဘူး၊ မြို့က ထီသည်လာရင် ဒီနံပါတ်တွေကို ရှာခိုင်းပြီး ထိုး ဖြစ်အောင်ထိုးရမယ်"

ဟု ပြောလေ၏။ မောင်မိုးဇွေသည် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက် နေပြီးလျှင် စပါးပေါ်ချိန်သို့ရောက်သောအခါ ရွာကလေးသို့ ပြန်လည်ရောက်ရှိလာလေ၏။ ထိုအခါ မောင်မိုးဇွေကို ရွာသူရွာသားများက ဝမ်းသာအားရ ကြိုဆိုကြပြီး ဆင်းရဲသောအဘွား ကြီး၏အိမ်သို့ လိုက်လံပို့ဆောင်ကြလေ၏။ အဘွားကြီးမှာ မောင်မိုး ဇွေ ရွေးချယ်ပေးသောနံပါတ်ဖြင့် ထီတစ်သိန်းဆု ပေါက်၍နေကြောင်း ပြောဆိုလေ၏။

ပြီးနောက် အဘွားကြီးက ...

"ဒီငွေဟာ လူကလေးလည်း တစ်ဝက်ဆိုင်ပါတယ်၊ ဒီဆုကြီး ဟာလူကလေးရွေးချယ်ပေးတဲ့ နံပါတ်ကပေါက်တာပါ"

ဟု အားရဝမ်းသာ ပြောဆိုလေ၏။ အဘွားကြီး၏မြေး ကလေးနှစ်ယောက်ကလည်း မောင်မိုးဇွေကို ဖက်၍ ...





"ကျွန်တော်တို့ မြေပိုင်ရှင်ကြီးအိမ်မှာ သွားလုပ်စရာ မလိုတော့ ဘူး၊ ရှင်လည်းပြုရတော့မယ်၊ အဲဒါ ဦးရဲ့ ကျေးဇူးကြောင့် ပဲ"

ဟု ဆိုကြ၏။ မောင်မိုးဇွေသည် အဘွားကြီးပေးသော ငွေကို လက်မခံပါ။

"ဒီငွေဟာ ကျွန်တော်နဲ့ မဆိုင်ပါဘူး အဘွားရယ်၊ အဘွားရဲ့ ကံဇာတာတက်ချိန်မို့ အဘွားနဲ့ထိုက်လို့ရတာပါ၊ ကျွန်တော့် အတွက် ငွေမလိုပါဘူး"

ဟု ငြင်းဆိုလိုက်လေရာ အဘွားကြီးမှာ စိတ်မကောင်း ဖြစ်၍ သွားလေတော့၏။ ထိုနောက်တွင်မူ မောင်မိုးဇွေသည် ဆုငွေများကို မြို့တက်၍ ထုတ်ယူရန် စီစဉ်ပေးလေ၏။ မောင်မိုးဇွေ ပြန်လာသောအခါ ရွာသူရွာသားများသည် အိုးစည်ဗုံးပတ်ဝိုင်းများဖြင့် ကြိုဆိုကြလေ၏။ အဘွားကြီး၏ မြေးကလေးနှစ်ယောက်မှာ ပျော် ရွှင်စွာ ဝင်ရောက်ကခုန်ကြလေ၏။ မောင်မိုးဇွေသည် အဘွားကြီး အား လယ်မြေအမြောက်အမြားကို ဝယ်ယူ၍ ရင်းနှီးမြှုပ်နှံပေးလေ၏။ အဘွားကြီးသည် နေ့ချင်းညချင်းပင် ကြွယ်ဝသော မြေရှင်ကြီးတစ် ယောက် ဖြစ်သွားလေတော့၏။

**မှတ်ချက်။ ။အဘွားကြီးသည် ငွေတစ်သိန်းဆုပေါက်သည်ဆိုသော် လည်း ထိုခေတ်က ငွေတစ်သိန်းမှာ လွန်စွာ တန်ဖိုးရှိပါသည်။ ဒိုက်ဆံတစ်မူးရှိလျှင် ထမင်းအဝစားနိုင်သောခေတ် ဖြစ်ပါသည်။**

**(စာရေးသူ)**

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးသည် ငွေများထုတ်ယူ၍ ပြီးသောအခါတွင် မောင်မိုးဆွေအား ...

"လူကလေးရယ် လူကလေး ကျေးဇူးကြောင့် အမေလည်း ချမ်းချမ်းသာသာ နေနိုင်ပါပြီ၊ အမေရဲ့ မြေးလေးနှစ်ယောက်ကိုလည်း ရှင်ပြုချင်တဲ့ဆန္ဒ ပြည့်စုံပါပြီ။ ဒီနယ်တစ်ဝိုက်မှာ လူတွေဟာ စီးပွားရေးမကောင်းလို့ အငြိမ့်ပွဲ၊ ဇာတ်ပွဲတွေ မကြည့်ရတာ ကြာလှပြီ။ ဒီတော့ အမေ့မြေးလေးနှစ်ယောက်ရဲ့ ရှင်ပြုအလှူတော်မင်္ဂလာပွဲကြီးမှာ အငြိမ့်ပွဲ၊ ဇာတ်ပွဲကောင်းကောင်းသွင်းပြီး ဒီနယ်တစ်ကြောမှာ အကြီးအကျယ်ဆုံး အလှူပွဲကြီးဖြစ်အောင် အမေ လှူလိုက်ချင်တယ်၊ အဲ့ဒါကို လူကလေး ကူညီပါဦး"

ဟုပြောဆိုလေရာ မောင်မိုးဆွေက ခေါင်းညိတ်လိုက်ရင်း...

"စိတ်ချစမ်းပါ အဘွားရယ်၊ အဘွားရဲ့အလှူဟာ ဒီနယ်တစ်ကြောမှာ အကြီးကျယ်ဆုံးအလှူကြီး ဖြစ်စေရမယ်၊ အဘွားဆန္ဒ ပြည့်စေရမယ်၊ အကောင်းဆုံးဆိုတဲ့ အငြိမ့်ပွဲ ဇာတ်ပွဲကြီးတွေကိုလည်း ကျွန်တော် မရရအောင် ရှာဖွေပြီး ငှားရမ်းပေးပါမယ်"

ဟူ၍ ကတိပေးလိုက်လေတော့၏။ ပြီးနောက်တွင် မောင်မိုးဆွေသည် လွန်စွာကြီးမားသော အလှူကြီးအတွက် ပြင်ဆင်ရလေတော့၏။ အလှူကျင်းပမည့်နေ့ကို သူ တတ်ကျွမ်းသောဗေဒင်ပညာဖြင့် အကျအန တွက်ချက်ကာ နေ့ရက်ကို ရွေးချယ်ရလေ၏။





ထို့နောက်တွင်မူ ရွာတွင်းရှိ ကာလသားများကို ခေါ်ယူ၍ တိုင်ပင်ဆွေးနွေးကာ အသီးသီးသောတာဝန်များကို ခွဲဝေပေးလေ၏။ အချက်အပြုတ်အပိုင်း၊ ဧည့်ခံဖျော်ဖြေရေးအပိုင်း၊ စားနပ်ရိက္ခာ ဝယ်ယူရေးအပိုင်း စသည့်တာဝန်များကို ခွဲဝေသတ်မှတ်၍ပေးလေ၏။ လွန်စွာ ကြီးကျယ်ခမ်းနားသော အလှူကြီးအတွက် တစ်ရွာလုံး တက်တက်ကြွကြွ လုပ်ကိုင်ကြလေတော့၏။

အလှူမဏ္ဍပ်ဆောက်လုပ်ရန်၊ အငြိမ့်စင်ဆောက်လုပ်ရန်နှင့် ပွဲကြည့်ရန် စသည့်နေရာများကို ရွေးချယ်ကြလေ၏။ အလှူမဏ္ဍပ်နှင့် အငြိမ့်ပွဲကို ရွာပြင်ကွင်းပြင်ကြီး၌ ပြုလုပ်ရန် ရွေးချယ်လိုက်လေ၏။ အလှူမဏ္ဍပ်ကြီးသည် ရွာဦးကျောင်းစေတီ၏ အရှေ့ဘက်တွင် စီစဉ်ထားသဖြင့် အလှူကို လာရောက်ရင်း ဘုရားကိုလည်း ဖူးမြော်နိုင်လေ၏။

ရွာဦးကျောင်းဆရာတော်ကြီးမှာ မောင်မိုးဆွေ၏ အစီအစဉ်ကို လွန်စွာသဘောကျလေ၏။ အလှူပွဲကြီး မကျင်းပမီတွင် မောင်မိုးဆွေသည် မြို့နှင့်ရွာ၊ ရွာနှင့်မြို့ ကူးချည်သန်းချည် ပြု၍နေလေ၏။ ကာလသားအချို့ကို ခေါ်ယူ၍ သင်္ကန်းပရိက္ခရာများ၊ ဆရာတော်သံဃာတော်များကို လှူဒါန်းနိုင်ရန် လှူဘွယ်ပစ္စည်းများကို လိုက်လံ၍ ဝယ်ယူလေတော့၏။ အခြားသော ကာလသားအဖွဲ့များကမူ ခြောက်သဒ်၊ မုခ်တို့ဖြင့် အဆန်းအကြယ် တန်ဆာဆင်ထားသော မဏ္ဍပ်ကြီးကို ဆောက်လုပ်၍နေလေ၏။ အလုံးစုံကို ပြင်ဆင်ပြီးသောအခါတွင် အဝတ်ပုဆိုးရောင်းဝယ်ရင်း ခင်မင်ခဲ့ဖူးသည်

www.burmeseclassic.com



အငြိမ့်မင်းသမီး မိုးသူဇာပါဝင်သော အငြိမ့်အဖွဲ့ကို သွားရောက်ငှားရမ်းလေတော့၏။ အငြိမ့်မင်းသမီးကလေး မိုးသူဇာသည် အသံကောင်း ရုပ်ချောပြီး အဆိုပိုင်သော မင်းသမီးဖြစ်၏။ မောင်မိုးဇွေအား မကြာခဏ ခေါ်ယူ၍ အဝတ်ဟောင်းများ ရောင်းချဖူးလေ၏။ သူမက ...

"ကိုမိုးဇွေ အတွက်ဆိုရင်တော့ ဘယ်ရွာမှာပဲကရ,ကရ လိုက်ကပါမယ်ရှင်"

ဟု ပြောဆိုသော်လည်း အငြိမ့်ထောင်ဆရာကြီးကမူ ...

"ဟုတ်မှလည်း လုပ်ပါ မောင်မိုးဇွေရာ၊ ငါအငြိမ့်ထောင်ဆရာလုပ်လာတဲ့သက်တမ်းတစ်လျှောက် ရပ်သာရွာမှာ ရှင်ပြုအလှူပွဲကို အငြိမ့်ခုနစ်ရက်ခုနစ်လီ ငှားပြီးကတာ တစ်ခါမှ မကြုံဖူးပါဘူး၊ ဒီရွာမှာ ဒီလောက်ချမ်းသာတဲ့ လူလည်း မရှိပါဘူး"

ဟု အင်တင်တင် ပြု၍နေလေရာ မောင်းမိုးဇွေက ...

"ဒီမှာ ဆရာကြီး၊ သူများလို စရံတွေဘာတွေ မပေးဘူး၊ တစ်ခါတည်း အပြေပေးလိုက်မှာ၊ တစ်ညကို ၃၀၀ိ/–ကျပ်နဲ့ ခုနစ်ညစာ ၂၁၀၀ိ/–"

ဟူ၍ ငွေထုပ်ကြီးကို ဗုန်းခနဲ ပစ်ချပေးလိုက်လေရာ ငွေမက်သော အငြိမ့်ထောင်ဆရာကြီးမှာ ငွေထုပ်ကို ကမန်းကတန်းကောက်ယူ၍ ...

"ဒီလိုတော့လည်း ကတာပေါ့ကွာ"

ဟု အားရဝမ်းသာ ပြောဆိုလေ၏။ မောင်မိုးဇွေက ...





"အငြိမ့်အဖွဲ့သားတွေ စုံလင်ပါစေနော်၊ ငွေကြိုယူပြီး မကနိုင်ရင်တော့ နှစ်ဆပြန်လျော်ရမယ်"

ဟု ခြိမ်းခြောက်လိုက်ရလေ၏။

ထို့နောက်တွင် အငြိမ့်အဖွဲ့မှ ကြော်ငြာပိုစတာများကို တောင်းယူ၍ ရွာသို့ တစ်ခေါက် ပြန်ရပြန်၏။ ကြော်ငြာစာရွက်ကြီးများအား ဈာကြမ်းကြီးများတွင် ကပ်၍ အနီးအနားရွာများသို့ သွားရောက်၍ ကြော်ငြာရလေ၏။ ထိုရွာများ၏ လမ်းဆုံလမ်းခွ လူစည်ကားရာနေရာများတွင် ကြော်ငြာများကို ကပ်လေ၏။

ရွာသူကြီးများကိုလည်း ရှင်ပြုအလှူမင်္ဂလာသို့ ကြွရောက်ပါရန် ဖိတ်ကြားလေ၏။ ရွာသူကြီးများမှတစ်ဆင့် မောင်းထု၍ ရွာသားများကို ဖိတ်ကြားပေးလေ၏။ ပွဲငတ်နေသော ရွာသူရွာသားများမှာ ရွာလုံးကျွတ် အလှူပွဲသို့ လာရောက်မည်ဖြစ်ကြောင်း ပြောဆိုကြလေ၏။ အနီးအနားရွာများကို ဖိတ်ကြားပြီးသောအခါတွင် မောင်မိုးဇွေသည် မြို့သို့ တဖန်ပြန်လည်၍ သွားရောက်ပြီးလျှင် မကွေးမြသလွန်ဘုရားပွဲမှတစ်ဆင့် ပွဲကူးရန်ကြံစည်နေသော ဆယ်နှစ်ပွဲဈေးသည်များအား သွားရောက်၍ ရပ်သာရွာတွင် ကြီးမားသောအလှူပွဲကြီးတစ်ခု ကျင်းပမည်ဖြစ်ကြောင်း၊ အနီးအနားရွာများမှ လာရောက်အားပေးကြမည်ဖြစ်ကြောင်း သတင်းကောင်း ပါးရလေ၏။

ဆယ်နှစ်ပွဲဈေးသည်အုပ်စုတွင် ခေါင်းဆောင်လုပ်သူ လူကြီးက ...

"ဟုတ်မှလည်း လုပ်ပါ ကိုယ့်လူရာ၊ ကျုပ်လည်း ဆယ်နှစ်ပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဈေးသည်လုပ်နေတာ အိုသေတော့မယ်၊ ဒီနားကရွာကလေး တွေမှာ အလှူပွဲကို ခြိမ့်ခြိမ့်သဲသဲကျင်းပတာ မတွေ့ဖူးပါဘူး"

ဟု မယုံမရဲ ပြောလေရာ မောင်မိုးဆွေက သေချာစွာ ကတိပြု၍ ရှင်းလင်းပြရလေတော့၏။ ထို့နောက် မောင်မိုးဆွေသည် မင်းဘူးမြို့ အပိုင်ရှိ ရာဇဝတ်အုပ် မောင်ကို ဆိုသူ ကို သွားရောက်၍ အငြိမ့်ပွဲကြည့်ရှုရန် ဖိတ်ကြားလေ၏။ အလှူသို့ လာရောက်လျှင် လိုလေသေးမရှိအောင် ဧည့်ဝတ်ပြုမည့်အကြောင်း ပြောဆို၍ လာဘ် အနည်းငယ်ပေးလိုက်ရာ ရာဇဝတ်အုပ်သည် အလှူသို့ လာရောက်ရန် စိတ်ဝင်စားသွားပြီး ...

"ဘယ်အငြိမ့်အဖွဲ့ကို ငှားထားသလဲ"

ဟုမေးလေရာ မောင်မိုးဆွေက ...

"အဆိုကောင်းရုပ်ချောတဲ့ မိုးသူဇာကိုပေါ့ဗျာ"

ဟု ဖြေလိုက်လေရာ ရာဇဝတ်အုပ်မောင်ကို၏ မျက်နှာ သည် ဝင်းခနဲ ဖြစ်သွားပြီးလျှင် ...

"မိုးသူဇာကို ကြည့်ရမယ်ဆိုရင်တော့ ငရဲပြည်အထိ လိုက်ကြည့် ရ ကြည့်ရ ကြည့်တာပေါ့ကွာ"

ဟု အားရဝမ်းသာ ပြောလိုက်လေ၏။ ရာဇဝတ်အုပ် မောင်ကိုသည် အငြိမ့်မင်းသမီး မိုးသူဇာကို လွန်စွာနှစ်သက်သူဖြစ်ရ ကား သူတစ်ဦးတည်း လာရောက်၍ ပွဲကြည့်သည်မဟုတ်ဘဲ ပုလိပ် သားအချို့ကို ခေါ်ယူ၍ လာရောက်ကြည့်ရှုသည်ဖြစ်လေရာ ပွဲခင်းလုံခြုံ ရေးအတွက် စိတ်ချရလေတော့၏။





ရပ်သာရွာ၏ အနီးအနားတွင် ဗိုလ်ကျစိုးမိုးနေသော ရွာလူမိုက်ကြီးလေးယောက် ရှိ၏။ မောင်မိုးဆွေသည် ထိုလူမိုက်ကြီး လေးယောက်အား တစ်ယောက်စီ သွားရောက်တွေ့ဆုံ၍ ...

"ခင်ဗျားတို့ကို အလှူပွဲကို လာခဲ့ဖို့ ဖိတ်ပါတယ်၊ ခင်ဗျားတို့ ပိုင်ရာဆိုင်ရာ အရပ်ကလူတွေကိုလည်း စောင့်ရှောက်ပေးပါဦး၊ တကယ်တော့ မြို့ကပုလိပ်တွေကို ခေါ်ထားပေမဲ့ ခင်ဗျား တို့ကသာ တကယ်အားကိုးရတာပါ"

ဟု အရှူးဘုံမြှောက်ပြောလိုက်ရာ လူမိုက်များသည် သွေးနားထင်ရောက်သွားလေတော့၏။ ထို့ကြောင့်ပင် လူမိုက်အသီးသီး က ...

"အလှူပွဲကြီးမှာ မှဲ့တစ်ပေါက် မစွန်းစေရဘူး"

ဟု ကတိပေးလိုက်လေရာ ဤသို့ဖြင့် အလှူပွဲကြီး ပြီးသောအခါ အနီးအနားရွာများမှ အငြိမ့်ပွဲကြည့်ရန် လှည်းတပ်ကြီး များနှင့် ချီတက်၍လာလေ၏။ လှည်းတပ်ကြီးနှင့်အတူ ၎င်းတို့ပိုင် ဆိုင်သော ကြက်များ၊ ခွေးများ စသော တိရစ္ဆာန်များလည်း လိုက် ပါလာလေရာ လူသံ၊ ခွေးသံ၊ ကြက်သံများနှင့် ဆူညံပွက်၍ နေလေတော့၏။

မောင်မိုးဆွေတို့ ရွာခံလူငယ်များက လှည်းတပ်ကြီးများ ကို ရွာပြင်ကွက်လပ်ကြီးတွင် နေရာချထားပေးလေ၏။ လှည်းတပ်ကြီး များနှင့် လိုက်ပါလာသူများသည် ရွာကိုပတ်၍ စီးဆင်းနေသော ချောင်းရိုးလေးတွင် ရေမိုးချိုးကြ၏။ ထို့နောက်တွင်မူ ၎င်းတို့လှည်း



www.burmeseclassic.com

www.burmeseclassic.com



များပေါ်တွင် တင်ဆောင်လာသော စားနပ်ရိက္ခာများကို ချက်ပြုတ်၍ စားသောက်ကြလေ၏။

ဆယ့်နှစ်ပွဲဈေးသည်များသည်လည်း မယုံတစ်ဝက်ယုံ တစ်ဝက်ဖြင့် တဖွဲဖွဲ လာသောက်၍ ရောင်းချကြလေ၏။ ၎င်းတို့ကိုလည်း မောင်မိုးဇွေ၏ အစီအစဉ်ဖြင့် စနစ်တကျ နေရာချပေးထားလေ၏။ အလှူပွဲလာရောက်ကြသူများသည် ပွဲဈေးတန်းထဲတွင် လျှောက်၍ ကြည့်ကြ၏။ စားသောက်ကြ၏။ လိုချင်သည်များကိုလည်း ဝယ်ယူကြ၏။ ရွာဦးကျောင်းဆုတောင်းပြည့်စေတီသို့ တက်ရောက်၍ ဖူးမြော်ကြ၏။ မိုးသူဇာအငြိမ့်အဖွဲ့ ရောက်ရှိလာသောအခါ ရွာလုံးကျွတ်ထွက်၍ ကြိုဆိုကြလေ၏။

အငြိမ့်မင်းသမီး မိုးသူဇာကို သူကြီးအိမ်တွင် တည်းခိုနိုင်ရန် စီစဉ်ပေးသဖြင့် ရာဇဝတ်အုပ်မောင်ကိုမှာ လွန်စွာ သဘောကျ၍နေလေ၏။

ရုပ်သာရွာတစ်ရွာလုံး လော်စပီကာသံ၊ ဗြောသံ နတ်ဒိုးသံ၊ ဒိုးပတ်သံများနှင့် ဆူညံပွက်၍ နေလေတော့၏။ အကြွေးအမွေးတာဝန်ယူသူများကလည်း အလှူတွင်ကျွေးမွေးရန် ကြက်သား ဝက်သား၊ ငါးသလောက်၊ ကြံမဆိုင်ဟင်းချို၊ ပဲဟင်း၊ ငါးပိကြော် ပဲတီချဉ်သနပ် စသည့်စားသောက်ဖွယ်ရာများကို စီမံချက်ပြုတ်ကြလေ၏။

ရှင်လောင်းလှည့်သောနေ့တွင် အလှူ့ရှင် အဘွားကြီးမှာ သက်န်းပရိက္ခရာများကို ပိုက်၍ ရှေ့ဆုံးမှလိုက်ကာ မောင်ရှင်





လောင်းနှစ်ယောက်မှာ လွန်စွာလှပသော မြင်းကြီးနှစ်ကောင်ကို စီး၍ ရွှေထီးကိုဆောင်းလေ၏။ ရွာသူအပျိုချောတစ်စုမှာ သင်္ကန်း ပရိက္ခရာများ၊ လှူဖွယ်ပစ္စည်းများ၊ ကန်တော့ပွဲ၊ ကွမ်းတောင်၊ ပရိတ်အိုး စသည်တို့ကို ရွက်၍လည်းကောင်း၊ ပိုက်၍လည်းကောင်း နောက်မှ လိုက်ကြ၏။ အလှူကြီးမှာ မကြုံစဖူး ထူးထူးခြားခြားစည်ကားလှသဖြင့် အခြားရွာသားများသည် တအံ့တဩ ကြည့်ရှုကြကုန်၏။

အလှူ့ရှင်အဘွားကြီးမှာ ပျော်တပြုံးပြုံးဖြစ်၍နေကုန်၏။ ရုပ်သာရွာမှ ကာလသား၊ ကာလသမီးများသည် သူ့နည်းသူ့ဟန်ဖြင့် ရှိုးထုတ်ကြလေ၏။ ရွာသူအပျိုချောများသည် သရက်ထည် လုံချည်၊ ရှန်လုံချည်၊ ဇူရတီလုံချည်နှင့် ဇာအင်္ကျီ၊ ပဒုမ္မာအင်္ကျီတို့ကို တွဲဖက်၍ ဆင်ယင်ကြ၏။ မျက်နှာကိုမူ ဇွန်လည်ပုံ မျက်နှာချေ မှုန့်၊ သနပ်ခါးတို့ကို လိမ်းကျံ၍ နှုတ်ခမ်းကို တရုတ်အရောင်၏ ဘုန်းစုံဆိုင်မှ အမွှေးတိုင်စက္ကူများဖြင့် ခြယ်သကြ၏။

ကာလသားများမှာလည်း သက္ကလပ်တိုက်ပုံအင်္ကျီ၊ ပိုးလုံချည်၊ ပလေကပ်လုံချည်များကို ဆင်ယင်၍ ဂိုက်ထုတ်ကြလေ၏။ ဆံပင်ပုံစံမှာ များသောအားဖြင့် ကတုံး ကြက်တောင်စည်း၊ ဝါပေါင်းများ ဖြစ်ကြ၏။

သူကြီးသား ဘစိမှာ မျက်နှာရွှင်ဖြစ်၏။ အထူးခြားဆုံးလည်းဖြစ်၏။ ဘိုဆံတောက်၊ ဗလေဇာကုတ်အင်္ကျီနှင့် ရှပ်အင်္ကျီ အပေါင်းကို တွဲဖက်၍ ဝတ်ဆင်၏။ ပုဆိုးမှာ ပလေကပ်ကွက်ကြီးကြီးဖြစ်ပြီး ဖင်မှာ စက္ကူတံဆိပ် မခွာရသေးပေ။ အမှန်မှာ



www.burmeseclassic.com

www.burmeseclassic.com



စက္ကူဂုတ်ဆိပ်သည် ကွာပြီးသားဖြစ်၏။ အသစ်မှန်းသိသာရန် ကော်ဖြင့် ပြန်လည်၍ ကပ်ထားခြင်းပင်ဖြစ်၏။ လည်ပင်းတွင် မာဖလာ အဟောင်းတစ်ထည်ကို ပတ်ထားပြီး ပါးစပ်ထဲတွင် ဖဲဆေးတံအကျိုး တစ်ချောင်းကို ခဲ၍ ထားလေ၏။ သူ၏နောက်ပိတ်ရှူးဖိနပ်သည် စီးနေကျမဟုတ်၍ ဖိနပ်ပေါက်ကာ ထော့ကျိုး ထော့ကျိုးဖြစ်၍နေလေ၏။ ဘစီသည် သူကြီးသားပီပီ လွန်စွာပါဝါပြချင်၏။ ဂျာသူကလေးများ၏ အနားသို့လည်း မကြာမကြာ ရောက်၏။

"ရှေ့ကအဖွဲ့တွေ ဖြည်းဖြည်းနော်၊ နောက်ကလူတွေမီအောင် လိုက်ကြနော်၊ ကြည့်လည်းလျှောက်ဦး ချောင်လဲဦးမယ်၊ ကိုယ့်အစုနဲ့ကိုယ်နေလေ၊ လူစုမကွဲစေနဲ့၊ ဟဲ့ ဟဲ့ ... ဘာလို့ ကျော်တက်တာလဲ၊ လူပျိုတွေ အပျိုဝိုင်းထဲ ကျွံမဝင်နဲ့နော်"

ဟု ဆိုကာ မလိုအပ်ပါပဲလျက် ဟိုပြေးသည်ပြေးနှင့် လွန်စွာ မျက်စိနောက်ဖွယ်ကောင်းအောင် ဩဇာပြ၍နေလေ၏။ သူသည် ငွမ်းပုံဆိုသော မိန်းကလေးအားလည်း ...

"ဟဲ့ ... ငွမ်းပုံ ကန်တော့ပွဲကို တည့်တည့်ရွက်လေ"

ဟု ဩဇာသွားပေးမိရာ ငွမ်းပုံက ...

"ကျုပ်ရွက်ထားတာ တည့်တည့်ပါရှင်၊ ရှင်က တည့်တည့် မကြည့်လို့ပါ"

ဟု ဆိုလိုက်လေရာ ရွာသူအပျိုချောတစ်စုမှာ ဝါးခနဲ ရယ်မောကြလေ၏။ မျက်စိအနည်းငယ်စွေနေသော ဘစီမှာ မျက်နှာကြီး မည်းခနဲ ဖြစ်သွားလေ၏။





မောင်မိုးစွေသည် အလှူပွဲကြီး စည်စည်ကားကားရှိသဖြင့် လွန်စွာပျော်ရွှင်လေ၏။ ကာလသားများသည် ဒိုးပတ်ဝိုင်းနှင့် တွဲဖက်၍ ဦးရွှေရိုးနှင့် ဒေါ်မိုးအကကို ကရန် စီစဉ်လေ၏။ ထို့နောက်တွင်မူ မောင်မိုးစွေအား ဦးရွှေရိုးကရန် လူလိုနေသည်ဆိုကာ ဦးရွှေရိုး အဝတ်အစားများကို အတင်းပင် ဝတ်ဆင်ပေးလေ၏။

ဒေါ်မိုးကရန်အတွက်မူ ပန်းတောင်ကိုင် အပျိုချောလေးကို အတင်းပင် ဒေါ်မိုးအဝတ်အစားများကို ဝတ်ဆင်ပေးပြီး ကစေ၏။ မောင်မိုးစွေနှင့် အပျိုချောလေးသည် မငြင်းဆန်နိုင်တော့ဘဲ ဦးရွှေရိုးနှင့် ဒေါ်မိုးအကကို ကရလေတော့၏။

မောင်မိုးစွေတို့စုံတွဲမှာ လိုက်ဖက်ညီလွန်းသဖြင့် ရပ်သာရွာကလေး၏ ပါးစပ်ရာဇဝင်တွင် နောင်လာနောင်သားများတိုင် ပြောစမှတ်တွင်လေတော့၏။ အကျွေးအမွေးအစီအစဉ် စတင်သောအခါတွင်လည်း အနီးအနားရွာများမှ ပွဲကြည့်ရန်လာရောက်ကြသော လှည်းတန်းကြီးများမှ ဧည့်သည်တော်များသည် တစ်ရွာပြီးတစ်ရွာ လာရောက်၍ အားရပါးရ စားသောက်ကြလေ၏။

အလှူရှင်အဘွားကြီးမှာ အလှူကြီးအထမြောက်အောင်မြင်သွားသဖြင့် မောင်မိုးစွေကို တဖွဖွ ချီးမွမ်းမဆုံးနိုင်အောင်ရှိလေ၏။

"လူလေးရဲ့ အလှူကြီးက ကြီးကျယ်ခမ်းနားလွန်းလို့ အမေဖြင့် နတ်သိကြားတွေများ ဖန်ဆင်းပေးသလားလို့ ထင်မြင်မိပါတယ် ကွယ်၊ ဝေဿန္တရာမင်းကြီးရဲ့ အလှူကြီးကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလေ၏။ တီးဝိုင်းဆရာများကလည်း အလှူကြီး ဖြစ်မြောက်အောင် စီစဉ်ပေးသော မောင်မိုးဓွေ၏ ဂုဏ်ပုဒ်များကို သီချင်းများစပ်ဆို၍ နုတ်သီကြားတမျှ ချီးမွမ်းကြ၏။

ထိုနေ့မှစတင်၍ အငြိမ့်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပ လေရာ တိုးမပေါက်အောင် စည်ကားလေ၏။ အငြိမ့်မင်းသမီး မိုးသူဇာနှင့် လူရွှင်တော်ကြက်သွန်၊ ငရုတ်သီးတို့မှာ တွဲဖက်ညီလှ သဖြင့် ကြည့်ရှုသူများမှာ လက်ခုပ်တဖြောင်းဖြောင်း တီးကာ အားပေးကြလေ၏။

ဆယ့်နှစ်ပွဲဈေးသည်များ၏ ပွဲဈေးတန်းကြီးမှာ စည် ကားလွန်းသဖြင့် တိုးမပေါက်အောင် ရှိလေ၏။ ရာဇဝတ်အုပ်မောင်ကို ၏ ပုလိပ်အဖွဲ့ဝင်များနှင့် ရွာလူမိုက်များသည် ပွဲခင်းတစ်ခုလုံးကို နိုင်နင်းအောင် ထိန်းထားနိုင်သဖြင့် ခိုက်ရန်ဒေါသဖြစ်မှု မရှိကြပါ။

အလှူကြီးကို ခုနစ်ရက်ခုနစ်လီ ကျင်းပပြီးနောက် အောင်မြင်စွာပြီးဆုံးသွားလေ၏။ မောင်မိုးဓွေလည်း ရွာသူရွာသား များကို နှုတ်ဆက်၍ ထွက်ခွာရန် ပြင်ဆင်လေ၏။ အဘွားကြီးမှာ မျက်ရည်တစမ်းစမ်းဖြင့် ...

"အမေ့ရဲ့သားလေးသာ ဖြစ်လိုက်ချင်စမ်းတယ်"

ဟု ပြောလေ၏။ ကိုရင်လေးနှစ်ပါးမှာ မျက်ရည်များ ကျ၍နေလေ၏။ မောင်မိုးဓွေသည် အားလုံးကို နှုတ်ဆက်၍ ရွာကိုပတ် စီးနေသော ချောင်းကလေးကို တံတားမှဖြတ်သန်းလိုက်၏။ ထိုစဉ် _

"ကိုမိုးဓွေ"





မောင်မိုးဓွေသည် ခေါ်သံကြား၍ လှည့်ကြည့်လိုက်သော အခါ ကွမ်းတောင်ကိုင် အပျိုချောလေး ပန်းအိကို တွေ့လိုက်ရ၏။ ပန်းအိသည် မောင်မိုးဓွေနှင့်အတူ ဦးရွှေရိုးနှင့်ဒေါ်မိုး အကကို တွဲဖက်၍ ကပူးသူဖြစ်၏။

သူမသည် အလွန်လှ၏။ သူမ၏အသားသည် အခြား ရွာသူများအားလုံးထက် ပို၍ဖြူ၏။ ဆံပင်မှာ အလယ်ခွဲပြီး မျက်လုံး များမှာ ကြည်လင်နေ၏။ သူမ၏ တင်သားများမှာ သူ့ကိုယ်လုံး အနေအထားနှင့် အလွန်ကြည့်ကောင်းလှပါသည်။ ပန်းအိက _

"ကိုမိုးဓွေ အတွက် ပန်းအိရဲ့ အမှတ်တရလက်ဆောင်"

ဟု ဆိုကာ နှင်းဆီပန်းလေးတစ်ပွင့်ကို မောင်မိုးဓွေအား လှမ်းပေးလိုက်၏။ မိုးဓွေက လှမ်းယူလိုက်၏။ ပန်းအိက ...

"ကိုမိုးဓွေ ပန်းအိတို့ရွာကို ပြန်လာဦးမှာလား"

"မပြောနိုင်သေးဘူး ပန်းအိရယ်"

"ပန်းအိ ကိုမိုးဓွေကို မျှော်နေမယ်"

ဟု ပန်းအိက အံကလေးကြိတ်၍ပြောကာ ဆတ်ခနဲ လှည့်ထွက်သွားလေ၏။ မောင်မိုးဓွေသည် သက်ပြင်းကိုချရင်း ခရီး ဆက်ခဲ့ပြန်၏။ သူ၏ ခရီးရှည်ကြီးမှာ ဘယ်သောအခါမှ ဆုံးမည် မသိသေးပေ။ သူ၏ ရန်သူတော်ညီနောင်၏ အရိပ်အခြေကိုမှ မကြားရသေးပေ။ သူသည် လူအများနှင့် နေထိုင်ရင်း ရောက်ရာ အရပ်မှ လူအများ၏ ကောင်းကျိုးကို ဆောင်ရွက်ပေးခဲ့သည်။ သူသည် အများအကျိုးကို ဆောင်ရွက်ပေးသူတစ်ယောက်ဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လူအများက ချစ်ကြ၏။ သူသည် လူတို့ထံမှ အတွေ့အကြုံများစွာကို သင်ကြားခဲ့၏။ သူသည် သင်ယူလျက် ပေးဆပ်သူတစ်ဦးဖြစ်၍ နေပြန်၏။

သူသည် ရင့်ကျက်သည်ထက် ရင့်ကျက်၍လာလေတော့၏။ မြို့များ တစ်မြို့ပြီးတစ်မြို့ဆက်ကာ ရန်သူတော်ညီနောင်ကို ရှာခဲ့၏။ မြန်မာပြည်အရပ်ရပ် ရောက်ခဲ့၏။ ရွာငယ်လေးများ ဇနပုဒ်ကလေးများတိုင် ရောက်ခဲ့၏။ သူရိယစန္ဒာဂိုဏ်းကြီးမှာမူ အပြီးတိုင် ပြိုကွဲသွားပြီဟု ယူဆမိလိုက်လေ၏။

(၈၀)





## နှယ်ဓားကြီး

တရုတ်မြန်မာနယ်စပ် သာဖိန်းမြစ်အနီးတွင် ရွှေကျင်သည့် လုပ်ငန်းဖြင့် စီးပွားဖြစ်နေသော ရွာကြီးတစ်ရွာရှိ၏။ ရွှေကျင်သူများသည် ငွေရှင်ကြသည့်အတွက် ရွာကြီးထဲတွင် ခေါက်ဆွဲဆိုင်၊ အရက်ဆိုင်၊ ဘိန်းခန်း စသည်တို့ဖြင့် မြို့ငယ်လေးတစ်မြို့ကဲ့သို့ စည်စည်ကားကား ရှိလေ၏။

ထိုရွာကြီး၏ အနောက်ဘက်တွင် စည်ကားသော ဈေးတန်းလေးတစ်ခုလည်း ရှိလေ၏။ ထိုဈေးတန်းကလေးတွင် ဟင်းသီးဟင်းရွက်များ၊ သားငါးများသာမက ရွှေကျင်သူများအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများအထိ ရရှိနိုင်၏။ ထို့ကြောင့်ပင် ဈေးတန်းကလေးသည် ဈေးရောင်းဈေးဝယ်များဖြင့် တိုးမပေါက်အောင် စည်ကားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဈေးတန်းကလေး၏ တစ်နေရာတွင် ပိုးအင်္ကျီ၊ ပိုးဘောင်းဘီအနီ ဝတ်ဆင်ထားသော မိန်းမပျိုတစ်ယောက်သည် စားသိုင်းကစားနေပြီး လူအများက ကြည့်ရှုနေကြ၏။ မိန်းကလေး၏ အနီးတွင် အဘိုးကြီးတစ်ယောက်နှင့် လူငယ်လေးတစ်ယောက်သည် ရှမ်းအိုးစည်ကို စည်းချက်ကျကျ တီးပေးနေလေ၏။

လူအများသည် မိန်းကလေး၏ စားသိုင်းကပဟန်ကို နှစ်သက်ကြသောကြောင့် စည်းဝိုင်းအတွင်းသို့ ပိုက်ဆံအကြွေစေ့များ ပစ်ထည့်ကြလေ၏။ သူမ စားနှစ်လက်ကို ဇွေ့ယမ်းနေဟန်မှာ အလွန်လှ၏။ နွဲ့နှောင်းသောကိုယ်ဟန်ဖြင့် လိုက်ဖက်ညီလှသဖြင့် ကြည့်ရှုသူများသည် လက်ခုပ်တဖြောင်းဖြောင်းတီး၍ အားပေးကြလေ၏။

မိန်းကလေးသည် စားနှစ်လက်သိုင်းကို ခုန်ပျံကျော်လွှား၍ ကစားပြနေရာမှ ခဏရပ်နား၍ သူမ၏ နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို ပဝါဖြင့် သုတ်လေ၏။ ပြီးနောက် အဘိုးကြီးထံမှ တုတ်ရှည်ကို သူမ၏ လက်ထဲတွင် မွှတ်နေအောင် လှည့်ပတ်ကစားပြသဖြင့် ကြည့်ရှုနေသူများသည် လွန်စွာသဘောကျပြီး ပိုက်ဆံအကြွေစေ့များကို စည်းဝိုင်းအတွင်းသို့ ပစ်ထည့်ကြပြန်၏။

အဘိုးအိုနှင့် လူငယ်သည် ငွေအကြွေစေ့များကို လိုက်လံကောက်ခံလေ၏။

ထိုအခိုက်မှာပင် ဈေးတန်းကလေး၏ တစ်ဖက်မှ ဆူဆူညံညံ အသံများကို ကြားလိုက်ရပြီး၊ လွန်စွာ ထွားကျိုင်းသော လူသန်ကြီးသုံးယောက်သည် ဈေးထဲတွင် တွေ့သမျှပစ္စည်းများကို





သိုက်လဲလုယူနေသည်ကို တွေ့ရ၏။ ၎င်းတို့ လုသမျှကို နောက်သိုက်နောက်ပါများက အိတ်ကြီးအိတ်ငယ်များဖြင့် ထည့်၍ယူဆောင်လေ၏။

ပစ္စည်းများကို မယူရန် တောင်းပန်ကြသော ဆိုင်လေးများကို ဆိုင်ခုံများ ရိုက်ချိုးခြင်း၊ ဈေးဗန်းများကို အဝေးသို့ လွှင့်ပစ်ခြင်းစသော မတရားမှုများကို ကျူးလွန်လေ၏။ လူသန်ကြီးများသည် ဟင်းသီးဟင်းရွက်တောင်းများကို မှောက်လှန်ပစ်ကြ၏။ ဖရုံသီးကြီးများကို လေထဲသို့ မြှောက်၍ လက်ဝါးဖြင့် ထိုးခွဲပစ်၏။ ခန်းတွင် တွေ့သမျှပစ္စည်းများကိုလည်း မြင်မြင်သမျှ သိမ်းကျုံးယူသည်။ မျက်စိထဲတွင် ကြည့်၍မရသော ပစ္စည်းများကို ဖျက်ဆီးပစ်၏။

လူသန်ကြီးများသည် ရုပ်ချင်းဆင်တူကြပြီး ညီရင်းအစ်ကိုများ ဖြစ်ကြဟန်တူ၏။ အားလုံးနဖူးတွင် အဝတ်နက်များ စည်းနှောင်ထားပြီး ကိုယ်ခန္ဓာအထက်ပိုင်းကို ဗလာကျင်းကာ အဖြူရောင် ဘောင်းဘီများကို ဝတ်ဆင်ထားလေ၏။

နောက်ဆုံးတွင် လူသန်ကြီးများသည် စားသိုင်းကနေသော မိန်းမပျိုလေးထံ သို့ ရောက်ခဲ့လေ၏။ လူသန်ကြီးသုံးယောက်အနက် အငယ်ဆုံးဖြစ်သူက မိန်းကလေးကို စားမဲ့တတ် ဝါးမတတ် စူးစိုက်ကြည့်ရင်း ...

"အစ်ကိုကြီးရေ ... ကျုပ်တော့ မြင်မြင်ချင်း ချစ်သွားပြီဗျာ"

ဟု ဆိုလိုက်လေရာ အကြီးဆုံးဖြစ်သူက ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ညီထွေးနဲ့ အစ်ကိုကြီး အကြိုက်ချင်း တူ ပြီကွ"

ဟု မိန်းကလေးကို အငမ်းမရ ကြည့်လျက် ပြောလေ၏။ ကျန်သော လူသန်တစ်ဦးကလည်း ...

"အစ်ကိုကြီးနဲ့ ညီထွေးတင် အကြိုက်ချင်းတူတာ မဟုတ်ဘူး ကွ၊ ကိုလတ်လည်း ကြိုက်တာပဲ၊ ဒါပေမဲ့ မိန်းကလေး တစ်ယောက်အတွက်တော့ ကိုညီအစ်ကိုတွေ စိတ်ဝမ်းကွဲစရာ မလိုပါဘူးကွာ၊ တစ်ယောက်တစ်လှည့်ပေါ့"

ဟု ခပ်ရှိုင်းရှိုင်း ပြောဆိုပြီး တုတ်သိုင်းကစားနေသော မိန်းမပျိုလေး၏ တင်ပါးကို ပေါက်စီဖြင့် ဘုတ်ခနဲ မြည်အောင် ပေါက်လိုက်လေ၏။ မိန်းကလေးမှာ လူလယ်ကောင်တွင် တင်ပါး ပေါက်စီဖြင့် အပေါက်ခံရသဖြင့် မျက်နှာတစ်ခုလုံး နီမြန်းသွား ၏။

ဓားသိုင်းအကကို ကြည့်ရှုနေသူများမှာ မိန်းကလေး အတွက် စိတ်မကောင်းဖြစ်ကြသော်လည်း မည်သူမျှ ဝင်မပြောရဲ အငယ်ဆုံးလူသန်ကြီးက ...

"အစ်ကိုလတ်က လက်တည့်ကြောင်း ကြွားပြတော့လည်း ကျုပ်တို့ကလည်း လက်တည့်ကြောင်း ပြရတာပေါ့ဗျာ"

ဟုဆိုကာ လူရမ်းကားနှစ်ယောက်သည် ၎င်းတို့လက် ထဲမှ ပေါက်စီများဖြင့် မိန်းကလေး၏ မဖွယ်မရာ နေရာများ အပြိုင်အဆိုင် ပစ်ပေါက်ကြလေ၏။ မိန်းကလေးသည် သတိထား





နေသည်ဖြစ်ရာ ၎င်းတို့၏ ပေါက်စီများကို လက်ထဲမှတုတ်ရှည်ဖြင့် သိမ်း၍ ရိုက်လေ၏။ ထိုအခါ ရှမ်းအိုးစည်တီးခတ်ပေးသော အဘိုး ကြီးက လွန်စွာ ဒေါသထွက်သွားပြီးလျှင် '...

"မောင်ရင်တို့ ရိုင်းလှချည်လား၊ နှမချင်း မစာနာတတ်ဘူး လား"

ဟု ဝင်ရောက်၍ ပြောဆိုလေ၏။ ထိုအခါ လူသန် ကြီးများသည် တဟားဟား ရယ်မော၍ ...

"ညီလေးရေ ဒီအဘိုးကြီး တို့အကြောင်း မသိသေးဘူးနဲ့တူ တယ်၊ ပညာနည်းနည်းပေးလိုက်ပါကွာ"

ဟု ဆိုလိုက်လေရာ အငယ်ဆုံးဖြစ်သူက ...

"ပေးရတာပေါ့ အစ်ကိုရယ်"

ဟု ဆိုကာ အဘိုးကြီးပါးကို လှမ်းရိုက်လေ၏။ အဘိုးကြီးသည် တိမ်းရှောင်ပြီး ပြန်လည်တိုက်ခိုက်လေ၏။ အဘိုး ကြီးနှင့် လူသန်ကြီးသည် အပြန်အလှန် တိုက်ခိုက်ကြပြီး ခဏအကြာ တွင် အဘိုးကြီးသည် လူသန်ကြီး၏ ခြေကန်ချက်မိသွားပြီး နောက် သို့ ပက်လက်လဲကျသွားလေ၏။

မိန်းမပျိုလေးမှာ "အဘ"ဟု အော်ဟစ်ကာ အဘိုးအိုကို ပွေ့ထားလေ၏။ ထိုအခါ မိန်းကလေး၏ မောင်ဖြစ်ဟန်တူသော လူငယ်လေးမှာ လူသန်ကြီးကို ဝင်ရောက်တိုက်ခိုက်ပြန်၏။ သို့သော် မချင်းပင် လူသန်ကြီး၏ လက်သီးဒဏ်ကြောင့် အဝေးသို့ လွင့် စင်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်နိုင်သူ လူထွားကြီးမှာ တဟားဟား ရယ်ရင်း မိန်းကလေးအနားသို့ တိုးကပ်လာလေ၏။ ထိုအခိုက်မှာပင် လူသန်ကြီး၏ရယ်သံသည် လမ်းတစ်ဝက်၌ ရပ်တန့်သွား၏။ အဘယ်ကြောင့်ဆိုသော် သူ၏ပါးစပ်ထဲသို့ ကြက်ရိုးတစ်ချောင်း ဝင်ရောက်သွားသောကြောင့်ဖြစ်၏။

လူသန်ကြီးသည် ကြက်ရိုးကြီးကို "ထွီ"ခနဲ ထွေးထုတ်ပစ်ရင်း ...

"ငါ့ကို ဘယ်ကောင် ကြက်ရိုးနဲ့ ပစ်တာလဲကွ"

ဟု လူအုပ်ကြီးဘက်ကို လှည့်၍ ဒေါသတကြီး မေးလိုက်လေ၏။ ကျန်လူသန်ကြီးနှစ်ယောက်မှာလည်း မျက်လုံးပြူး၍ သွားလေ၏။ လူအုပ်ကြီးမှာ ကြောက်လန့်တကြား နောက်သို့ ဆုတ်ခွာပြေးလေ၏။

လူအုပ်ကြီး ရှဲသွားသောအခါ စားပွဲတစ်လုံးတွင် ထိုင်၍ ခေါက်ဆွဲစားနေသော လူငယ်တစ်ယောက်ကို တွေ့ရလေ၏။ လူငယ်သည် သက္ကလပ်အင်္ကျီနှင့် အညိုရောင်ဘောင်းဘီလို ဝတ်ဆင်ထားပြီး သူ၏ မျက်နှာကို လွန်စွာကြီးမားသော မြက်ဦးထုပ်ကြီးနှင့် အုပ်ဆိုင်းထားလေ၏။ သူသည် ဆီချက်ခေါက်ဆွဲကို တူကလေးဖြင့် မြိန်ရှက်စွာ စားသောက်နေ၏။

"ဘယ်သူ ပစ်တာလဲ ပြောစမ်း၊ မပြောရင် မင်းတို့တစ်ရွာလုံး မီးရှို့ပစ်မယ်"





ဟု လူသန်ကြီးက အသံပြဲကြီးဖြင့် ထပ်မံခြိမ်းခြောက်လိုက်လေရာ လူငယ်သည် မြက်ဦးထုပ်ကို ချွတ်၍ စားပွဲပေါ်သို့ တင်လိုက်ပြီး ...

"ကျုပ် ပစ်တာပဲ၊ ခွေးသုံးကောင်ကျွေးဖို့ အမဲရိုးမရှိတာနဲ့ ကျုပ်စားပြီးသား ကြက်ရိုးကျွေးလိုက်တာ၊ ဟဲ ... ဟဲ ... ဘယ်လိုလဲ ကောင်းရဲ့လား"

ဟု လွန်စွာမခိုးမခန့် ပြောလိုက်လေရာ လူသန်ကြီးသည် လွန်စွာ ဒေါသဖြစ်သွားပြီး လူငယ်ကို ထန်းသီးလုံးခန့်ရှိသော လက်သီးကြီးနှင့် ပြေးထိုးလိုက်၏။

လူငယ်သည် ထိုင်ရာကပင်မထဘဲ ကိုယ်ကို ယိမ်းနွဲ့လိုက်ပြီး လူသန်ကြီး၏ လက်မောင်းကို ဆတ်ခနဲ လှမ်းရိုက်လိုက်ရာ "ဖြောင်း"ခနဲ ဟူသော အသံကြားရပြီး လူသန်ကြီးသည် ကြောက်မက်ဖွယ်ရာ အော်ဟစ်လိုက်လေ၏။ သို့၏ လက်သည် သွင်သွင်ကျိုးသွားပြီ ဖြစ်၏။

လူသန်ကြီးနှစ်ယောက်သည် လူငယ်ကို အပြင်းအထန် ဝင်ရောက်တိုက်ခိုက်၏။ လူငယ်သည် လူသန်ကြီးတစ်ယောက်၏ ခြေများကို ခြေဖြင့် လှမ်းခတ်ရင်း ကျန်တစ်ယောက်ကို ချုပ်နှောင်၍ လက်မောင်းကို "ဖြောင်း"ခနဲ ချိုးလိုက်ပြန်၏။

နောက်ဆုံးတစ်ယောက်၏ ရင်ဘတ်ကို ဖနောင့်ဖြင့် ဆောက်ရန် ရွယ်လိုက်စဉ် ...

"သေပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံကို ကြားရ၍ ခြေထောက်ကို ရပ်တန့်လိုက်ရလေ၏။ သူသည် ငုံ့စောင်းကြည့်လိုက်သောအခါ လက်အချုံးခံရသော လူသန်ကြီး၏ လက်ထဲတွင် ခြောက်လုံးပြူးတစ်လက်ကို တွေ့လိုက်ရလေ၏။ လူသန်ကြီးသည် ခြောက်လုံးပြူးကို ဘယ်လက်ဖြင့် ကိုင်ကာ ...

"မင်းကို ချက်ချင်း မသတ်သေးဘူး၊ ခြေတွေလက်တွေ တစ်ခုချင်း ချိုးပြီးသတ်မယ်"

ဟု ဝမ်းခေါင်းသံကြီးဖြင့် ပြောလိုက်လေ၏။ လူငယ်သည် မခိုးမခန့် ပြုံးလိုက်ရင်း ...

"မင်းသေနတ်လောက်ကို ငါက ကြောက်မဲ့ကောင်စား မှတ်လို့လား"

ဟု ပြန်ပြောလေ၏။ လူသန်ကြီးသည် လူငယ်၏ ခြေထောက်တစ်ဖက်ကို ချိုးရန် ချိန်ရွယ်လိုက်လေ၏။ ထိုအခိုက်မှာပင် လူအုပ်ကြီးတစ်ဖက်မှ တယောသံ ကို ကြားလိုက်ရ၏။ တယောသံမှာ လွန်စွာပီရိုညက်ညောလှပေ၏။ လူသန်ကြီးများသာမက လူများအားလုံး တယောသံရှိရာသို့ လှမ်းမျှော်ကြည့်လေ၏။ သို့ရာတွင် လူအုပ်ကြီးမှာ များပြားလွန်းသဖြင့် တယောသံရှင်ကို မမြင်ရပေ။ အသံကိုသာ ကြားရလေ၏။ တယောသံသည် လွန်စွာ ဆွေးမြည့်ကြေကွဲဖွယ်ကောင်းလှ၏။ နောက်ဆုံးတွင်မှ လူအုပ်ကြီးသည် ရှဲ၍သွားပြီး တယောထိုးသူကို မြင်ရလေ၏။





တယောသမားမှာ လွန်စွာကြီးမားလှသော ကာကီအင်္ကျီကို ဖိုသီဖတ်သီ ဝတ်ဆင်ထားပြီး မှတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများဖြင့် အသက်သုံးဆယ်ဝန်းကျင် ယောကျ်ားတစ်ဦးဖြစ်၏။ သူသည် လူသန်ကြီးများ၏ ရှေ့သို့ရောက်သောအခါ တယောထိုးခြင်းကို ရပ်ဆိုင်းလိုက်လေ၏။ ပြီးနောက် ...

"ကျုပ်မျက်စိရှေ့မှာ သွေးထွက်သံယို မမြင်ချင်ဘူး၊ သေနတ်ကြီးကို ချလိုက်စမ်း"

ဟု အမိန့်ပေးလိုက်လေရာ လူသန်ကြီးသုံးယောက်သည် ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ အံ့သြရခြင်းမှာ ထိုရွာကလေးတွင် ၎င်းတို့ညီအစ်ကိုကို ပြန်ပြောဖို့ဝေးစွ မျက်လုံးချင်းဆုံအောင်ပင် ကြည့်ဝံ့သူ မရှိ၍ဖြစ်၏။ အကြီးဆုံး လူသန်ကြီးမှာ တဟားဟား ရယ်မောလိုက်ရင်း ...

"ဒီနေ့ တယ်ထူးဆန်းပါလား၊ လူစွမ်းကောင်းတွေ တစ်ယောက်ပြီးတစ်ယောက်တွေ့နေတယ်၊ ကဲ ... လူစွမ်းကောင်းလုပ်ချင်တဲ့အကောင်ကို အရင်ရှင်းရသေးတာပေါ့၊ အားလုံးကြည့်ထား၊ လူစွမ်းကောင်း လုပ်ချင်တဲ့အကောင် သေပေတော့"

ဟု ပရိသတ်ဘက်သို့ လှည့်၍ အော်ဟစ်လိုက်ပြီး တယောသမားကို သေနတ်ဖြင့် ထိုးချိန်လိုက်၏။ တယောသမားမှာ တုန်လှုပ်ဟန်မရှိဘဲ ညာဘက်လက်ကို မြှောက်ယမ်းလိုက်ရာ သားရေကြိုးကြီးတစ်ချောင်းသည် လူထွားကြီး၏ သေနတ်ကိုင်လက်ကို ရစ်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထို့နောက် သေနတ်ကလေးသည် လေထဲတွင် ဝဲပျံပြီး တယောသမား၏ လက်ထဲသို့ ရောက်သွားလေ၏။ သူ၏ လက်တွင် မည့်သည့်ကြိုးကိုမျှ မတွေ့ရတော့ပေ။

လူသန်ကြီးသုံးယောက်မှာ အံ့သြလွန်း၍ မျက်လုံးကြီးများ ပြူးဝိုင်းနေလေ၏။ တယောသမားသည် သေနတ်ကို မိုးပေါ်သို့ ထောင်ကာ ဒိုင်းခနဲ ပစ်လိုက်လေ၏။ လူထွားကြီးသုံးယောက်မှာ ...

"မင်းတို့ တစ်နေ့သိမယ်"

ဟု ကြုံးဝါးကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလေ၏။ ၎င်းတို့၏ နောက်လိုက်နောက်ပါများမှာလည်း အပြေးအလွှား လိုက်သွားလေတော့၏။ ထိုအခါမှ စားသိုင်းကစားသော မိန်းမပျိုလေးသည် ...

"ကျွန်မတို့ မြေအဘိုးရဲ့ အသက်နဲ့အရှက်ဟာ အစ်ကိုတို့ နှစ်ယောက်ရဲ့ လက်ထဲမှာပဲ ရှိပါတော့တယ်"

ဟု ဆိုကာ လူငယ်နှစ်ဦးကို ထိုင်ကန်တော့လေ၏။ ၎င်း၏ မောင်ဖြစ်သူမှာလည်း ဝင်ရောက်၍ ကန်တော့လေ၏။ မြက်ဦးထုပ်ဆောင်းသော လူငယ်က ...

"မလိုပါဘူး မိန်းကလေးရယ်၊ မတရားလုပ်နေတာမြင်လို့ ဝင်ကူညီတာပဲ၊ မိန်းကလေးတို့ မြေအဘိုးတွေ ဒီရွာက အမြန်ဆုံးထွက်သွားပေတော့၊ ဒီရွာမှာ ဒီအလုပ်မျိုးလုပ်ဖို့ မကောင်းဘူး"





ဟု ပြောလေရာ တယောသမားကလည်း ...

"ဟုတ်တယ် မိန်းကလေး၊ မိတ်ဆွေပြောတာ မှန်တယ်၊ ဒီရွာက ထွက်သွားပေတော့"

ဟု ဝင်ရောက်၍ ပြောဆိုလေ၏။ ထိုအခါ မိန်းမပျိုတို့အဖွဲ့သည် ကျေးဇူးစကားကို အတန်တန်ပြော၍ ထိုရွာမှ ထွက်ခွာရန် ပြင်ဆင်လေ၏။ မြက်ဦးထုပ်ဆောင်းထားသော လူငယ်က တယောသမားအား "အသက်ကို ဝင်ကယ်တာ ကျေးဇူးတင်ပါတယ် မိတ်ဆွေ"ဟု ပြောလေရာ တယောသမားက ...

"မလိုပါဘူးဗျာ၊ သံသရာမှာ ကြုံဆုံလို့ ကူညီခဲ့တာပါ"

ဟု ဆိုကာ ထွက်ခွာရန် ပြင်ဆင်လေ၏။ မြက်ဦးထုပ်ဆောင်းထားသော လူငယ်က ...

"နေပါဦးမိတ်ဆွေရယ်၊ အေးအေးဆေးဆေး စကားလေးဘာလေး ပြောကြတာပေါ့"

ဟုဆိုကာ တယောသမားအား ရွာလယ်တွင် ဖွင့်လှစ်ထားသော ခေါက်ဆွဲဆိုင်သို့ ခေါ်ယူလေ၏။ ထို့နောက် အခေါက်ကင်၊ အသားကင်၊ အစိမ်းကြော် စသော တရုတ်အစားအသောက်များကို မှာယူ၍ နှစ်ယောက်သား မြိန်ယှက်စွာ စားကြလေ၏။ စားသောက်ပြီးသောအခါ တယောသမားက ...

"ကျုပ်နာမည် ပုညလို့ခေါ်တယ်၊ မိတ်ဆွေနာမည်ကရော"

ဟု မိတ်ဆက်ရာ မြက်ဦးထုပ် ဆောင်းထားသော လူငယ်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်က မိုးဇွေတဲ့၊ ဒါထက် ကိုပုညက ဘယ်ကို သွားမှာလဲ"

ဟု မေးမြန်းလေ၏၊ ကိုပုညက ...

"ကျုပ်က တရုတ်ပြည်ဘက် ရောက်နေတာဗျ၊ ကျုပ်ရဲ့ ဆရာကြီး ဦးချိန်တီက ခေါ်လို့လာခဲ့တာပဲ၊ မိတ်ဆွေက ဘယ်ကို ခရီးဆက်ဦးမှာလဲ"

ဟု မောင်မိုးဇွေကို ပြန်လည်မေးခွန်းထုတ်လေ၏။ မောင်မိုးဇွေက ...

"ကျွန်တော်က သီဟနဲ့ဗျူဟ ဆိုတဲ့ ညီအစ်ကိုနှစ်ယောက်ကို လိုက်ရှာနေတာဗျ"

ဟု ဖြေလိုက်ရာ ကိုပုညက ...

"တွေ့ရင် ဘာလုပ်မလို့လဲ ..."

"တွေ့ရင် သတ်မလို့ဗျ၊ မြန်မာပြည်အနှံ့ လိုက်ရှာနေတာ ကြာပါပြီဗျာ၊ ဒီညီအစ်ကိုနှစ်ယောက်ဟာ အနိမတန်ဆိုးသွမ်းတဲ့ လူတွေဗျ၊ သူတို့ဟာ လူ့လောကမှာ မနေသင့်တော့ဘူး၊ မိတ်ဆွေကလည်း သီဟနဲ့ဗျူဟ ဆိုတဲ့သူကိုတွေ့ရင် ကူညီပါဦး"

ဟု မောင်မိုးဇွေက အကူအညီ တောင်းလိုက်သောအခါ ကိုပုညက ...

"အကူအညီပေးတာတော့ ဟုတ်ပါပြီဗျာ၊ ကျုပ်တို့နှစ်ယောက် စလုံးဟာ ခြေသလုံးအိမ်တိုင်သမားတွေပဲဗျ၊ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လို ဆက်သွယ်ကြမလဲ"





ဟု ပြန်လည်၍ မေးခွန်းထုတ်လေ၏။ မောင်မိုးဇွေက ပြုံး၍ ...

"သတင်းစာကနေ ဆက်သွယ်ပေါ့ဗျာ၊ အမြွတ်နိုးဆုံးပန်းက လေးဆိုရင် ကျွန်တော် သိပါပြီဗျာ"

ဟု ပြန်ဖြေလေ၏။ ထို့နောက် ၎င်းတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ငယ်ပေါင်းကြီးဖော်များကဲ့သို့ ခင်မင်သွားလေ၏။ ၎င်းတို့သည် တစ်ညလုံး မအိပ်ဘဲ စကားပြော၍နေကြ၏။ မနက်မိုးလင်း၍ တစ်ယောက်နှင့်တစ်ယောက် ခွဲခွာကာနီးတွင် ကိုပုညက ...

"မိတ်ဆွေ ဒီရွာမှာပဲ နေဦးမှာလား"

ဟု မေးမြန်းလေရာ မောင်မိုးဇွေက ...

"ဒီနယ်တစ်ကြောမှာ လူတွေကို နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေတဲ့ကောင်က "ဒေဝ"တဲ့ဗျ၊ ကျုပ်တို့ ပညာပေးလိုက်တဲ့ ကောင်တွေက "ဒေဝ"ရဲ့ တပည့်တွေ၊ "ဒေဝ"ကို ဒီအရပ်က လူတွေက နယ်စားကြီးလို့ပဲ ခေါ်ကြတယ်၊ "ဒေဝ"ရဲ့စံအိမ်ကြီးက ဒီရွာကြီးရဲ့ အရှေ့ဘူးဘူးမှာ ရှိတယ်၊ နယ်စားကြီးဆိုတဲ့ သူဟာ ရွာသူရွာသားတွေကို မတရား၊ အခွန်အတုတ် အမျိုးမျိုးကောက်ပြီး မထင်ရင်မထင်သလို လုယက်သတ်ဖြတ်နေတဲ့သူပဲ၊ သားပျိုသမီးပျိုလေးတွေကို ခေါ်ပြီး ဖျက်ဆီးတာလည်း မနည်းတော့ဘူး၊ ကျုပ်တော့ "ဒေဝ"ကို နှိမ်နင်းချင် သေးတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်လေရာ ကိုပုညက ...

"ကြိုက်သွားပြီဗျာ၊ ကျုပ်လည်း မိတ်ဆွေနဲ့အတူ တစ်တပ်တအား ပါဝင်ချင်လိုက်တာ၊ ကျုပ်ဆရာကြီးနဲ့ ချိန်းထားတဲ့ရက်က နီးနေလို့"

ဟု မချင့်မရဲလေသံဖြင့် ပြောလေ၏။ မောင်မိုးဆွေက ...

"ရပါတယ် မိတ်ဆွေ၊ မိတ်ဆွေကိုယ်စား နယ်စားကြီးဆိုတဲ့လူကို ကောင်းကောင်းဆုံးမလိုက်ပါမယ်၊ ကျုပ်ရဲ့ ရန်သူတော် သီဟာနဲ့ဗျူဟကို တွေ့ရင်သာ အကြောင်းကြားပေးပါ"

ဟု မှာကြားရင်း မောင်မိုးဆွေတို့သည် တစ်ဦးနှင့်တစ်ဦး လမ်းခွဲခဲ့လေ၏။

မောင်မိုးဆွေသည် ကိုပုညနှင့် ခွဲခွာခဲ့ပြီးနောက် နယ်စားကြီးဆိုသူ၏ စံအိမ်ကြီးကို သွားရောက်ချောင်းမြောင်းကြည့်လေ၏။ စံအိမ်ကြီးသည် သစ်တောအုပ်တစ်ခုအနီးတွင် တည်ရှိပြီး ခြံစည်းရိုးများကို သစ်လုံးများနှင့် ကာရံထားသည်ကို တွေ့ရ၏။ ခြံဝင်းကြီးထဲတွင်လည်း လက်နက်ကိုင်အစောင့်အကြပ်များ ထူထပ်စွာ ချထားသည်ကို တွေ့ရ၏။ နယ်စားကြီး၏ အိမ်နံဘေးမှ တောအုပ်အတွင်း၌ ပင် လွန်စွာကြီးမားသော သစ်ပင်ကြီးများ ရှိသည်ကို တွေ့ရ၏။

ထို့နောက်တွင်မူ ရွာတွင်းရှိ ကုန်စုံဆိုင်ကြီးသို့ သွားရောက်ကာ အသားဘူး၊ ငါးသေတ္တာ၊ ထောပတ်၊ ပေါင်မုန့် စသည့် ရိက္ခာများကို ဝယ်ယူလေ၏။ ကြိုးခွေကြီးများကိုလည်း ဝယ်ယူလေ၏။





မောင်မိုးဆွေသည် တောအုပ်အတွင်းသို့ဝင်၍ လွန်စွာကြီးမားသော သစ်ပင်ကြီးပေါ်သို့ တက်နေလေ၏။ ထိုအချိန်တွင် နယ်စားကြီး၏ တပည့်လူရမ်းကားများမှာ မောင်မိုးဆွေကို ပိုက်စိပ်တိုက် ရှာဖွေနေလေ၏။ ညသို့ရောက်သောအခါ သစ်ပင်ပေါ်မှဆင်း၍ တောအုပ်အတွင်းမှ နယ်စားကြီးအိမ်သို့ ရောက်အောင် သစ်ပင်ကြီးများ ပေါ်တွင် လျှို့ဝှက်စွာ ကြိုးများကို ချည်နှောင်လေ၏။

သစ်ပင်ကြီးများတွင် နွယ်ကြိုးများကဲ့သို့ ကြိုးများချည်နှောင်ပြီးစီးသောအခါ မြားတစ်လက်ကို ကိုယ်တိုင် လုပ်လေ၏။ ထို့နောက် မြားမြီးတွင် စာတစ်စောင်ကို ကြိုးဖြင့် ချည်နှောင်ပြီး မြို့စားကြီးအိမ်သို့ ချောင်းမြောင်းပစ်ခတ်လေ၏။ နောက်တစ်နေ့ နံနက်တွင် မြို့စားကြီးသည် ဝရန်တာသို့ ထွက်သောအခါ အိမ်နံရံတွင် စိုက်ဝင်နေသော မြားတစ်ချောင်းနှင့် စာတစ်စောင်ကို တွေ့ရလေ၏။ စာမှာ အောက်ပါအတိုင်းဖြစ်၏။

**နယ်စားကြီး**

**ယုတ်မာကောက်ကျစ်တဲ့ အလုပ်တွေကို ရပ်တန်းက ရပ်ပါ၊ မရပ်ရင် (၇)ရက်ပြည့်တာနဲ့ သေမင်းနဲ့ တွေ့ရမယ်။**

**သေမင်း**

နယ်စားကြီးသည် စာကို ဖတ်ပြီး လွန်စွာ အံ့သြသွားလေ၏။ ထို့နောက် မျက်မှောင်ကြုတ်၍ တဟားဟား ရယ်မောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနယ်တစ်ကြောမှာ ငါ့ကို ဘယ်သူ အာခံဝံ့လို့လဲ၊ ယောကျာ်း တွေ ဒီကောင့်ကို ရအောင်ရှာပြီး ငါ့ဆီ ခေါ်လာခဲ့၊ အရှင်လတ် လတ် အရေခွံဆုတ်ပစ်မယ်"

ဟု ကြုံးဝါးလိုက်လေ၏။ ၎င်း၏ တပည့်လူဆိုးလူမိုက် များသည် ရွာတွင်းသို့ ထမ်မံ၍ ပိုက်စိပ်တိုက် ရှာဖွေပြန်၏။ မောင်မိုးဇွေကို အရိပ်အယောင်မျှ မတွေ့ရပေ။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ နယ်စား ကြီးသည် မြင်းစီးရန် မြင်းဇောင်းသို့ ထွက်ခဲ့၏။ မြင်းဇောင်းတွင် မြင်းတစ်စင်း စိုက်လျက်ရှိ၏။ စာတစ်စောင်လည်း ပါ၏။ စာမှာ

**နယ်စားကြီး**

**သေမင်းနဲ့တွေ့ဖို့ (၆)ရက်သာ လိုတော့တယ်**

**သေမင်း**

နယ်စားကြီးသည် ဒေါသခြောင်းခြောင်း ထွက်သွားပြီး တပည့်များကို ခေါ်ယူကာ ...

"ဒီကောင့်ကို ဒီနေ့ မရရအောင် ရှာဖွေခဲ့"

ဟု အော်ဟစ်လိုက်လေ၏။ ၎င်း၏ တပည့်ကျော်များ သည် ရွာတွင်းရှိအိမ်များကို တစ်အိမ်ဝင်တစ်အိမ်ထွက် ရှာဖွေရလေ ၏။ မသင်္ကာသူများကို ရိုက်နှက်ညှဉ်းပန်း၍ မေးမြန်းလေ၏ သို့သော်မည်သူမျှ အဖြေမှန်ကို မဆိုနိုင်ကြပေ။

ဤသို့ဖြင့် တတိယနေ့သို့ရောက်သောအခါ အိမ်း တွင်လည်းကောင်း၊ စတုတ္ထနေ့သို့ ရောက်သောအခါ ခြံစည်းရိုး





လည်းကောင်း၊ (၅)ရက်သာ လိုတော့သည်၊ (၄)ရက်သာ လိုတော့သည် ဟူသော မြားများတွင် ချည်နှောင်ထားသော စာများကို တွေ့ရလေ၏။

ထိုအခါ နယ်စားကြီးသည် နောက်လိုက်နောက်ပါ လူဆိုးလူမိုက်များနှင့်အတူ မြင်းများကိုစီး၍ မောင်မိုးဇွေကို တောနင်း ၍ ရှာဖွေလေ၏။

ရွာကြီးထဲ တွင်လည်း မောင်မိုးဇွေကို သတင်းပေးနိုင် သူအား ဆုငွေ (၅၀၀)ကျပ်ချီးမြှင့်မည်ဟု ကြေညာလေ၏။ သို့သော် မောင်မိုးဇွေကို အရိပ်အယောင်မျှ မမြင်ရပေ။ မောင်မိုးဇွေသည် လွန်စွာ မြင့်မားသော သစ်ပင်ကြီးများပေါ်တွင် လင့်စင်ဆောက်၍ တစ်နေကုန် အိပ်စက်နေလေ့ရှိ၏။ ဆာလောင်လျှင် အသားဘူးများ ကို ဖွင့်၍ စား၏။ သစ်တောကြီးမှာ ထူထပ်လွန်းသဖြင့် မောင်မိုး ဇွေကို မည်သူမျှ မမြင်ကြပေ။

သူသည် ညသို့ ရောက်သောအခါမှပင် နယ်စားကြီး အိမ်သို့ ချဉ်းကပ်၍ မြားများဖြင့် ပစ်ခတ်နေခြင်းဖြစ်၏။ နယ်စား ကြီးသည် တစ်ရက်ပြီးတစ်ရက် ကြာလာသောအခါ မောင်မိုးဇွေကို အနည်းငယ် ထိတ်လန့်လာလေ၏။ သူ ရင်ဆိုင်နေရသော ရန်သူသည် နယ်နယ်ရရ မဟုတ်မှန်း ရိပ်စားမိလာလေ၏။

သူ၏ လက်မရွံ့လူဆိုးလူမိုက်များကိုလည်း ရစရာ မရှိအောင် ကြိမ်းမောင်းလေ၏။ လူဆိုးလူမိုက်များသည် မောင်မိုးဇွေ ၏ အရိပ်အယောင်ကိုမျှ မမြင်တွေ့ရသဖြင့် ကိုယ်ပျောက်ရန်သူကို ရှာဖွေရန် စိတ်ပျက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် နောက်ဆုံးနေ့သို့ရောက်သောအခါ နယ်စားကြီး၏ အိမ်တံခါးမကြီးတွင် စိုက်ဝင်နေသော မြားတစ်စင်းနှင့်စာကို တွေ့ရ၏။ စာမှာ ...

**နယ်စားကြီး**

**သေမင်းနဲ့ ဒီနေ့တွေ့မယ်**

**သေမင်း**

ဟု ရေးသားထားလေ၏။ နယ်စားကြီးသည် ထိတ်လန့်သွားပြီး သူ၏ လက်မရွံ့လူဆိုးလူမိုက်များအား ခြံဝင်းတစ်ဝင်းလုံး မိုက်စိပ်တိုက် ချထားလေ၏။ ခြံဝင်းတစ်ဝင်းလုံးတွင် လက်မရွံ့လူဆိုးလူမိုက် အယောက်(၃၀)ခန့်ရှိရာ နယ်စားကြီးသည် အတန်ငယ် ရင်အေးသွားလေ၏။

"ဒီလောက်တောင် အစောင့်အကြပ်ထူတဲ့ နေရာမှာ ငါ့အသက်ကို ဘယ်သူမှ လုပ်ကြံဝံ့မှာ မဟုတ်ဘူး"

ဟုလည်း တွေးတောမိလေ၏။ ၎င်း၏ တပည့်လူဆိုးလူမိုက်များသည်လည်း လူအင်အား ထူထပ်စွာချထားသဖြင့် သွေးကြွ၍ နေလေ၏။

"ဒီသေမင်းဆိုတဲ့အကောင်လာရင် အသေမသတ်နဲ့ဦးနော်၊ နှိပ်စက်ညှဉ်းပန်းပြီး တံကျင်လျှိုသတ်ရမယ်"

ဟု ပြောလေ၏။ ၎င်းတို့သည် ခြံဝင်းထဲတွင် အိုးကြီးအိုးငယ်များဖြင့် ထမင်းဟင်းများ ချက်ပြုတ်ကာ စားသောက်ကြ၏။ အရက်များကိုလည်း တဝတဲပြဲ သောက်ကြ၏။





ရန်သူကို မျက်ခြည်မပြတ် စောင့်ကြည့်၏။ ညနေစောင်းသည်အထိ ရန်သူကို မမြင်ရသဖြင့် နယ်စားကြီးသည် ဝရန်တာမှ ထွက်၍ အားပါးတရ ရယ်မောကာ ...

"ဒီကောင် ငါတို့အင်အားကိုကြည့်ပြီး အမြီးတုန်သွားပြီ"

ဟု ကြိမ်းဝါးလိုက်လေ၏။ ထို့နောက် ၎င်းကိုယ်တိုင် ခြံဝင်းထဲသို့ ဆင်းကာ တပည့်လူမိုက်များနှင့်အတူ အရက်သောက်ခြင်း၊ အမြည်းစားခြင်းတို့ကို ပြုလုပ်လေ၏။ ညဉ့်နက်သောအခါ အိပ်စက်ရန် အိမ်အပေါ်ထပ် အိပ်ခန်းသို့ တက်သွားလေ၏။

ထိုအချိန်တွင် မောင်မိုးခွေသည် ၎င်းလှူ့ဝှက်စွာ ချည်နှောင်ထားသော သစ်ပင်ကြီးပေါ်သို့ တက်လေ၏။ ထို့နောက် သစ်ပင်တစ်ပင်မှတစ်ပင် ကြိုးဖြင့် နွယ်ကြိုးကဲ့သို့ လွဲကူးလေ၏။ နောက်ဆုံးတွင် နယ်စားကြီးခြံနံဘေးရှိ သစ်ပင်ကြီးပေါ်သို့ ရောက်သွားလေ၏။ နယ်စားကြီး၏ အစောင့်အကြပ်များသည် မြေပေါ်ကိုသာ ဂရုစိုက်စောင့်ကြပ်လေရာ မောင်မိုးခွေကို မမြင်နိုင်ကြပေ။

ခြံဝင်းတွင်းရှိ အစောင့်အကြပ်များသည်လည်း ရန်သူလာတော့ဟုထင်ကာ အရက်မူးလွန်နေကြ၏။ ထို့နောက် မောင်မိုးခွေသည် သစ်ကိုင်းမှတစ်ဆင့် ဝရန်တာသို့ခုန်ကူးလေ၏။ ဝရန်တာသို့ ရောက်သောအခါ ခန်းစီးများကို ဖယ်၍ နယ်စားကြီး၏ အိပ်ခန်းကို ရှာဖွေလေ၏။

နယ်စားကြီးသည် လွန်စွာကြီးမားသော ခုတင်ကြီးပေါ်တွင် အိပ်စက်၍ပင် နေလေ၏။ မောင်မိုးခွေက အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်သောအခါ နယ်စားကြီးသည် လန့်နိုးသွားပြီး အော်ဟစ်ရန် ပြင်လိုက်၏။ ထိုအခါ မောင်မိုးရွှေက နယ်စားကြီး၏ လည်ပင်းမှ အကြောတစ်ခုကို လက်ဖြင့် နှိပ်လိုက်ရာ နယ်စားကြီး မေ့မျောသွားလေ၏။ သူသည် အခန်းတံခါးကို အသေအချာ ချက်ချ၍ နံရံတွင် ချိတ်ထားသော ဓားကို ဖြုတ်လိုက်၏။ မိုးရွှေသည် နယ်စားကြီးကို သတ်ရန် ကြံစည်ပြီးမှ အတွေးတစ်မျိုးပေါက်သွားပြီး ယောင်ထုံးထုံးထားသော နယ်စားကြီး၏ ဆံပင်များကို ဖြည်၍ ဓားထက်ထက်ဖြင့် ဖြတ်လိုက်လေ၏။ ထို့နောက် စာတစ်စောင်ကို ရေး၍ နံရံပေါ်တွင် ဓားဖြင့် စိုက်ခဲ့လေ၏။ မောင်မိုးရွှေသည် ဝရန်တာမှ သစ်ကိုင်းသို့ ကူးသန်းကာ အပြန်လမ်းအတိုင်း လွယ်ကူစွာပင် သစ်တောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေ၏။

မနက်မိုးစင်စင် လင်းသောအခါ နယ်စားကြီးသည် ပြန်လည်၍ သတိရလာလေ၏။ သူ၏ ခေါင်းသည် ပေါ့ပါးနေသည် ထင်၍ ခေါင်းကို စမ်းကြည့်လိုက်ရာ ဆံပင်များ မရှိတော့ပေ။

ထိတ်လန့်တကြားထ၍ မှန်ကြီးထဲသို့ ကြည့်လိုက်သောအခါ သူတစ်သက်လုံး တသသထားခဲ့သော ယောင်ထုံးကြီး မရှိတော့ဘဲ ဆံပင်တိုနန့်နန့်သာ ကျန်တော့သည်ကို တွေ့ရ၏။

ထို့နောက် သူသည် နံရံပေါ်တွင် ဓားဖြင့် စိုက်ထားသော စာတစ်စောင်ကို တွေ့ရလေ၏။

**နယ်စားကြီး**

**ခေါင်းမဖြတ်ချင်သေးလို့ ဆံပင်ကိုသာ ဖြတ်သွားတယ်**





**ဒီနေ့ကစပြီး ရက်စက်ယုတ်မာမှုတွေကို ရပ်တန်းက ရပ်စေတော့။**

**သေမင်း**

နယ်စားကြီးသည် စာကိုဖတ်ပြီး ကြီးစွာသော ထိတ်လန့်မှုကို ဖြစ်လေ၏။ ရန်သူသည် သူ၏အသက်ကို တမင်ချမ်းသာပေးသွားမှန်း ရိပ်စားမိလေတော့၏။ သူသည် မကောင်းမှု ဒုစရိုက်အမှုများကို ဆက်လက်၍ လုပ်ကိုင်ရန် ကြောက်ရွံ့သွားလေ၏။

"နောက်တစ်ကြိမ်ဆို ငါ့ခေါင်းကို တကယ်ဖြတ်မှာပဲ၊ ရန်သူဟာ ငါ့ရဲ့စံအိမ်ကိုတောင် ဝင်ချင်သလိုဝင်၊ ထွက်ချင်သလို ထွက်နိုင်မှတော့ ငါ့အသက်ကိုလည်း အချိန်မရွေး ရန်ရှာနိုင်မှာပဲ"

ဟူ၍လည်း တွေးမိလေ၏။ သူသည် လက်မရွံ့လူဆိုးလူမိုက်များကို ရင်းနှီးစားသောက်ရန် အခကြေးငွေအနည်းငယ်ပေး၍ နေရပ်သို့ ပြန်လွှတ်လိုက်လေတော့၏။

သူ၏ ဂိုဏ်းကြီးသည်လည်း တစ်စစီ ပြိုကွဲသွားလေ၏။ ထိုနေ့မှစ၍ သူသည် နယ်သူနယ်သားများကိုလည်း ဒုက္ခမပေးတော့သား ရပ်ရွာကောင်းကျိုးရှိမည့် အလုပ်များကိုသာ ကြိုးစား၍ ဆောင်ရွက်လေတော့၏။ ထိုရွာကလေးသည်လည်း လွန်စွာအေးချမ်းသာယာသွားလေ၏။ ရွာသူရွာသားများသည် စိတ်ချမ်းသာလက်ချမ်းသာ ဥစ္စာစီးပွားကို ရှာနိုင်ကြလေ၏။

(ပြီး)



www.burmeseclassic.com

www.burmeseclassic.com



မောင်မိုးဇွေသည် ရွာကလေးမှ ထွက်ခွာလာခဲ့၏။ သူသည် ရန်သူတော်ကြီးများ၏ သတင်းအနံ့ကိုခံရင်း မိုးအဆုံးမြေအနံ့ လိုက်လံရှာဖွေနေလေတော့၏။ သူသည် မြန်မာပြည်အထက်ပိုင်းမှ အောက်ပြည်အောက်ရွာသို့ ဆင်းခဲ့၏။ မိခင်ကြီးနှင့် ဆရာနစ်ဦးသည် သူ့ကို လာ၍မဆက်သွယ်ကြပေ။ သူ၏ လုပ်ရပ်များကို စောင့်ကြည့်နေသည်ဟု ထင်မြင်မိလေ၏။ သူသည် ရောက်ရာအရပ်တွင် လူများ၏အကျိုးကို ဆောင်ရွက်ပေးခဲ့၏။ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့၏။ သတင်းစာကိုလည်း နေ့စဉ်မပြတ် ဖတ်လေ၏။ တစ်နေ့သောအခါတွင် သူရိယသတင်းစာတွင် ကြော်ငြာလေးတစ်ခုကို တွေ့ရလေ၏။ ကြော်ငြာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

**ခြသေ့်နှင့်ကျားကို ရန်ကုန်မှာတွေ့ပြီ**

**အမြွတ်နီးဆုံးပန်းတလေး**

မောင်မိုးဇွေသည် ကိုပုည၏ ကြော်ငြာမှန်း ရိပ်စားမိလိုက်၏။ သူ၏ ရန်သူတော် သီဟနှင့်ဗျဂ္ဃသည် ရန်ကုန်မြို့တွင်ရှိအောင်းနေသည်ဟု နားလည်လိုက်လေ၏။



သူသည် ရန်ကုန်မြို့၌ ရန်သူတော်ကြီးများ၏ သတင်းကို အနံ့ခံလိုက်ရာ သယ်န်းကျွန်းဘုတာရုံအနီး ကျွန်းအိမ်မည်းကြီးတွင် သူ၏ရန်သူတော် သီဟနှင့်ဗျဂ္ဃ နေထိုင်ကြောင်း သိရှိသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



**ယောက်ဓား ချုပ်ပြီ**

မောင်မိုးဆွေသည် ရန်သူတော်ညီနောင်၏ နေရပ်ကို သိရှိပြီး နောက်တွင် ၎င်းတို့ညီနောင်နေထိုင်ရာ သဃ်န်းကျွန်းအနီးရှိ ကျွန်းအိမ်မည်းကြီးကို အခေါက်ခေါက်အခါခါ သွားရောက်၍ လေ့လာခဲ့လေ၏။

ထိုသို့ လေ့လာရာတွင် သီဟနှင့်ဗျူ့ ညီအစ်ကိုနှစ်ဦး မရိပ်မိစေရန် မြင်းလှည်းတစ်စီးကို ငှားရမ်း၍ မြင်းလှည်းမောင်း သမားအသွင်ဖြင့် ရုပ်ပြောင်းရုပ်လွှဲပြု၍ ထားလေ၏။ သူ၏ မျက်နှာ ကိုလည်း လွန်စွာကြီးမားသော ခမောက်ကြီးဖြင့် ဖုံးအုပ်ထားလေ၏။

ကျွန်အိမ်မည်းကြီးကို လေ့လာရာတွင် သီဟနှင့်ဗျူ့ ညီအစ်ကိုနှစ်ဦးအနက် အကြီးဖြစ်သူ သီဟမှာ အိမ်တွင်းမှ အိမ်ပြင်သို့ ထွက်လေ့မရှိဘဲ အိမ်ကြီး၏ အနောက်ဘက်ရှိ အဂ္ဂိရတ်ရုံကလေး တွင်သာ အချိန်ကုန်လေ့ရှိကြောင်း သိရ၏။



ညီဖြစ်သူ ဗျူ့မှာ စနေနေ့တိုင်းတွင် ဘုံသောရက်စ တောရင့်သို့ သွားရောက်လေ့ရှိကြောင်း သိရ၏။ ဘုံသောရက်စတောရင့် မှ အပြန်တွင် ကျောက်မြောင်းရပ်ကွက် ဓမ္မဝိဟာရလမ်းရှိ မိန်းမ ငယ်တစ်ဦး၏အိမ်သို့ ဝင်ရောက်လေ့ရှိပြီး အတော်ညဉ့်နက်မှပင် သဃ်န်းကျွန်းအိမ်မည်းကြီးသို့ ပြန်လေ့ရှိကြောင်း သိရ၏။

မောင်မိုးဆွေသည် ဗျူ့ သွားရောက်ပျော်ပါးလေ့ရှိသော မိန်းမကို မြင်ဖူးသလိုရှိသည်နှင့် အသေအချာ ကြည့်လေရာ ၎င်းကို ငယ်စဉ်က စိန်လက်စွပ်ပျောက်ဆုံးမှုနှင့် စွပ်စွဲခံခဲ့သော အလုပ်ရှင်သူဌေး ကြီး၏ တူမဖြစ်သူ တင်မမ ဖြစ်မှန်း သိလိုက်ရလေ၏။

"တင်မမဟာ ငါ့ရဲ့ ရန်သူတော် ဦးဗျူ့နဲ့ တီတီတာတာပွန်း ဖြစ်နေတာကိုး"

ဟု တွေးလိုက်မိလေ၏။ သူသည့် စိန်လက်စွပ် ပျောက်ဆုံးမှုဖြင့် ဂတ်တဲတွင် အချုပ်အနှောင် ခံလိုက်ရပုံ၊ ရာဇဝတ် အုပ်က သားရေပိုက်လုံးဖြင့် တဖြောင်းဖြောင်း ရိုက်ခဲ့ပုံများကို ပြန်လည် မြင်ယောင်လာမိ၏။ ထို့နောက် သူ၏ ဆရာနှစ်ဦးနှင့် မိခင်ကြီးကို သတိရမိပြန်၏။

"ငါ့မိခင်ကြီးနဲ့ ဆရာနှစ်ယောက်လည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေလဲ မသိဘူး၊ ဒါပေမဲ့ ငါကသာ မသိတာ ငါ့ရဲ့ လုပ်ရပ်တွေကို သူတို့ စောင့်ကြည့်နေပုံရတယ်"

ထို့နောက်တွင်မှ မောင်မိုးဆွေသည် ရန်သူတော်များ အား လုပ်ကြံမည့်နေ့ရက်ကို ရွေးချယ်လိုက်လေတော့၏။ သူတော်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းသော ဗေဒင်ပညာဖြင့် နေ့ကောင်းရက်သာကိုလည်း ရွေးချယ်လေ၏။

မောင်မိုးဆွေသည် ရန်သူနှစ်ဦးအား လုပ်ကြံမည့်နေ့တွင် မြင်းရထားကို ငှင်းငှားရမ်းထားသော တာမွေအပိုင်းအနီးရှိ မောင်ကျင်ဆိုသူထံ ပြန်လည်၍ အပ်နှံခဲ့လေ၏။

သူသည် နေဝင်ကာနီးတွင် အိမ်ကြီးအနားသို့ ချဉ်းကပ်၍ ခြံဝင်းကို ကျော်ဝင်လေ၏။ ခြံကြီးသည် သစ်ရိပ်ဝါးရိပ်ကြောင့် အတွင်းမှ အပြင်သို့ မမြင်နိုင်ချေ။ ခြံဝင်းထဲသို့ မောင်မိုးဆွေခြေချလိုက်သည်နှင့် သစ္စာဖောက်ညီအစ်ကိုနှစ်ဦး မွေးမြူထားသော အမဲလိုက်ခွေးကြီးသည် မောင်မိုးဆွေ၏ လည်မျိုကို ခုန်၍ခဲလေ၏။ မောင်မိုးဆွေသည် မြေကြီးပေါ်တွင် လိမ့်ရှောင်၍ ခွေးကြီး၏ လည်မျိုကို ဓားဖြင့် တွက်၍ နှိမ်နင်းခဲ့ရ၏။

"ဒီခြံထဲမှာ ခွေးကြီးတွေရှိနေတာ ငါမသိတာ ငါ့အမှားပဲ"

ဟု တွေးမိနေစဉ်မှာပင် အမဲလိုက်ခွေးကြီးတစ်ကောင်မှာ တစ်ဟုန်ထိုး ပြေးဝင်လာသဖြင့် အနီးရှိ တရုတ်စကားပင်ကိုခိုး၍ ခွေးကြီးကို ကန်ထုတ်လိုက်ရာ ခွေးကြီးမှာ "ကိန်"ခနဲ အော်လျက် အသက်ပျောက်သွားလေ၏။

ထိုအခိုက်မှာပင် အိမ်၏နောက်ဘက်မှ လူရိပ်ငါး မြင်သဖြင့် တရုတ်စကားပင်မှ ရေစည်ကြီးပေါ်သို့ ကူးလိုက်ရလေ၏။

ထိုလူရိပ်မှာ ၎င်း၏ရန်သူတော် ဦးသီဟဖြစ်၏။ ဦးသီဟသည် ခွေးကြီးနှစ်ကောင်၏ အဖြစ်ဆိုးကို မြင်တွေ့လိုက်ပြီ





အခြေအနေကို သဘောပေါက်၍သွားလေ၏။ သူတို့ ညီအစ်ကိုနှစ်ယောက်၏ ရန်သူသည် ခြံဝင်းထဲသို့ ရောက်ရှိနေပေပြီ။ မောင်မိုးဆွေသည် "ဒီအချိန်ဟာ အခွင့်ကောင်းပဲ"ဟု တွေးရင်း သူ၏အောက်တည့်တည့်သို့ ရောက်နေသော သီဟကြီးအား ပေနှစ်ဆယ်ခန့်မြင့်သော ရေစည်ကြီးပေါ်မှ တစ်ပတ်ကျွမ်းပစ်၍ တိုက်ခိုက်လိုက်လေ၏။

ဦးသီဟသည် ခေါင်းပေါ် ဖျတ်ခနဲ မော့ကြည့်၍ နောက်ကျွမ်းပစ်ကာ ရှောင်ထွက်သွားလေ၏။ ထိုအခါ သူရိယနှင့် စန္ဒာစားတို့နှစ်လက်ကို ဘယ်တစ်လက် ညာတစ်လက် ကိုင်ဆောင်ထားသော မောင်မိုးဆွေနှင့် မျက်နှာချင်းဆိုင်မိကြလေ၏။ ဦးသီဟသည် မောင်မိုးဆွေအား စူးစူးရဲရဲ ကြည့်ရင်း ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"ဟား ... ဟား ... ဝဏ္ဏရဲ့သားတော် အတော်ကြီးနေမှကိုး၊ မင်းဟာ ရုပ်ရောကိုယ်လုံးရော မင်းအဖေနဲ့ ချွတ်စွပ်ပဲကွ၊ မနန္ဒာရော နေကောင်းရဲ့လား၊ မနန္ဒာဟာ အတော်တော်တဲ့ မိန်းမကွ၊ ငါတို့ညီအစ်ကိုနှစ်ယောက်ဟာ မင်းအဖေကို ရှင်းပစ်ပြီး ကျူပင်ခုတ် ကျူငုတ်ပါ မကျန်အောင် မင်းနဲ့ မင်းအမေကို လိုက်သတ်ခဲ့တာကွ၊ မင်းအမေဟာ ငါတို့ ညီအစ်ကိုကို ကိုယ်ယောင်ဖျောက်ပြီး မင်းကို ဒီပညာမျိုးတွေ တတ်အောင် သင်ပေးတာ ငါတော့ ချီးကျူးတယ်ကွာ၊ မနန္ဒာကို ပြောလိုက်ပါကွာ၊ ငါက မေးလိုက်တယ်လို့၊ ဟိုး



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က မင်းတို့သားအမိကို မရှင်းပစ်နိုင်တဲ့ တို့ညီအစ်ကိုရဲ့ အမှားပေါ့ကွာ၊ မင်း လက်ထဲကဓားက "နေလ"ဓားနှစ်လက် မဟုတ်လား၊ ဘာပဲဖြစ်ဖြစ်ငါက သေရင်တောင် "နေလ"ဓားနှစ်လက်နဲ့ သေရမှာမို့ ဂုဏ်ယူပါတယ်ကွာ၊ ကဲ... ဂိုဏ်းချုပ်လေး မင်းပညာတွေ ဘယ်လောက်ရှိသလဲ၊ အစွမ်းကုန်တိုက်ပေတော့"

ထို့နောက် မောင်မိုးဇွေတို့သည် တစ်ယောက်နှင့်တစ်ယောက် အပြင်းအထန် တိုက်ခိုက်ခဲ့၏။ မောင်မိုးဇွေသည် "နေလ"ဓားနှစ်လက်ကို ခါးတွင်ထိုး၍ လက်ချည်းသက်သက်ဖြင့် တိုက်ခိုက်ခဲ့၏။ တိုက်ပွဲသည် လွန်စွာအဆင့်မြင့်သော ပွဲတစ်ပွဲဖြစ်၏။ နောက်ဆုံးတွင် ဦးသီဟ၏ ခြေကန်ချက်ကို လွတ်ရုံမျှ ရှောင်တိမ်း၍ လည်ကုပ်ကို ဖမ်းဆွဲကာ ဒူးဖြင့်တိုက်ချလိုက်ရာ ဦးသီဟသည် နောက်သို့လန်၍ လဲကျသွားတော့လေ၏။

ဦးသီဟသည် ပြုံး၍ "မင်းမဆိုးဘူး"ဟု မှတ်ချက်ချလေ၏။ မောင်မိုးဇွေသည် ဦးသီဟအား သူရိယနှင့်စန္ဒာဓားနှစ်လက်ဖြင့် ကိစ္စတုံးစီရင်လိုက်လေ၏။

ပြီးနောက် သူသည် မြက်ခင်းပေါ်တွင် ခြေပစ်လက်ပစ် လှဲ၍ အနားယူလိုက်လေ၏။ ထိုအချိန်တွင် မောင်မိုးဇွေ၏ ရန်သူတော် ဖြစ်သော ဦးဗျူဠှမှာ ရောက်၍မလာသေးပေ။

မောင်မိုးဇွေသည် အိမ်ပေါ်ထပ် ဧည့်ခန်းကြီးထဲတွင် စီးကရက်တစ်လိပ်ပြီးတစ်လိပ် သောက်၍ ထိုင်စောင့်နေလေ၏။





ညဆယ်နာရီခန့် ရှိသောအခါ ဦးဗျူဠှသည် အော်စတင်ကားလေးနှင့် ပြန်ရောက်လာလေ၏။ ထို့နောက် ကားရုံတံခါးကို ဖွင့်ကာ ကားကို သွင်းပြီး အိမ်ပေါ်ထပ်သို့ တက်လာလေ၏။ ဧည့်ခန်းထဲတွင် စီးကရက်တစ်လိပ်ကိုခဲကာ အခန့်သားထိုင်နေသော မောင်မိုးဇွေကို မြင်သောအခါတွင် အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားလေ၏။ ဦးဗျူဠှက ...

"မင်းဟာ ဝဏ္ဏနဲ့ ရုပ်ချင်းချွတ်စွပ်ပဲကွ၊ ငါ့အစ်ကိုကြီး မင်းလက်ချက်နဲ့ သေရှာပြီထင်တယ်"

ဟု မခိုးမခန့်ပြောလေရာ မောင်မိုးဇွေက ...

"ဟုတ်တယ် သီဟကြီးဟာ ကျုပ်လက်ချက်နဲ့ သေပြီ၊ အခုခင်ဗျားအလှည့်ပဲ၊ ကျုပ်အဖေအတွက် သူရိယစန္ဒာဂိုဏ်းကြီးအတွက် လက်စားချေရမယ်"

ဟု ပြောလိုက်လေ၏။

"ချေရင်လည်း ချေပေါ့ကွာ၊ ငါတို့ညီအစ်ကိုနှစ်ယောက်က သေတယ်ဆိုတာ ခြင်ကိုက်ခံရသလောက်ပဲ မှတ်တဲ့ကောင်တွေကွ၊ တကယ်တော့ မင်းအဖေဟာ ပုံသေသမားကွ၊ ငါတို့ ညီအစ်ကိုက ပုံရှင်သမား၊ နောက်ဆုံးတော့ သူရိယစန္ဒာဂိုဏ်းကြီး ပြိုကွဲရတာပါပဲကွာ၊ နှစ်ပေါင်းထောင်ချီအောင် တည်မြဲခဲ့တဲ့ သူရိယစန္ဒာဂိုဏ်းကြီးက တို့လက်ထက်ရောက်မှ ပျက်စီးရတာကတော့ စိတ်မကောင်းဘူးကွာ ... ကဲ... တိုက်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုဖြင့် ဗျူဟသည် နံရံပေါ်တွင် ချိတ်ဆွဲထားသော လှံကြီးကို ဖြုတ်၍ မောင်မိုးဇွေကို လှမ်းပစ်လိုက်ရာ မောင်မိုးဇွေသည် သေလုမျောပါး ရှောင်တိမ်းလိုက်ရလေ၏။ လှံနှင့်အတူ ဗျူဟသည် ခုန်ပျံ၍ ဝင်ရောက်လာပြီးလျှင် မောင်မိုးဇွေကို အပြင်းအထန် တိုက်ခိုက်လေ၏။

ဦးဗျူဟ၏ လက်ထဲတွင် လှံတိုတစ်ချောင်းကို ကိုင်ထားပြီး မောင်မိုးဇွေမှာ သူရိယနှင့်စန္ဒာ အဖိုအမဓားနှစ်လက်ဖြင့် တိုက်ခိုက်လေ၏။ ညွှန်ခန်းဆောင်ကြီးမှာ ကျယ်ဝန်းသောကြောင့် ၎င်းတို့နှစ်ဦးသည် သဲကြီးမဲကြီး တိုက်ခိုက်နိုင်လေ၏။ တိုက်ပွဲမှာ ပထမပွဲထက် ပိုကြမ်းပြီး ပို၍ အဆင့်မြင့်လေ၏။

မောင်မိုးဇွေတို့ လက်ချက်ကြောင့် ညွှန်ခန်းတစ်ခုလုံး မြင်မကောင်း ရှုမကောင်းအောင် ပျက်စီး၍နေလေ၏။

ဗျူဟသည် လှံတိုဖြင့် မောင်မိုးဇွေ၏ ရင်ကို တအားစိုက်ချ၏။ မောင်မိုးဇွေက ရှောင်၏။ ခြေဖြင့် ခတ်၏။ လှံဖြင့်ကော်၏။ ဘယ်ညာဝိုက်ထိုး၏။ မောင်မိုးဇွေက ရှောင်၏။ တိမ်း၏။ ဓားဖြင့် ထု၏။ နောက်ဆုံးတွင် မောင်မိုးဇွေသည် ခုံကျိုးတစ်ခုကို နင်းမိ၍ နောက်ပြန်လဲကာ စာအုပ်ဗီရိုကြီးတစ်ခုတွင်းသို့ ကျွံဝင်သွားလေ၏။ ဦးဗျူဟသည် အပိုင်ဟုယူဆကာ လှံတိုဖြင့် တအားပြေးစိုက်လိုက်လေရာ မိုးဇွေက ကိုယ်ကို ယိမ်းနွဲ့၍ ဦးဗျူဟကျောအား သူရိယစန္ဒာဓားနှစ်လက်ဖြင့် စိုက်ချလိုက်လေတော့၏။ ဦးဗျူဟ၏ လှံမှာ စာအုပ်ဗီရိုကြီးတွင် စိုက်၍ ကျန်ခဲ့လေ၏။





မောင်မိုးဇွေသည် ဦးဗျူဟ၏ကိုယ်မှ သူရိယစန္ဒာဓားနှစ်လက်ကို နုတ်ယူ၍ နံရံပေါ်တွင် သွေးဖြင့် ...

**သူရိယစန္ဒာ**

ဟု ရေးသားလိုက်လေတော့သတည်း။



www.burmeseclassic.com

## နေလအားနှစ်လက်

မောင်မိုးဆွေသည် သီဟနှင့်ဇူလှ ညီနောင်နှစ်ဦးအား ဖခင်ကြီးအတွက် သွေးကြွေးဆပ်ခဲ့ပြီးနောက် သူ၏ ဒုတိယတာဝန်ဖြစ်သော သူရိယစန္ဒာမောနှစ်လက်အား မွန်ပြည်နယ် ကေလာသတောင်ခြေရှိ သုဝဏ္ဏဘူမိမြို့ဟောင်းအနီး လိုဏ်ဂူအတွင်းသို့ ပြန်လည်ပို့ဆောင်ရန် ပြင်ဆင်ရလေ၏။

လိုဏ်ဂူကြီးသည် တစ်နှစ်ပတ်လုံး ရေတံခွန်ကြီးတစ်ခု စီးဆင်းနေပြီး တစ်နှစ်လျှင် သုံးရက်ခန့်သာ ရေတံခွန်ရပ်နားလေ့ရှိ၏။ ရေတံခွန်ရပ်နားမည့်နေ့တွင် လိုဏ်ဂူတွင်းသို့ ဝင်ရောက်၍ သူရိယနှင့်စန္ဒာမောနှစ်လက်ကို ထေ့ရှိရမည်ဖြစ်၏။

မောင်မိုးဆွေသည် မိခင်ကြီးပေးလိုက်သော ဂိုဏ်း၏ လျှို့ဝှက်မြေပုံကို လေ့လာ၍ ရေတံခွန်ရပ်နားမည့်ရက်ကို တွက်ချက်ကြည့်ရာ နတ်တော်လဆန်း တစ်ရက်နေ့မှစ၍ ရေတံခွန်ရပ်နားမည့်





နေ့ကို သိရလေ၏။ ရေတံခွန်ကြီး ရပ်နားရန် တစ်လနီးပါးလိုသေးသဖြင့် အေးအေးဆေးဆေး အနားယူရင်း သတင်းစာများကို ဖတ်ရှုရလေ၏။

သီဟနှင့် ဇူလှ ညီအစ်ကို၏ နှစ်လောင်းပြိုင် လူသတ်မှုနှင့်ပတ်သက်၍ အင်းစိန်စီအိုင်ဒီမှ စုံစမ်းထောက်လှမ်းနေကြောင်း သိရလေ၏။ သူရိယ၊ ဗန္ဓုလ၊ မြန်မာ့အလင်း၊ သူကြီးဂျာနယ်စသော သတင်းစာကြီးများက အမှုကြီးနှင့်ပတ်သက်၍ တဖွဲ့တနွဲ့ ရေးသားကြပြီး ထိုအမှုကြီးကို နိုင်ငံကျော်စုံထောက်ကြီး ဆားပုလင်းမင်းအောင်ကိုယ်တိုင် ထောက်လှမ်းနေကြောင်း မကြာမီ တရားခံကို ဖမ်းဆီးနိုင်တော့မည်ဖြစ်ကြောင်း ရေးသားရာ မောင်မိုးဆွေသည် ခွိခနဲ ပြုံးလိုက်ရင်း ...

"ဆားပုလင်းမင်းအောင် ... ဆားပုလင်းမင်းအောင် ကျုပ်ကို အမိဖမ်းနိုင်ရင်တော့ ခင်ဗျားဟာ လူတော်ပဲ"

ဟု တီးတိုးပြောလိုက်လေ၏။ ရေတံခွန်ရပ်နားမည့်နေ့သို့ နီးကပ်သောအခါ ဝန်စည်စလွယ်များကို ဝယ်ယူ၍ မွန်ပြည်နယ် ကေလာသတောင်ခြေသို့ ထွက်ခဲ့လေ၏။ ကေလာသတောင်သို့ ရောက်သောအခါ သူရိယစန္ဒာဂိုဏ်းကြီး၏ လျှို့ဝှက်လိုဏ်ဂူရှိရာသို့ မြေပုံညွှန်းဖြင့် ခက်ခက်ခဲခဲ ရှာဖွေရလေ၏။

လိုဏ်ဂူကြီးသည် လူသူအရောက်အပေါက်နည်းလှသော အရပ်တွင် တည်ရှိပြီး မြေပုံညွှန်းအတိုင်း ရေတံခွန်တစ်ခု စီးဆင်းနေသည်ကို တွေ့ရလေ၏။ သူသည် ရေတံခွန်ကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်တွင် ရွက်ဖျင်တဲတစ်လုံး ထိုးကာ ဝယ်ယူလာသော အသားဘူးများ၊ ငါးဘူးများကို ဖောက်၍စားရင်း ရေတံခွန်ရပ်နားမည့် နေ့ကို စောင့်ရလေ၏။

နတ်တော်လဆန်း (တစ်)ရက်နေ့တွင် ရေတံခွန်ကြီးသည် အံ့ဩဖွယ်ရာ ရပ်ဆိုင်းသွားသည်ကို တွေ့ရ၏။ ထို့ကြောင့်ပင် မောင်မိုးဆွေသည် ကြိုးများ၊ သံချိတ်များ စသော တောင်တက်ကရိယာများကို လွယ်၍ တောင်ကို တက်ရလေ၏။

မျက်စိအမြင်အားဖြင့် လွယ်လွယ်ကူကူ တက်နိုင်မည့် အထင်ရှိသော်လည်း ကိုယ်တိုင်တက်သောအခါ လွန်စွာ ခက်ခဲနေသည်ကို တွေ့ရ၏။ ရှေးနှစ်ပေါင်းများစွာက တောင်သို့တက်ရန် ပြေသောလမ်း ရှိဟန်တူ၏။ နောက်ပိုင်းတွင်မူ တောင်ပြိုခြင်း၊ ရေတိုက်စားခြင်းတို့ကြောင့် ခက်ခက်ခဲခဲ တက်ရပြီး လမ်းမှာ ကြမ်းတမ်းနေခြင်းဖြစ်၏။ မောင်မိုးဆွေသည် သံငုတ်များကို တူဖြင့်ခက်ခက်ခဲခဲ ရိုက်ပြီး ခြေနင်းရ၏။ ကျောက်စွယ်ကျောက်တန်းများကြားမှ ခြေချော်သွားလျှင် အသက်ဆုံးရှုံးသာ ရှိတော့မည်ဖြစ်၏။

ထို့ကြောင့်ပင် သူသည် သတိကြီးစွာထား၍ တက်ရ၏။ တစ်ခါတစ်ရံ လူတစ်ကိုယ်စာ ရွေ့ဖို့ရန်ပင် တစ်နာရီခန့် အချိန်ယူရသည်။ နောက်ဆုံးတွင် လိုဏ်ဂူဝသို့ ရောက်ခဲ့လေ၏။ သူသည် လိုဏ်ဂူဝတွင် ခြေပစ်လက်ပစ် တစ်ခဏမျှ နားလိုက်လေ၏။ ရေတံခွန်ကြီးအတွင်းသို့ ရောက်အခါ မောင်မိုးဆွေသည် ကိုယ့်မျက်လုံးပင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားလေ၏။ သူ၏ တစ်သက်တာ





တွင် အလှပဆုံးသော ရှုခင်းများကို မြင်တွေ့လိုက်ရလေ၏။ လှပသော တောပန်းလေးများမှာ ရောင်စုံပွင့်ဖူး၍နေပြီး စမ်းချောင်းလေးတစ်ခုက ကွေ့ပတ်၍ စီးဆင်းသွား၏။ စမ်းချောင်းလေးထဲတွင် လှပသော ရွှေရောင်ငါးကလေးများ ကူးခတ်ကစားနေ၏။ ရာသီဥတုမှာ တစ်နှစ်ပတ်လုံး ရေတံခွန်ကြီးက ကာဆီးထားသဖြင့် အေးစိမ့်နေလေ၏။ လိပ်ပြာကလေးများ၊ ပိတုန်းကလေးများလည်း ဝတ်ရည်စုပ်လိုက်၊ ပျံသန်းလိုက် ပြုနေကြ၏။

မောင်မိုးဆွေသည် လိုဏ်ဂူဝသို့ ဖြည်းဖြည်း လျှောက်၍ သွားမိလေ၏။ သူ၏ ရင်သည် တလှပ်လှပ် ခုန်၍နေ၏။ သူ ခြေနင်းရာလမ်းတစ်လျှောက်တွင် တောပန်းလေးများ ကြွေကျနေ၏။ သူ၏ ခြေသံကိုပင် ပြန်လည်ကြားယောင်နေရ၏။ နှစ်ပေါင်းရာချီ၍ လူသူအရောက်အပေါက် မရှိသောအရပ်သို့ သူတစ်ဦးတည်းသာ ရောက်ရှိခဲ့လေပြီ။ လိုဏ်ဂူကြီးရှေ့တွင် လွန်စွာကြီးမားသော စပါးကြီးမြွေတစ်ကောင်သည် ပိတ်ဆို့နေရာမှ မောင်မိုးဆွေကို မြင်သောအခါ လျှောခနဲ ထွက်သွားလေ၏။ ဂူကြီးအတွင်းသို့ ဝင်လိုက်သောအခါတွင် အလင်းရောင်ရရှိရန် စီစဉ်ထားသည်ကို တွေ့ရ၏။ ဂူအတွင်းပိုင်းနံရံများကို လှပသော ကနုတ်ပန်းများ၊ ပန်းပုလက်ရာများနှင့် ခမ်းမခြယ်သထားသည်ကို တွေ့ရ၏။

ဂူကြီး၏ အတွင်းပိုင်းတွင် လှေကားသုံးထစ်မြင့်သောနေရာ၌ လွန်စွာလှပသော သေတ္တာကြီးတစ်လုံးကို တွေ့ရပြီး သေတ္တာကြီးအား အစိမ်းရောင်အလင်းတန်းတစ်ခုက ဖလိုက်ထိုးသကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ ကျနေသည်ကို တွေ့ရ၏။ လိုဏ်ဂူထိပ်ဝသို့ လှမ်းကြည့်သော အခါ နေရောင်အား အစိမ်းရောင် ကျောက်စိမ်းပြားတစ်ချပ်ဖြင့် ကာရံထားသည်ကို မြင်ရ၏။ သေတ္တာ၏အဖုံးတွင် သူရိယစန္ဒာ ဓားနှစ်လက်ဟု ရေးသားထား၍ မောင်မိုးဇွေသည် တုန်ယင်သော လက်များဖြင့် ဖွင့်လိုက်လေရာ သေတ္တာတွင်း၌ သူရိယနှင့်စန္ဒာ ဓား နှစ်လက်ထားရှိရန် ကျောက်စိမ်းစင်ကလေးနှစ်ခုကို တွေ့ရလေ ၏။

မောင်မိုးဇွေသည် သူရိယနှင့်စန္ဒာ ဓားဖို ဓားမနှစ် လက်ကို ရိုသေစွာကိုင်တွယ်၍ သေတ္တာတွင်းသို့ ထည့်လိုက်လေ၏။ ပြီးနောက် သေတ္တာအဖုံးကို ဖြည်းညှင်းစွာ ပိတ်လိုက်မိလေ၏။ သူ၏ ဝတ္တရားများ ပြီးဆုံးသွားလေပြီ။ သူ၏ ရင်ထဲတွင် ပေါ့ပါး၍ သွားလေ၏။ သူသည် လွတ်မြောက်သူတစ်ဦး ဖြစ်၍သွားလေ၏။ ရှေ့ယခင်ကဆိုလျှင် တာဝန်ဝတ္တရားများဖြင့် သူ၏ရင်သည် အမြဲ တစ်စေ လေးလံနေလေ၏။ ယခုတော့ ထိုသို့ မဟုတ်တော့ပေ။

သူ့အဖေ၏ ရန်သူတော်နှစ်ဦးကိုလည်း လက်စားချေ နိုင်ခဲ့၏။ သူရိယစန္ဒာဂိုဏ်းချုပ်၏ အထိမ်းအမှတ် ဓားနှစ်လက်ကို လည်း ပြန်လည်အပ်နှံနိုင်ခဲ့ပြီး သူ၏ ဖခင်နှင့် အဆက်ဆက်သော ဂိုဏ်းချုပ်တို့၏ ဝိညာဉ်များသည် သူ့အား ကောင်းချီးပေးလိမ့်မည် ဟု ထင်မိ၏။

သူ့မိခင်ကြီးနှင့် ပညာဗလ ညီအစ်ကိုနှစ်ဦး၏ ဆန္ဒ လည်း ပြည့်ဝခဲ့ပေပြီ။ သူသည် လောကကြီးတွင် လုပ်စရာ အလုပ်





များ မရှိသကဲ့သို့ ခံစားရလေ၏။ မောင်မိုးဇွေသည် ဂူကြီးထဲတွင် လျှောက်၍ကြည့်ပြန်၏။ ဂူကြီးကို (၇)ရာစုကပင် စတင်တည် ထောင်ခဲ့ကြောင်း အင်းဝခေတ် ရေးထိုးထားသော ကျောက်စာချပ် တစ်ချပ်ကို ဖတ်ရလေ၏။ ဂိုဏ်းချုပ်များ အဆက်ဆက် ရေးထိုး ထားခဲ့သော ကျောက်စာများကို တွေ့ရလေ၏။ မောင်မိုးဇွေသည် ပုဂံခေတ်အစောပိုင်း ကျောက်စာများကို မဖတ်တတ်ပါ။ ပျူနှင့်မွန် ဘာသာများဟု ထင်ရ၏။

ဂိုဏ်းကြီး၏ နောက်ဆုံး အစည်းအဝေးကို (၁၈၂၄) ခုနှစ်ကိုင်းမင်းလက်ထက်တွင် ကျင်းပခဲ့ကြောင်း တွေ့ရလေ၏။ ကျောက်စာသေတ္တာကြီးများကို တွေ့ရပြီး ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ၊ ဟင်ဒီ၊ တမိလ်၊ တယ်လဂူ ၊ ဘင်္ဂလီ၊ နာဂရီ၊ သသံကရိုက် စသော ဘာသာရပ်များဖြင့် ရေးထိုးထားသော လောကီပညာပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာများကို တွေ့ရ၏။

သူသည် လွန်စွာများပြားလှသော လောကီပညာရပ်များ ကို တစ်စုတစ်ဝေးတည်း မြင်ရ၍ တအံ့တသြ ဖြစ်မိလေ၏။ ရှေးက ပေါ်ထွန်းခဲ့သော ဂိုဏ်းချုပ်ကြီးများ၏ ရုပ်တုများကိုလည်း မြင်တွေ့ရ၏။

ထူးခြားသည်မှာ လောကီပညာရပ်များမှအပ ရွှေငွေ ကျောက်သံ ပတ္တမြားများကို မတွေ့ရခြင်းပင် ဖြစ်၏။ သူသည် သူရိယစန္ဒာဂိုဏ်းချုပ်ကြီးများ၏ လျှို့ဝှက်လိုဏ်ဂူကြီးတွင် နှစ်ရက် ခန့်နေပြီး လိုဏ်ဂူကြီးမှ ထွက်ခွာလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အပြန်လမ်း တစ်လျှောက်တွင် အလာလမ်းအတိုင်း ကြိုးဖြင့် ဆွဲ၍ တဖြည်းဖြည်း ဆင်းခဲ့ရ၏။ အတက်လမ်း ခက်သလို၊ အဆင်းလမ်းလည်း ခက်ခဲလှ၏။ တစ်ကြိမ်တွင် ခြေနင်းစရာ ရှာမရ၍ အထက်သို့ ပြန်တက်ပြီး နေရာရှာ၏။ ငုတ်အသစ်များကို ပြန်ရိုက်ရ၏။ သူသည် ချွေးတစ်လုံးလုံးဖြင့် ငါးနာရီမျှ ပင်ပင်ပန်းပန်း ဆင်းပြီး မြေပြင်သို့ ပြန်လည်ရောက်ခဲ့လေ၏။ သူသည် မြက်ခင်း အစပ်တွင် ခြေပစ်လက်ပစ် အနားယူရင်း အမောပြေသွားသောအခါ ၎င်း၏ ရွက်ဖျင်တဲကလေးသို့ တဖြည်းဖြည်း လျှောက်လှမ်းခဲ့လေ၏။

"ဒီအချိန်မှာ ပေါင်မုန့်တစ်ချပ်လောက် မီးကင်ပြီး ထောပတ်သုတ်၊ ပြီးရင် ကော်ဖီခါးခါးတစ်ခွက်လောက် သောက်ရရင် ကောင်းမှာပဲ"

ဟု တွေးရင်း ရွက်ဖျင်တဲ အတွင်းသို့ ဝင်ခဲ့လေ၏။ တဲအတွင်းသို့ ရောက်သောအခါ သူသည် ကိုယ့်မျက်လုံးပင် ကိုယ် မယုံနိုင်လောက်အောင် အံ့အားသင့်၍ သွားရတော့၏။ သူ၏ ခေါက်စားပွဲခုံပုကလေးပေါ်တွင် အငွေ့တထောင်းထောင်းထနေသော ကော်ဖီတစ်ခွက်နှင့် ပန်းကန်ပြားထဲတွင် ထည့်၍ထားသော ပေါင်မုန့်မီးကင်ထောပတ်သုတ်များကို မြင်ရလေ၏။

ထိုအခိုက်မှာပင် သူ၏ နားထင်သို့ တစ်စုံတစ်ယောက် သည် သေနတ်ဖြင့် ထောက်လိုက်ပြီး ချောက်ခနဲ မောင်းတင်လိုက် ကာ ...





"ပေါင်မုန့်ထောပတ်သုတ်ကလေးနဲ့ ကော်ဖီခါးခါးတစ်ခွက် ကို သောက်ပြီး အေးအေးဆေးဆေး အနားယူလိုက်စမ်း ပါ ကိုယ့်လူ၊ သူရိယစန္ဒာ ဂိုဏ်းချုပ်တစ်ယောက်ကို လက်ထိပ် မခတ်ချင်ပါဘူး၊ ထွက်မပြေးပါဘူးလို့ ကတိပေးလိုက်စမ်းပါ ဗျာ၊ ကျုပ်နာမည် ဆားပုလင်းမင်းအောင်ပါ"

ဟူ၍ သံလိုက်ဓာတ်ကဲ့သို့ ဆွဲဆောင်အားကောင်း သော အသံကို ကြားလိုက်ရလေ၏။

လှည့်၍ ကြည့်လိုက်သောအခါ လွန်စွာ ယောက်ျားပီသ ၍ လွန်စွာဆွဲဆောင်အားကောင်းသော လူတစ်ယောက်ကို သက် သောင့်သက်သာအနေအထားဖြင့် တွေ့လိုက်ရလေ၏။ သူသည် ထိုယောက်ျားနှင့် မျက်လုံးချင်းဆုံအောင် ကြည့်လိုက်ရင်း သက်ပြင်း ကို ချမိလေ၏။ ခုခံ၍မရနိုင်တော့ဟူ၍လည်း ထင်မြင်မိလိုက်၏။ သူသည် မဲ့ပြုံးပြုံးလိုက်ရင်း ...

"ထွက်မပြေးပါဘူး ဆားပုလင်းမင်းအောင်၊ ကျုပ်ကို ဖမ်းနိုင်တဲ့ လူဟာ လူတော်တစ်ယောက်ပဲဗျ၊ လူတော်တစ်ယောက်ရဲ့ လက်ထဲမှာ အဖမ်းခံရတာ ကျုပ် ဂုဏ်ယူပါတယ်ဗျာ"

ဟု ပြောလိုက်လေရာ ဆားပုလင်းမင်းအောင်သည် သေနတ်ကို ရုတ်သိမ်းလိုက်ပြီး ...

"ကြိုက်တယ်ဗျာ၊ ခင်ဗျားကို ကျုပ် လေးစားသွားပြီ၊ အေးအေး ဆေးဆေး ကော်ဖီသောက်ကြရအောင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ နှစ်ယောက်သား ငယ်ပေါင်းကြီးဖော်များကဲ့သို့ ကော်ဖီနှင့် ပေါင်မုန့်ထောပတ်သုတ်များကို မြိန်ရှက်စွာ စားသောက်ကြ၏။ ပြီးနောက် အသားဘူး၊ ငါးဘူးများကို ဖောက်၍ ပေါင်မုန့်ဖြင့် တို့စားကြပြန်၏။ မောင်မိုးဇွေက ...

"ဆားပုလင်းမင်းအောင်ရယ် ... အေးဆေးဆေးဆေးပေါ့ဗျား ဒီနေရာလေးက အေးချမ်းလိုက်တာဗျာ၊ ကျုပ်တို့ တစ်ရက်နှစ်ရက် နေရအောင်"

ဟု ဆိုသဖြင့် သူတို့နှစ်ယောက်သည် ချောင်းလေးနံ့ဘေးတွင် ပျော်ရွှင်စွာ နေထိုင်ခဲ့လေ၏။ ချောင်းကလေးထဲသို့ ရေဆင်းကူးကြ၏။ ငါးမျှားကြ၏။ မြက်ခင်းပေါ်တွင် လှဲရင်း သူ၏ ဘဝကို အားပါးတရပြောပြလေ၏။ ဆားပုလင်းမင်းအောင်သည် စိတ်ဝင်တစား နားထောင်၏။

မောင်မိုးဇွေ၏ဘဝသည် လွန်စွာ အံ့သြဖွယ်ကောင်းရကား ဆားပုလင်းမင်းအောင်သည် စုတ်တသပ်သပ် ရှိလေ၏။ ထိုနေရာလေးတွင် သုံးရက်ခန့်နေပြီးသောအခါ သူတို့နှစ်ဦးသည် ရန်ကုန်မြို့သို့ ထွက်ခဲ့လေတော့သတည်း။

(၁၉၆၄)





## နိဂုံး၏နိဂုံး

ဆားပုလင်းမင်းမောင်သည် မောင်မိုးဇွေ၏ အမှုကို စစ်ဆေးမီ လိုအပ်သော အကူအညီများကို ပေးလေ၏။ သဃ်န်းထွန်းအိမ်မည်းကြီးနှင့် နှစ်လောင်းပြိုင်လူသတ်မှုအကြောင်းကို သူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း၊ သူကြီးဂေဇက် စသော သတင်းစာကြီးများက တခမ်းတနား ရေးသားဖော်ပြလေ၏။

အင်းစိန်စီအိုင်ဒီနှင့် ဆားပုလင်းမင်းအောင်ကို ချီးမွမ်း၍ ရေးသားကြ၏။ သို့သော် သတင်းစာကြီးများ၏ ရေးသားချက်တွင် သူရိယစန္ဒာဂိုဏ်းအကြောင်း တစ်လုံးတစ်ပါဒမျှ မပါဝင်ချေ။

လွန်စွာ လျှို့ဝှက်၍ လွန်စွာတန်ဖိုးရှိလှသော ဇာတိဉာဏ်ရပ်များကို လူသိရှင်ကြား မဖြစ်စေလိုသဖြင့် မောင်မိုးဇွေနှင့် ဆားပုလင်းမင်းအောင် တိုင်ပင်ကာ ထိန်ဝှက်ခဲ့ခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှုစစ်ဆေးနေချိန်တွင် မောင်မိုးဇွေအား မိခင်ကြီးနှင့် ပညာဗလ ညီအစ်ကိုနှစ်ဦးသည် လာရောက်၍ တွေ့ဆုံလေ၏။ မိခင်ကြီးက ...

"သူရိယစန္ဒာ ဂိုဏ်းချုပ်ကြီး အတွက်ရော၊ အဖေ့အတွက်ပါ ငါ့သား တာဝန်ကျေပါတယ်ကွယ်၊ အမေမွေးရကျိုးနပ်ပါပြီ၊ ဒါပေမဲ့ ငါ့သား သေရတော့မယ်"

ဟု ပြုံးပြုံးလေး ပြောလေ၏။ ထိုအခါ မောင်မိုးဇွေက ...

"ရှင်ခြင်းနဲ့သေခြင်းဟာ စည်းကလေးတစ်ချောင်းသာ ခြားတာပါ အမေရာ၊ လူတွေဟာ သေခြင်းတရားကို အမျိုးမျိုး စဉ်းစားကြည့်ကြတယ်၊ ဒါပေမဲ့ အမှန်ကို မတွေ့နိုင်ကြဘူး၊ ဘာလို့လဲဆိုတော့ သူတို့ဟာ ရှင်ခြင်းဘက်ကရပ်ပြီး စဉ်းစားနေတာကိုး၊ သေခြင်းတရားရဲ့ အဓိပ္ပာယ်ကို ရှင်ခြင်းဆိုတဲ့ စည်းကိုကျော်ပြီးကြည့်မှ အမှန်ကို မြင်နိုင်မယ်ဗျ၊ ကျွန်တော့်မှာ အမှန်ကို မြင်နိုင်တော့မယ်"

ဟု ဝမ်းသာအားရ ပြောလိုက်လေ၏။ ထိုအခါ ဗလဆိုသော လူကြီးက ...

"ဟုတ်လိုက်လေ မောင်မိုးဇွေရယ်၊ မင်းကတော့ ကံထူးသူပါပဲ၊ ငါတို့လို သေခြင်းရဲ့စည်းအပြင်က လူကတော့ အမှန်ကို မမြင်နိုင်သေးဘူးပေါ့ကွာ"





ဟု ထောက်ခံလိုက်လေ၏။ ပညာဆိုသော လူကြီးကမူ ...

"သဗ္ဗေသတ္တာ ကမ္မသကာပါပဲ မောင်မိုးဇွေရယ်၊ အရာရာဟာ ကံစီမံရာပါပဲ"

ဟု သံဝေဂဆန်ဆန် ပြောလေ၏။

ထိုအခါ မောင်မိုးဇွေသည် မိခင်ကြီးနှင့် ဆရာသမားနှစ်ယောက်ကို နောက်ဆုံးကြည့်ခြင်းအနေဖြင့် ကြည့်လိုက်လေ၏။ မောင်မိုးဇွေ၏ မိတ်ဆွေများသည် တရားခွင်သို့ လာရောက်တွေ့ဆုံကြလေ၏။

"သူရဲကောင်းတို့ရဲ့ အာရုံဟာ စွန့်စားခြင်းနဲ့ မွေ့လျော်လေ့ရှိတယ်၊ မိတ်ဆွေဟာ အဆုံးစွန်ဆုံး စွန့်စားခဲ့ပြီးပြီပဲ"

ဟူသော အသံကို ကြားရ၍ မော့ကြည့်လိုက်ရာ ကိုပုညကို တွေ့လိုက်ရ၏။ မောင်မိုးဇွေသည် စကားမတုံ့ပြန်ဖြစ်တော့ပေ။ ရပ်သူာရွာမှ ထိတစ်သိန်းဆုပေါက်သွားသော အဘွားကြီးနှင့် မြေးလေးနှစ်ယောက်သည် လာရောက်တွေ့ဆုံလေ၏။ အဘွားကြီးသည် ...

"ဖြစ်မှဖြစ်ရလေ ငါ့သားရယ်"

ဟု ရေရွတ်ကာ မောင်မိုးဇွေကို ဖက်၍ ငိုယိုလေ၏။ မြေးကလေးနှစ်ယောက်ကလည်း ငိုယိုကြ၏။ မောင်မိုးဇွေသည် ပြန်လည်၍ နှစ်သိမ့်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စီရင်ချက်ချမည့်နေ့တွင် သူရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း စသော သတင်းစာတိုက်ကြီးများမှ သတင်းထောက်များသည် မောင်မိုးဇွေ၏အနားတွင် ဝိုင်းဝိုင်းလည်လျက်ရှိ၏။ အသားညိုရှ် အရပ်မြင့်ပြီး လွန်စွာ ဆွဲဆောင်အားကောင်းသော မိန်းမချောတစ်ယောက်သည် လာရောက်တွေ့ဆုံ၍ သတင်းထောက်များသည် ဓာတ်ပုံတဖျပ်ဖျပ် ရိုက်ကြလေ၏။ မောင်မိုးဇွေသည် အသေအချာကြည့်လိုက်သောအခါ အပျိုကြီးမခင်ထား ဖြစ်နေသည်ကို တွေ့ရလေ၏။

"ဖြစ်မှဖြစ်ရလေ မောင်လေးရယ် … မမ စိတ်မကောင်းလိုက်တာ"

ဟု မျက်ရည်များ တွေတွေကျရင်း ရေရွတ်နေလေ၏။ မောင်မိုးဇွေနှင့် မခင်ထားသည် မျက်လုံးချင်း ဆုံလိုက်မိ၏။ မောင်မိုးဇွေသည် မျက်လုံးထဲမှ စကားအရာအထောင်ကို မခင်ထားအား ပြောလိုက်လေ၏။ မခင်ထားသည် ရှိုက်ကြီးတငင် ငိုကြွေး၍ တရားခွင်မှ ပြေးထွက်သွားလေ၏။

ထိုအမှုအတွက် မောင်မိုးဇွေကို ကြိုးမိန့်ပေးခဲ့လေ၏။

၁၆





## နေရာမှန် ပြန်ရောက်သော ပန်းသေသေများ

မြို့ကလေးတစ်မြို့၏ ရှင်ပြုအလှူမင်္ဂလာပွဲတွင် လွန်စွာကျော်ကြားသော မိုးသူဇာအငြိမ့်အဖွဲ့ကို ငှားရမ်းလေ၏။ အငြိမ့်မင်းသမီး မိုးသူဇာသည် အဆိုကောင်း၊ အကကောင်း မင်းသမီးဖြစ်လေရာ ပွဲခင်းတစ်ခုလုံး တိုးမပေါက်အောင် စည်ကားလေ၏။ မိုးသူဇာနှင့်အတူ ကြက်သွန်၊ ငရုတ်သီးဟူသော လူရွှင်တော်နှစ်လက်သည် တွဲဖက်ဖျော်ဖြေကြလေ၏။

အငြိမ့်မင်းသမီး မိုးသူဇာသည် နောက်ခံကားကို မျက်နှာမူ၍ ကျို့ကျို့ထိုင်နေလေရာ လူရွှင်တော်များဖြစ်ကြသော ကြက်သွန်နှင့် ငရုတ်သီးက မင်းသမီးကို ခေါ်ရန် ပြင်ဆင်လေ၏၊ ထိုအခိုက်မှာပင် ပရိသတ်ထဲမှ တောင်ရှည်ပုဆိုး၊ ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ထားသော လူတစ်ယောက်သည် ဇာတ်စင်ပေါ်သို့ ခုန်တက်လာပြီး …



www.burmeseclassic.com

www.burmeseclassic.com



**မိုးနတ်ဒေဝီ မေဘာရဏီတန္တန်းကဲ့သို့ ...**

**မိုးနတ်ဒေဝီ မေဘာရဏီ တန္တန်းကဲ့သို့၊**

**ငွေပန်းချီရှုံးလောက်တဲ့၊ အိုဗျ ... ကလေးမ**

**မိုးသူဇာရေ ...**

ဟု မင်းသမီးကို ခေါ်လိုက်လေ၏။ လူရွှင်တော်ကြီးနှစ်ဦးသည် ထိုသူကို ကြည့်၍ လွန်စွာ အံ့သြသွားပြီး ...

"ဟင် ... အာလူး ပြန်လာပြီ ... အာလူးကြီး ပြန်လာပြီ"

ဟု အော်ဟစ်လိုက်လေ၏။

မိုးသူဇာသည် ကျောပေး၍ ပုံ့ပုံ့လေး ထိုင်နေရာမှ သူမ၏နားတွင် ကြားဖူးသောအသံကြောင့် ခေါင်းလေးကို ငဲ့စောင်းကြည့်လိုက်ရာ ပျောက်ဆုံးသွားသော လူရွှင်တော်ကြီးဦးအာလူးကို ဇာတ်စင်ပေါ်တွင် ပြန်လည်တွေ့လိုက်ရလေ၏။ သူမသည် အခြေအနေကို နားလည်သွားပြီ။

"အငြိမ့်ဇာတ်ခုံပေါ်တွင်ကစ xxx ကျွန်မအသွင် xxx အသည်းများ လှိုက်ခါလှိုက်ခါ xxx တုန်လာတယ်ရှင်"

ဟူသောသီချင်းကိုဆိုကာ ပရိသတ်ကို ပွဲမဆူအောင် ထိန်းလိုက်လေ၏။ ပရိသတ်သည် လွန်စွာ သဘောကျပြီး လက်ခုပ်လက်ဝါးတီးကြလေ၏။





မြေလတ်ပိုင်းမြို့ကလေးတစ်မြို့၏ လသာသောညတစ်ညတွင် လူများအားလုံး အိမ်တံခါးများကိုပိတ်၍ အိပ်စက်ရန် ပြင်လေ၏။ မြို့လယ်ကောင်ရှိ တစ်ခုတည်းသော နှင်းဆီနီထမင်းဆိုင် ပင် သိမ်း၍နေပြီဖြစ်၏။ လကလေးသည် တဖြည်းဖြည်း မြင့်တက်လာ၏။ ထိုအချိန်တွင် လွန်စွာ ဆွေးမြည့်ကြေကွဲဖွယ်ကောင်းသော ပုလွေသံကို ကြားလိုက်ရလေ၏။

မြို့သူမြို့သားများသည် ကြားဖူးနားဝရှိသော ပုလွေသံကြောင့် အိမ်တံခါးများကို ဖွင့်၍ကြည့်ကြလေ၏။ ထိုအခါ လမ်းမပေါ်တွင် ပုလွေမှုတ်၍ တရွေ့ရွေ့ သွားလာသောနေသော မြွေသံရှင်လူကြီးကို တွေ့လိုက်ရလေ၏။ ကလေးငယ်များမှာ ဝမ်းသာအားရဖြင့် ...

"မြွေသံရှင်လူကြီး ပြန်လာပြီ၊ မြွေသံရှင်လူကြီး ပြန်လာပြီ"

ဟု အော်ဟစ်လိုက်လေ၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် သူရိယစန္ဒာဟု ခေါ်သော ဆေးလိပ်ခုံကြီး၏ပိုင်ရှင် အမျိုးသမီးကြီးသည် သူမပိုင် စည်းစိမ်ဥစ္စာရတနာများ၊ တိုက်တာခြံမြေများ အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျောင်းကန်၊ စေတီ၊ ပုထိုးများ၊ လှူမှုဝန်ထမ်းအဖွဲ့အစည်းများအားလုံးသို့ လှူဒါန်း၍ စစ်ကိုင်းချောင်တွင် တရားအားထုတ်သွားပြီဖြစ်ကြောင်း သူ့ရိယ၊ သံတော်ဆင့်၊ မြန်မာ့အလင်း သတင်းစာကြီးများတွင် စိတ်ဝင်စားဖွယ် သတင်းတစ်ပုဒ်အနေဖြင့် ဖတ်ရှုရလေ၏။

သိမ်းပိုက်ခြင်းကင်းသော

မင်းမြတ်သူရ



www.burmeseclassic.com